
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဆုမြတ်မွန်မွန်
## ရင်ခုန်ခြင်းဆုံရပ်မှာ မျက်နှာချင်းဆိုင်မိတဲ့အခါ


၂၀၁၅ ခုနှစ်၊ ဇီဇင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး
၁၀၀ ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၀၆၅၁) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉–လမ်း၊ လသာမြို့နယ်။
ပုံနှိပ်သူ
ဦးကျော်လှိုင် (၀၀၄၇၇)၊ စေတနာ Offset
အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

ဆုမြတ်မွန်မွန် ၅၆၅.၀၃
ရင်ခုန်ခြင်းဆုံရပ်မှာ မျက်နှာချင်းဆိုင်မိတဲ့အခါ ဆုမြတ်မွန်မွန်(ရန်ကုန်)
စေတနာစာပေ။ ၂၀၁၅
၂၀၀–စာ၊ ၅ x ၇ လက်မ။
(၁) ရင်ခုန်ခြင်းဆုံရပ်မှာ မျက်နှာချင်းဆိုင်မိတဲ့အခါ


BURMESE CLASSIC



(၁)

မြန်မာပြည်မှ မိုင်ပေါင်းထောင်ချီ ဝေးနေသော်လည်း ဒီအိမ်လေးထဲတွင် ကောက်ညှင်းပေါင်း ပဲပြုတ်ရနံ့နှင့် ငါးရံ့ခြောက်ဖုတ်မွှေးရနံ့ ရွှေလဝန်း မြန်မာကော်ဖီရနံ့တို့ သင်းပျံ့နေသည်မှာ အဆန်းတော့ မဟုတ်ပါချေ။ သူ ရောက်နေသော နေရာသည် မြန်မာပြည်နှင့် မနီးသော်လည်း မဝေးလှသည့် ရန်ကုန်တစ်မြို့စာမျှရှိသော ကျွန်းလေးတစ်ကျွန်းပေါ်မှာမို့ မြန်မာအစားအသောက်များသည် သူနှင့် မစိမ်းလှ။

ဒီနေ့ Breakfast က ကောက်ညှင်းပေါင်း ပဲပြုတ်ပါလားဟု သိပြီးလျှင် သူ့ရဲ့ လှုပ်ရှားမှုက ပိုသွက်လာသည်။ ဒီနေ့ ရုပါဆန်းအေးဆိုတော့ ကောက်ညှင်းပေါင်း ပဲပြုတ်အပြင် ဦးဆန်နီတစ်ယောက် ဘာများ အပိုစီမံထားဦးမလဲ။ ဘူးသီးကြော်၊



www.burmeseclassic.com

www.burmeseclassic.com



မတ်ပဲကြော်၊ ကြက်သွန်ကြော် ပူပူနွေးနွေးတွေရော မပါနိုင်ဘူးလား။ အတွေးနဲ့တင် ဗိုက်ထဲက ဂွီခနဲဖြစ်လာသဖြင့် သူက အခန်းထဲမှ အမြန်ထွက်လာခဲ့သည်။

"Morning"

"အေး ...လာ၊ ဒီနေ့တော့ မင်း အကြိုက်ပဲ"

ထမင်းစားခန်းက စားပွဲမှာ အရင်ရောက်နေသော လေးလေးက သူ့ကို ဆီးကြိုသည်။ သူက လေးလေးနှင့် မျက်နှာချင်းဆိုင်က ခုံတစ်လုံးကို ဆွဲထုတ်ကာ ထိုင်လိုက်ရင်း စားပွဲပေါ်ကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ သူ့ရှေ့မှာ သူ့တစ်ယောက်စာ ပြင်ဆင်ပေးထားသော ကောက်ညှင်းပေါင်း ပဲပြုတ် နှမ်းထောင်းဖြူး ပဲဆီဆမ်း ပန်းကန်ရယ်၊ ဘေးမှာ အငွေ့တထောင်းထောင်းထ,နေသော ကော်ဖီပန်းကန်ရယ် ရှိလေသည်။

"အကြော်စုံ ပူပူလေး ပါဘူးလားဗျ၊ ဒီနေ့ Super Sunday ဆိုတော့ အကြော်စုံလေးများ ပါမလားလို့"

"အကြော်စုံပူပူလေးကတော့ မင်း ရန်ကုန်မှ ရောက်မှပဲ ကောင်မလေးနဲ့ အင်းလျားကန်စောင်းမှာ သွားစားပေတော့"

"အာ... လေးလေးကလည်းဗျာ"





သူက စိတ်ရှုပ်သွားသလို နားထင်ကို တစ်ချက်ကုတ်ရင်း ကောက်ညှင်းပေါင်းကို စတင်မြည်းစမ်းလိုက်သည်။ ကောက်ညှင်းအဖြူနှင့်အနက် သမစွာ ရောထည့်ပေးထားသော ဦးဆန်နီ၏ လက်ရာမှာ နပုံအတိုင်းပဲ မပြောင်းလဲစွာ ကောက်ညှင်းပေါင်းလေးက ဆေးတွေး၍နေလေသည်။ ငယ်ငယ်က ဖေဖေ မေမေနှင့်အတူ ဆောင်းတွင်းမှာ စားခဲ့ရသော မနက်ခင်းရဲ့ ကောက်ညှင်းပေါင်း ပူပူလေးကိုတောင် ပြန်သတိရလာလေသည်။

"ဒီနေ့ Super Sunday ပေမယ့် Super busy မှာမို့ ရွှေတောကို စောစောပြေးရမယ်လေကွာ၊ ဒါကြောင့် အကြော်စုံ ပူပူလေး ကြော်မပေးနိုင်တာ၊ ဆောရီးပါ လူကလေးရယ် ဟဲ ဟဲ။ ဒါပေမဲ့ နေ့လယ်စာကတော့ ရှယ်ပါကွ"

နောက်ထဲမှ ထွက်လာသော ဦးဆန်နီက အပြင်သွားတော့မည့် ဒီဇိုင်းဖြင့် ဝင်လာပြောသည်။ ဦးဆန်နီရဲ့ လက်ထောက် ကျော်ကျော်ကလည်း နောက်ပါးတော်ကနေ၍ ပြုံးစိစိ ကုပ်ချိုချိုး

"ဘာချက်တာလဲ"

"ထောပတ်ထမင်းနဲ့ ကြက်သားဟင်း၊ ချဉ်ပေါင်ဟင်းချိုး သီးစုံသနပ်နဲ့ ဘာလဲချောင်ကြော်"



www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ ဒီနေ့ ဆော်ဒါရှိတယ်ပေါ့"

"ဒါပေါ့ … ဒါပေါ့"

"အိုခေ … ဒါဆိုလည်း ကျေနပ်သွားပြီ၊ အကြော်မုန့်လေး မပါလည်း ခွင့်လွှတ်တယ်"

"ကျေးဇူးကြီးပါတယ်များ၊ ကဲ… ခွင့်ပြုပါဦးနော်"

ဦးဆန်နီက ပေါ့တော့တော့ ပြောရင်း နှုတ်ဆက်ထွက်သွားရာနောက် ကျော်ကျော်ကလည်း ကုပ်ချောင်း ကုပ်ချောင်းနှင့် လိုက်ပါသွားသည်။ ဒီအိမ်မှာ လေးလေးရယ်၊ သူရယ်၊ ဦးဆန်နီရယ်၊ ကျော်ကျော်ရယ် နေထိုင်ကြသည်။ ဦးဆန်နီနဲ့ ကျော်ကျော်က ပင်နီဆူလာမှာ မြန်မာစားသောက်ဆိုင် ဖွင့်ထားကြတာ နေ့တိုင်းလိုလို သွားကြလေသည်။ ဦးဆန်နီ မျက်နှာလွှဲ၍ရသော ဓန်နေဂျာနှင့် Chef နှင့် ကောင်းကောင်းတွေ ရှိပေမယ့် လည်း ရွှေမြန်မာတွေ အလာများသော အားလပ်ရက်ဖြစ်သော Weekend တွေမှာ ဦးဆန်နီနှင့် သူ့တပည့်ကျော်တို့ စောစောပြေးရလေ့ရှိသည်။

"မင်း ရန်ကုန် ဘယ်တော့သွားမလဲ"

"အာ… အေးဆေးပေါ့ လေးလေးကလည်း၊ ဘာလို့ အရေးတကြီးနေတာလဲ"



"ဟ … အရေးကြီးတာပေါ့၊ မင်း မိဘတွေထားခဲ့တဲ့ စကားလည်း ရှိတာပဲ မဟုတ်လား၊ ပြီးတော့ မင်းအသက်လည်း နှစ်ဆယ့်လေးပြည့်နေပြီ၊ ဘာပဲပြောပြော အိမ်ထောင်ရေးကို စဉ်းစားရမယ့်အရွယ် ရောက်နေပြီပဲ၊ ပြီးတော့ မင်းသွားကြည့်တယ်ဆိုရင်လည်း ချက်ချင်း ဝုန်းဒိုင်း ကောက်ယူလို့ရတဲ့ ကိစ္စမှမဟုတ်တာ၊ အနည်းလေး နှစ်နှစ်လောက်ကြာမှာပဲ …

နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်ဆို အိမ်ထောင်ပြုဖို့ အချိန်တန်နေပြီပဲ မဟုတ်ဘူးလား"

"အင်… ဒါဆိုလေးလေးလည်းအသက်ငါးဆယ်နားကပ်နေတာတောင် မိန်းမ,မယူသေးတာ အချိန်မတန်သေးတာလား"

"ချွေးကောင်လေး တိတ်စမ်း၊ မင်း ငါနဲ့ ဘာမှ ယှဉ်ပြီး ပြောနေစရာအကြောင်း မရှိဘူး၊ ငါက ဒီတစ်သက် မိန်းမယူဖို့ကို စိတ်ကူးမရှိတဲ့ကောင်၊ မင်းက မိန်းမယူဖို့ စိတ်ကူးရှိတဲ့ကောင်"

"ဟင် … တစ်ခါမှ မပြောဖူးပါဘူး၊ ဘယ်တုန်းက ပြောဖူးလို့လဲ၊ ကျွန်တော် မိန်းမယူဖို့ စိတ်ကူးရှိတယ်လို့ လေးလေးကို တစ်ခါမှ မပြောဖူးဘူး ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပေကလပ် ပေကလပ် ရှုံးချင်ယောင်ဆောင်နေသောပုံစံကို လေးလေးက တစ်ချက် ပြုံးကြည့်နေပြီးမှ စိတ်လျှော့လိုက်ဟန်ဖြင့် ကော်ဖီကို တစ်ငုံမော့သောက်သည်။ ပြီးတော့ သူ့ကို အတည်အတံ့ တစ်ချက်စိုက်ကြည့်ကာ ခေါင်းတစ်ချက်ဆတ်လိုက်ပြီး ...

"ဟေ့ကောင်... နွေသစ်"

"ဗျာ... လေးလေး"

"မင်းကို အတည်မေးမယ်၊ မင်း တကယ်ပဲ ရန်ကုန်မသွားချင်ဘူးလား"

လေးလေးပုံစံက အတည်ပေါက်ကြီးမို့ သူ နည်းနည်းတော့ဖြုံသွားသည်။ တကယ်တော့ ရန်ကုန်ကိုသွားဖို့ သူ့စိတ်ထဲမှာ ဆုံးဖြတ်ထားပြီးသား ကိစ္စတစ်ခုဖြစ်သော်လည်း ဘာ့ကြောင့် သူ ကပ်ပိုးကပ်ဖဲ့ လုပ်နေမိလဲဆိုတာ သူ့ကိုယ်သူလည်း နားမလည်။ နားမလည် ဆိုတာထက် စိတ်မပါဘူးဆိုလျှင် ပိုမှန်မလားမပြောတတ်ပါ။

စင်ကာပူကို ခုနစ်နှစ်သားတည်းက ရောက်ရှိနေခဲ့သော သူ့အတွက် စင်ကာပူသည်သာ သူ့အိမ် သူ့ယာဖြစ်နေလျက် ရန်ကုန်မှာ သူနဲ့ သိကျွမ်းသောသူလည်း ဘယ်မှာရှိလို့နည်း။ သူ့အိမ်သူ့ယာ သူ့ကမ္ဘာသည် စင်ကာပူသာ ဖြစ်နေသည်မို့ အသိအကျွမ်း တစ်ယောက်မှမရှိသော ရန်ကုန်သို့ သူ မသွားချင်။ သွားဖို့ စိတ်မပါ။ ပျင်းတိပျင်းရွဲ ဖြစ်နေသည်မှာ သဘာဝကျသည် မဟုတ်ပါလား။

"ငါ မေးနေတာ ဖြေလေ"

"မသွားချင်တာကတော့ မသွားချင်ဘူးပေါ့ လေးလေးရာ၊ ဒါပေမဲ့ ကျွန်တော့်မိဘတွေရဲ့ ဆန္ဒဆိုတော့ သွားရမယ်၊ သွားသင့်တယ်၊ မိဘတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တဲ့ စိတ်ကလည်း ရှိနေပါသေးတယ်၊ ဒါပေမဲ့... "

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဩော်... လေးလေးပဲ စဉ်းစားကြည့်လေ၊ ရန်ကုန်ဆိုတာ ကျွန်တော့်အတွက် သူစိမ်းလိုကြီးပဲဟာ၊ ဘာအသိအကျွမ်းမှလဲမရှိဘူး၊ သူငယ်ချင်းလည်း မရှိဘူး၊ အပေါင်းအသင်းမိတ်ဆွေလည်း မရှိဘူး၊ ပျင်းလို့မှ ဘီယာဆိုင် ထိုင်စရာဘယ်မလဲ သူငယ်ချင်း"

"ဟ... ဒါကတော့ တဖြည်းဖြည်းနဲ့ ရလာမှာပေါ့ကွ"

www.burmeseclassic.com



"အောင်မယ်လေး... တဖြည်းဖြည်းနဲ့ ရလာမယ်ဆိုတော့ ကျွန်တော်က ရန်ကုန်မှာ ဘယ်လောက်ကြာအောင် သောင်တင်ရမှာလဲဗျ"

သူ့ရဲ့ စိတ်ပျက်လက်ပျက်အဖြေကို လေးလေးက မှုတည်တည်ပြုံကြည့်ရင်း...

"နားငြီးလိုက်တာကွာ၊ လန္ဒီးတဲ့မှုပဲ၊ မင်းကို ရန်ကုန်တစ်ခါ လွှတ်ရတာ ကျားဖင် သွားနှိုက်ရတာတောင် ဒီလောက် စိတ်မရှုပ်ရလောက်ဘူး ထင်တယ်၊ ဟိုရောက်တော့လည်း သူ့ဘာသာသူ ဖြစ်သွားမှာပေါ့၊ အဲဒါကြောင့် မင်းကို ကောင်မလေးနဲ့ တစ်ခါတည်းဆက်သွယ်၊ အဲဒီ မိသားစုနဲ့ တစ်ခါတည်းတွေ့၊ ဝင်ထွက်ဆိုတော့လည်း မင်းပဲ အဲလို ကြီးလည်း ဒါရိုက်မဝင်ချင်ပါဘူး ညာဘူးတွေနဲ့၊ တစ်ခါတည်း လူကြီးလမ်းကြောင်းနဲ့ ဝင်လိုက်ရင် မင်းလည်း အဖော်ဖြစ်ရာ အိမ်တစ်အိမ်ရတာပဲ မဟုတ်ဘူးလား"

"အာ... ဒါပေမဲ့ လေးလေးကလည်း ကျွန်တော်ကတော့ ဟုတ်ပြီဟုတ်ရဲ့ လူကြီးလမ်းကြောင်းကြီးနဲ့ ဝင်ပြီး အဲဒီ ကောင်မလေးက ရည်းစားတွေဘာတွေရှိနေရင် ကျွန်တော် အောက်တာပေါ့ဗျ"





"သိဘူးကွာ၊ မင်းဟာမင်း အောက်အောက် ပေါက်ပေါက်"

လေးလေးဟာ လူပျိုကြီးလို့ မပြောရ။ ဘယ်တော့မှ စိတ်မရှည်။ ခုလည်း သူ့အမျိုးမျိုး လှည့်ပတ်ပြောနေတာကို စိတ်မရှည်တော့သဖြင့် ဘုပြန်တော့သည်။

"လေးလေးကလည်း စိတ်ချည်းပဲ၊ ဒီတူလေးတစ်ယောက် ရှိတာကို"

"အေး... မင်းလိုတူ နှစ်ယောက်ရှိရင်လည်း ငါ အိမ်မှာ မနေဘူးကွ"

"ထားပါတော့ဗျာ၊ လေးလေးက လောကမှ ဘယ်သူ့မှ စိတ်မရှည်လို့ မိန်းမတောင် မယူဘူးဆိုတာ သိပါတယ်၊ ကဲပါ... ဒါတွေ ထားလိုက်ပါတော့၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဒီလကုန်တာနဲ့ ရန်ကုန်သွားမှာပါ၊ ဟိုမှာတွေ့ဖို့ ဘာညာကတော့ ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော် လှုပ်ရှားပါရစေ၊ မဟုတ်ရင် ကျွန်တော် ဖျင်းနေဦးမယ်၊ အဲဒီ အစီအစဉ်လေးနဲ့ လှုပ်ရှားတော့မှ နည်းနည်းအာရုံတောက် လာဦးမယ်"

"ဒါဆို မင်းက သစင်မြိုင်မှာ သွားမနေဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အာ... မနေဘူး... မနေပါဘူး၊ လေးလေး အိမ်ငှားတွေကို ဆက်ငှားပါ၊ ကျွန်တော် ကွန်ဒိုက အခန်းမှာပဲ သွားနေမယ်၊ အဲ... အဲဒီမှာသာ နေဖို့ ထိုင်ဖို့ အဆင်သင့် ဖြစ်အောင် လေးလေးရဲ့ဆိုင်ရာ ပိုင်ရာတွေကို အကူအညီ တောင်းပေးပါ"

"အေး ပြီးရော၊ ဒီလကုန်တာနဲ့ ငါ့ဘက်က လုပ်ပေးစရာရှိတာတွေ အကုန်ရယ်ဒီ ဖြစ်နေစေရမယ်၊ မင်းသာ ကိုယ့်စကားကိုယ် တာဝန်ယူနိုင်အောင် ကြိုးစားပါ"

"စိတ်ချပါ လေးလေးရယ်"

လေးလေးက သူ့ရဲ့ အသံပျော့ပျော့ကို မကြိုက်သလိုဖြင့် မျက်မှောင်တစ်ချက်ကြုတ်ကာ ကော်ဖီခွက်ကိုယူပြီး ထွက်သွားလေသည်။ သူက နှုတ်ခမ်းတစ်ချက်မဲ့ပြီး ပခုံးတွန့်ကာ ကျန်ခဲ့သည်။ ပြောရလျှင်တော့ ဒီကမ္ဘာကြီးမှာ သူ့ရဲ့ဆွေမျိုးရင်းချာ သွေးသားရင်းချာ ဆိုလို့ လေးလေးတစ်ယောက်သာ ရှိတော့တာဖြစ်သည်။ လေးလေးဆိုတာ သူငယ်ငယ်လေးတည်းက စင်ကာပူကို ရောက်နေခဲ့တာဖြစ်ပြီး အဲဒီအချိန်တုန်းကတော့ သူဟာ မိဘနှစ်ပါးရဲ့ ရင်ခွင်အောက်မှာ အေးချမ်းပျော်ရွှင်ခဲ့ရတဲ့ အချိန်တွေဖြစ်သည်။





သူ မမွေးခင်ကတည်းက သင်္ဘောလိုက်ခဲ့သော လေးလေးက ငယ်ငယ်ရွယ်ရွယ်နှင့် ကြိုးစားသူမို့ အသက်ငယ်ငယ်နှင့် သင်္ဘောကပ္ပတိန်ဖြစ်ပြီး နောက်ပိုင်းမှာ သင်္ဘောဆက်မလိုက်တော့ဘဲ ဆိပ်ကမ်းမှာ ရုံးထိုင်တဲ့ဘက် ပြောင်းလိုက်ပြီး နောက် စင်ကာပူမှာပဲ အနေများတော့သည်။ ထိုစဉ်တည်းက စင်ကာပူကလည်း သင်္ဘောဆိပ်ကမ်းလုပ်ငန်းတွေ စတင်ဖွံ့ဖြိုးချိန်မို့ လေးလေးက ခေတ်ဦးတည်းက စတင်သူလို ဖြစ်ခဲ့ပြီး ခုချိန်မှာတော့ လေးလေးဟာ နော်ဝေအခြေစိုက် နာမည်ကြီး သင်္ဘောကုမ္ပဏီကြီးတစ်ခု၏ စင်ကာပူရုံးခွဲရုံးချုပ်မှာ ရာထူးအကြီးဆုံး၊ အရှိန်အဝါအကြီးဆုံး လူကြီးတစ်ယောက်တောင် ဖြစ်နေခဲ့ပါပြီ။ သူ အသက်ခုနစ်နှစ်အရွယ်မှာ သူ့မိဘတွေ ကား Accident ဖြင့် ဆုံးပါးသွားချိန်ဝယ် လေးလေးက သူ့ကို လာရောက်ခေါ်ယူကာ တာဝန်ယူခဲ့သည်။ ရန်ကုန်က သူ့မိဘတွေနှင့် နေထိုင်ခဲ့သော ခြံကြီးကိုတော့ အဲဒီတည်းက လူငှားတင်ထားခဲ့တာ သူ့တစ်သက်ပဲ ဆိုပါတော့။ စင်ကာပူမှာပဲ ကျောင်းတက်၊ ကျောင်းပြီး ဘွဲ့ရခဲ့သော သူက အလုပ်လည်း လုပ်နေပြီဖြစ်ပြီး၊ နောက်ထပ် ပိုကောင်းသော အလုပ်ရာထူး တစ်ခုအတွက် လက်ရှိ အလုပ်မှ ထွက်ထားချိန်



www.burmeseclassic.com

www.burmeseclassic.com



အားလပ်နေသော အချိန်မှာ ရန်ကုန်သွားဖို့ကိစ္စကို လေးလေးက တိုက်တွန်းနိုးဆော်နေခြင်း ဖြစ်ပါသည်။

"ကဲ… ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အပြောင်းအလဲတစ်ခုပေါ့၊ သမားရိုးကျထက်တော့ စိတ်ဝင်စားဖို့ကောင်းမှာပါ၊ ဟုတ်ဘူးလား"

ဘယ်သူမှမရှိသော်လည်း ကိုယ့်ကိုယ်ကိုယ်သာ ပြန်မေးသလိုဖြစ်တော့သည်။ ဘာပဲဖြစ်ဖြစ် ရွှေတိဂုံဘုရားကြီးကိုဖူးကာ ရန်ကုန်မြို့ရဲ့ နာမည်ကျော်ကြားသော အစားအသောက်များကို မြည်းစွမ်းခွင့်ရမည်ဆိုလျှင် သူ့အတွက် Old Yangon ဟာ စိတ်ဝင်စားစရာကောင်းလာမည်ဟု မျှော်လင့်ရတာလဲလေ။ ဟုတ်ဘူးလား။

○





(၂)

ဘယ်သူမှတော့ ကိုယ် ဘယ်အချိန် အိပ်ရာထမည်ဟု ညအိပ်ကတည်းက ဆုံးဖြတ်ပြီး အိပ်မည့်သူ ရှိမှာမဟုတ်။ (မနက်စောစော ကိစ္စရှိလို့ နှိုးစက်ပေးပြီး တကူးတက ထ,ရတာကလွဲလို့ပေါ့လေ) ပုံမှန်ဘဝထဲမှာ ကျင်လည်နေသူတွေ အတွက်ကတော့ ညဘက် အိပ်ရေးပျက်သည့်တိုင်အောင် မျက်စိအကျင့်ဝမ်းအကျင့်ဟူသော စကားအတိုင်း မနက် ရှစ်နာရီလောက်မှာ အကျင့်ဖြစ်နေသော မျက်လုံးတွေက အလိုအလျောက် နိုးလာခဲ့သည်။ 'ငို'က ထုံးစံအတိုင်း အီး… အဲနှင့် …ပျင်းကြောဆွဲနေပြီးမှ အိပ်ရာထဲက ထထွက်လာကာ ရေချိုးခန်းထဲဝင်၍ မျက်နှာသစ်သည်။ မျက်နှာသစ် သွားတိုက်ပြီးတော့ အခန်းထဲ ပြန်မဝင်တော့ဘဲ တစ်သျှူးတစ်ရွက်နှင့်သာ မျက်နှာက ရေတွေကို သုတ်ရင်း မီးဖိုထဲလှမ်း၍ ဘာစားစရာရှိလဲ ဆိုတာသာ ခေါင်းထဲ အရင်ဆုံး ရောက်လာတာမလား။ မီးဖိုပေါ်မှာ စတီးလ်အိုးသေးသေး



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတာ တွေ့လိုက်ပြီး နံရံကချိတ်မှာ အထုပ်ဖြူဖြူလေး ချိတ်ထားတာ တွေ့လိုက်ရလျှင် 'ဒို'ရဲ့ အပြုံးက လက်ခနဲဖြစ်သွားသည်။

"ဟာက်... ဒက်ဖားဖေတော့ ညက ရေခပ်ဆင်းတယ် ထင်ပါရဲ့"

'ဒို'ရဲ့ အဖေက တက်ဆီဆွဲသည်။ ကိုယ်ပိုင်တက်ဆီဆိုတော့ ဖေဖေက သူအဆင်ပြေသလို ကားထွက်လေ့ရှိသည်။ တစ်ခါတလေ နေ့ခင်းဘက်၊ တစ်ခါတလေကျတော့ ညဘက်။ ညဘက်ထွက်ဆွဲသည့် အချိန်မျိုးတွင် ခုလို မီးအလင်းဆိုင်များမှ စားကောင်းသောက်ဖွယ်များ ပါလာတတ်သည်။ ခုလည်း စတီးလ်အိုးလေးကို လှပ်ကြည့်ပြီး တစ်ချက် ရှုံးလိုက်တာနှင့် ညက အင်းစိန်ဘက် ရောက်ခဲ့တယ်ဆိုတာ ပြောစရာမလိုဘဲ သိရပြီ။ ဦးရေခဲ မုန့်ဟင်းခါးနှင့် ကောက်ညှင်းထုပ်တွေကို တွေ့ရသည်မို့ 'ဒို'တစ်ယောက် တော်တော်ကျေနပ်သွားသည်။ မုန့်ဟင်းခါးဟင်းရည်ကိုနွေးရင်း တစ်ဖက်ကလည်း လျှပ်စစ်ရေနွေးအိုးဖြင့် ကော်ဖီတစ်ခွက်စာ ရေနွေးကျိုသည်။ မုန့်ဟင်းခါးအိုးဘဲဥလေးနှင့် အပီဆွဲပြီးလျှင် ကော်ဖီခါးခါးနှင့် ကောက်ညှင်းငှက်ပျောထုပ်လေး အချိုတည်းရမည်။





လောကတွင် များများစားစား မလိုအပ်ပါ။ စိတ်ချမ်းသာစွာနေရပြီး ကိုယ်စားချင်တာလေးတွေ စားနေရလျှင်၊ ကျန်းမာလျှင် လောကကြီးက တော်တော်နေပျော်နေပြီပဲ မဟုတ်ဘူးလား။ အင်း... ဒါတွေဟာလည်း 'ဒို'တစ်ယောက် ဒက်ဖားဖေရဲ့ သမီးဖြစ်နေလို့ ဒီလို ရောင့်ရဲကျေနပ်သော အတွေးအခေါ်တွေ ရှိနေနိုင်တာ ဖြစ်နိုင်သည်။ ဒိုက မုန့်ဟင်းခါးတစ်ပွဲကို အရသာရှိစွာ သုံးဆောင်ပြီးနောက် ငှက်ပျောကောက်ညှင်းထုပ်နှင့် ပဲကောက်ညှင်းထုပ်နှစ်ခုကို ပန်းကန်ပြားလေးထဲထည့်ကာ နက်စ်ကော်ဖီခွက်ကိုယူပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ဖေဖေကတော့ အိပ်တုန်းထင်သည်။ အိမ်ရှေ့မှာ TV ဖွင့်ပြီး 5 Movies က လာသော ဇာတ်ကားတစ်ကားကို ကော်ဖီလေးမော့လိုက်၊ ကောက်ညှင်းထုပ်လေး စားလိုက်ဖြင့် လောကစည်းစိမ်ကို ခံစားကောင်း နေတုန်းမှာပဲ ချောင်းဟန့်သံကြား၍ လှည့်ကြည့်လိုက်လျှင် ...

"ဟင် ... ဒက်ဖားဖေ"

ဒိုက ဖေဖေ့ကို ချစ်စနိုးဖြစ်လျှင်ပဲဖြစ်ဖြစ်၊ စချင်နောက်ချင်ရင်ပဲဖြစ်ဖြစ် ဒယ်ဒီရယ် ဖေဖေရယ် ဖားသားရယ် ရောစပ်ထားသော ဒက်ဖားဖေဟု နောက်ပြောင် ချစ်စနိုးခေါ်ဝေယ် တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေး ငါ့ကို ဒက်ဖားဖေ... ဒက်ဖားဖေနဲ့ တော်တော်ခံတွင်းတွေ့နေတယ်"

"ကြေးအိုးလောက်တော့ ခံတွင်းမတွေ့ပါဘူး ဖေရာ၊ ခု တလော မိုးအေးအေးနဲ့ ကြေးအိုး မစားရတာတောင် ကြာပြီ။ ကြေးအိုးဈေးကလည်း တစ်ပွဲကို ၄၅၀ဝိ/- ဆိုတော့ အနားမကပ်နိုင်တော့ဘူး"

'ငှို'တို့အိမ်မှာ ဖေဖေ့ရဲ့ တက်စီဝင်ငွေ တစ်ခုတည်းသာရှိသည်မို့ သိပ်မကျပ်တည်းသော်လည်း ချောင်လည်သော မိသားစုမျိုး မဟုတ်ပါ။ တလောကမှ ကျောင်းပြီးကာ ဘွဲ့တောင် တက်မယူရသေးသည့် 'ငှို'ကလည်း အလုပ်မလုပ်ရသေးသဖြင့် ကိုယ်ပိုင်ဝင်ငွေဟူ၍ သီးသန့်မရှိသေးခင်မှာ ဖခင်တစ်ဦးတည်း ရှာဖွေနေရသော ဝင်ငွေအပေါ်တွင် သိတတ်သူဖြစ်သည်။

"လေးထောင့်ငါးရားက YKKO မဟုတ်လား သမီးရဲ့၊ ရွှေတောင်ငီတန်းမှာ အဲဒီလောက် မရှိသေးပါဘူး"

'ငှို'က ပခုံးသာ တစ်ချက် တွန့်ပြလိုက်သည်။

"တို့သားအဖ အခြေအနေက ကြေးအိုးတစ်ပွဲ ဘယ်လောက်ဖြစ်ဖြစ် ချော်ဘာရမယ့်အခြေအနေ မဟုတ်သေးပါဘူးကွ၊ မင်း စားချင်ရင် ငါ ဝယ်ကျွေးနိုင်ပါတယ် ဟော့ကောင်ရ"





ဖေဖေက သူ ချစ်စနိုးဖြစ်လာလျှင် ငှို့ကို မင်းနဲ့ငါ၊ ဟော့ကောင် ဟုလည်း သုံးနှုန်းတတ်သေးသည်။ ဘယ်ဘက်က ရေရေ၊ ပြေးကြည့်မှ ဒီသားအဖနှစ်ယောက်တည်း ရှိသောအခ တွင် ဖေဖေက ငှို့ကို မိန်းကလေး တစ်ယောက်လိုထက် သား ယောကျ်ားလေး တစ်ယောက်လို ထိန်းသိမ်းသလို စိတ်ဓာတ်ခိုင်မာ အောင်၊ ရဲရင့်အောင် ပိုလမ်းကြောင်းပေး ထိန်းညွှန်ခဲ့သည်ဆိုလျှင် ပိုမှန်မည်။

ဒါပေမဲ့ ငှို ဖြစ်ချင်သော ဝါသနာက အနည်းငယ် မိန်းမဆန်သည်ဟု ပြောရမလား...၊ အင်း... အဲဒီလိုတော့လည်း ပြော၍မရပါ။ ဒီအလုပ်မှာ အောင်မြင်နေသော ယောကျ်ားသားတွေလည်း အများကြီးပါပဲ။

"ဟုတ်ပါတယ် ဒက်ဖားဖေရာ၊ သမီးတို့ သားအဖနှစ်ယောက် စရိတ်က ဘာရှိတာ မှတ်လို့"

"ဪ... ဒါကလည်း ငါ့သမီးက သိစ်လှချင်ပချင်တဲ့ စိတ် မရှိလို့ပါကွာ၊ ရှိရင်လား... ဟင်း ဟင်း"

ဖေဖေက လန့်သလိုဖြင့် ပခုံးကျုံ့ကာ ပြောလျှင် 'ငှို'က အသာပြုံးသည်။ ဖေဖေပြောလည်း ပြောစရာပါပေ။ 'ငှို'



www.burmeseclassic.com

www.burmeseclassic.com



က ပေါ်သမျှ အဝတ်အစားကို မက်နေတာမဟုတ်ဘဲ၊ ဖေဖေ့သမီးပီသစွာ အမျိုးအစား ကောင်းကောင်းလေးတွေကို မက်သည်။ ဒါကြောင့် ပေါ်သမျှ ဆန်းသမျှ ထွက်သမျှ လိုချင်တာထက်၊ အမိုးနည်း အိုးကွဲတွေ လျှောက်ဝယ်နေတာထက် Brand သန့်သန့်လေးတွေကို ပိုက်ဆံစုပြီး နည်းနည်းနဲ့ ကောင်းကောင်း ဝယ်တတ်သောကြောင့် ရွယ်တူမိန်းကလေးတွေထက်စာလျှင် အဝတ်အစားတွေ ဘာဝတ်ရမှန်း မသိအောင် လျှံနေတာထက် နည်းနည်းနှင့် ကောင်းကောင်း သန့်သန့်ပြန့်ပြန့်လေးတွေ များလေသည်။

"ခုထိကို မေးဖို့ လိုရင်းကို မရောက်သေးဘူး၊ ညက ဖေဖေ ကားဆွဲတယ်မလား၊ ဘယ်အချိန်မှ ပြန်ရောက်လဲ"

"အင်း… သုံးနာရီလောက်ပေါ့"

"ဟင်… ဒါကိုအခုမနက် ဘာလို့ အစောကြီးထလာတာလဲ"

"နိုးလာလို့ သမီးရဲ့"

"ဖေဖေ နေရောကောင်းရဲ့လား"

"အင်း…"

အဲဒီ အင်း,က ကောင်းပါတယ်ဟု ပြန်ဖြေသော အင်း သဘောမျိုးမဟုတ်ဘဲ ဘာပြောရမှန်းမသိသလို အင်း,သော





အင်း,ဖြစ်သည်။ ငှိုက ဖေဖေ့ရုပ်သွင်ကို ချက်ချင်း အကဲခတ်လိုက်မိကာ နေသိပ်မကောင်းဘူး ဆိုတာလည်း ရိပ်မိလိုက်သည်။ ဖေဖေဟာ အရက်သောက်တက်သူဖြစ်သည်။ အလွန်အကျွံကြီး မဟုတ်သော်လည်း ငှို ငယ်စဉ်ကတည်းက မေမေ ဆုံးပြီးတည်းက သောက်ခဲ့သူမို့ နှစ်ရှည်လများကျတော့ ဖေဖေ့ကျန်းမာရေး ထိခိုက်လာသည်လေ။ အသည်းကို ထိလာသည်။ ဒီနှစ်ပိုင်း မကြာခဏ နေမကောင်းဖြစ်တာမျိုး ခပ်စိပ်စိပ်လေး ကြားလာရသည်။ ဆရာဝန်က အရက်ဖြတ်ခိုင်းပေမယ့် ဖေဖေ အပြီးသတ် မဖြတ်နိုင်သေးတာ ငှို သိလေသည်။

ဒါကိုလည်း ငှို နားလည်ပေးနိုင်သည်။ မေမေ ဆုံးသွားတည်းက အရွယ်ကောင်း ဖေဖေဟာ ငှို့ကို ငဲ့ပြီး နောက်အိမ်ထောင်လည်း မပြုခဲ့သလို တခြား ဘယ်မိန်းမနဲ့မှလဲ ရှုပ်ရှုပ်ယှက်ယှက် မရှိခဲ့။ လောင်းကစားလည်း ဝါသနာမပါသော မုဆိုးဖို ယောကျ်ားတစ်ယောက်အတွက် အရက်ဟာ အဖော်ကောင်း တစ်ယောက်ဖြစ်မှာကို 'ငှို' နားလည်ပေးလို့ ရပေမယ့် ဖေဖေ့ ကျန်းမာရေးနှင့် ယှဉ်လာပြီဆိုရင်တော့ နားလည်မပေးသင့်တော့ဘူး မဟုတ်လားနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးခန်း သွားရအောင်လေ ဖေဖေ၊ ဘယ်နားက နာနေသဲ"

ဖေဖေက အငြ ည်းယောင်ချင်ချင် ဖြစ်မှုးသဖြင့် မေးကြည့်တာဖြစ်သည်။ ဖေဖေက ခေါင်းအသာယမ်းကာ ယွဲ့ယွဲ့ပြုံးပြလျှင် ငှီက သက်ပြင်းတစ်ချက် အသာရှိုက်မိသည်။

"မပေါ့ပါနဲ့ ဖေဖေရယ်၊ နေ့လို့ ထိုင်လို့ မကောင်းရင် ဆေးခန်း ပြရမှာပေါ့၊ ကျန်းမာရေးက အရေးကြီးဆုံးပဲ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် သမီးရယ်၊ ငါ့သမီးလေး ဘာပြောချင်လဲ ဆိုတာ ဒီအဖေက ကောင်းကောင်းသိပါတယ်၊ စိတ်မပူပါနဲ့ ဖေဖေ ဂရုစိုက်ပါ့မယ်၊ ဒီရက်တွေထဲ နည်းနည်း ပင်ပန်းတာကြောင့်လည်း ပါပါတယ်"

"ဒါဆိုလည်း ကားဆွဲတာ ခဏနားပါဦးလား ဖေရာ"

"ဪ... နားရအောင်ထိ အခြေအနေ မဆိုးသေးလို့ပါ၊ ဒါနဲ့ သမီး သင်တန်းကိစ္စကရော ..."

"ဘာဖြစ်လို့လဲ အထွေအထူး မရှိပါဘူး ဖေရဲ့"

"မဟုတ်သေးဘူးလေ၊ သမီး မတက်သေးဘူးလား"





ငှီ တက်ချင်နေသည့် ဒီဇိုင်နာသင်တန်းကျောင်းရဲ့ သင်တန်းကြေးက ဆယ့်ငါးသိန်းရှိတာမို့ ငှီက လောလောဆယ် မတက်သေးဘဲ ကိုယ့်ဝင်ငွေနှင့်သာ စုဆောင်းပြီးမှ တက်ချင်တာဖြစ်သည်။ ဆယ့်ငါးသိန်းဟာ အိမ်မှာ မရှိဘူးလား ဆိုပေမယ့် အသုံးအဖြုန်း သိပ်မရှိသော ငှီတို့ သားအဖတတွေ စုဆောင်းထားတာလေးတွေတော့ ရှိတာပေါ့။ ဒါပေမဲ့ ငှီက အဲဒီငွေတွေကို မထိချင်ပါ။ ကိုယ်လည်း အလုပ်တစ်ခု ရှာကြံလုပ်ရင်း တဖြည်းဖြည်းချင်း စုချင်သည်။ နာမည်ကြီး ဒီဇိုင်းကျောင်းမှာ ရှိသမျှ ဒီဇိုင်းသင်တန်း Course အကုန်အပြတ် သင်ရလျှင် သိန်းဆယ်ချီ အတွဲလိုက် ကုန်မှာဖြစ်ပြီး အဲဒီလောက်လည်း တစ်ခါတည်း အပြတ်မသုံးနိုင်။ ဆိုင်ပြန်ဖွင့်နိုင်ရုံ အခြေခံကျကျ ကျွမ်းကျင်လောက်ဖို့သာ အရင်ဦးစားပေးသင်ပြီး ကျန်တာ ကိုယ့်ဘာသာ ဆက်လေ့လာမည်။ ငှီ့မှာ Talent ပါတာလည်း ကိုယ့်ဘာသာ သိပြီးသားပင်။ ပန်းချီနှင့် ဒီဇိုင်းအမြင် ရှိပြီးသားဖြစ်သော ငှီ့အတွက် Dress Making ကို အခြေခံကျကျ တတ်မြောက်ဖို့သာ လိုနေသေးတာပါ။ အဲဒါပြီးသွားလျှင် ကိုယ့်ကိုယ်ကိုယ် အောင်မြင်နိုင်သည် ဆိုတာလည်း ယုံကြည်ပြီးသားပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် သမီး မတက်သေးပါဘူး မေရာ။ ဘာမီးဘာသာ တခြားအလုပ်တစ်ခုခုနဲ့ ငွေရှာကြည့်ချင်သေးတယ်။ နောက် သမီး ခိုင်တွေ ဘာတွေ ဖွင့်ဖြစ်ရင် ငွေက ထပ်လိုဦးမှာပဲလေ၊ ဒီလို တစ်ခါတည်း သုံးမပစ်ချင်ဘူး"

"ဒါကတော့ မင်းက ဈေးကြီးတဲ့ သင်တန်းကျောင်းတက်ချင်တာကိုး"

"အာ... ဒက်ဖားဖေကလည်း။ ရလဒ်ကောင်းကောင်းလိုချင်ရင် အရင်းအနှီးကလည်း ကြီးတယ်လေ။ အဲဒီသင်တန်းကျောင်းက လက်ရာက ပျံနေအောင် ထွက်လာတာလေ။ သမီးက ဒီဇိုင်းအမြင် ရှိပြီးသား၊ ကျန်တာတွေက အတွေ့ကနေ လေ့လာလို့ ရတယ်။ ကိုယ်က cutting ကောင်းကောင်း နိုင်ချင်လို့သာ သူတို့ နည်းစနစ်တွေလိုချင်လို့ တက်ချင်တာ။ အဲဒီက သင်တန်းဆင်းထားတယ်ဆိုရင် customer ကလည်း ကိုယ့်ကို ယုံကြည်မှုက တစ်ဝက်ရှိသွားပြီလေ"

တက်ကြွစွာ ပြောနေသော ငှို့ကို ဖေဖေက နားလည်ဟန်ဖြင့် ဘာမှဆက်မပြောတော့ဘဲ ခေါင်းတဆတ်ဆတ်သာ





ညိတ်နေတော့သည်။ ငှိုက တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သလိုဖြင့်...

"ကဲ... ဖေဖေ ကော်ဖီသောက်မလား၊ သမီး ဖျော်ပေးခဲ့မယ်၊ ဒီနေ့ အိမ်မှာပဲ နားနားနေနေ နေတော့။ သမီး ကားထွက်မယ်"

"အာ... မဟုတ်တာ။ ဒီနေ့တော့ ထားလိုက်စမ်းပါကွာ"

"မထားပါဘူး။ တစ်ရက် ဝင်ငွေက နည်းလား။ ခါတိုင်းလည်း ငှို သွားနေကျပဲဟာ။ ညနေ မိုးမချုပ်ခင် ပြန်လာမှာပါ ဖေရဲ့။ အန်တီနှိုးဆီ ဖုန်းဆက်ကြည့်ဦးမှာပါ။ သူသွားစရာ ရှိတယ်ဆိုရင် တောပြီပေါ့... ဟုတ်ဖူးလား"

"အင်း... ငါ့ သမီးကတော့ လေ့ကျင့်ပေးတာ လွန်သွားပြီ ထင်ပါရဲ့ကွာ"

မီးဖိုထဲဝင်လာသော ငှို့ရဲ့ နောက်ပါးဆီမှ ဖေဖေ့ရဲ့ အသံ လွင့်ပျံလာသော်လည်း ငှိုက လှည့်မကြည့်ဖြစ်တော့ချေ။ ဆယ့်ခြောက်နှစ်သမီးထဲက ဖေဖေက ငှို့ကို ကားမောင်းသင်ပေးခဲ့ပြီး ဆယ့်ရှစ်နှစ် အရွယ်မှာ ကားကို ကျွမ်းကျင်စွာ မောင်းသတ်နေကာ ကိုယ်ပိုင်လိုင်စင် ရနေခဲ့ပြီ။ ပြီးခဲ့တဲ့ နှစ်ကစပြီး ဖေဖေ



www.burmeseclassic.com

နေမကောင်းလျှင် ငှီ ထွက်မောင်းတတ်သလို တစ်ခါတလေ မိတ်ဆွေတွေထဲမှ အမျိုးသမီးတွေ တစ်နေကုန် ကားသုံးဖို့လိုလျှင် ငှီက အော်ဒါသဘောမျိုး လိုက်မောင်းပေးခဲ့တာ ကြာပြီဖြစ်သည်။

အဲဒီအချိန်မျိုးတွင် ဖေဖေက အိမ်မှာနားတတ်လေသည်။ နီးစပ်ရာ အသိုင်းဝန်းတွင် မိန်းကလေး ကားမောင်းသမားလိုလျှင် ငှီက လိုက်မောင်းပေးနေကြဖြစ်ကာ တကယ့် ဒရိုင်ဘာစင်စစ်တော့ မလုပ်သေး။ ခုတော့ လုပ်ရမလားလို့တောင် တွေးနေရပါပြီ။ တက်ချင်သော သင်တန်းအတွက် ဖြစ်ချင်သော ဘဝပန်းတိုင်အတွက် ငှီ တစ်ယောက် ခြေလှမ်း ပိုစိပ်ရတော့မယ် မဟုတ်ပါလား။

○





(၃)

Singapore Airlines လေယာဉ်ကြီးက ရန်ကုန်လေဆိပ်ကြီးကို မကြာခင် ဆင်းသက်တော့မှာ ဖြစ်ပါတယ်လို့ ကြေညာသံ ထွက်လာအပြီးမှပဲ နွေသစ်က လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။ ပြတင်းပေါက်မှတစ်ဆင့် အောက်သို့ လှမ်းကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးတော့ တစ်မျိုးပါပဲ။ သူ ရန်ကုန်ကို နောက်ဆုံး ရောက်ခဲ့တာသည် (၂၀၁၀)က ဖြစ်သည်။ အခု (၂၀၁၅)ဆိုတော့ မရောက်တာ ငါးနှစ်ရှိပြီ။ ငါးနှစ်အတွင်းမှာ ရန်ကုန်က ဘာတွေ ပြောင်းလဲနေမှာပါလိမ့်။ သေချာတာကတော့ ကားတွေ ပိုကျပ်လာမယ်ထင်သည်။ သူဟာ ရန်ကုန်ကို မရောက်တာ ကြာပေမယ့် ရန်ကုန်သတင်းတွေနဲ့ အဆက်အသွယ်တော့ မပြတ်ပါ။ facebook မှာလည်း သတင်းတွေ ဖတ်ရသလို သူတို့အိမ်ကို လာတည်းကြသော မြန်ပြည်အရပ်ရပ်မှ လေးလေး၏



www.burmeseclassic.com

www.burmeseclassic.com



သွေးစကော် သားမစပ် အမျိုးတွေထံမှလည်း မြန်မာပြည်က သတင်းအစုံကို သိရလေသည်။

လေယာဉ်က ဘီးချသွားပြီ။ ဆင်းခွင့်ရသောအချိန်တွင် သူက သူများတွေထက် လွတ်လွတ်ကျွတ်ကျွတ် ပေါ့ပေါ့ပါးပါးပဲ။ လေယာဉ်တွင်းမှ ထွက်လာခဲ့သည်။ သူ့မှာ Hand Carry အိတ်လေးသော်မျှ မပါချေ။ ပေါ့ပေါ့ပါးပါး ကျောပိုးအိတ်လေးတစ်လုံးသာ ပါလေသည်။ သူ့ပစ္စည်း အစုံအလင်မှာ ပြီးခဲ့တဲ့ တစ်ပတ်တည်းက လူကြုံ လူနိုင် တစ်ယောက်နှင့် သူ နေထိုင်မည့်အခန်းသို့ ပို့နိုင်းပြီးသားမို့ သူကား တကယ်ကို အေးရာအေးကြောင်းပါပေ။

ရန်ကုန်ရာသီဥတုဟာ မိုးတွင်းမို့ အုံ့မှိုင်းမှိုင်း ရှိနေတာ သူ့ကို ပျင်းရိစရာ ကြိုဆိုနေသည်ဟုတောင် ထင်မိသည်။ အင်း... သူ့ကို ဘယ်သူမှလဲ လာကြိုမှာ မဟုတ်ချေ။ လေးလေးကတော့ တစ်ယောက်ယောက်ကို ကြိုပေးဖို့ စီစဉ်ပေးမယ့် သူကငြင်းခဲ့သည်။ ဘာပစ္စည်းမှ မသယ်ရဘဲ လက်လွတ်ခြေလွတ်သွားခွင့်ရလျှင် သူ့အတွက် ဘယ်သူမှ အကြိုထောက်နေစရာမလို။ ယောက်ျားလေးပဲ... တွေ့တဲ့ Taxi စီးကာသွားမည်ဟု စိတ်ကူးခဲ့





သည်။ တကယ်လည်း သူက ဘာပစ္စည်းမှ မပါဘဲ ပေါ့ပေါ့ပါးပါးမို့ အပြင်သို့ အရင်ဆုံး ရောက်လာပါသည်။

Exit အပေါက်ကနေ သူ ထွက်လာပြီးနောက် ကားငှားဖို့ ဟိုဟိုဒီဒီ ဝေ့ကြည့်နေတုန်းမှာပဲ သူ့မြင်ကွင်းထဲသို့ အဖြူရောင်ဆလွန်း Taxi တစ်စီးက ဝင်လာသည်။ ကားက တရွေ့ရွေ့ မောင်းလာသည်မို့ သူက လက်တစ်ချက်တားကာ ထိုကားနား လှစ်ခနဲ ရောက်သွားသည်။ ကားသမားကလည်း ရပ်ပေးလိုက်တာကြောင့် သူက တွေတွေထူးထူး မေးမနေတော့ဘဲ နောက်ခန်းတံခါးကို ဖွင့်ကာ ရွှေ့ခနဲ ဝင်ထိုင်လိုက်လေသည်။

ကားထဲမှာ အေးစိမ့်လျက် လိမ္မော်ရနံ့လေး ခပ်ဖျော့ဖျော့ လွင့်နေသည်မို့ သူက ဝင်ဝင်ချင်းပဲ စိတ်ကျေနပ်မှု ရသွားသည်။ ဆေးလိပ်မသောက်သော၊ အပူဒဏ်ကို မကြိုက်သော သူ့အတွက် ဆေးလိပ်နံ့မရှိခြင်းနှင့် အေးစိမ့်ခြင်းတို့အတွက် ဒီကားသမားကောင်းသလောက် ပေးဖို့လည်း စေတနာရှိသွားပြီလေ။

ကားက လေဆိပ်ထဲမှ ထွက်လာပြီး လမ်းမကြီးပေါ် အရောက်မှာပဲ ကားသမားထံမှ စကားသံ ထွက်ပေါ်လာသည်။ အဲဒီမတိုင်ခင်ကတော့ သူက ကားသမားထံ အကျုံးမရှိပါ။ ပါထင်



www.burmeseclassic.com

www.burmeseclassic.com



အကျယ်ကြီး ဖြစ်သွားသော လေဆိပ်ရှေ့က နေရာကြီးကို ဟိုဟို ဒီဒီ ထေ့ဝဲကြည့်ရှုလျက် မမြင်ရတာ ကြာပြီဖြစ်သော ဝန်းကျင် အသစ်ကိုသာ စူးစမ်းနေမိသည်။

"ဘယ်ကို သွားမှာလဲ"

အသံလေးတစ်သံ။ အဲဒီ အသံဟာ မာကျောနေတာလည်း မဟုတ်၊ ချိုသာနူးညံ့နေလွန်းတာလည်း မဟုတ်ဘဲ သမားရိုးကျ အသံဟုလည်း ပြောမရသော ခပ်စေးစေးပိုင်ပိုင်ရှိသည့် အသံမျိုးပါပဲ။ ပြီးတော့ သူ နည်းနည်းအံ့သြသွားရတာက အသံရှင်ဟာ မိန်းကလေးတစ်ယောက် ဖြစ်လို့နေသည်။ ရန်ကုန်မှာ အမျိုးသမီး တက်ဆီဒရိုင်ဘာတွေ၊ အမျိုးသမီး စပယ်ယာတွေ သူကြားဖူးနားဝ ရှိဖူးပေမယ့် အခု သူကိုယ်တိုင် ဒီလို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့မယ်ထင်မထားတာပါ။

သူက မေးတာကို ချက်ချင်း မဖြေနိုင်ဘဲ အတွေးထဲက ခဏစီးသွားတုန်းမှာ သတိက ပြန်အဝင် တစ်ခုခုပြောဖို့ လှမ်းအကြည့် ထိုမိန်းကလေးကလည်း သူ့ဆီက အဖြေစကား မရသေးသဖြင့် သူ့ကိုအကြည့် အကြည့်ချင်းက နောက်ကြည့်မှန်ထဲမှာ ဖျတ်ခနဲ ဆုံကြသည်။ "ဘယ်လိုလဲ"ဟူသော သဘောမျိုး





ပါဝင်သည့် မျက်လုံးလှန်ကြည့်သော အကြည့်တစ်ခုကြောင့် စိတ်ထဲမှာ တစ်မျိုးသောလေး ဖြစ်သွားရပေမယ့် မိန်းကလေးရဲ့ မျက်လုံးတွေက တောက်ပလက်ဖြာလွန်းတာကိုတော့ သတိပြုမိရသည်။

"ရန်ကင်းက (xxx) ကွန်ဒိုပါ"

"ဟုတ်ကဲ့"

သူမက မောင်းရမည့် နေရာကို သိဟန်ဖြင့် ဘာမှ ထပ်မမေးတော့ပေ။ ကားလမ်းကြောင်းကို ပြောင်းယူရင်း မနှေးသော မမြန်သော အရှိန်မျိုးဖြင့် သွက်လက်ကျင်လည်စွာ မောင်းနှင်နေသည်။ အင်း... ဈေးနှုန်းလည်း မပြောပါလား။ စင်ကာပူလို Taxi တွေက မီတာနဲ့ပဲလား မသိချေ။ အရင်တစ်ခေါက်က သူ ရန်ကုန်လာစဉ်မှာ လေးလေးနဲ့ လိုက်လာခဲ့ခြင်း ဖြစ်သည်။ Taxi လည်း မစီးဖြစ်ခဲ့။ လေးလေးမိတ်ဆွေ စီစဉ်ပေးသော ဒရိုင်ဘာနှင့် ကားကို စိတ်ကြိုက်သုံးစွဲခွင့် ရခဲ့သဖြင့် သွားရေး လာရေး အဆင်ပြေခဲ့သည်။ ဒီတစ်ခေါက်တော့ လေးလေးက စီစဉ်ပေးရမလား မေးပေမယ့် သူက ကြာဦးမှာမို့ သူများကိုလည်း အားနာသဖြင့် ကိုယ့်ဘာသာသာ ကြည့်ကျက်လုပ်မည်ဟု ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားက မီတာနဲ့လား"

သူ့အာရုံနဲ့ သူ မျှော်နေဟန်ရှိသော မိန်းကလေးက သူမေးတာကို ရုတ်တရက် နားမလည်သလိုဖြင့်... "ရှင်... ဘာလဲ" ဟု ပြန်မေးသည်။

"ဩော်... မီတာနဲ့တွက်ပြီး ကျသလောက် ရှင်းရတဲ့ကားလားလို့"

"အဟင်း... မဟုတ်ပါဘူး။ လူက တွက်ယူတဲ့ ကားပါ"

"ဘယ်လို... ဘယ်လို"

သူ နားမရှင်း ဖြစ်သွားပုံကို သူမက ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။ အဲဒီရယ်လိုက်သော တစ်ခဏ၌ သူမမျက်နှာရဲ့ ဖြူစင်ရိုးသားမှုလေးက ထင်ဟပ်သွားသည်။ တက်ဆီမောင်းနေပေမယ့် တမင် တင်းထားတာမျိုး၊ ဒါမှမဟုတ် လိုတာထက် ချိုသာလွန်းနေတာမျိုး မရှိဘဲ သမာအာဇီဝ လုပ်ကိုင်နေသော မိန်းကလေးတစ်ယောက်၏ ပေါ့ပေါ့ပါးပါးဟန်လေး ပိုပေါ်လွင်လာသည်။ ပြောရလျှင် ဒီကောင်မလေးရဲ့ ရုပ်ရည်က အဆင့်အတန်းရှိသော တောက်ပြောင်ဝင်းမွတ်သော ... ရုပ်ရည် သန့်ပြန့်လွန်းသော မိန်းကလေးတစ်ယောက်ပါပဲ။ ချောနေ လှနေတယ်





ဆိုတာထက် ရုပ်ကသန့်လွန်းနေသည်။ ချောပေမယ့် လှပေမယ့် ရုပ်မသန့်တာတွေလည်း ရှိတာပဲတယ်မလား။

"ဒီမှာ မီတာနဲ့ တွက်ယူတာမျိုး မရှိပါဘူး။ ဒရိုင်ဘာကပဲ ခရီးအကွာအဝေးကို တွက်ပြီး ခရီးသည်နဲ့ ဈေးညှိယူကြတာပါ"

"ဩော်... ဒါဆို ကိုယ်က အခု ဘယ်လောက်ပေးရမှာလဲ"

"ရန်ကင်း(xxx)ကွန်ဒို အထိ ငါးထောင်ပါ"

"ဟုတ်လား... ဈေးဆစ်ရဦးမှာလား"

သူမက ရယ်ချင်ဟန်ဖြင့် သူ့ကို တစ်ချက်ကြည့်လာလျှင် အဲဒီအကြည့်လေးကြောင့် သူတို့ ဗိုရင်းနီးသလို ဖြစ်သွားရသည်။ ကားက မီးပွိုင့်မှာ မိသွားသဖြင့် သူမက အလိုက်သင့် မှေ့ာရပ်လိုက်သည်။

"Traffic က တော်တော်ဆိုးမယ်နဲ့တူတယ်... ဟုတ်လား"

"အင်း... ဆိုပါတော့။ တော်တော်ကို ဆိုးပါတယ်"

"ကိုယ် စကားပြောနေရင် မင်း ကားမောင်းတာ အနှောင့်အယှက်ဖြစ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် သူမက ထပ်ကြည့်လာပြန်သည်။ အင်း... အဲဒီလို မျက်လုံးလှန်ပြီး ခဗာ ခဗာ ကြည့်ပုံမျိုးနဲ့တော့ ဟုတ်နေပါပြီ။

"ဒီလိုပါ... ပြောရရင် ကိုယ်က ရန်ကုန်မှာ နေတဲ့သူ မဟုတ်ပါဘူး၊ ရန်ကုန်ကို ပြန်မရောက်တာတောင် ငါးနှစ်လောက် ရှိသွားပြီ။ ဒါကြောင့် ဟိုဟိုဒီဒီ စပ်စု စကားများနေတာ မင်းအတွက် ကားမောင်းရတာ အနှောင့်အယှက်ဖြစ်မလားလို့ မေးကြည့်တာ"

"မဖြစ်ပါဘူး၊ ရှင် သိချင်တာ မေးလို့ရပါတယ်"

"အိုခေ... သိုင်းရှူးပါ"

"ကျွန်မလည်း ရှင့်ကို တစ်ခုလောက် မေးချင်တယ်"

အလဲ... တယ်ဟုတ်ပါလား။ ရန်ကုန်မှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော နေ့ရက်များကို ကျော်ဖြတ်ရမလား စိုးရိမ်နေသမျှ ရန်ကုန်မြေကို ခြေချတည်းက သူ့အတွက် မပျင်းရသော အစီအစဉ်လေးများက စောင့်ကြိုနေသည်ဟု ထင်မှတ်ရတော့မလိုပါပဲ။ သူက ရွှင်လန်းသောစိတ်ဖြင့် သူမကို မေးဆတ်ကာ "မေးလေ"ဟု လှမ်းပြောလိုက်သည်။ သူမကလည်း သူ့ကို ရင်းနှီးသော မျက်ဝန်းများဖြင့်...





"ရှင့် ခရီးဆောင်အိတ်တွေ လေဆိပ်မှာ ကျန်ခဲ့တာတော့ မဟုတ်ပါဘူးနော်"

"အဟင်း... မဟုတ်ပါဘူး။ အိတ်တွေက ရှေ့တစ်ပတ်ထဲက ကြိုပို့ထားလို့ပါ"

သူမက "ဪ"ဟူသော ပုံစံနှင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ မီးပွိုင့်က လွတ်သွားပြီမို့ သူမက ကားကိုမောင်းထွက်သည်။ သူက သူမ ကားမောင်းနေတာကို အကဲခတ်နေရင်းမှ သဘောကျလာသည်။ ဘယ်ဆိုးလို့လဲ သူလည်း စင်ကာပူမှာ ကားမောင်းနေသော ယောက်ျားလေးပေမယ့် ရန်ကုန်မှာ ကားမောင်းဖို့ကိုတော့ သူ သိပ်စိတ်မပါလှချေ။ ကျပ်ညပ်နေသော ယာဉ်ကြောများနှင့် လူပါးဝသော ဘတ်စ်ကားများ ဆိုးဝါးသော Traffic ကြားမှာ ကားမောင်းရမှာကို တွေးကြည့်ရုံနဲ့ လက်လန်လှသည်။ သူမကတော့ ဒီအခက်အခဲတွေကို ကျင့်သားရစွာ မောင်းနှင်နေသည်မှာ သက်သောင့်သက်သာ ရှိလွန်းသည်ဟု ထင်သည်။

အင်း... သူ့အတွက် သွားရေးလာရေးမှာ ကားတစ်စီးနှင့် ဒရိုင်ဘာတစ်ယောက်က တကယ်လိုအပ်နေတဲ့အချိန်အထားပါလား။ ပြီးတော့ သူက ရန်ကုန်က လမ်းတွေကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကျွမ်းကျွမ်းကျင်ကျင် မသိလှ။ ခုလို တုံးတွေ ဟိုချ ဒီချနှင့် ပိုတောင်ရှုပ်စီလည်သေးလေသည်။ ဒီမိန်းကလေးရဲ့ Personality နှင့် ကားမောင်းကျွမ်းကျင်ပုံကိုလည်း သဘောကျသည်။ သူ့အတွက်လည်း လိုအပ်နေသည် ဆိုတော့ သူက ဘယ်ကနေ ဘယ်လို စပြောရမလဲ အကြံထုတ်နေမိသည်။ အကြံထုတ်နေတာ ဘယ်လောက်တောင် ကြာသွားလဲတော့ မပြောတတ်။ သူမက စကားပြောလာတော့မှပဲ .သူက အသိဝင်လာတော့သည်။

"ဟိုးရှေ့က အဆောက်အအုံကြီးက ရှင် သွားမယ့် နေရာပဲလေ၊ ရောက်တော့မယ်"

သူမက မီးပွိုင့်မိသွားတာမို့ ကားကို အရှိန်လျှော့ရင်း သူ့ကို လှမ်းပြောသည်။ အဲဒီတော့မှပဲ သူ တစ်ခုံခုစစ်ခုကို သွားသတိရကာ ဟိုက်ခနဲ မအော်ရုံ ဖြစ်သွားသည်။ သူ နေရမည့် နေရာသို့ ရောက်ပြီ၊ ကားခရှင်းပေးရတော့မည် ဆိုမှပဲ သူ့ လုပ်ရမည့် အလုပ်တစ်ခုကို သတိရတော့သည်။

"ဟို... ဟို... ခဏလေးပါ"

ခဏလေး ဆိုတာ ဘာခဏကို ရည်ရွယ်မှန်းတောင် သူ့ကိုယ်သူ မသေချာပါ။ သူမက သူ့ကို ဒီတစ်ခါတော့ လည်ပြန်လှည့်ကြည့်လာသည်။





"ကိုယ့်မှာ မင်းကို ကားခ ရှင်းပေးဖို့ ပိုက်ဆံပါမလာဘူး"

"ရှင်"

သူမက အံ့ဩသွားသလို ရှိသော်လည်း မျက်နှာတော့ ပျက်မသွားပါ။ ဘာပြောရမှန်း မသိသလို ဖြစ်သွားရုံသာ ရှိသည်။ သူက ကျန်နေသေးသော စကားတို့ကို အလျင်အမြန် ဆက်ရသည်။

"ဒီလိုပါ .. ကိုယ် ဆိုလိုတာက ကိုယ့်မှာ နိုင်ငံခြားငွေတော့ ပါတယ်၊ မင်းကို အဲဒါပေးလည်း လက်ခံမှာမဟုတ်ဘူးနော်။ အိုခေ... ပြဿနာမရှိပါဘူး ကိုယ့်ကို အနီးဆုံး Money Changer တစ်ခုကို ဆက်ပို့ပေးပါလား။ အဲလိုဖြစ်မလား။ ဟိုဒင်း... မင်းရဲ့ကားကို ဆက်ငှားတဲ့သဘောပါ"

"ရပါတယ်... ဒါဆို Money Changer ရှိတဲ့နေရာကို သွားလိုက်မယ်နော်"

"အိုခေ... အိုခေ..."

သူမက ကားကို ဆက်မောင်းလေသည်။ တဖြည်းဖြည်း နေမြင့်လာသည်နှင့်အမျှ ယာဉ်ကြောတွေလည်း ကျပ်လာ



www.burmeseclassic.com

www.burmeseclassic.com



တာကို သတိပြုမိသည်။ ဒါပေမဲ့ သူမက အကပ် အတိုးလေးတွေနဲ့ ကျွမ်းကျင်စွာ ဖောင်းနိုင်တော့ ခရီးကတွင်သည်။ Money Changer မှာ ပိုက်ဆံလဲပြီးသားလျှင် သူ့ခန္ဓာကိုယ်က အချက်ပြနေပြီဖြစ်သည်။ နေ့လယ် ဆယ့်နှစ်နာရီလည်း ထိုးပြီးပြီမို့ သူ ဗိုက်ဆာနေပါပြီ။ အိမ်မှာလည်း သူ့အတွက် ဘာမှစားစရာရှိမှာ မဟုတ်။ ဒီတော့ သူမကို ထပ်၍ပြောရပြန်သည်။

"ဟိုဟာလေ … ဒီနားမှာ စားသောက်ဆိုင်ကောင်းကောင်း ရှိလား။ ကိုယ် ဗိုက်ဆာလာလို့ နေ့လယ်စာ စားချင်လို့ပါ။ ဒါနဲ့ မင်းကားကို ဆက်ငှားလို့ ရသေးတယ် မဟုတ်လား"

"ရပါတယ်"

"အိုခေ … ဒါဆို စားသောက်ဆိုင် တစ်ခုခု ပို့ပေးပါ။ ဟို … ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ မင်းလည်း ကိုယ်နဲ့အတူတူ နေ့လယ်စာ လိုက်စားပါလို့ request လုပ်ချင်တယ်။ ကိုယ် စကားလည်း နည်းနည်းပြောချင်လို့"

သူမက နည်းနည်း အနေရခက်သွားသော ပုံစံဖြင့် အားတုံ့အားနာ ရယ်ကာ …

"ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ ရှင် ဖိတ်တာကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မမှာလည်း ထမင်းဘူးပါတော့





မစားတော့ပါဘူး။ ရှင့်ဘာသာ အေးအေးဆေးဆေး စားပါ။ ကျွန်မ စောင့်ပေးမှာပါ …

စကားပြောချင်လည်း ဒီမှာပဲ ပြောလို့ရပါတယ်"

"အိုမေလေ … မင်းကို အားနာလို့ ဖွတ်မခေါ်တော့ပါဘူး။ ထမင်းစားပြီးရင်တော့ ကိုယ် အိမ်ပြန်မှာပါ။ ပြီးပါပြီ"

"ရပါတယ်ရှင်။ ကိစ္စ မရှိပါဘူး။ ရှင်ကြည့်ရတာ ဟိုသွား ဒီသွား ပို့နိုင်းနေရတာကို အားနာနေတဲ့ပုံပဲ။ ကျွန်မက အလုပ် လုပ်နေတာပါ။ ဘာမှ အားနာစရာ မရှိပါဘူး။ ခရီးသည် သွားချင်တဲ့နေရာ ပို့ပေးရမှာ ကျွန်မ professional ပဲလေ"

သူမက အေးဆေးတည်ငြိမ်စွာဖြင့် ပြုံးပြုံးလေးပဲ ပြောလျှင် သူက ဘာမှ ဆက်မပြောဖြစ်တော့ပါ။ သူမ ပို့ပေးသော စားသောက်ဆိုင်တစ်ခုမှာ နေ့လယ်စာ ဖြေရှင်းပြီး ကားပေါ်ပြန်တက်လာလျှင် သူမကလည်း ဆိုးကြိုသလို ခေါင်းညွှတ်နှုတ်ဆက်သည်။ သူတောင် မပြောရသေးခင် သူမက အရင်စပြောလေသည်။

"ရန်ကင်းကိုပဲ သွားမယ် ထင်တယ်နော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒေးရှာဘာ အဆောင်ပြေရဲ့လား။ အဲဒီဆိုင်က ဒီနားမှာတော့ နာမည်ကြီးတဲ့ဆိုင်မို့ ပို့ပေးလိုက်တာပါ"

"ကောင်းပါတယ်။ တစ်ယောက်တည်းဆိုတော့ လွယ်လွယ်ကူကူ ထမင်းပေါင်းပဲ စားပစ်လိုက်တယ်။ မင်းရော... ထမင်းပေါင်း ကြိုက်လား"

သူ့စကားကြောင့် သူမက မျက်ခုံးနှစ်ခု ပင့်တက်သွားပြီးမှ တစ်ခုခုကို စဉ်းစားဟန်ဖြင့်...

"အင်း... ကြိုက်ပါတယ်။ အဲဒီလို ဆိုင်တွေက ထမင်းပေါင်းကတော့ ရှယ်ဖြစ်နေမှာ သံသယရှိစရာ လိုမယ် မထင်ပါဘူး။ ဒါပေမဲ့ ကျွန်မက ထမင်းပေါင်းဆို အဲဒီလို ရှယ်ထမင်းပေါင်းတွေထက် ရွှေမန်းရုံရှေ့က ဦးစိုးထမင်းပေါင်းတို့၊ (၁၉)လမ်းက တရုတ်ထမင်းပေါင်းတို့ကို ပိုကြိုက်တာ"

"ဟုတ်လား... အရမ်း ကောင်းတာပဲလား။ အင်း... မင်းက ရန်ကုန်မြို့ရဲ့ နာမည်ကြီး အစားအသောက်တွေကို တော်တော်ကျွမ်းမှာပေါ့နော်၊ မင်းပြောတဲ့ ထမင်းပေါင်း ကိုယ် စားဖူးချင်လိုက်တာ"





"ရန်ကုန်မြို့မှာ နာမည်ကြီးတဲ့ အစားအသောက်တွေ အများကြီးရှိတယ်။ နာမည်ကြီးတယ် ဆိုတာကလည်း လူအများစု လက်လှမ်းမီတဲ့ ဈေးနှုန်းနဲ့ အစားအသောက်တွေက ပို နာမည်ကြီးတာပါ"

"အင်း... စိတ်ဝင်စားစရာပဲ။ ဒါနဲ့ တစ်ခု ဖြတ်မေးရဦးမယ်။ မင်း ခုနက ပြောလိုက်တယ်နော်။ ခရီးသည်သွားချင်တဲ့နေရာ ပို့ပေးရမှာ ကျွန်မ professional ပဲဆိုတာ"

"ဟုတ်တယ်လေ"

"ဒါဆို... မင်းကားကို On Call ခေါ်လို့ရလား။ ဥပမာ ကိုယ်က တစ်နေရာ သွားစရာရှိတာမျိုးဆို မင်းကို ဖုန်းဆက်ပြီး ကြိုပြောထားရင် အဲဒီလိုရော မောင်းပေးလား"

သူမက အနည်းငယ် တုံ့ဆိုင်းသွားပြီးမှ "ရတော့ ရပါတယ်"ဟု ဖြေသည်။ အဲဒီပုံစံဟာ သူ ကျေနပ်လောက်သော တုံ့ပြန်မှုမျိုး မဟုတ်တာမို့ သူက ထပ်ရှင်းမိသည်။

"မင်း... ကိုယ့်ကို တစ်မျိုး မထင်နဲ့နော်။ ကိုယ်က ဒီကို အလုပ်ကိစ္စတစ်ခုနဲ့ လာတာပါ။ ဒီမှာ တစ်လ နှစ်လ လောက်တော့ အနည်းလေး နေရမယ် ထင်တယ်။ ဒီ

www.burmeseclassic.com



အတွက် သွားရေး လာရေးကိစ္စတွေမှာ မင်းကားကို ခေါ်လို့ရလား မေးကြည့်တာပါ။ မင်း ကားမောင်းတဲ့ Skill ရော၊ Personality ရောက ကိုယ့်အတွက် သက်သောင့်သက်သာရှိလို့ မင်းကို welcome လုပ်တာပါ”

သူ တရှည်တလျားနဲ့ တလေးတနက် ရှင်းပြနေတာကို သူမက နားလည်သဘောပေါက်ဟန်ဖြင့် နွေးထွေးသော အကြည့်တို့ဖြင့် ကြည့်လာသည်။ အဲဒီအကြည့်တို့သည် စကားများစွာ ပြောတာထက်တောင် ထိရောက်သော ရင်းနှီးနွေးထွေးသည်၊ သဘောပေါက်ပါတယ် ဆိုသည့် အေးဆေးနွေးထွေးသော မျက်ဝန်းများ ဖြစ်တာကို သူ သတိပြုမိလေသည်။

သူမက သူ ပေါ့ပါးသွားစေရန် အလို့ငှာ ဟက်ခနဲ တစ်ချက် ရယ်သွမ်းသေးလိုက်သေးသည်။

“အဲဒီလောက်လည်း စိတ်မပူပါနဲ့။ ရှင်ပြောတာကို ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ။ ကျွန်မက Taxi မောင်းတယ် ဆိုပေမယ့် အမြဲမောင်းနေတာမျိုးတော့ မဟုတ်ပါဘူး၊ ကျွန်မအဖေ ကားကို တစ်ခါတလေ ယူမောင်းတာပါ။ အဖေကတော့ အမြဲမောင်းတယ်။ ရှင် လိုအပ်ရင် အဖေ့ဖုန်းနံပါတ်ကို ဆက်သွယ်လို့ ရပါတယ်”





“မင်းက ကျောင်းသူလား”

“ကျောင်းပြီးပါပြီ”

“ဒါဆို တခြားအလုပ်တစ်ခု ရှိတယ်ပေါ့”

“အဲလိုတော့ မရှိသေးပါဘူး”

“ဒါဆို မင်းမိဘကို တစ်ခါတလေ ကူညီတဲ့သဘောပေါ့”

“ဟုတ်ပါတယ်”

ကားက မီးပွိုင့်လွတ်သွားပြီမို့ ယာဉ်ကြောရှုပ်ထွေးလာသဖြင့် သူက အလိုက်သိစွာ စကားဖော် ဖြတ်လိုက်သည်။ စကားဖြတ်ရင်း စဉ်းစားမိတာက ဒီကောင်မလေးရဲ့ ကားမောင်းပုံကို သဘောကျပြီးသည့်နောက် သူမလည်း အလုပ်အကိုင် အတည်တကျ မရှိခင်မှာ သူ့အတွက် ကားမောင်းဖို့ အလုပ်ခန့်ရင် ကောင်းမလားဟူသော စိတ်ကူးပဲ ဖြစ်သည်။ Taxi က သူမအဖေရဲ့ အလုပ်ဆိုလျှင် သူက ကားတစ်စီး စီစဉ်ပြီး သူမကို မောင်းခိုင်းရင်ရော…။ ပြီးတော့ Taxi က နေရာတိုင်း ဝင်ထွက်လို့ အဆင်ပြေတာမဟုတ်။ တချို့နေရာတွ Taxi မဝင်ရဟု ဆိုင်းဘုတ်ကပ်ထားတာတွေတောင် ရှိတယ်ဆိုတော့…။

သူက စိတ်မြန်လက်မြန် ရှိသူပီပီ သူ နေထိုင်မည့် ကွန်ဒိုအောက်ရောက်လျှင် သူမကို အရင်ဆုံး ကားငှားပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျသင့်တာထက် ငါးထောင်ပိုပေးသော်လည်း သူမက မယူချေ။ အိုခေ… ဒီကောင်မလေး စိတ်ဓာတ်ကိုတော့ သဘော ကျနေပြီ။

"အိုခေ… ဒါနဲ့ မင်းကို ကိုယ် တစ်ခုမေးချင်တယ်"

"ဟုတ်ကဲ့… မေးပါ"

"ဒီကားက မင်းအမြဲမောင်းတဲ့ကား မဟုတ်ဘူး ဆိုတော့ မင်းကို ကိုယ် ကားမောင်းဖို့ လစာနဲ့ ဝန်ထမ်းအဖြစ် ငှား မယ်ဆိုရင် မင်း လုပ်ပေးနိုင်မလား"

သူ့စကားကို သူမက ချက်ချင်း မတုံ့ပြန်ပါ။ အံ့သြသွားသလိုဖြင့် ခဏတော့ ငြိမ်သွားဟန်ရှိသည်။ အင်း… စဉ်းစားနေတာလား။ ဆုံးဖြတ်နေတာလား မသိပေမယ့် သူကတော့ အေးအေးဆေးဆေးပဲ စောင့်နေလိုက်သည်။

"ရှင့်ကားကို မောင်းပေးရမယ်… ဟုတ်လား"

"ဟုတ်တယ်… ပြောရရင် Taxi ပဲ အမြဲစီးဖို့ကလည်း အဆင်မပြေဘူးလေ၊ ကိုယ် ကားတစ်စီး စီစဉ်ရင် ကိုယ့် အတွက် ဒရိုင်ဘာတစ်ယောက် လိုတယ်။ မင်းကတော့ မြန်မာပြည် ပြန်ရောက်ရောက်ချင်း ကိုယ် သဘောကျတဲ့





Personality ရှိတဲ့သူပေါ့။ ဒါကြောင့် မင်းကို ကမ်းလှမ်း ကြည့်တာပါ၊ မင်း အဆင်မပြေရင် ကိုယ်က တခြားတစ် ယောက် ရှာရဦးမယ်"

"ကျွန်မ နည်းနည်းလောက် စဉ်းစားလို့ ရမလား"

"အိုခေ… ရပါတယ်။ မင်း လက်ခံတယ်ဆိုမှ လစာကိစ္စ တို့ တခြားပြောစရာတွေ ညှိကြတာပေါ့"

"ဟုတ်"

"ကိုယ့်နာမည် နွေသစ် ပါ။ မင်း နာမည်ကရော"

"ဂီ… အဲ… မိုးငွေကာ ပါ"

"မိုး… ငွေ… ကာ… Woo တယ်ကဗျာဆန်တာပဲ။ ဟုတ် ပါပြီ။ ရော့… ဒီမှာ မင်း ဖုန်းနံပါတ် ရိုက်ထည့်ပေးပါ လား။ ကိုယ်ကတော့ လောလောဆယ် ဖုန်းမရှိသေးဘူး။ နောက်မှ ဝယ်ရမယ်။ ဒါနဲ့ ဒီမှာ ဖုန်းဆင်းကတ်တွေ ဈေး အရမ်းပေါသွားပြီဆို၊ ဘယ်လိုင်းက ကောင်းတာလဲ။ အင်တာနက်သုံးလို့ အဆင်ပြေတဲ့ဟာ Speed မြန်တဲ့ဟာ ပေါ့"

"ကျွန်မကတော့ တယ်လီနော ဆိုတဲ့ လိုင်းကို သုံးတယ်"

www.burmeseclassic.com



"အိုအေ…, သိုင်းမယူ"

သူမက သူ့ဖုန်း ဟန်းဆက်ထဲမှာ ဖုန်းနံပါတ်ရိုက်ထည့်ပေးနေစဉ်မှာပဲ သူက ကားပေါ်မှ ထင်းလိုက်လေသည်။ အဲဒီနောက် သူမ ကမ်းပေးသော သူ့ဖုန်းကို ပြန်ယူရင်း သူမကလည်း အပြုံးတစ်ခုနှင့် ခေါင်းဆတ်ပြသည်။ သူက လက်ချောင်းလေးများကို လှုပ်ခတ်နှုတ်ဆက်ပြရင်း…

"ဆီးယူ… မိုး… ဋ္ဌိ… ကာ…။ မင်းဆီက သတင်းကောင်းကို ကိုယ် မျှော်နေပါ့မယ်"

လှစ်ခနဲ ထပ်ပြုံးပြသော အပြုံးတစ်ခုနှင့်အတူ သူ့အမှတ်မထင် သတိထားမိလိုက်တာက သူမရဲ့မေးဖျားက အချိုင့်လေးပါလား။ ဒဏ်ရာဟောင်းလိုလို၊ အနာရွတ်ရေးရေးလေးလိုလို အမှတ်လေးကို သူ မှတ်မှတ်ရရ သတိထားမိစဉ်မှာပဲ သူမကားလေးက ဘီးလိမ့်ထွက်ခွာသွားခဲ့သည်။

○





(၄)

"ဗမာကြက်ဈေးကလည်း တက်ပြန်ပြီတော့။ ကြက်သွန်ကလည်းတက်၊ မဖြစ်ပါဘူး မေခင့်ကို သီရိမင်္ဂလာဈေးက အလုံးလှလှတွေ အိတ်လိုက်သာ လှောင်ခိုင်းရတော့မလိုဖြစ်နေပြီ။ ကာကာတစ်ရေချို့ တစ်ကောင်တော့ ရခဲ့တယ်။ မိုးကျတော့ ပုစွန်ဘောချိတ်တွေလည်း ပေါတာနဲ့ ဆွဲလာခဲ့တယ်။ ကိုယ်တွေတော့ ပုစွန်ဘောချိတ် ဆီပြန်လေးနဲ့ ချဉ်ပေါင်ဟင်းချို၊ ငါးပိထောင်းပေါ့၊ မေခင့်အတွက်တော့ ကာကာတစ်ကို အချိုပေါင်းပေးရမယ်"

ပြောလည်းပြော ဈေးခြင်းတောင်းလည်း မီးဖိုချောင်စားပွဲပေါ်ကို တင်လိုက်သော မမြင့်ကြည်ရဲ့ အပြောကို အန်တီသူဇာက သဘောတကျ ကျေနပ်နားထောင်နေသော်လည်း "ပြည့်"ကတော့ ဘယ်သူမှမမြင်အောင် မသိမသာ နှာခေါင်းရှုံ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတွင် မိန်းမတစ်ယောက် မတတ်မနေ တတ်မြောက်ရမည့် သင်ကြားပို့ချကြသော ဘာသာရပ်များတွင် အချက်အပြုတ်က မလွဲမသွေ ပါရမည့် ဘာသာရပ်လားဟု မကြာခဏ မေးခွန်းထုတ်နေမိတတ်သည်။ သို့သော် ဒီအိမ်မှာကတော့ အချက်အပြုတ်ပညာရပ်ရဲ့ နောက်ဆက်တွဲ၊ မေဂျာ မဟုတ်သော်လည်း မိုင်နာလောက်တော့ သဘောမထားနိုင်သည့် ပညာရပ်တွေလည်း ရှိသေးသည်။

မိန်းမတစ်ယောက် တတ်အပ်သော ပညာရပ်ထဲမှာ အချက်အပြုတ်အပြင် ဈေးဝယ်တတ်သော အရည်အချင်း၊ ဟင်းတွဲစပ်တတ်သော အရည်အချင်းကလည်း ပါသေးသည်တဲ့။ ဒီခေတ်ထဲမှာ ဈေးကို နေ့တိုင်းသွားဝယ်သော အိမ်ထောင်စုမျိုးရှားပါးသွားပြီ ဖြစ်သော်လည်း "ပြည့်"တို့ အိမ်မှာတော့ လွန်ခဲ့သော နှစ်နှစ်ဆယ်က အကျင့်ကို ခုထိ ထိန်းသိမ်းထားဆဲပါပဲလေ။

ဘွားတို့ အန်တီသူဇာတို့ လက်သုံးစကားကတော့ အိမ်ရှင်မကောင်း ဆိုတာ တစ်ပတ်စာ ဟင်းအမယ်စာရင်းကို ယောင်းချ ရေးထားတာမျိုး မဟုတ်ဘဲ၊ ဒီနေ့ ဘာချက်မယ်ဆိုပြီး





ကြိုစဉ်းစားထားတာမျိုးလည်း မရှိဘဲ ဈေးထဲရောက်မှ ရာသီစာတွေ ဘာပေါ်လဲ ဆိုတာ ကြည့်ပြီး ပေါပေါလောလောရှိတဲ့ ရာသီစာတွေနဲ့ ဟင်းပွဲတွေကို ဈေးထဲရောက်မှ လက်တန်းစဉ်းစားဆုံးဖြတ်တာတဲ့။ ရာသီစာ မဟုတ်တဲ့ ပေါပေါလောလောကို မချက်။ ဈေးထဲမှာ ပေါများလျှံနေတာကို ဖွယ်ဖွယ်ရာရာ စီမံတတ်သည်။

အဲဒီဟာ မကောင်းဘူးလား ဆိုတော့ ကောင်းသည်။ ကောင်းတာပေါ့... ဈေးထဲကို စောစောစီးစီး သွားပြီး ဈေးပြုပြင် လူတိုးသူတိုးနဲ့ အပင်ပန်းခံမှတော့ ကောင်းပြီပေါ့။ ဒါပေမဲ့ လူကတော့ ဘယ်သက်သာပါ့မလဲ။ "ပြည့်"ကတော့ နံနက်စောစော ဈေးခြင်းတောင်းဆွဲကာ ဈေးသွားရသည့် အလုပ်ကို စိတ်ကုန်သည်။ ဈေးမသွားရဘူးဟု မဆိုလိုပါ။ တော်ပြီပေါ့ သုံးလေးရက်တစ်ခါ၊ တစ်ပတ်တစ်ခါ လို့တောင် သူများ ထုံးစံမျိုး မလုပ်ချင်၊ မပြောချင်သေးပါ။ သုံးလေးရက်နေမှ တစ်ခါသွားလည်း ရာသီစာတွေ ပေါပေါလောလော ရနိုင်တာပဲ။ အဲဒီလောက်ကြီး မလိုဟု ထင်မိသည်။

ဒါမျိုး ဆိုတာလည်း အချိန်တွေ သိပ်ပေါ်နေလို့လားဟု မေးစရာရှိရင် အင်း... ပေါ်နေလို့ဟု ဖြေရမည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ… ပြည့်တို့အိမ်မှာ ဒရိုင်ဘာ၊ မာလီ တစ်ချိန်ကတော့ အိမ်ဖော် အိမ်အကူ မပြင့်ကြည် ထားပါတော့။ ခုတော့ အိမ်တော်ထိန်းလိုလို မိသားစုဝင်နီးပါး ဖြစ်လာသည့် မပြင့်ကြည်မှအပ ဒီအိမ်ကြီးရဲ့ အိမ်သားစစ်စစ် မိသားစုဝင်က ဘွားရယ်၊ အန်တီသူဇာရယ်၊ "ပြည့်"ရယ်ပဲ ရှိသည်။ ဒီမိန်းမသားသုံးယောက်မှာ စီးပွားရေး ကြီးကြီးကျယ်ကျယ်လည်း မရှိကြသောအခါ အချိန်တွေ ပိုနေသလိုတော့ ထင်ရတယ် ရှိတာပေါ့လေ။ ဘွားတို့မှာ စီးပွားရေး ကြီးကြီးကျယ်ကျယ် မရှိဘူး ဆိုပေမယ့် အလုပ်အကိုင်နှင့် ဝင်ငွေရသော စီးပွားမျိုး မရှိတာမျိုးတော့ မဟုတ်ချေ။ ယခင့် ယခင်ကတော့ ဘွားတို့သည် ရန်ကုန်မြို့ရဲ့ ထိတ်ထိတ်ကြဲတွေထဲ ပါဝင်ခဲ့တာမျိုး ရှိတာပေါ့။ တိုင်းရင်းဆေးလုပ်ငန်း၊ အဝေးပြေးကုန်ကားတွေ စသဖြင့် ဘာဘာ ရှိတုန်းကတော့ စီးပွားရေးက တရိပ်ရိပ် ကောင်းခဲ့ပေမယ့် ဘာဘာ မရှိတဲ့နောက် "ပြည့်"အဖေ ဖြုန်းတီးတာနဲ့ ကုန်ခဲ့တာတဲ့လေ။ (တဲ့လေလို့ တစ်ဆင့်စကား ကြားသလို ပြောရတာက ပြည့်ဖေဖေက ပြည့်ကို မမွေးခင် လူပျိုဘဝထဲက ဆိုးသွမ်းပျက်စီးခဲ့တာဖြစ်ပြီး နောက်ဆုံး တော်တော်များများ မ,သွားကာ အိမ်ပေါ်ကနေ





ပျောက်သွားပြီးမှ "ပြည့်" ခြောက်နှစ်သမီးလောက်မှာ ဘွားတို့ဆီ လာပို့ပြီး ပြန်ပျောက်သွားခဲ့တာလေ။ နောက်တော့လည်း တစ်မြို့တစ်ရွာမှာပဲ ဖေဖေ ဆုံးသွားပြီဆိုတာ သိပ်မကြာခင် ပြည့်တို့ကြားခဲ့ရတာပါ)။

နောက်ပိုင်းတော့ ဘွားနှင့် အန်တီသူဇာကလည်း မောင်တစ်ယောက် ဒုက္ခပေးမှုနဲ့အတူ ရှိတာတွေ တော်တော်များများ ကုန်သွားပြီးနောက် (ကုန်တယ်ဆိုပေမယ့်လည်း ကျန်သင့်သလောက်တော့ ကျန်တာပေါ့လေ) ဒီအိမ်ကြီးမှာ ခိုင်ခိုင်မာမာ ထင်ထင်ပေါ်ပေါ် စီးပွားရေးမျိုးတော့ မရှိတော့ပေမယ့် ယခင်တည်းက ဘွား လုပ်လာခဲ့သည့် ငွေတိုးချေး၊ ရွှေပေါင်ခံနှင့် အန်တီသူဇာက လုပ်ဇာတ်သည့် စိန်ပွဲစား အလုပ်ကလေး၊ မြေအရောင်းအဝယ်လုပ်ငန်း ခပ်သေးသေးတို့ကြောင့် အခြေအနေတော့ မပျက်ခဲ့ပါချေ။

ဘိုးစဉ်ဆောင်ဆက် သူဌေးတွေလို သူဌေးရုပ်ကွက်မှာ ခြံအကျယ်ကြီးနဲ့ အခြေအနေမပျက် နေနိုင်ပေမယ့် အထဲမှာတော့ ဘယ်လောက် ကုပ်စိရတာ "ပြည့်" အသိဆုံးပင်တည်း။ ခုလို မနက်တိုင်း ဈေးခြင်းတောင်းဆွဲပြီး ဈေးဝယ်ရတာပဲ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လေ။ အသားတွေ လတ် မလတ်၊ အသီးအရွက်တွေ လတ် မလတ်နှင့် အလေးချိန်ခွင် ပြည့် မပြည့် စတာတွေကို သင်ကြားဖို့ရာအတွက် "ပြည့်"မှာ ဈေးသို့ လိုက်ရသေးသည်။ ဒီရက်ပိုင်း မိုးရွာနေသဖြင့် မသွားပါရစေနဲ့ဟု တောင်းတောင်းပန်ပန် ပြောထွေး၍သာ ခုတလော အနားရနေခြင်း ဖြစ်သည်။ မဟုတ်လျှင် အန်တီသူဇာနှင့် Shopping လုပ်ပေရော့။ Shopping တော့ Shopping ပါပဲ။ တော်ဝင်စင်တာတို့ ဂျန်းရှင်းစကွဲတို့မှာ မဟုတ်ဘဲ သားငါးဈေးရှောပင် ဖြစ်နေသည်။

"ဒီနေ့ ဘာဟင်းစားတွေ ရလဲဟေ့"

လာပါပြီ။ ရှားရောင်တဘက်ကို ခြုံလွှမ်းလျက် နံ့သာဖြူကရမက်နံ့ တသင်းသင်းနဲ့ အိမ်နေရင်းတောင် အမြဲသပ်ရပ် မွှေးပျံ့နေသည့် ဒီအိမ်ကြီးရဲ့ အရှင်သခင် "ပြည့်"၏အဘွား၊ အန်တီသူဇာ၏အမေ ဒေါ်ခင်ခင်စိန် သို့မဟုတ် ဒီအိမ်ကလူတွေ အခေါ်အရ မေခင် ပေါ့။

မေခင်ရဲ့ အမေးကို အန်တီသူဇာက ပြန်ဖြေသည်။ ဒီအိမ်က လူတွေသည် တစ်နေ့ တစ်နေ့ မီးဖိုချောင်မှာ ရှာသီစာ ပေါပေါလောလောတွေကို ဘယ်လိုစီမံချက်ပြုတ်ရမလဲ ဆိုတာ





တော်တော်လေး စိတ်ပါလက်ပါ ရှိကြသည်။ မေခင်၊ အန်တီသူဇာ နှင့် မမြင့်ကြည်တို့မှာ တွဲလည်း တွဲမိ လိုက်ဖက်ညီကြလေသည်။

"ဟဲ့... နောက်နေ့တွေ ငါးရှူကြီးကြီးတွေ ပေါ်ရင် ဆွဲခဲ့စမ်း။ မုန့်ဟင်းခါး ချက်ရအောင်။ တေဇာအောင်က တို့အိမ်က မုန့်ဟင်းခါးကို အသည်းစွဲ ကြိုက်သတဲ့ဆို"

"တေဇာအောင်က တော်တော်။ သူ့အမေကြီးက ပိုကြိုက်တာပါ မေမေရယ်၊ ဘာလဲ... မုန့်ဟင်းခါးချက်ပြီး သွားပို့နိုင်းဦးမလို့လား"

အန်တီသူဇာရဲ့ အမေးကို မေခင်က ဖြေစရာလိုသေးလို့လားဟူသော ပုံစံဖြင့် ပြုံးရုံသာပြုံးသည်။ ပြီးတော့မှ "ပြည့်" ဘက်လှည့်လာကာ...

"ဟဲ့... မိပြည့်၊ ဒီတစ်ခေါက် မုန့်ဟင်းခါးချက်ရင် သေချာကြည့်ထားစမ်း၊ နောက်တစ်ခေါက် ထပ်ချက်ရင် ညည်းလက်ရာကို ကြည့်မယ်။ ညည်း ချက်ရမယ် သိလား"

တစ်ခုခု ပြန်ပြောချင်စိတ်ကို "ပြည့်"က အသာထားပဲ မျိုသိပ်ထားလိုက်တော့သည်။ ပြန်ပြောလည်း ထူးမှာမဟုတ် ဆိုတာကို သိနေ၍ပင်။ မေခင်နှင့် အန်တီသူဇာတို့မှာ ရှေးရိုးစွဲ



www.burmeseclassic.com

www.burmeseclassic.com



ဝါဒီ၌ သူများထက်လည်း ပိုသေးလေသည်။ အထူးသဖြင့် မိန်းကလေးတစ်ယောက်ဟာ ချက်ရေးပြုတ်ရေးမှာ ထိပ်တန်းရှိလျှက် အိမ်ထောင်မှုထိန်းသိမ်းတဲ့နေ ဂုမှာ တော်ရမည်။ ပညာတွေမျိုနေအောင် တတ်ဖို့မလို၊ အလှပြချိတ်ထားရုံ ဘွဲ့ဝတ်စုံနှင့် ဓာတ်ပုံတစ်ပုံရှိလျှင် တော်ပြီဖြစ်ကာ လူက လှပကြော့ရှင်း ဣန္ဒြေရှိလျှက် သူဌေးသူကြွယ်တို့၏ မျက်စိကျခြင်း ခံရသော၊ တော်ကောက်ခြင်း ခံရသော အဖြစ်ကို ရည်ညွှန်း ရည်မှန်းကြသူတွေအည်း။

အဲဒီ သန္ဓေဟာ မေခင်တို့ရဲ့ ဘိုးဘွားတွေ လက်ထက်က စခဲ့တာဖြစ်ပြီး မေခင့်ကိုလည်း ဒီလိုပဲ သူဌေးသူကြွယ်ဖြစ်သည့် ဘဘနှင့် ရှာဖွေစပ်ဟပ် လက်ဆက်စေခဲ့တာဖြစ်လျှက် မေခင့် ယက်ထက်မှာတော့ မေခင်ကမွေးသည့် သားသမီးသုံးယောက်လုံးကို ဒီအမွေ မပေးနိုင်သည့်အတွက် မျိုးရိုးတာဝန်မကျေပွန်သလိုလို အမြဲခံစားနေတတ်သည်တဲ့။ အန်တီသူဇာကလည်း အပျိုကြီးဇာတာနှင့် မွေးဖွားလာသလား မှတ်ရအောင် ငယ်စဉ်ကတည်းက ယောကျာ်းဆိုလျှင် ချစ်စရာ ကြိုက်စရာဟု မမြင်၊ အိမ်ထောင်သားမွေးအလုပ်ကို စက်ဆုပ်ရွံရှာသော အန်တီသူဇာကလည်း မေခင့် အမွေကို မဆက်ခံ။ အန်တီသူဇာရဲ့အောက်က ညီမကလည်း အိမ်ကဒရိုင်ဘာနှင့် နိုးရာလိုက်ပြေးရင်း ဘဝကို တစ်နယ်တစ်ကျေးမှာပဲ ဇာတ်မြှုပ်ဇာတ်သိမ်းသွားခဲ့သူ၊ "ပြည့်" မဖေလည်း အဲဒီလိုပဲ ထူးမခြားနား ဆိုတော့ကာ ဘွားမေခင်ရဲ့ ဆန္ဒတွေကို ပြည့်ဆည်းနိုင်ဖို့ရာ "ပြည့်"တစ်ယောက်တည်းသာ ရှိတော့သည်ပေါ့။

ဒါကြောင့် စိန်ပွဲစား မြေပွဲစား အန်တီသူဇာဟာ အောင်သွယ်တော် မြွားနတ်မောင်လည်း တကယ့် ခေါင်တွေကို ချိတ်ဆက်တတ်သောသူ ဖြစ်လေရာ ကိုယ့်တူမအရင်းတစ်ယောက်ကိုတော့ဖြင့် ဒီအတိုင်း ဘယ်ပစ်ထားပါလိမ့်မလဲ။ ခုလည်း သူဌေးမကြီး ဒေါ်ခင်မိုးဦးရဲ့သား ဇေဇာအောင် ဆိုသော တစ်ယောက်နှင့် "ပြည့်"ကို ရွှေလမ်း ငွေလမ်း ဖောက်နေပြန်ပြီ မဟုတ်ပါလား။ ဒါကြောင့် မိန်းမတို့ တစ်အစ်သော ပညာမှန်သမျှ လက်ထပ်သင်ကြားနေတော့တာ။ မေခင်တို့အတွက် ခေတ်ပညာတွေ၊ ထပ်ထပ်ပေါ်နေသော သင်တန်းအသစ်အဆန်းတွေသည် အရေးမကြီး။ မိန်းမပီပီသာ နူးညံ့သိမ်မွေ့ကာ အချက်အပြုတ်နှင့် အိမ်ထောင်မှု ထိန်းသိမ်းမှု တော်ဖို့သာ အဓိကဖြစ်လေသည်။

www.burmeseclassic.com



စုခေတ်မှာ ဒါမျိုးကိုမက်သော သားရှင်တွေ ရှိတုန်းပဲလားဆိုတော့လည်း ရှိတုန်းပဲ ဖြစ်သည်။ လူကြီးချင်း ဆက်စပ်တာကို သဘောကျတယ်လည်း မဟုတ်ပေမယ့် ငယ်စဉ် အပျိုဖော်ဝင်တည်းက ဒီလိုပဲ နားသွင်းရိုက်ထည့်ခြင်း ခံရသော "ပြည့်"အတွက် အလိုက်သင့် နားလည်လက်ခံလိုက်ရသလိုတော့ ရှိသည်။ ခုလည်း မေခင်တို့ သဘောကျ "တေဇာအောင်"ဆိုသူနှင့် ရင်းနှီးခင်မင်ကာ စကားပြောရင်း၊ တီးခေါက်ရင်း အခြေအနေတောင် ရောက်နေပြီ ဆိုပါတော့။

"ဒါနဲ့ တေဇာအောင်က ညည်းဆီ ဖုန်းဆက်သေးလား ပြည့်"

ချဉ်ပေါင်ရွက် ကူခြွေသလိုဖြင့် အတွေးများစွာနှင့် အတူ ယောင်တောင်ပေါင်တောင် ဖြစ်နေသော "ပြည့်"က နောက်တစ်ခါ ဟဲ့ဆိုမှ ဟင်... ရှင် ဆိုပြီး ဖြစ်သွားရသည်။ စိတ်မရှည်တတ်သော အပျိုကြီးပိဝိ အန်တီသူဇာက မျက်စောင်း တစ်ချက်ကဲပြီးမှ...

"စိတ်က ဘယ်ရောက်နေတာလဲ၊ မိန်းကလေး ဆိုတာ အဲဒီလို တွေးချင်တာတွေး ငေးချင်ရာငေးနေလို့ ကောင်းတာ မဟုတ်ဘူးနော်"





"မဟုတ်ပါဘူး၊ ဒီဟင်းချက်တဲ့ အကြောင်းပဲ စဉ်းစားနေတာ"

"ကဲ... ကျွန်မ မေးတာလည်း ဖြေစမ်းပါဦး။ ကြားရော ကြားလိုက်ရဲ့လား"

"အင်း... ကြားတော့ ကြားလိုက်ပါတယ်။ တေဇာအောင်ဆီက ဖုန်းဆက်လား ဆိုတာ"

ကြားရင်လည်း ဖြေလေ ယူသော သဘောဖြင့် အန်တီသူဇာက မေးဆက်ပြသည်။

"ဒီရက်ပိုင်းတော့ မဆက်ဘူး၊ တစ်နေ့က ဆက်တုန်းကတော့ ပြောပါတယ်။ သူတို့ကုမ္ပဏီကို ဂျပန်တွေ လာမှာမို့ သူက တာဝန်ခံဆိုလား အဲဒါကြောင့် အလုပ်ရှုပ်မယ်လို့ ပြောဖူးတယ်"

"အင်း... ဒါဆိုလည်း ညည်းက ဖုန်းလေး ဘာလေး ဆက်ဦးလေ။ သူ ဆက်မှချည်း ကိုယ်က အလိုက်သင့် ပြောနေလို့ ဘယ်ဖြစ်မလဲ"

"ဟင်... အန်တီသူဇာတို့ပဲ အမျိုးမျိုး။ မိန်းကလေးဆိုတာ ကူခြွေသိက္ခာနဲ့ နေရမယ်ဆို၊ ခုလို ဖုန်းဆက်ခိုင်းတာကျတော့ ကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... နင်က ဘာသိလို့ လျှောက်ပြောနေရတာလဲ။ ဣန္ဒြေသိက္ခာနဲ့ နေရမယ်ဆိုတာ ယောကျ်ားအားလုံးအတွက် ဆိုလိုတာ။ စောစောအောင်က ညည်းနဲ့ ဘာလိုင်းသိတာ မဟုတ်ဘူးလေ။ လူကြီးချင်း သဘောတူပြီး သောင်ဝင်ဝင် မိတ်ဆက်ပေးထားတာ။ ညည်းတို့ချင်း သိကျွမ်းခင်မင်တဲ့ အဆင့် ရောက်နေပြီပဲ။ မိတ်ဆွေတစ်ယောက် အနေနဲ့ ဂရုတစိုက်ရှိတာ ဣန္ဒြေသိက္ခာမဲ့တဲ့ အလုပ်မှ မဟုတ်တာ"

မမဲ့ချင်တော့လည်း သူတို့ပဲဟု "ပြည့်"က စိတ်ထဲမှာ အလိုမကျွဖွာ တွေးတောနေမိသည်။ အပြင်မှာတော့ ဘယ်ထုတ်ပြောရဲမလဲပေါ့။ သူ ပါးချင်လျှင် ဆီစိမ်စက္ကူကတောင် အမေခေါ်ရမည့် အန်တီသူဇာက "ပြည့်"စိတ်ထဲကို ထိုးဖောက်မြင်ရသလိုဖြင့် ဆက်မေးသည်။

"နေပါဦး... ညည်းကို မေးပါဦးမယ်"

"နေပါတယ်၊ ဘယ်မှလဲ သွားတာ မဟုတ်ဘဲနဲ့"

"ဒီကောင်မလေးတော့ ဇါ ခေါက်မိတော့မယ်နော်။ စကားပြောရင် အတွန့်က ပြန်ပြန်တက်နေတယ်"

"ဩော်... လိုတိုရှင်း ပြောနေရင် ပျင်းစရာကြီး ဖြစ်မှာစိုးလို့ပါ။ ကဲ... ကဲ... ပြော"





"ညည်း စောစောအောင်ကို ရင်မခုန်ဘူးလား"

"ဟာမ်... အဲဟိ... ခစ်..."

ဒီတစ်ခါတော့ အန်တီသူဇာရဲ့ လက်ဆစ်က "ပြည့်" ခေါင်းပေါ်သို့ တကယ်ရောက်လာလေသည်။

"အာ... လက်ပြတ်ကြီးနဲ့ နာလိုက်တာ"

"သေဦးမယ်... မိပြည့်နော်။ ညည်း ခုတလော ဘာဖြစ်နေတာလဲ။ စကားပြောပုံ ဆိုပုံက အပိုးကို မကျိုးဘူး"

"အဲဒါပဲ တူဝရီးအချင်းချင်း စကားပြောတာ အပိုးကျိုးနေရမှာလား။ အန်တီသူဇာတို့ကလေ အာဏာရှင်စနစ်ကို တော်တော်ကြိုက်ပုံရတယ်"

"ကဲ... မိပြည့်...၊ ဒီနေ့အဖို့ ငါ စကားအကောင်းပြောလို့ ရဦးမှာလား"

"ပြောပါ... ပြောပါ"

"အခုန ငါ မေးတာ ဖြေလေ"

"အမှန်အတိုင်း ပြောရရင် ဘာလို့ ရင်ခုန်ရမှာလဲ"

"ဟယ်... ညည်းစကားကြီးကလည်းအေ။ အမှန်အတိုင်း ပြောရရင် ဘာလို့ ရင်မခုန်ရမှာလဲ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ ကြားတာ အမှန်ပါ၊ အန်တီသူဇာရယ်... 'ပြည့်'ဘက်ကလည်း စဉ်းစားကြည့်ဦးလေ။ လူကြီးတွေ သဘောတူထားတဲ့ လူတစ်ယောက်နဲ့ သမားရိုးကျကြီး တွေ့ဆုံ စကားပြောနေရတာ သူကလည်း ကိုယ့်ကို formal ပုံစံနဲ့ပဲ ဆက်ဆံနေတာ၊ နှစ်ယောက်သားက ဘယ့်လိုလုပ် ရင်ခုန်စရာ ကောင်းတော့မှာလဲ။ သူလည်း ကိုယ့်ကို ရင်ခုန်မှာ မဟုတ်ဘူး"

"ဟဲ့... အဲဒီလိုတော့ မဖြစ်ဘူးလေ၊ ညည်းကလည်း မိန်းကလေး မဟုတ်တာ ကျနေတာပဲ၊ ကိုယ့်ကို စိတ်ဝင်စားအောင် နည်းနည်းပါးပါးတော့ ကြံဦး ဖန်ဦးမှပေါ့ဟဲ့။ ဟူး... ခက်လိုက်တာ။ ငါလို အဖိုးကြီးက ညည်းတို့ကို အဲဒါတွေ သင်ပေးနေရတော့လည်း မကောင်းတော့ဘူး၊ မိန်းကလေးဆိုတာ ဣန္ဒြေတွေ သိက္ခာတွေ ကြားထဲကပဲ ကိုယ့်ကို စိတ်ဝင်စားအောင် Attrection တော့ ရှိရတယ်လေ...

ကဲ... မဖြစ်ပါဘူး၊ မုန့်ဟင်းခါးတော့ မြန်မြန်ချက်မှပါ"





"နီ နီ အဲဒါ အကောင်းဆုံးပဲ။ ပြည့်လည်း ခုတလော မုန့်ဟင်းခါး စားချင်နေတာ။ တင်တင်အေး မုန့်ဟင်းခါးကလည်း ဈေးတက်သွားပြီလေ။ ခုတလော အစားအသောက်တွေလည်း ဈေးတက်လိုက်တာနော်"

"အေး... အခြေခံစားသောက်ကုန်တွေကိုက တက်နေတာကိုး၊ မဆိုးပါဘူး၊ ငါ့တူမ ကုန်ဈေးနှုန်းအကြောင်း စိတ်ဝင်စားလာရင် ညည်း အိမ်ရှင်မကောင်း ဖြစ်ဦးမှာပဲ...

အင်း... ညည်းတစ်ယောက်တော့ မြန်မြန်နားအေးမှ ဖြစ်မှာပါ။ ကြံမှ... ကြံမှ"

ဘာတွေ ကြံမယ် ဖန်မယ်တော့ မသိချေ။ "ပြည့်" ကတော့ အန်တီသူဇာက ထွက်သွားတာနှင့် ကိုယ်လည်း မီးဖိုထဲက လစ်ထွက်ဖို့ စဉ်းစားပြီးသား။ မနေ့က ငှားလာသော လုံးချင်း ဝတ္ထုနှစ်အုပ်က ဒီနေ့ အပ်ရတော့မည် မဖတ်ရသေး။ ဖတ်ဖို့ တာဝန်ဝတ္ထုရား ရှိသေးသည်။ ညက ကိုရီးယားစီးရီးစ်ကို အပြီးထိ ဆွဲလိုက်သဖြင့် မနက် နှစ်ချက်ထိုးသွားသည်။

နေ့လယ်နေ့ခင်း ဝတ္ထုလေးဖတ်ပြီး မျက်လုံးမင်းတာ အိပ်ပျော်သွားဦးမလား မပြောတတ်သေး။ ဘွားနှင့် အန်တီသူဇာ



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အိမ်ရှင်မကောင်းပီသရေး ပုံစံခွင်း စီမံကိန်းကို အစကတော့ လူငယ်ပီပီ သိပ်မလွှတ်လပ်သဖြင့် သဘောမကျ ရှိခဲ့ရသော်လည်း ဒီပုံစံခွက်ထဲ ရိုက်သွင်းခံခဲ့ရတာ ကြာပြီမို့ "ပြည့်" သည် ဒါကြီးနှင့် အသားကျနေခဲ့ပြီဟု ပြောရပေတော့မည်။ "ပြည့်"သူငယ်ချင်းတွေ အလုပ်လုပ်နေကြသော်လည်း ပြည့်မှာ သူတို့ကို အားကျစိတ် မဖြစ်ချေ။ ဆင်းရဲစာတာပါသည်ဟု မြင်သည်။ အထူးသဖြင့် ခုလို ရန်ကုန်မိုးတွင်းမှာ ရုံးတက်ရုံးဆင်းနေရသူများ တွေ့သောအခါ၊ တစ်နေ့ တစ်နေ့ ပိတ်မိနေသော ကားတန်းရှည်ထဲတွင် အချိန်ကုန်နေတာပါပဲဟု တွေးမိတတ်လာလေသည်။

ကိုယ့်ဘဝကြီးမှာတော့ ဘယ်လောက် ဟန်ကျသလဲ။ တစ်နေ့ တစ်နေ့ မကောင်း ကောင်းအောင် ချက်စားမည်။ TV ကြည့်မည်။

နေ့လယ်နေ့ခင်း FM Radio လေး နားထောင်ကာ အချဉ်ထုပ်လေးမြို့ရင်း ဝတ္ထုဖတ်မည်။ ညဘက် ဇာတ်လမ်းတွဲတွေ မြန်မာဇာတ်ကားတွေ ကြည့်မည်။ ဘွားနဲ့ အန်တီသူဇာရဲ့ ရွှေပေါင်ခံ ငွေတိုးချေး စာရင်းလေးတွေ ကူတွက်တဲ့အခါ တွက်





မည်။ အချိန်တန်လျှင် သူဌေးတစ်ယောက်နှင့် လက်ထပ်မည်။ ကဲ... ဘဝဆိုတာ ဒီလိုပဲ သက်သောင့်သက်သာ နေလိုက်တာ အကောင်းဆုံး မဟုတ်ဘူးလား။

○



www.burmeseclassic.com

www.burmeseclassic.com



(၅)

မနက်အိပ်ရာနိုးတာနဲ့ သူ ဘယ်ရောက်နေတာလဲ ဟု အရင်ရက်တွေထဲက တွေးမိသော အကြိမ်တွေဟာ ဒီနေ့ထိ ပါပဲ။ အခန်းထဲမှာ တံခါးကို အလုံပိတ်ပြီး Air Con ဖွင့်ထားတာမို့ အပြင်က အသံဗလံ မကြားရသော်လည်း သူ့စိတ်ထဲတွင် ဥသြသံလေးများ ကြားရမလားဟု တမ်းတနေမိသည်။ သစ်ပင်တွေကို မြတ်နိုးတန်ဖိုးထားသော စင်ကာပူတွင် သူ နေထိုင်ရာ အိမ်ရာဝင်းအတွင်း၌ အင်မတန်လှသော ဥယျာဉ်နှင့်အတူ တခြားနစ်ရှည်ပင်ကြီးများလည်း ရှိလေရာ သူ မနက်အိပ်ရာနိုးလာလျှင် ဥသြငှက်သံလေးများ ကြားရလေ့ရှိသည်။ အဲဒီအတွက်လည်း သူ့စိတ်မှာ အင်မတန် ကြည်နူးရလေသည်။

လေးလေး ကျေးဇူးကြောင့် သူ့ဘဝ အပိုင်းအခြားဟာ စင်ကာပူမှာ လူလားမြောက် ကြီးပြင်းခဲ့ရပေမယ့် သူဟာ





စင်ကာပူသား တော်တော်များများလို Robot မဆန်ခဲ့ပဲ အနုပညာခံစားမှုအား ကောင်းခဲ့သည်။ လေးလေး ကျေးဇူးကြောင့် မြန်မာစာကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ရေးတတ် ဖတ်တတ်သလို မြန်မာသီချင်းတွေကိုလည်း နှစ်သက်တတ်ခဲ့သည်။ လေးလေး စုဆောင်းထားသော ရှေးစာရေးဆရာကြီးတွေရဲ့ စာအုပ်တွေကိုလည်း ဖတ်ရှုရသောကြောင့် သူ့နှလုံးသားဟာ စင်ကာပူက လူတော်တော်များများလို စက်ရုပ်မဆန်ဘဲ သဘာဝအလှအပများပေါ်မှာလည်း ခံစားတတ်သူ ဖြစ်သေးလေသည်။

ခုလည်း စင်ကာပူက ဥသြသံလေးကို တမ်းတနေမိသော သူ့မှာ ရန်ကုန်မှာရော ဥသြသံ မကြားရနိုင်ဘူးလားဟု တွေးတောသတိရရင်း အိပ်ရာထဲမှ လူးလဲထမိသည်။ နာရီကိုကြည့်မိတော့ ကိုးနာရီ ထိုးနေပြီ။ ဘာစားရမလဲဟု တွေးမိတော့ ကော်ဖီထုပ်နှင့် ခေါက်ဆွဲခြောက်ထုပ်ကလွဲလို့ ဘာမှစားစရာမရှိတာ သတိရမိသည်။ အင်း... စင်ကာပူမှာ နေတုန်းကတော့ ကောက်ညှင်းပေါင်း ပဲပြုတ်နှင့် မဝေးခဲ့သည့် သူက ခုမှပဲ လတ်ဆတ်ပူနွေး မာတုပစ္စည်းကင်းသော နံနက်စာကို မရနိုင်တော့ပြီတဲ့လား။ မလှမ်းမကမ်းမှာ နံနက်ခင်း စားဖွယ်စုံ ရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ကြီးရှိတာ သိထားပေမယ့် အဲဒီကိုသွားဖို့ Taxi က ငှားရဦးမည်။ ကားပိတ်ဦးမှာကိုလည်း သိနေပြန်တာကြောင့် သွားစားဖို့ စိတ်ကူးကို ပယ်ကာ အနားရှိ ရေသန့်ဘူးထဲက ရေကို အဝမော့သောက်ပစ်လိုက်သည်။

Air Con ပိတ်လိုက်ပြီး ပြတင်းတံခါးတွေကိုဖွင့်ကာ ပြင်ပလေကို ရှူရှိုက်လိုက်လျှင် မိုးရနံ့ သင်းပျံ့သော လေထုကို ရသည်မို့ နည်းနည်းတော့ ကျေနပ်သွားရသည်။ အပြင်က ရာသီဥတုဟာ စွတ်စိုအုံ့မှိုင်းလျက် ရန်ကုန်သည် သူ ရောက်တည်းက မိုးရွာခဲ့သည်မှာ ဒီနေ့နဲ့ပါဆို သုံးရက်ရှိပြီ။ ရောက်ရောက်ချင်း နောက်တစ်ရက်ပဲ ရိက္ခာလေး ဘာလေးဝယ်ဖို့ ကြားဖူးနားဝရှိသော Super Masket ကြီးတစ်ခုကို သွားခဲ့ရာမှ မိုးကရွာ၊ Taxi က ငှားမရ၊ အထုပ်တွေရယ် မိုးရွာတာရယ် ကားရတော့လည်း ကားပိငှ် ကားကျပ်တာနှင့် သူ တော်တော်စိတ်လေသွားသည်။ ဒီကြားထဲ Taxi သမားနှင့်လည်း အဆင်မပြေ။ မိုးကရွာ၍ မှန်တွေက အကုန်တင်ထားသည်ကြားထဲ Air Con က မဖွင့်။ အပြင်က မိုးရွာပြီး အထဲမှာ ပိတ်လှောင်နေတာ လူက မွန်းကျပ်ပြီး ချွေးပြန်လာသည်။ Air Con ဖွင့်ပေးပါ ဆိုတော့လည်း Air Con မရတဲ့။ ဒီကြားထဲ ကားသမားထံမှ ညှီစို့စို့လိုလို အောက်





သိုးသိုးလိုလို အနံ့ရလာတော့ လူက အော်ဂလီဆန်ပြီး အန်တောင် အန်ချင်လာသည်။

ကားထဲက ခုံတွေကလည်း ညစ်ညစ်ပတ်ပတ်။ သူ့တစ်ကိုယ်လုံးတောင် ယားသလိုလို ခံစားခဲ့ရသည်။ ရှင်းရသည့် ကားခကျတော့ မိုးရွာပြီး ကားပိတ်နေသဖြင့် ပိုပေးရသည်။ ရတဲ့ဝန်ဆောင်မှုကျတော့ မတန်မရာပဲ ဖြစ်သဖြင့် တော်တော်စိတ်ညစ်သွားသည်။ အင်း... ဒီနိုင်ငံမှာက ဒီလိုပါပဲလေ။ ဝန်ဆောင်မှုနဲ့ ပေးရသည့် တန်ရာတန်ကြေးက ဘယ်တော့မှ ညီမျှခြင်းချလို့ မရဘူး မဟုတ်လား။

ဒီပြဿနာတွေ ဖြေရှင်းဖို့အတွက် သူ့မှာ သွားဖို့လာဖို့ ကားတစ်စီးလိုသည်။ လေးလေးကို ကားတစ်စီး ဝယ်ရမလား လှမ်းမေးတော့ လေးလေးက ဟားတိုက်ရယ်မောကာ...

"ဟေ့ကောင်... ရန်ကုန်က ငါ့မိတ်ဆွေတွေက အသက်ရှူတိုင်း ချမ်းသာနေကြတာကွ။ ပေါတဲ့လူတွေကျတော့လည်း ထားစရာမရှိအောင် ပေါနေကြတာ။ ကိုယ့်မှာ အိမ်ဘယ်နှလုံး ကားဘယ်နှစီး ရှိတာရက် ထမေးရင်တောင် အကုန် မမှတ်မိလောက်အောင် ချမ်းသာနေကြ...



www.burmeseclassic.com

www.burmeseclassic.com



ကားတွေလည်း တစ်ပုံတစ်ခေါင်း။ မင်း နှစ်လသုံးလစီးဖို့ မပြောနဲ့ တစ်နှစ်လောက် ယူစီးရင်တောင် ဘာမှ မဖြစ်ဘူး။ ဝယ်မနေနဲ့ အလုပ်ရှုပ်တယ်။ မင်းကြိုက်တဲ့အချိန် သွားယူလိုက်။ သူတို့ကတောင် မင်းကို သုံးပေးလို့ ကျေးဇူးတင်ဦးမယ်၊ မဟုတ်ရင် ဘက်ထရီဒေါင်းမှာစိုးလို့ တစ်ပတ်တစ်ခါ စက်နှိုးရတာ အလုပ်တစ်လုပ်တဲ့"

လေးလေး စကားက အားတက်ဖွယ်ပါပေ။ ကားကိစ္စက ပူစရာမလိုတော့ဘူး ဆိုပေမယ့် ကားမောင်းပေးမယ့်သူက လိုသေးသည်။ သူ့ဘာသာ မောင်းဖို့ကတော့ လမ်းတွေလည်း သူ မကျွမ်းကျင်သလို၊ ဒီက ဘတ်စ်ကားတွေ စည်းကမ်းမရှိတာကိုလည်း သူ ဦးနှောက်မစားနိုင်ပါ။ ဒရိုင်ဘာကလည်း သူ့စိတ်ကြိုက် ဖြစ်ဦးမှကိုး။ သူက နံနက်စာအတွက် ကော်ဖီတစ်ခွက်ဖျော်ပြီး အိမ်ရှေ့က ဆိုဖာမှာ ဝင်ထိုင်ကာ "ငို"ဆိုသော ကောင်မလေးရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ဖုန်းက Busy ဖြစ်နေတာမျိုးတွေ ဘာတွေ မကြုံရပဲ ချက်ချင်းဝင်သွားပြီး တစ်ဖက်က သူမ မကိုင်ခင်စပ်ကြား စောင့်နေရသည့် အချိန်တွေဟာ အနည်းငယ် ကြာနေတယ်လို့ သူ ထင်မိတာဟာ သူ စိတ်စောနေလို့များလား။



"ဟယ်လို"

တစ်ဖက်က ဟယ်လို ထူးသံဟာ သူမ အသံမှန်းသေချာပါရက်နှင့် သူက ထပ်မေးလိုက်ပါသည်။

"မိုးငိုကာ လား"

"ဟုတ်ပါတယ်... ဘယ်သူလဲ မသိဘူး"

"နွေသစ်ပါ"

"နွေသစ်... ဪ... ဟုတ်ကဲ့"

"မှတ်မိလား။ လွန်ခဲ့တဲ့ လေးရက်လောက်က မင်းကားကို လေဆိပ်ကနေ ငှားစီးတဲ့သူပါ"

"ဟုတ်ကဲ့... ကျွန်မ မှတ်မိပါတယ်"

"အခု စကားပြောလို့ ရလား။ မင်းဆီကို ကိုယ် အလုပ်ကိစ္စ ဆက်တာပါ"

"ဟုတ်... ရပါတယ်"

"ဒါဆို ကိုယ်ပြောထားတဲ့ အလုပ်ကိစ္စ မင်း စဉ်းစားပြီးပြီပေါ့"

"ဟုတ်ကဲ့"

သူမက ဆက်မပြောဘဲ ခဏရပ်တန့်နေလျှင် ဒီဒီ တစ်ခဏက ကြာသည်ဟု ထင်နေပြန်သည်။ ဘာလဲ... သူကပဲ

www.burmeseclassic.com



စိတ်ရှုပ်လာနေတာလား၊ စိတ်မရှည်နိုင် ဖြစ်နေတာလား မသိတော့ပြီ။ စကားထောက်ရတဲ့ကို ဝါသနာမပါသော သူက ဒီအတိုင်းပဲ စောင့်နေလိုက်သည်။

"အလုပ်ကိစ္စက အကြွမ်းဖျဉ်းတော့ ကျွန်မ လက်ခံဖို့စဉ်းစားထားပါတယ်"

"ဘယ်လို ! အကြွမ်းဖျဉ်း လက်ခံတယ်... ဟုတ်လား!"

"ဟုတ်... အကြွမ်းဖျဉ်း လက်ခံတယ်ဆိုတာက ယေဘုယျအားဖြင့်တော့ ရှင့်အလုပ်ကို လက်ခံတယ်လေ။ ဒါပေမဲ့ အလုပ်စည်းကမ်းတွေ ဘာတွေ ပြောရင်း စိတ်တိုင်းမကျတာတွေ တွေ့လာရင်"

"I see ... မင်းပြောတာ ကိုယ် သဘောပေါက်ပြီ၊ အလုပ်ကတော့ လက်ခံတယ်... ဒါပေမဲ့ အလုပ်ကိစ္စက ဆွေးနွေးဦးမယ်၊ အဲလိုပြောတာလား"

"ဟုတ်ပါတယ်"

"အိုခေလေ... ဒါဆို လူချင်းတွေ့ပြီး ပြောတာပေါ့။ မင်းဘယ်လိုအဆင်ပြေနိုင်မလဲ။ ကိုယ်ကတော့ အိမ်မှာပဲ ရှိတယ်။ တစ်နေ့က မင်း လိုက်ပို့ဖူးတဲ့ လိပ်စာမှာပဲပေါ့"





"ကျွန်မ လာလို့ အဆင်ပြေပါတယ်"

"ဟုတ်ပြီ... ကိုယ် စောင့်နေပါ့မယ်။ အခန်းနံပါတ်အလွှာနဲ့ တိုက်နံပါတ်ကို မင်းဖုန်းထဲ မက်ဆေ့ပို့လိုက်မယ်"

"ဟုတ်ကဲ့"

သူမက ဖုန်းကျသွားသည်။ ဘာရယ်မဟုတ် ဧည့်သည်မိန်းကလေးတစ်ယောက် ရောက်လာမှာဆိုတော့ သူကဧည့်ခန်းထဲကို တစ်ချက်ဝေ့ဝဲကြည့်မိသည်။ သူ မရောက်ခင်ကတည်းက သန့်ရှင်းရေး လုပ်ထားသည်မို့ရော သူကလည်း အထူးအထွေ ဘာမှ မထားသည့်သူ မဟုတ်တာကြောင့် ဧည့်ခန်းက သပ်ရပ်သန့်ရှင်းနေဆဲ ဖြစ်သည်။ သူက ကော်ဖီတစ်ငုံ ငုံပြီး ရေချိုးထားလိုက်ပါသည်။ ဧည့်သည်လာမှာမို့ အိမ်နေရင်း ဘောင်းဘီတို မဝတ်တော့ဘဲ တီရှပ်တစ်ထည်နှင့် ဂျင်း(န်)ကိုသာ ဝတ်လိုက်သည်။ သူမ ဘယ်နေရာကလာပြီး ဘယ်အချိန်ရောက်မယ်ဆိုတာ မသိပေမယ့် သူကတော့ ဧည့်ခန်းမှာ စာဖတ်ရင်း ထိုင်စောင့်နေလိုက်သည်။

တစ်နာရီခန့် အကြာမှာတော့ သူမ ရောက်လာခဲ့ပါသည်။ ဘဲလ်တီးသံကြောင့် သူက တံခါးဖွင့်ပေးလိုက်သျှင်မိုးကာအင်္ကျီဝတ်ကာ၊ ကပ်ပ်ဦးထုပ်ဆောင်းထားသော သူမရဲ့သွင်

www.burmeseclassic.com



မြင်ကို တွေ့လိုက်ရသည်။ အင်း... ဟုတ်သားပဲ အပြင်မှာ 'မိုးဖွဲဖွဲ ရွာနေတာပဲ။ စင်္ကာပူမှာလည်း မိုးက အမြဲတမ်းလိုလို ရွာသွန်းနေတတ်သဖြင့် ရန်ကုန်မိုးဟာ သူ့အတွက် မဆန်းသော်လည်း ဟိုက မိုးရေစက်တွေဟာ ဘယ်လောက်ရွာရွာ ကားလမ်းမပေါ် တက်မနေတာကတော့ ကွာခြားမှု တစ်ခုပဲပေါ့နော်။

"လာ... ဝင်ပါ"

သူမက မိုးကာအင်္ကျီကိုချွတ်ပြီး အပေါက်ဝက ချိတ်လေးမှာ ချိတ်လိုက်သည်။ တီရှပ်စိမ်းပြာရောင်နှင့် ဂျင်းဝတ်လာပြီး ဦးထုပ်ခပ်ငိုက်ငိုက်ဆောင်းလာသော သူမပုံစံမှာ ရုပ်ဖျက်လာသလားတောင် ထင်ရလေသည်။ ညှို့ခန်းရောက်တော့မှ ဦးထုပ်ကို ဆွဲချွတ်လိုက်လျှင် လှိုင်းပြေပြေလေး ဖွာလွင့်နေသော ကျောလယ်ရှိ ဆံနွယ်များက မျက်နှာနှင့် ရင်ဘတ်ပေါ်သို့ ခွေယိုင်ပြိုလဲ ဆင်းလာကြသည်ကို သူမက တစ်ချက်သပ်လိုက်၏။ အိမ်ထဲသို့ မသိမသာ အကဲခတ်လိုက်တာကိုလည်း သူက သတိပြုမိလိုက်သည်။

"ထိုင်ပါ... အိမ်မှာက ကိုယ်တစ်ယောက်တည်းပါပဲ။ မင်းလည်း သိမှာပါ၊ ကိုယ်က ဒီကို ခဏလာတဲ့ ဧည့်သည်လေ"





"ဟုတ်ကဲ့"

"ဘာသောက်မလဲ၊ အပူ အအေး"

"ရပါတယ်... ကျွန်မတို့ အလုပ်ကိစ္စပဲ ပြောကြရအောင်"

သူက သူမကို တစ်ချက်ပြုံးကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဘာမှ ခြယ်သမထားသော်လည်း ဝါနှစ်နေသည့် အသားအရေ၊ မြင့်မားသွယ်လျသော ကိုယ်ဟန်ကြောင့် သူမပုံစံက ကြည့်ကောင်းလှသည်။ အထူးသဖြင့် လှပသော စင်ရော်မျက်နှုံးနှင့် လက်ဖြာတောက်ပသော မျက်ဝန်းတစ်စုံကြောင့် စိတ်ဝင်စားစရာ မိန်းကလေးတစ်ယောက် ဖြစ်သွားသည်။

သူက ဘာမှမပြောသေးသဖြင့် သူမကပဲ ချောင်းတစ်ချက်ဟန့်ကာ စပြောလာသည်။

"ကျွန်မ အလုပ်ချိန်လေးကို အကြမ်းဖျဉ်း ပြောပါဦး"

"ဩော်... အမှန်အတိုင်း ပြောရရင် ကိုယ်က ရှုံးတက်ရှုံးဆင်း အဲလိုမျိုး ပုံမှန်သွားစရာ လူမျိုးတော့ မဟုတ်ပါဘူး။ သွားတာတော့ အပြင်တွေ ဘာတွေ သွားမယ်ပေါ့လေ။ မင်းကို မနက် ဘယ်နှနာရီကို အရောက်ဆိုပြီး အဲဒီလို အတိအကျကြီးလည်း ကိုယ် မပြောချင်ဘူး။ ဥပမာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဆယ်နှာရှိလောက် အပြင်သွားမယ်ဆို မင်း ကိုးခွဲ လောက် ရောက်လာလည်း ဖြစ်တာပဲလေ"

"ညဘက်တွေကရော"

"ညဘက်… အင်း… အဲဒါက ခက်တော့ ခက်တယ်ကွာ။ ညဘက်ဆိုရင်ရော မင်းက over time သဘောမျိုး ဆင်းပေးလို့ မရဘူးလား"

"ဒါပိုညဉ့်နက်တဲ့အထိ ဆိုရင်တော့ အဆင်ပြေမှာ မဟုတ်ဘူး"

"အင်း… သိပ်တော့ ညဉ့်မနက်ဘူးပေါ့ကွာ။ မင်း ဘာပဲ ဖြစ်ဖြစ် ကိုယ်နဲ့ ညှိလို့ရပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ကိုယ်က မင်းကို ဒရိုင်ဘာတစ်ယောက် ဆိုတာထက် ကိုယ့်ရဲ့ Guide တစ်ယောက်အဖြစ် သဘောထားချင်တယ်။ မင်းကို ဒရိုင်ဘာသီးသန့်အဖြစ် မမြင်မိဘူး"

"ဘယ်လို…"

လင်းလက်တောက်ပသော မျက်ဝန်းများ ဝိုင်းသွားသောအခါ တစ်မျိုးထူးခြားလှပနေသည်ဟု ထင်မိပါသည်။

" Guide ဟုတ်လား"





"ဟုတ်တယ်…။ မင်း သိအောင် ပြောပြရရင် ကိုယ်က ဒီနိုင်ငံကနေ ခုနစ်နှစ်သားလောက်ထဲက စင်ကာပူကို ရောက်နေခဲ့တာ။ ကြားထဲမှာ ပြန်လာဖြစ်လည်း ခဏ တဖြုတ်ပဲ၊ မြန်မာတစ်ယောက်ပေမယ့် ကိုယ့်အိမ်ဟာ စင်ကာပူမှာပဲ ရှိတယ်ဆိုတဲ့ အသိမျိုးပဲရှိတယ်။ အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်း ဆိုတာလည်း စင်ကာပူမှာပဲ ရှိတာ ဒီမှာ ကိုယ်နဲ့ သိကျွမ်းခင်မင်တဲ့လူ သိပ်မရှိဘူး။ ပြောရရင် ရန်ကုန်မှာ အဖော်မရှိဘူးပေါ့ကွာ…

မင်းကတော့ ရန်ကုန်သူ ထင်ပါရဲ့။ ရန်ကုန်ကိုလည်း နှံ့စပ်မှာပါ၊ ဒီမှာ ကိုယ်မသိတာ နားမလည်တာတွေကို မင်းက ကောင်းကောင်း အကူအညီ ပေးနိုင်လိမ့်မယ်လို့ ထင်တယ်။ ဒါကြောင့် ကိုယ်က မင်းကို ကားမောင်းဖို့သက်သက် မဟုတ်ဘဲ တခြားအကူအညီတွေလည်း လိုချင်တာပါ။ ပြီးတော့ အသက်အရွယ် မကွာတော့ စကားပြောဆိုရတာ ညှိနှိုင်းရတာလည်း အဆင်ပြေမယ်လို့ ထင်တယ်လေ"

သူ့ဘဝမှာ ဒီလောက် စကားအရှည်ကြီး တစ်ခါမှ မပြောဖူးဘူး ထင်သည်။ ပြောပြီးတော့ မောတောင် မောသွား



www.burmeseclassic.com

www.burmeseclassic.com



အလို ရှေ့က ကော်ဇီကို တစ်ငုံယူမော့မိသည်။ သူမကတော့ ဘာ ပြောရမှန်း မသိသလို ခေတ္တငြိမ်သက်နေပြီးမှ ဆတ်ခနဲပဲ ဆံပင်များကို တစ်ချက်သပ်တင်ကာ...

"ဒါနဲ့ ကျွန်မ မောင်းရမယ့် ကားက ဘာအမျိုးအစားလဲ"

"အဟင်း... လောလောဆယ် ကားက မရှိသေးဘူး"

"ရှင် ! "

"ဒီလိုပါ... ပထမတော့ ကိုယ် ကားတစ်စီးဝယ်ရမလား လို့ စဉ်းစားသေးတယ်၊ ဒါပေမဲ့ ကိုယ့်ဦးလေးက ကားတွေ အများကြီးရှိတဲ့ သူ့မိတ်ဆွေဆီက တစ်စီးယူထားလိုက် ဆိုတာနဲ့ မဝယ်ဖြစ်တော့ဘူးပေါ့...

မင်းကိုပဲ မေးရမှာပဲ။ မင်းက အဓိက မောင်းမယ့် သူဆိုတော့ ဘယ်ကားမျိုးဆို အဆင်ပြေလောက်လဲ"

"ကျွန်မက ဘာပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။ တစ်ခုတော့ ရှိတာပေါ့။ ရန်ကုန်မြို့မှာ ကားတွေလည်း တအားကျပ်၊ ပါကင်ကလည်း အရမ်းရှားတော့ လူတွေက ကားအကြီး ကြီးတွေထက် ဆီစားသက်သာတဲ့ ကားသေးတွေကိုပဲ ပို အသုံးများကြတယ်။ ဥပမာ... Honda Fit တို့၊ Vitz တို့၊





Swift တို့ အဲဒါမျိုးလေးတွေပေါ့"

"အင်း... သိတယ်။ ဒါပေမဲ့ ဟိုအိမ်မှာ အဲဒီလိုကားမျိုး တွေ မရှိလောက်ဘူး ထင်တယ်"

"Crown တို့ ရှေ့ငါးတို့လောက်တော့ ရှိမှာပေါ့။ Crown ဆိုလည်း အဆင်ပြေပါတယ်"

"အိုခေ... အဲဒီအထဲကပဲ ကိုယ် ရွေးခဲ့မယ်။ အင်း...ဒါနဲ့ မင်းလစာကိုရော ဘယ်လောက်ယူမယ်လို့ ဆုံးဖြတ်ထားလဲ"

"အဲဒါက အလုပ်ရှင် အဆင်ပြေသလို ကြည့်ပေးပါ။ ညှိနှိုင်းကြည့်တာပေါ့"

"ကိုယ်လည်း သိပ်မပြောတတ်ဘူး။ အင်း... ဒီလိုလုပ်လေ Basic ကတော့ သုံးသိန်း ပေးပါ့မယ်။ ညဘက်တွေ ဘာ တွေ ကျော်သွားရင်တော့ OT ရှိမယ်ပေါ့။ အဆင်ပြေမလား"

"ဟုတ်ကဲ့... ပြေပါတယ်"

"တခြား ဘာတောင်းဆိုရာ ရှိသေးလဲ။ ပြောပါ အားမနာ ပါနဲ့၊ မင်း ဖြစ်ချင်တာတွေ ပြောလို့ရပါတယ်။ ပွင့်ပွင့် လင်းလင်း ညှိညှိနှိုင်းနှိုင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အထွေအထူးတော့ မရှိတော့ပါဘူး။ ထစ်ခုပဲ တောင်းဆိုချင်တာပါ"

"ဘာများလဲ"

"ကျွန်မကို respect နဲ့ ဆက်ဆံပေးဖို့ပါပဲ။ ကျွန်မဘက်ကလည်း ကျွန်မအလုပ်ရှင် ဆိုတဲ့ respect အပြည့်နဲ့ ဆက်ဆံမှာပါ။ အဲဒါကြောင့် ကျွန်မကိုလည်း respect နဲ့ ပြောဆို ဆက်ဆံစေချင်တယ်"

"အိုခေ... ဒါကတော့ မပူပါနဲ့ စိတ်ချပါ"

"ကျေးဇူးပါပဲ"

သူက ခပ်တိုးတိုး ဆိုလိုက်လျှင် သူက အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ပြလိုက်သည်။

"အင်း... ဒီလောက်ဆို မင်းနဲ့ ကိုယ်နဲ့ ညှိနှိုင်းတာ ပြည့်စုံပြီ ထင်ပါရဲ့။ လိုတာရှိလည်း သွားရင်း လာရင်း ပေါ်လာမှ ထပ်ဖြည့်စွက်ကြတာပေါ့။ ဒီရက်ထဲ ကားရမှာပါ။ ရရင် မင်းဆီကို ဖုန်းဆက်လိုက်မယ်"

"ကောင်းပါပြီ... ဒါဆို ကျွန်မကို ခွင့်ပြုပါဦး"

"အင်း... ဒါနဲ့ မင်းအကြောင်း ကိုယ် သိပ်မသိသေးဘူးကွ။ မင်း Biography လေး ပြောပြဖို့ အဆင်ပြေမလား"





"ကျွန်မမှာ အမေ မရှိတော့ဘူး။ အဖေနဲ့ ကျွန်မ နှစ်ယောက်တည်းပဲ၊ အဖေက ရှင် တစ်နေ့က ငှားစီးတဲ့ တက်ဆီကို ကိုယ်တိုင်မောင်းတယ်။ ကျွန်မက အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရပြီးပါပြီ။ ကျွန်မတို့က စမ်းချောင်းမှာ နေတယ်။ ဟို... ကျွန်မရဲ့ မှတ်ပုံတင်မိတ္တူ ပေးထားရမလား"

"ဩော်... မလိုပါဘူး။ မင်းလိပ်စာနဲ့ မင်းအဖေနာမည်လေးသာ ဒီမှာ ရေးသွားပေးပါ။ လိုရမယ်ရပေါ့"

သူ ကမ်းပေးသော Note book လေးမှာ သူမက အိမ်လိပ်စာကို ချရေးပေးလေသည်။ သူ့ဘက်သို့ ပြန်ကမ်းပေးလိုက်လျှင် သူက thanks ဟု ခပ်တိုးတိုး ပြန်ပြောမိသည်။ သူမ ပြန်ခါနီး တံခါးဝအထိ သူက ပြန်လိုက်ပို့ရင်းမှ သူမကို နှုတ်ဆက်သလိုလိုနှင့် မရည်ရွယ်ဘဲ ပြောမိသွားသည်။

"ကိုယ့်အကြောင်းကတော့ သွားရင်း လာရင်းနဲ့ မင်းကို အပြည့်အစုံ ပြောပြမိသွားမယ်နဲ့ တူတယ်။ တကယ်တော့ ကိုယ်က ဒီကို လူမှုရေးကိစ္စတစ်ခုကြောင့် ရောက်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ပဟေဠိလိုလို စကားကို သူမက ဘာမှပြန်မပြောတော့ဘဲ အပြုံးတစ်ခုနှင့်သာ ခေါင်းညိတ်နှုတ်ဆက်ရင်း ထွက်ခွာသွားခဲ့သည်။ ကဲ... ဖျင်းစရာကောင်းတဲ့ ရန်ကုန်နေ့ရက်တွေ အသက်ဝင်လာဦးမယ် မဟုတ်လားကွာ။

○





(၆)

"အလို... ဒါက လုပ်ငန်းခွင်ဝင်မယ့် ဒီဇိုင်းလားကွ"

အခန်းထဲမှ ထွက်လာသော "ငို့"ကို မြင်လျှင်မြင်ချင်း ဖေဖေက ဆီးမေးသည်။ ဒီနေ့ "ငို" အလုပ်စဝင်ရမည့်နေ့ဖြစ်လေသည်။ ဒယ်ဒီကိုလည်း တိုင်ပင်ခဲ့ပြီး ခွင့်တောင်းခဲ့သော ကိစ္စတစ်ခုမို့ ဒက်ဒီလည်း သိပြီးသားပါပေ။ ငယ်ငယ်တည်းက မိတဆိုးသမီးလေးကို ကိုယ်ပိုင်အတွေးအခေါ်နဲ့ ရဲရင့်ထက်မြက်အောင် သင်ကြားဆုံးမခဲ့သော ဖေဖေသည် အခုလည်း "ငို့"ရဲ့ အလုပ်လုပ်ချင်စိတ်ကို မတားမြစ်ခဲ့ပါ။ အစဇ အရာရာ သတိထားဖို့၊ ဂရုစိုက်ဖို့သာ မှာသည်။

"ဘာလဲ... သမီး အလုပ်ရှင်က ဒီလို formal ဝတ်ရမယ်လို့ မှာထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ငို"က ကိုယ့်ကိုယ်ကိုယ် တစ်ချက်ငုံ့ကြည့်ကာ ပြုံးလိုက်သည်။ မိန်ကလေးဝတ် ဖြူလွှသော ရှပ်အင်္ကျီလေးက "ငို"ရဲ့ သွယ်လျှလျှ ခန္ဓာကိုယ်နှင့် မချောင်မလည် ပုံကျစွာတည်ရှိနေကာ အောက်က စတိုင်လ်ပန်အနက်ရောင် ဘောင်းဘီထဲသို့ အင်္ကျီကို ထည့်ဝတ်ထားပြီး ခါးပတ်သေးသေးတစ်ခုကို ပတ်ထားခဲ့သည်။ ငို့ဆံပင်တွေကိုတော့ နဖူးကနေ အပြောင်သိမ်းကာ နောက်ဘက်မှာ မနိမ့်မမြင့် စုစည်းထားလေသည်။ မျက်နှာကိုတော့ မျက်နှာပြောင် ဖြစ်နေမှာစိုး၍ ပုံမှန်ပြင်ဆင်ထားရုံကလွဲ၍ အလှပြင်ထားသည့်ပုံစံ ပေါက်မနေရပါ။ နှုတ်ခမ်းတွေကို ပန်းနုရောင်နှုတ်ခမ်းနီ ခပ်ပါးပါးလေး တင်ထားတာကလွဲလို့ "ငို့" ပုံစံဟာ မိတ်ကပ်အဖွေးသားနှင့် အလှပြင်ထားသည့်ပုံစံ လုံးဝ မပေါက်ပဲ သပ်ရပ်သော မိန်းကလေးတစ်ယောက် အသွင်သာရှိနေသည်။ ပြီးလျှင် တစ်လက်မခန့်သာထူသော လေဒီရှူးအနက်ရောင်ကို "ငို"စီးမည်။

"အလုပ်ရှင်က ဘာမှ ပြောမထားပါဘူး။ ငို့ဘာသာ …စမတ်ကျတဲ့ ဒရိုင်ဘာပုံစံဖြစ်အောင် ဝတ်ထားတာပါ။ ငို့ ယူနီဖောင်းပေါ့ ဖေရယ်။ နေ့တိုင်း ဒီလိုပဲ ဝတ်မှာပါ။





ဒီလိုဝတ်ထားတော့ ပတ်ဝန်းကျင် အမြင်မှာလည်း သူဌေးနဲ့ ဒရိုင်ဘာ ကွဲကွဲပြားပြားဖြစ်ပြီး ကိုယ့်ကိုလည်း လူတစ်မျိုး မမြင်တော့ဘူးပေါ့"

ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်ကာ "ငို့"ကို တစိမ့်စိမ့် ပြုံးကြည့်လျက် လက်မတစ်ချက် ထောင်ပြသည်။

"ငါ့သမီးကို အဲဒါကြောင့် သိပ်ယုံကြည် စိတ်ချတာပေါ့ကွ။ ဒါပေမဲ့ ငါ့သမီးလေးရုပ်က ဒရိုင်ဘာမလေးနဲ့ မတူဘဲ စက္ကရီထေရီနဲ့ ပိုတူနေသလိုပဲ… ဟား ဟား"

"ကဲ… ဒါဆို ငို သွားတော့မယ် ဖေဖေ။ ပထမဆုံးရက်ဆိုတော့ နောက်ကျနေမှာစိုးလို့။ လမ်းမှာ ကားကပိတ်ဦးမှာ"

"ဖေဖေ လိုက်ပို့မှာပေါ့ သမီးရဲ့"

"ရပါတယ် ဖေဖေရဲ့။ ငိုက လမ်းထိပ်က ဦးမော်ကြီးကားကိုပဲ ငှားသွားလိုက်တော့မယ်။ ဖေဖေ ညကလည်း အိပ်ရေးပျက်ထားသေးတဲ့ဟာ။ ဦးမော်ကြီးက ငို့ကို အလကား လိုက်ပို့ချင်တောင် ပို့ဦးမှာ"

"အေ့ာ်… မော်ကြီးက ရှိချင်မှ ရှိမှာ။ မဟုတ်ရင် သမီး လမ်းမထိ လျှောက်နေရဦးမယ်။ ဖေဖေက ပြန်လာရင်



www.burmeseclassic.com

www.burmeseclassic.com



အိပ်လို့ရတာပဲ။ သမီးကို လိုက်ပို့မယ်ဆိုပြီး တမင်ထ,ထား တဲ့ဟာ။ နောက်ရက်တွေတော့ အဆင်ပြေသလို သွားပေါ့။ ခုတော့ ဖေဖေ လိုက်ပို့မယ်...

ဩော်... ထမင်းဘူးရော"

"ဒီမှာ ရယ်ဒီပါရှင့်"

ဖေဖေက "ဒို့"ရဲ့ ခြင်းတောင်း အပြာရောင် ပေါက်စလေးကို တစ်ချက်ကြည့်ကာ တဟားဟား အော်ရယ် သည်။ ခြင်းတောင်းထဲတွင် ထမင်းဘူး၊ ရေဘူး၊ လက်သုတ်ပဝါ၊ တစ်သျှူး စသဖြင့် အကျအန ထည့်ထားလေသည်။

"တယ်ဟုတ်ပဲ... ကဲ... ကဲ... သွားစို့။ ကားပေါ်ရောက်မှ စကားဆက်ပြောကြတာပေါ့"

ဖေဖေက ကားမောင်းလာရင်းမှ လိပ်စာကို မေးမြန်းသည်။

ဒို့ ရှတ်ပြသော ကွန်ဒိုလိပ်စာကို နားထောင်ကာ သူ့ခြေးတွေပဲဟု ခပ်တိုးတိုး ရေရွတ်သည်။

"သမီး အလုပ်ရှင်က ဒီကို အလုပ်ကိစ္စနဲ့ ခဏတဖြုတ် လာတာလို့ ပြောဖူးတယ်နော်"





"ဟုတ်တယ်လေ ဖေရဲ့။ ဘာအလုပ်ရယ်လို့ မယ်မယ်ရရ လည်းမရှိ၊ ဒါပေမဲ့လည်း မလာရင်လည်း မဖြစ်တဲ့ပုံကြောင့် လာရတယ်လို့ သမီး ထင်တယ်"

"အင်း .. ပြောစမ်းပါဦး။ ငါ့သမီးရဲ့ စုံထောက်ဝတ္ထု အစွမ်းတွေကို"

"ဟင်း... ဖေကတော့ လုပ်ပြီ။ ဘာလို့ ပြောနိုင်တာလဲ ဆိုတော့ သူ့ကြည့်ရတာ စိတ်ပျက်လက်ပျက်နဲ့ နေရတဲ့ ပုံစံလေ။ ရန်ကုန်မှာ မနေချင်တဲ့ပုံစံ။ ရန်ကုန် လူနေမှု စနစ်ကို စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ပုံစံပေါ့"

"အင်း... နိုင်ငံခြားမှာ နေလာတဲ့သူတွေက ဒီလိုပဲ ဖြစ် ကြမှာပေါ့"

"သမီးလည်း ဒီအလုပ်ကို လက်ခံဖြစ်တာ နှစ်လ သုံးလ ဆိုတာကြောင့်လည်းပါတယ်။ ရေရှည်ဆိုရင်တော့ စဉ်းစား နေရဦးမယ်။ နှစ်လ သို့မဟုတ် သုံးလလောက်ဆိုတော့ သမီးအတွက်လည်း အဆင်ပြေလောက်တယ်"

"အင်းပေါ့လေ... သမီးက အဆင်ပြေအောင် နေတတ်ပါ တယ်" —



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခြေကြာခင်ပဲ "ဍိ"လုပ်ငန်းခွင်ရှိရာ သူ နေထိုင်သော ကွန်ဒိုဝင်းအတွင်းသို့ ရောက်လာလေသည်။ ဍိက သူ့အခန်းရှိရာတိုက်သို့ ညွှန်ပြနေတုန်း ဘဲ တိုက်အောက ကားပါကင်မှာ ရပ်နေသော နွေသစ်ကို လှမ်းမြင်လိုက်လေသည်။ ဒါကြောင့် ဖေဖေ့ကို အဲဒီရှေ့မှာ ကားရပ်ခိုင်းလိုက်ပြီး သူ့ကိုပါ ပြလိုက်သည်။

"အဲဒီထစ်ယောက်လေ ဖေဖေ"

"အေး... ဖေဖေနဲ့ မိတ်ဆက်ပေးဦးမလား"

"လိုလို့လား ဖေဖေရဲ့"

"အင်းလေ... ဟုတ်တော့လည်း ဟုတ်ပါတယ်။ မဆိုးပါဘူး... လူကတော့ သန့်ပြန့်နေတာပဲ"

စပို့ရှပ်အဖြူကို လည်တောင်ဝတ်ထားကာ ကော်လာနှင့် လက်မောင်းပတ်မှာ နက်ပြာစင်း ကွပ်ထားသော အင်္ကျီကို သရီးကွာတား ချည်ပေါင်းသား ဘောင်းဘီတို နက်ပြာခံပေါ်မှာ ကျောက်ဆူးတံဆိပ် သေးသေးလေးတွေ ပါဝင်သောအဆင်၊ ရှူးဖိနပ်အပါးလေးဖြင့် လူက နိုင်ငံရပ်ခြားမှာ နေလာသူမှန်း သိသာစွာ တစ်မျိုးတစ်ဘာသာ ကွဲထွက်နေလေသည်။





ဖေဖေက ကားရပ်ပေးလိုက်လျှင် "ဍိ"က ကားပေါ်မှဆင်းကာ သူ့ထံသို့ လျှောက်သွားလိုက်သည်။ သူကဲ ကားကို လှည့်ပတ်ကြည့်ရှုနေတာမို့ "ဍိ"ရောက်လာတာကို မမြင်သေး။

"ကျွန်မ ရောက်ပါပြီ"

အဲဒီတော့မှ သူက ကြားသွားကာ လှည့်ကြည့်လာသည်။ ပထမတော့ ဟုတ်ပြီဟူသော ခေါင်းဆတ်ပြလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိထားမိဟန်ဖြင့် သေချာပြန်ကြည့်လာသည်။

"အင်း... ဒါက ယူနီဖောင်းလား"

"ဟုတ်ကဲ့... အဲဒီလို သဘောမျိုးပဲ"

"ဟာ... ဘာဖြစ်လို့ အဲဒီလို ဝတ်ရတာလဲ။ ကိုယ့်အတွက် မလိုအပ်ပါဘူး"

"ဟုတ်ကဲ့... ကျွန်မအတွက်လည်း ပါ,ပါတယ်"

"ဘယ်လို... ဘယ်လို"

"ဒီလိုပါ... ကျွန်မလည်း ဒီလိုဝတ်ထားတော့ ကိုယ့်ကိုယ်ကိုယ် confidence ပိုရှိပါတယ်။ လုံခြုံတယ်လို့လည်း ခံစားရတယ်။ ဝန်ထမ်းတစ်ယောက်ဆိုတာ အားပတ်ဝန်းကျင်ကလည်း မြင်တာနဲ့ သတိထားမိတော့ တစ်မျိုးသော်မည် မထင်နိုင်တော့ဘူးပေါ့လေ...



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာက နိုင်ငံခြားလို မဟုတ်ဘဲ ပတ်ဝန်းကျင်က အကဲ့ရဲ့မခံရအောင်လည်း အပြောလွတ်အောင် နေပြရပါတယ်"

သူက ငှီပြောသော စကားတို့ကို သေချာနားထောင်ပြီးနောက် အောက်နှုတ်ခမ်းတစ်ဖက်ကို ရှေ့သို့တွန်းထုတ်ရင်း ခေါင်းတဆတ်ဆတ် ညိတ်နေပုံကို သေချာစွာ စူးစိုက်ကြည့်နေသော ငှီက သေချာစွာ မြင်နေရသည်။

"အိုခေ... ထားပါတော့။ ကဲ... ကြည့်ပါဦး၊ ဒါ ဗင်း မောင်းရမယ့် ကားပဲ"

Crown Athlete ပုလဲဖြူရောင်ကားမှာ လှပစွာ ကြွရွနေပါသည်။ အင်း... သူတို့လို လူတန်းစားတွေဆိုတော့လည်း Crown လို ကားမျိုးတောင် ပိုနေလို့ အလကားသေးစီးတဲ့သူတွေ ရှိပါလားနော်။ လောကတွင် ချမ်းသာပြည့်စုံနေကြသူတွေကျတော့လည်း လိုလေသင့်မရှိ ပြည့်စုံလျှံကျကြကာ မရှိဘူးဆိုသူတွေ ကျတော့လည်း ဘယ်နားကမှ ရစရာမရှိအောင် မရှိကြတာမျိုးပဲဟု တွေးမိနေခဲ့သည်။

"အဆင်ပြေရဲ့လား"





"ဟုတ်... ပြေပါတယ်။ ကားက ကောင်းတော့ စီးရတာ တော်တော်ငြိမ့်မယ်"

"ဟုတ်လား... BMW တို့ Mercedes တို့က ပိုမငြိမ့်ဘူးလား"

"ကျွန်မတို့အတွက်တော့ ဒီလောက်က တော်တော်ကောင်းနေပါပြီ"

"အင်း... ထားပါတော့။ ကဲ... အပြင်သွားကြစို့"

သူက ကားသော့ကို ငှီ့ထံ လှမ်းပေးသည်။ ငှီက လှမ်းယူရင်းမှ ကားတံခါးကို ရီမုဖြင့် လှမ်းဖွင့်ရင်း...

"ဘယ်ကို သွားမလဲ"

သူက ဖုန်းကိုထုတ်ကာ လိပ်စာတစ်ခုကို ရှတ်ပြသည်။ မုန့်ဖုတ်သင်တန်းကျောင်းတစ်ခု၏ လိပ်စာဖြစ်သည်မို့ ငှီက စိတ်ထဲမှ မျက်ခုံးပင့်သွားရသော်လည်း ဘာမှပြန်မမေးတော့ဘဲ ကားပေါ်တက်၍ စက်နှိုးဖို့ ပြင်သည်။ သူက နောက်ခန်းမှ ဝင်ထိုင်လေသည်။ အဲဒီနော် ငှီကလည်း ကားကို စတင်မောင်းထွက်လာရင်းမှ သူ့ကို လှမ်းမေးလိုက်သည်။

"သီချင်းတွေ ဘာတွေ နားထောင်ချင်လား မသိဘူး"

"သီချင်းလား... အင်း... ကောင်းပါတယ်၊ ဖွင့်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်စရာ အခွေတော့ မပါဘူး၊ FM ဖွင့်ပေးမှာပါ"

"FM ! Radio လား"

"ဟုတ်ပါတယ်။ ဒီမှာတော့ ကားကို့သွားရင် ရေဒီယိုနား ထောင်တာ များတယ်"

"အင်း... ဖွင့်ပေါ့... နားထောင်ကြည့်ရတာပေါ့"

သူမ ဖွင့်ပေးသော ရေဒီယိုမှ ခေတ်ပေါ်သီချင်း တစ်ပုဒ် လာနေလေသည်။ အဆိုတော်ကို သူ မသိချေ။ အင်း... ဘယ်သိနိုင်တော့မလဲ။ ခုနစ်နှစ်သားထဲက စင်ကာပူကို ရောက် သွားတော့ သူ့အတွက် လေးလေး ဖွင့်တတ်သော အဆိုတော် ကြီးများမှလွဲ၍ အခု Update ၊ သိပ်မကြာခင်ကမှ ထွက်ပေါ်လာ သည့် အဆိုတော်များ၊ မင်းသား မင်းသမီးများကို သိပ်မသိတော့ ချေ။ အခု ဒီရောက်တော့ မြန်မာသီချင်းတွေ မြန်မာရုပ်ရှင်တွေ ကို ခံစားကြည့်ဖို့ စိတ်ဆန္ဒ ရှိလာသည်။ စာအုပ်တွေကတော့ အရင်ထဲက လေးလေးကြောင့် ဖတ်ဖြစ်ခဲ့တာမို့ မြန်မာစာပေရော အင်္ဂလိပ်စာအုပ်တွေရော သူ့ဝါသနာ ဖြစ်ခဲ့ရသည်။

"မုန့်ဖုတ်သင်တန်းကျောင်းကို ရောက်တော့မယ်ရှင့်၊ အဲ့ထဲ ကို ဝင်ရမှာလား"





သီချင်းတွေ အစီအစဉ်တင်ဆက်မှုတွေကြားမှာ မျော ပါနေသော သူက သွားချင်သည့် နေရာရောက်လာတာတောင် သတိမပြုမိဘဲ သူမရဲ့အသံကို ကြားတော့မှပင် ရောက်မှန်းသိ တော့သည်။ သူက နာရီကို တစ်ချက်ငုံ့ကြည့်ရင်းမှ...

"အင်း... ဝင်လိုက်လေ။ ပါကင်ထိုးလိုက်ပေါ့"

သူမက သူ ပြောတဲ့အတိုင်း လုပ်သည်။ သင်တန်း ပေါက်ဝသို့ မျက်နှာမူပြီး ပါကင်ထိုးလိုက်သောကြောင့် တစ်စုံ တစ်ယောက်ကို စောင့်ကြည့်မည့် သူ့အတွက် အဆင်ပြေသွား လေသည်။ အင်း... ဒီလောက်ဆို သူ ရောက်တာ စောပါရဲ့။ သင်တန်းချိန်က ဆယ်နာရီမှ စမှာဆိုတော့ ဟိုတစ်ယောက် ရောက်ဦးမှာ မဟုတ်သေးပါ။ ပါကင်ထိုးပြီးသော်လည်း သူက မဆင်းသေးသဖြင့် သူမက အကဲခတ်သလို နောက်ကြည့်မှန်က တစ်ဆင့် ကြည့်တာကို သူက လှမ်းမြင်လိုက်ရသည်။

"ကိုယ် မဆင်းဘူး။ လူတစ်ယောက်ကို လာစောင့်ကြည့် တာ။ တိတိကျကျ ပြောရရင် မိန်းကလေးတစ်ယောက်ကို ပေါ့"

သူ့အပြောကို သူမက ယောင်ယမ်းပြီး ခေါင်းညိတ် ပြသလိုဖြင့် သွက်သွက်ညိတ်ကာ ဆက်မမေးတော့ချေ။ သူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုက လာနေသော လားရှိုးသိန်းအောင်၏ လွမ်းလွမ်းဆွေး ဆွေး သီချင်းတစ်ပုဒ်ကို နားထောင်ရင်း တံခါးဝဆီသို့သာ ငေး ကြည့်နေမိသည်။ သိပ်မကြာခင်ပဲ သင်တန်းလာဟန်တူသော ကားတစ်ချို့နှင့် လူတစ်ချို့ တဖွဲဖွဲ ရောက်လာတာကို တွေ့ရလေ သည်။

"မင်းသာဆို ငါးနှစ် ခြောက်နှစ် အရွယ်က တွေ့ခဲ့ဖူးတဲ့ လူတစ်ယောက် အဲ… အဲဒီအချိန်ကတော့ သူလည်း ကလေး၊ ကိုယ်လည်း ကလေးပေါ့၊ အဲဒီလို လူမျိုးကို အခု ပြန်တွေ့ရင် မှတ်မိလား"

"မမှတ်မိနိုင်လောက်ဘူး ထင်တယ်။ အဲဒီအရွယ်ထဲက ကွဲသွားတာ ဆိုရင်တော့ မမှတ်မိလောက်တော့ဘူး"

"ဟုတ်လား… အင်း…"

သူက စောင့်ကြည့်နေတုန်းမှာပဲ ကားတစ်စီးပေါ်မှ ဆင်းလာသော သူ လာကြည့်သည့် မိန်းကလေး၊ တစ်နည်းဆို တစ်နည်း ပြောရသော် **"ခင်ဘုန်းပြည့်စုံ"**ကို တွေ့ရလေသည်။ မြန်မာဝတ်စုံ ရှည်အကွက်ဝမ်းဆက်ကို ဝတ်ဆင်ထားကာ ခါးထိ ရှည်လျားသော ဆံနွယ်များဖြင့် ထိုမိန်းကလေးသည် မိန်းကလေး ပီပီသသ နူးညံ့ပုံရလေသည်။





"အဲဒီမိန်းကလေးက ကိုယ်နဲ့ ငယ်ငယ်က သိခဲ့တဲ့သူတဲ့"

သူက အနားမှာရှိသော တစ်ယောက်ကိုသာ တိုင် တည်ပြီး ပြောသလို ဖြစ်နေသည်။ ငယ်ငယ်တုန်းက ရုပ်နဲ့တော့ ဘာမှ မတူတော့သလို ဖြစ်နေသည်။

"သူနဲ့တွေ့ဖို့ လာတာ မဟုတ်ဘူးလား"

သူမက သင်တန်းထဲသို့ ဝင်တော့မည်ဖြစ်သော "ခင်ဘုန်းပြည့်စုံ"ကို လှမ်းကြည့်ရင်း သူ့ကိုမေးသည်။ သူက ပြုံးပြုံးလေး ခေါင်းခါပြလိုက်ရင်…

"ဟင့်အင်း… ခုတော့ ဒီအတိုင်းပဲ ကြည့်ဦးမယ်"

ခင်ဘုန်းပြည့်စုံက သင်တန်းအတွင်းသို့ ဝင်ရောက် ပျောက်ကွယ် သွားလေသည်။ သူက ခဏတော့ ငေးနေပြီးမှ မိုးငြိမ်းကာကို လှမ်းပြောလိုက်သည်။

"ကဲ… တို့လည်း သွားကြစို့"

"ရှင်… ဘယ်သွားမှာလဲ"

"အင်း… စာအုပ်ဆိုင်တစ်ဆိုင် သွားချင်တယ်။ စာအုပ် တွေ စုံစုံလင်လင်ရှိတဲ့ အေးအေးဆေးဆေး ရွေးလို့ရမယ့် နေရာ၊ ဆိုင်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာစာအုပ်တွေ လိုချင်တာလဲ၊ မြန်မာစာအုပ်တွေလား"

"ဟုတ်တယ်"

"မြန်မာရော အင်္ဂလိပ်စာအုပ် တချို့လည်း စုံစုံလင်လင် ရှိပြီး အေးအေးဆေးဆေး ရွေးနိုင်တာ၊ TAB ပဲ။ တော်ဝင် စင်တာကို သွားရမှာ"

"ဟုတ်လား… သွားလေ၊ အဲဒီမှာ ဝယ်တာပေါ့"

"ကောင်းပါပြီ"

သူမက ကားစက်ကို ပြန်နှိုးသည်။ သူက သက်သောင့်သက်သာ ထိုင်လိုက်ရင်း **"စင်ဘုန်းပြည့်စုံ"**ရဲ့ ပုံရိပ်ကို ရှက်လုံးထဲတွင် ပြန်ပုံဖော်ကြည့်နေမိခဲ့သည်။ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရမယ်ဆို သူမက လက်ထပ်သင့်တဲ့ မိန်းကလေးပဲလား ဆိုတာကိုလေ။ ပြောဖို့တော့ စောသေးတယ် မဟုတ်ဘူးလား။

○





(၇)

"အခြေအနေတိုးတက်နေပြီလား"

Kitchen ထဲမှာ သင်တန်းက သင်လိုက်တဲ့သော မာဘယ်လ်ကိတ်ကို အိမ်မှာပြန်ဖုတ်ကြည့်ဖို့ ပြင်ဆင်နေသော "ပြည့်" အနားသို့ အန်တီသူဇာက ရောက်လာရင်း မေးလိုက်သည်မှာ သင်တန်းအခြေအနေထက် ဘာကိုရည်ရွယ်သလဲဆိုတာ သိနေပေမယ့် ညစ်ကျယ်ကျယ်နိုင်သော "ပြည့်"ကလည်း သူ လိုချင်သော အဖြစ်ကို ရှက်ချင်း ဖြေရလား။

"အင်း… တိုးတက်နေပါပြီ။ အခု ဒီ မာဘယ်လ်က အလုပ်ဖြစ်သွားရင် နောက်တစ်လုံး ထပ်ဖုတ်မယ်၊ နောက် တစ်ပတ်ကျရင် ဘဲရောင်နီ လုပ်တာ သင်မယ်တဲ့"

"ဟဲ့… ငါ မေးနေတာ အဲဒါ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာလဲ။ ပြည့်က မုန့်ဖုတ်ဖို့ လုပ်နေတဲ့ဟာ အခြေအနေလို့ လာမေးတော့ ဒါကိုပဲ မေးတာ မဟုတ်ဘူးလား"

အန်တီသူဇာက ညည်း သိရဲ့သားနဲ့ ဆေ့နေတာမှလား ဟူသော တရားခံကြည့်သည့် အကြည့်မျိုးနှင့် အကဲခတ်ကြည့်နေလျှင် ပြည့် ကလည်း မင်သေသေနှင့် ကြက်ဥခေါက်နေလိုက်သည်။ အန်တီသူဇာက စိတ်တစ်ထစ် လျှော့လိုက်ဟန်ဖြင့်...

"ညည်းနဲ့ တေဇာအောင် အခြေအနေကို မေးနေတာ။ မနေ့ကတင် ညည်းတို့ ဖုန်းပြောနေကြသေးတယ်မှလား"

ဒါမျိုးကျတော့ သိလိုက်ပြန်ပြီဟု "ပြည့်"က ဂျူမှန့်ထဲကို ကြက်ဥခေါက်ထားတာ ရောထည့်ရင်း တွေးနေမိသည်။

"အင်း... ပြောကြတယ်။ သူက နောက်တစ်ပတ် သင်တန်းမစခင် အိမ်ကို စောစောဝင်ကြိုပြီး Breakfast သွားစားကြမယ်တဲ့။ ပြီးရင် သင်တန်းကို ဆက်ပို့မယ်ပေါ့"

"အံမယ်... တယ်ဟုတ်ပါလား။ အေး... ကောင်းတယ်၊ ကောင်းတယ်၊ ဒါပဲလား"

"အင်း... ဒါပဲပေါ့။ တခြား ဘာရှိရဦးမှာလဲ"

"ဟဲ့... ညည်းတို့ ပြောတာ၊ အဲဒီ တစ်ခွန်း နှစ်ခွန်းတဲ့လားအေ့"





"ဟား ဟား... ပြည့်က အန်တီသူဇာ့ကို တစ်လုံးမကျန် အသေးစိတ် ပြန်ပြောနေရမှာလားလို့"

"အောင်မာ... ငါ ခေါက်လိုက်ရ ဒီကောင်မလေး ပြောရမှာပေါ့ဟဲ့၊ မိန်းကလေးဆိုတာ သံယောဇဉ်က ဖြစ်မိရင် အညာက လွယ်ရတာနဲ့"

"အံမယ်... ပြည့်က အညာလွယ်မယ့် မိန်းမစားမျိုး မဟုတ်ပါဘူးနော်"

"အေးလေ... ဘာပဲဖြစ်ဖြစ် သူစိမ်း ယောကျ်ားမျိုးတစ်ယောက်နဲ့ ပြောဆိုဆက်ဆံတယ် ဆိုတာ ကိုယ့်ဘက်က စကားတွေ မကျွံဖို့လည်း လိုသေးတာ"

ပြည့်က စိတ်ပျက်လက်ပျက်ဖြင့် မသိမသာတောင် နှာခေါင်းရှုံ့မိလေသည်။ တစ်ခါတလေတော့လည်း အဒေါ်အဖို ကြီးရယ်၊ လက်မေါက်ကပ်ကာ ကပ်စေးနဲ့သော အဘွားရယ်နှင့် နေရသော မိန်းမပျိုတစ်ယောက်၏ ဘဝမှာ အတော်ပင် စိတ်ပျက်ငြီးငွေ့စရာ ကောင်းသည်ဟု ထင်မိသည်။ ခုခေတ်မှာ အနည်းငယ် ပွင့်လင်းမြင်သာမှု ရှိလာတာကြောင့် ဒီအဒေါ်နှင့် အဘွားမှာ စနစ်ဆိုးအောက်တွင် ကြီးပြင်းလာရသောကြောင့် ဒီလိုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလားဟု တွေးမိသေးသည်။ ဒီယောကျ်ားလေးနဲ့ပဲ သူတို့ပဲ သဘောတူ၍ သူတို့ပဲ ပတ်သက်နိုင်းသည်။ ကိုယ်က အစပိုင်း စိတ်မဝင်စား၍ အလိုက်အထိုက်သာ ရှိသော်လည်း ဒီထက်နီးစပ် စေချင်ကြသည်။ အခု အချိန်ကာလလေး တစ်ခုသို့ ရောက်လာ၍ အညင့်အတင့် ရင်းနှီးမှု ရှိလာတော့လည်း စကားမကျွံနဲ့တဲ့။ ဟိုလိုလည်းမဟုတ်၊ ဒီလိုလည်းမဟုတ် ဆိုတာ သူတို့မှ အစစ် လေ။

"ညည်း မုန့်ဖုတ်သင်တန်း တက်နေတာ သူ့အမေကြီး သိတယ်တဲ့လား"

"အင်း... သိတယ် ထင်တယ်။ သူတောင် ပြောနေသေးတယ်။ သူ့အမေက မာဘယ်လ်ကိတ် ကြိုက်တယ်။ ကွတ်ကီး ကြိုက်တယ်တဲ့"

"အမယ်လေး... သူ့အမေ ကြိုက်တာတွေပဲ လုပ်ပြီးပို့ရတော့မယ့်ပုံ"

အဲဒါ ပြောတာလေ။ တွေ့တယ်မှလား သူတို့ပဲ ဒီ အဘွားကြီး သဘောကျအောင်၊ ချီးကျူးကျေနပ်အောင် နေရမယ် ဆိုပြီး ခုကျတော့လည်း သူ့အမေကြိုက်တာတွေပဲ ပို့ရတော့မှာ





လားဟု အငေါ်တူးပြန်ပြီ။ တကယ်ပါပဲ ဟိုလိုလည်းမဟုတ် ဒီလိုလည်း မဟုတ်ပါဆို။

"အဘွားကြီးတို့က အထုပ်ရှိလို့သာ ညည်းနဲ့ သဘောတူရပေမယ့် ဒေါ်တင်တင်အောင်တို့က နည်းနည်းလေးတော့ ညှနဲ့ချင်တယ်အေ့"

"ဟင်... ဖြစ်ပြန်ပြီ။ အန်တီသူဇာတို့ပဲ ကောင်းပြီ ကောင်းရဲ့နဲ့ မမတင်... မမတင် ဖြစ်နေတာ မဟုတ်ဘူးလား"

"မမတင်တော့ မမတင်ပေါ့အေ၊ ကိုယ်လည်း ညည်း နောင်ရေး ကောင်းစားရေးအတွက် သည်းခံနေတာ။ သူ မရှိတော့ရင် ညည်းပဲ ကောင်းစားမှာလေ။ သူပိုင်သမျှဟာ သူ့သားအတွက်ချည်းပဲ မဟုတ်ဘူးလား။ ဒီသား တစ်ယောက်တည်းရှိတာ ဘယ်လောက်ဖယားရှင်းလဲ"

"အင်း... အဲဒီလိုလည်း တစ်ထစ်ချ တွက်မနေပါနဲ့ အန်တီသူဇာရယ်။ တော်ကြာ အဘွားကြီးက အသက်ကိုး ဆယ်လောက်ထိ မာမာချာချာ ဖြစ်နေဦးမယ်"

"အေး... မာချာတာက အရေးမကြီးဘူး။ တော်ကြာ အိပ်ရာထဲ လဲနေလို့ ညည်း ပြုစုနေရရင်လည်း အကျိုးမြည်း ရချည်ရဲ့"

www.burmeseclassic.com



"ဟင်... အန်တီသူဇာကလည်း..."

ပြည့်က နှာခေါင်းရှုံ့ကာ စိတ်ပျက် လက်ပျက် ဖြစ်သွားလျှင် အန်တီသူဇာက တဟင်းဟင်း ရယ်မောသည်။ ပြီးတော့ ပြည့်ရဲ့ပခုံးကို အားပေးသလို တစ်ချက်ဖျစ်ညှစ်ရင်း...

"ဒါပေမဲ့ တစ်ခုရှိတာက အိမ်ထောင်ကျသွားရင် မိန်းမတော်ရင် တော်သလို မိန်းမဘက် ပါကြတာချည်းပါပဲအေ။ ရှေးထဲက ဒီလိုချည်းပါပဲ။ ဒါကြောင့်လည်း မယားပြောတော့ တစ်ညဆိုပြီး စကားတောင် ဆိုရိုးရှိခဲ့ကြတာပဲ။ သားသမီးတွေ မွေးလာရင် ကိုယ့်သားမှ ကိုယ့်မယားမှ ဆိုတာမျိုး...

အဘွားကြီး ဆိုတာလည်း ဘယ်အချိန်ထိ မာန်တက်နေနိုင်မှာလဲအေ။ ခုပဲ သူ့အသက်က ခြောက်ဆယ်ကျော်တော့မှာ ဥစ္စာ။ ကိုယ့်ယောကျ်ားက အဲဒီအိမ်မှာ ဘုရင်ဆိုရင် ကိုယ်က မိဖုရားပဲပေါ့။ ကိုယ့်ခြေ ကိုယ့်လက်ပဲဖြစ်မှာ။ မပူပါနဲ့အေ ညည်း မိဖုရားခေါင်ကြီးမှာ သြဇာအာဏာပြည့်ဝဖို့ ငါ တစ်ယောက်လုံး အကြံပေးရှိပါတယ်အေ့"





"ဟွန်... အန်တီသူဇာ ပြောပုံအရဆို ကိုဇော်ဇာက မိဖုရားခေါင်ကြီးအပြင် တောင်နန်းစံ မြောက်နန်းစံတွေ ရှိလာဦးမယ့်ပုံ"

"ဩော်... ငါက အဲဒီသဘောနဲ့ပြောတာ မဟုတ်ပါဘူးအေရယ်။ ကိုရီးယားနန်းတွင်းကားနဲ့ ရောသွားလို့။ ငါဆိုလိုချင်တာက ကိုယ့်ယောကျ်ားက ဘုရင်ဖြစ်ရင် ကိုယ်က မိဖုရား၊ ကိုယ့်မှာ လုပ်ပိုင်ခွင့်အာဏာ အပြည့်ရှိမယ်လို့ ပြောချင်တာ"

"ဟူး... မောပါတယ် အန်တီသူဇာရယ်။ ပြည့်တော့ အဲဒီလိုတွက်တာ ချက်တာတွေ အာရုံနောက်တယ်။ ဘာတွေမှန်းလဲ မသိဘူး"

ဒီတော့လည်း အန်တီသူဇာက အသက်နှစ်ဆယ့်သုံးနှစ်သာ ရှိသေးသည့် တူမချောရဲ့ ငယ်ရွယ်လန်းဆန်းမှုကို သတိရ စာနာသွားဟန်ဖြင့် ကျောလေးကို ပွတ်ပေးပြန်သည်။ (ဟင်... အဲဒီလို ကျောသပ်တယ် ဆိုတာကလည်း တကယ်လန့်စရာ)။

"ခုရှုပ်မှ နောင်ရှင်းတဲ့။ အခု ခေါင်းစားခံထားမှ နောက်ကျ ခေါင်းရှင်းရမယ့် သဘောလိုပေါ့အေ။ ဒါပေမဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မပူပါနဲ့ အန်တီသူဇာ ပြောတဲ့အတိုင်းသာ ညည်းလိုက်

လုပ်ရုံနဲ့ ပန်းခင်းလမ်းကို လျှောက်ရမှာပါအေ"

အဲဒါဟာ တကယ် သိပဲလို့ ပြည့် ယုံကြည်ရမည်လား။ ပြည့်ဘဝမှာ ငယ်ရွယ်ချိန်လေးမှာတောင် အချစ်ဆိုတာနဲ့ တိုက်ရိုက်ထိတွေ့ မြည်းစမ်းခွင့် မရဘဲ အိမ်ထောင်ရေး ဆိုတာနှင့် တွဲဖက်စဉ်းစားရသော အချစ်ကို ကြုံရမည်ဆိုလျှင် လူဖြစ်ရကျိုး မနပ်သေးဘူးဟု ပြောရတော့မည်လား။ အချစ်နှင့်အတူ အိမ်ထောင်ရေးကို တွဲဖက်မစဉ်းစားချင်တာကတော့ ရင်တွင်းဆန္ဒအမှန် မိမိဆန္ဒအမှန်ပဲ ဖြစ်တော့လေသည်။

○





(၈)

တင်ခနဲ့ မြည်သံနှင့်အတူ ဖုန်းထဲသို့ မတ်ဆေ့ဝင်လာသံကြားလျှင် ဖွင့်မကြည့်ရသေးဘဲနှင့် မိုးငိုကာထံက မတ်ဆေ့ဆိုတာ သဘောပေါက်ရသည်။ ဘာပို့ထားမလဲ ဆိုတာလည်း သိတော့ ကြိုသိပြီးသားပါပဲ။ အောက်မှာ ရောက်နေပြီပေါ့ဟု။ သူမက ဘယ်တော့မှ အပေါ်တက်လာလေ့ မရှိပါ။ အင်းလေ… တက်စရာလည်း အကြောင်းမှ သိပ်မရှိဘဲကိုး။ ကားပေါ်မှာသာ စောင့်လေ့ရှိသည်။

သူ့အတွက် တစ်နေ့တာ သွားစရာကိစ္စ ကုန်သွားလျှင် သူမကို သူက ကားယူသွားပြီး ပြန်စေသော်၊ ပထမတော့ သူမက ငြင်းသည်။

သို့သော် သူက ကျိုးကြောင်းခိုင်လုံလုံ ထောက်ပြလျက် သူမ မရှိလည်း သူက ဒီကားကို ရပ်ထားရသည်ပဲ ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



ရာ သူ အချိန်မရွေးခေါ်လျှင်လည်း သူမ ရောက်လာနိုင်စေရန် အတွက်ဟု ပြောထားမှပင် ကားယူပြီး ပြန်ဖို့လက်ခံခဲ့ခြင်း ဖြစ်သည်။

အခုလည်း သူမရောက်လာပြီ ဆိုသောအခါ သူက အောက်သို့ ဆင်းလာခဲ့သည်။ ကားက သူ Lift မှ ထွက်လာသော တံခါးဝအပြင်ဘက်တွင် စောင့်ကြိုနေသည်။

သူမရဲ့ဖက်ရှင်ကလည်း ယူနီဖောင်းကလွဲ၍ မပြောင်းလဲပါ။

"ဘယ်ကို မောင်းရမလဲ"

"မုန့်ဟင်းခါး စားချင်တယ်"

"ရှင်"

"ဪ... ကိုယ် Breakfast မစားရသေးဘူး။ ဒီမနက် မုန့်ဟင်းခါး စားချင်စိတ် ဖြစ်နေတာနဲ့ ဘာမှစားမထား ဘဲ မင်းကိုတောင် စောပြီးခေါ်လိုက်တာလေ"

"ဟုတ်ကဲ့... ဒါဆို ဘယ်ဆိုင်မှာ စားမလဲ"

"မသိဘူးလေ... မင်းက ရွေးချယ်ပေးရမှာ။ မုန့်ဟင်းခါး ကောင်းကောင်းစားချင်တာ"





"ဘယ်လို မုန့်ဟင်းခါးမျိုး စားချင်တာလဲ"

သူမစကားက မြန်မာလို ရှင်းရှင်းလေး မေးလိုက် တာ ဖြစ်ပေမယ့်၊ သူ့ခေါင်းထဲတော့ တော်တော်ရှုပ်ထွေးသွား သည်။ သူ မျက်မှောင်ကြုတ်လိုက်တာကိုလည်း သူမက နောက် ကြည့်မှန်ကတစ်ဆင့် မြင်ပုံရသည်လေ။ အင်း... သူမနဲ့ သူ့ရဲ့ ဆက်သွယ်ချက်က နောက်ကြည့်မှန်ထဲကတစ်ဆင့် မျက်လုံးချင်း ဆုံကာ စကားပြောရပုံကလည်း ရန်ကုန်မှာ မပျင်းစေရသော အကြောင်းအရာ တစ်ခုပဲ ထင်ပါရဲ့။

သူ နားမလည်ဖြစ်သွားတာကိုလည်း သူမက နား လည်သွားပုံပေါ်သည်။

"ဒီလိုပါ... ရှင်က ဒီက ကွဲပြားတဲ့ အကြောင်းအရာလေး တွေရှိရင် စိတ်ဝင်စားစရာတွေရှိရင် ပြောပြပေးပါလို့ မှာ ထားတာကို သတိရလို့ပါ။ တကယ်တော့ မုန့်ဟင်းခါးမှာ တောင်မှ အမျိုးမျိုး ရှိနေသေးတယ်"

"ဟုတ်လား... ပြောစမ်းပါဦး။ စိတ်ဝင်စားစရာ ကောင်း လိုက်တာ။ အင်း... ကိုယ်က မုန့်ဟင်းခါးဆို တစ်မျိုးပဲ ရှိတယ် ထင်နေတာ။ ချက်ပုံချက်နည်း နည်းနည်းကွာပြီး



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကောင်းတို့။ normal တို့တော့ ရှိရင်ရှိမှာပေါ့လေ။ ဒါပေမဲ့ မုန့်ဟင်းခါး အမျိုးအစားတွေ ထပ်ကွဲမှန်းတော့ မသိဘူး"

"ဟုတ်ကဲ့... လောလောဆယ်တော့ ကျွန်မ မုန့်ဟင်းခါး ဆိုင် တစ်ဆိုင်ကို ဦးတည်သွားလိုက်မယ်နော်။ ရှင်လည်း ဘာမှ မစားရသေးတော့ ဗိုက်ဆာနေမှာ"

"အိုခေ... အိုခေ"

သူမက စိတ်ထဲကနေ ဆိုင်တစ်ဆိုင်ကို ရွေးချယ်လိုက်ဟန်ဖြင့် လမ်းကြောင်းတစ်ခုကိုယူကာ မောင်းယူရင်းမှ စကားကို ပြန်ဆက်လာသည်။

"မုန့်ဟင်းခါးကတော့ မြန်မာလူမျိုးထိုင်း နှစ်သက်လွန်းတဲ့ မြန်မာ့ရိုးရာ အစားအစာပါပဲ။ မြန်မာတစ်နိုင်ငံလုံးက စားကြတယ်တောင် ပြောလို့ရတယ်။ ဒေသအလိုက်ကွာသွားတာတွေ ရှိတယ်။ မော်လမြိုင်မုန့်ဟင်းခါး၊ တောင်ငူမုန့်ဟင်းခါး၊ မော်ကျွန်းမုန့်ဟင်းခါး၊ ရန်ကုန်မုန့်ဟင်းကါး စသဖြင့်ပေါ့။ ရန်ကုန်မုန့်ဟင်းခါးကတော့ နာမည်အကြီး





ဆုံးပေါ့၊ တောင်ငူမုန့်ဟင်းခါးဆိုရင် ဟင်းရည်က ငါးမြှတ်ရည်ကျဲကျဲကိုမှ ခရမ်းချဉ်သီးအစိမ်း ထည့်ပေးသေးတယ်၊ ကျွန်မ ငယ်ငယ်က တောင်ငူမှာ နေဖူးလို့ သိတာ...

နောက်တစ်ခုက အညာဘက်က မုန့်ဟင်းခါးဆိုလည်း ရန်ကုန်ကလူတွေ တော်ရုံမစားတတ်ကြဘူး။ တချို့ဆို ထမင်းရည်ထဲ မုန့်ဖတ်ထည့်စားနေတာလားလို့တောင် ပြောကြတယ်။ ဆန်မှုန့်နဲ့ ပဲကို အဓိကထားချက်တာ။ ငါးအရသာ သိပ်မပါဘူးလေ၊ တကယ်တော့ လူတိုင်းလည်း လက်ခံပြီး အရမ်းကြိုက်ကြတာတော့ ရန်ကုန်မုန့်ဟင်းခါး ပါပဲ။ အဲဒီလို ချက်တဲ့ပုံစံကို လူအများစု လက်ခံကြတာကို ပြောတာပါ...

ရန်ကုန်မှာ ခေတ်တစ်ခုရှိခဲ့တဲ့ မုန့်ဟင်းခါး brand တွေ ရှိတယ်။ တွင်တင်အေး၊ စံပြဒေါ်ကြည်၊ မြောင်းမြဒေါ်ချို စသဖြင့် သူတို့ဆို ရယ်ဒီမိတ်မုန့်ဟင်းခါးအထုပ်တွေတောင်လုပ်ပြီး နိုင်ငံခြားကလူတွေဆို အဲဒါတွေပဲ ဝယ်သွားကြတာပေါ့"

"ဟုတ်တယ်... ကိုယ် တွေ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဆိုင်တွေဆိုလည်း တစ်ဆိုင်နဲ့ တစ်ဆိုင် taste မတူကြဘူး။ တင်တင်အေးဆို ဟင်းရည်က ပျစ်နှစ်ရှိုအစ်နေတယ်။ ဟင်းရည်ပျစ်ပျစ် ကြိုက်တဲ့သူတွေက တင်တင်အေးမှ တင်တင်အေးပေါ့။ စံပြဒေါ်ကြည်ကျတော့ ငရုတ်ကောင်းကဲတယ်၊ ဟင်းရည် မပျစ်ဘူး၊ ငရုတ်ကောင်းနံ့ မွှေးမွှေးလေးနဲ့ ချိုကျဲလေး ကြိုက်တဲ့သူက စံပြဒေါ်ကြည်ပေါ့...

နောက်ပိုင်းကျတော့ တခြားနာမည်ကြီးတဲ့ မုန့်ဟင်းခါးဆိုင်တွေ အများကြီး ထပ်ထွက်လာတယ်။ ကျွန်မအမြင်ကတော့ မုန့်ဟင်းခါးမိခင်ကြီးတွေဖြစ်တဲ့ တင်တင်အေးနဲ့ စံပြဒေါ်ကြည်လို အပျစ်အကျဲလိုင်းတွေ ကွဲကြတာပါပဲ။ မုန့်ဟင်းခါးဆိုင်တွေ ဘယ်လိုနာမည်ကြီးကြီး အိမ်ထောင်စုတွေကတော့ ကိုယ်နဲ့နီးစပ်ရာ ရပ်ကွက်ထဲက ဈေးထဲက လက်လှမ်းမီတဲ့ မုန့်ဟင်းခါးပဲ စားကြတာ များပါတယ်လေ၊ တော်ရုံလည်း စားဖြစ်တဲ့ ကောင်းမွန်တဲ့ မုန့်ဟင်းခါးချည်းပါပဲ"

"အဟင်း... မင်းလည်း မုန့်ဟင်းခါး crazy ထင်တယ်နော်။ တော်တော်သိတာပဲ"





"ဟုတ်တယ်... ကျွန်မလည်း မုန့်ဟင်းခါး အရမ်းကြိုက်တယ်"

"ပြောပါဦး... အခု နာမည်ကြီးနေတဲ့ မုန့်ဟင်းခါးဆိုင်တွေက..."

"နာမည်ကြီး Tea Shop တွေမှာ ရောင်းတဲ့ မုန့်ဟင်းခါးတွေလည်း ကောင်းတာများပါတယ်။ ပြောရရင်တော့ ကောင်းအောင်ချက်ရင် ကောင်းတာပဲလေ။ မုန့်ဟင်းခါးဆိုတာက မြန်မာလူမျိုးတိုင်း ကြိုက်ကြတာဆိုတော့ နေရာတိုင်းမှာ ရနိုင်အောင် ရောင်းလာကြတယ်။ လမ်းဘေးမှာ ထိုင်မစားချင်သူတွေ အတွက်လည်း ခမ်းခမ်းနားနား ရောင်းလာကြတယ်။ ဒေါ်လာနဲ့ရောင်းတဲ့ မုန့်ဟင်းခါးတောင် ရှိတယ်...

နာမည်ကြီးတယ် ဆိုတာထက် ကျွန်မကတော့ နာမည်ရတဲ့ဆိုင်တွေလို့ပဲ သုံးချင်တယ်။ ဘာလို့ဆို ဘယ်ဆိုင်ဖြစ်ဖြစ် ရောင်းကောင်းနေကြတာပဲလေ။ Feel က ရွှေအိမ်မုန့်ဟင်းခါးလည်း နာမည်ရတာပဲ။ Junction Square က ရွှေပေါ်မြတင် မုန့်ဟင်းခါးဆိုလည်း ရေသန့်နဲ့ချက်

www.burmeseclassic.com



တယ်ဆိုပြီး မုန့်ဟင်းခါး အလွတ်တစ်ပွဲတောင် တစ်ထောင်ရောင်းတယ်။ အခု ဒေါ်လာဈေးတက်နေလို့ ဈေးတောင်ထပ်တက်သွားပြီလား မသိဘူး။ သူ့စတိုင်လ်ကတော့ တင်တင်အေး အုပ်စုဝင်ပါပဲ။ ဟင်းရည်ပျစ်တယ်။ ရန်ကင်းဈေးရှေ့က ညနေမှထွက်တဲ့ မုန့်ဟင်းခါးဆိုလည်း တိုးမပေါက်ဘူး။ အင်းစိန်က ဦးရေခဲမုန့်ဟင်းခါး ဆိုတာလည်း ညလုံးပေါက်ရတာမို့ ညဥ့်နက်သန်းခေါင်တောင် လာစားတဲ့ကားတွေ အဲဒီလမ်းထဲမှာ ရပ်စရာမရှိဘူး...

တောင်ဥက္ကလာ ပဒေသာလမ်းဆုံက မုန့်ဟင်းခါးလည်း နာမည်ကြီးတယ်ပေါ့၊ ဗိုလ်ချုပ်ဈေးတွေထဲမှာဆိုရင် စားသောက်တန်းနားက သာဂဒိုးမုန့်ဟင်းခါးလည်း နာမည်ရတာပဲ။ နောက် ကျွန်မတို့ စမ်းချောင်းမှာဆို မြောင်းမြဆု မုန့်ဟင်းခါးဆိုတာ နာမည်ကြီးတယ်။ အင်း... ပြောရရင် မုန့်ဟင်းခါး စားကောင်းတဲ့ဆိုင် ရောက်လာပါပြီ။ ဒီဆိုင်ကတော့ အနီးဆုံးနဲ့ ထိုင်ရတာလည်း အဆင်ပြေ၊ မုန့်ဟင်းခါးလည်း ကောင်း၊ တခြားစားသောက်စရာတွေလည်း ကောင်းတယ်။ ကီးမားပလာတာဆို ကျွန်မ အကြိုက်ပေါ့။





မုန့်ဟင်းခါး အကြော်စုံနဲ့စားပြီး လက်ဖက်ရည်လေးတစ်ခွက်လောက် သောက်ဖို့ အကြံပြုချင်တယ်"

"မင်းရော ဆင်းလေ"

"ဆောရီး... ကျွန်မ အိမ်က မုန့်ဟင်းခါး စားလာပြီးသားပါ။ ကားပေါ်ကပဲ စောင့်ပါ့မယ်"

သူက စားသောက်ဖွယ်ရာ တော်တော်များများ ကောင်းသည်ဆိုသော မာကျူရီ Tea House ထဲသို့ဝင်ကာ မုန့်ဟင်းခါးအကြော်စုံနှင့်အတူ လက်ဖက်ရည်တစ်ခွက် ထိုင်ဆွဲလိုက်သည်။ ဟုတ်သားပဲ... မပျစ်မကျဲ မုန့်ဟင်းခါးက ဗိုက်ဆာနေလို့လားတော့မသိ။ တော်တော်စားကောင်းလေသည်။ သူမအကြံပေးသလို လက်ဖက်ရည်ပေါ့ဆိမ့်လေး သောက်ကာ အစာပိတ်လိုက်တော့ ပိုမိုပြည့်စုံသွားသည်။ ဒီဆိုင် မဆိုးပါလား။ သူ့အိမ်နဲ့လည်းနီးကာ Taxi နဲ့ လာဖို့လည်း အဆင်ပြေသည်။ ရန်ကင်းနှင့် ဘောက်ထော် ဆိုတော့ ဝေးလည်းမဝေး၊ ကားလည်းမပိတ်တော့ချေ။

သူ ကားပေါ်ပြန်ရောက်တော့ သူမကပဲ အရင်အမေးသည်မှာ... အဆင်ပြေလားတဲ့။ အင်း... မြန်မာပြည်က အဆို

www.burmeseclassic.com

www.burmeseclassic.com



ဆော်တွေ Show တွေမှာ မေးတတ်သလို အဆင်ပြေရင် လက်မှပ်သံတွေ ကြားချင်တယ်လို့ ပြောရမှာလား။ သူက ခေါင်းတစ်ချက်ဆတ်ပြရင်းမှ…

"အရမ်းကောင်းတယ်၊ သင့်ခ်ယူ… ဒီဆိုင်က ကိုယ့်နေရာနဲ့လည်း မဝေးဘူးဆိုတော့ အဆင်ပြေတယ်။ တခြားအစားအသောက်တွေလည်း စုံပုံရတယ်"

"ဟုတ်တယ်… တစ်နေ့ကုန် စုံစုံရတတ်တယ်။ အခုဘယ်ကိုသွားမှာလဲဟင်၊ ဟို မုန့်ဖုတ်သင်တန်းပဲလား"

"အဟင်း… ဟုတ်တယ်"

သူမကတော့ သူ့ကို ဘယ်လိုထင်မလဲ မသိချေ။ သူကတော့ ဒီလိုသွားစောင့်ကြည့်နေတာဟာ တစ်နေ့နေ့မှာတော့ တစ်ခုခု ထူးမည်ဟု ထင်နေတာပဲဖြစ်သည်။ ထိုအထင်သည် မမှားကြောင်း ခဏကြာလျှင် တကယ်ပဲ တွေ့ခွင့်ကြုံခဲ့လေသည်။ ဒီနေ့တော့ "ခင်ဘုန်းပြည့်စုံ"သည် သူမတစ်ယောက်တည်း လာတာမဟုတ်ဘဲ အမျိုးသားတစ်ယောက်က သူမကို လိုက်ပို့တာဖြစ်သည်။ သူ့ထက် အနည်းငယ်ကြီးပုံရသော ထိုအမျိုးသားမှာ မွန်ရည်သားနားသော အသွင်သဏ္ဌာန်နှင့်ဖြစ်ပြီး သူတို့နှစ်ယောက်





ရဲ့ ဆက်ဆံရေးမှာလည်း သာမန်မဟုတ်သလိုပဲဟု သူ ထင်မိသည်။ သူ့ ထင်မြင်ချက်ကိုလည်း ဟိုလူ ပြန်မထွက်မသွားခင် "မိုးငှိုက…"ထံ အလျင်အမြန် မေးလိုက်သည်။

"မိုးငှိုက… မင်း ဟိုတစ်ယောက်ကို အမြန်ကြည့်လိုက်စမ်းပါ"

သူမ ကြည့်နေလား မကြည့်နေဘူးလား မသိပေမယ့် သူကတော့ အမြန်လော်ဆော်လိုက်သဖြင့် သူမကတော့ မြင်သွားလောက်သည်။ ဟိုနှစ်ယောက်ကလည်း အထဲကိုမဝင်သေးပဲ စကားရပ်ပြောနေကြတုန်းဆိုတော့ သူမလည်း အကဲခတ်ခွင့်ရမည်။ ခဏကြာတော့ လိုက်ပို့သောသူက လက်ပြနှုတ်ဆက်ကာ ကားပေါ်တက်ပြီး ပြန်မောင်းထွက်သွားလေသည်။ စီးလာတဲ့ကားကလည်း အကောင်းစားမို့ လူကလည်း သူဌေးဖြစ်ပုံရသည်။

"မင်း ဘယ်လိုထင်လဲ။ သူတို့က ဘယ်လိုပတ်သက်တယ်လို့လဲ ထင်လဲ"

"ဟင်… ကျွန်မ ဘယ်လိုပြောရမလဲ"

"ပြောတတ်သလို ပြောပါ။ မင်းရဲ့အမြင်ကို သိချင်တာ"

"ရင်းနှီးတဲ့ ဆက်ဆံရေးတော့ ရှိတဲ့ပုံပါ"

"ရည်းစားတွေလို ထင်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမက နောက်ကြည့်မှန်ထဲမှနေ၍ ဖျတ်ခနဲ လှမ်းကြည့်ပြန်သည်။ သူကလည်း တန်ပြန်ကြည့်နေသောအခါ ဘာပြောရမှန်းမသိသလို မျက်လုံးလွှဲသွားသည်။ တစ်ခဏတော့ စဉ်းစားနေဟန်ရှိပြီးမှ ဖြေသံထွက်လာလေသည်။

"ရည်းစားလို့ ပြောလို့ ရ,မရတော့ ကျွန်မလည်း အဲလောက်အကဲမခတ်တတ်ဘူး၊ ဒါပေမဲ့ သူတို့ပုံစံတွေက သာမာန်ထက် ပိုတာတော့ သတိထားမိသလိုပဲ...

ရှင်လည်း ဒီလိုပဲ မဟုတ်လား"

နောက်ဆုံး စကားကတော့ ရှေ့ကပြောသွားသောစကားတွေနှင့် ခြေတွဲခြားပြီးမှ ထွက်လာတာ ဖြစ်လေသည်။ အင်း... သူ့အမြင်နဲ့တော့ ထပ်တူကျသားပဲ။ အင်း... သူလေ ဒီလိုများ ဖြစ်မလားလို့ ထင်မိလို့ ဒီလို တိတ်တဆိတ်ချောင်းရတဲ့ ဓာတ်ထုပ်တို ကခဲ့တာပါပဲ။ တစ်ပတ်ကျော်မှ ရှိလာတဲ့အချိန်မှာ ဒီလို တိုးတက်မှုတွေကို ဒီလို ဒီလို တွေ့ခဲ့ရတာလေ။

သူက ဘယ်လောက်တောင်ငြိမ်ပြီး အတွေးထဲမျောနေလဲမသိ။ ခဏကြာမှ သတိပြန်ဝင်လာလျှင် သူမကလည်း ဒီလိုပဲ ငြိမ်ထိုင်နေတာကို တွေ့ရသည်။

"ဟင်... မမောင်းသေးဘူးလား"





"အောရိုး... ရှင်ကလည်း ဘာမှမပြောလို့"

"အင်း... မေ့သွားလို့။ ခါတိုင်းဆို မင်းက... မေးနေကျဆိုတော့ အခုလည်း စောင့်နေရင် မေ့သွားတာ။ ဘယ်ကိုသွားမလဲ"

"ရှင်"

ဒီတစ်ခါတော့ သူမရဲ့ မျက်လုံးဝိုင်းကြီးတွေက မှန်ထဲမှတစ်ဆင့် သူ့ထံသို့ ရောက်လာလေသည်။ အဲဒီမျက်ဝန်းတွေထဲမှာ အရင်နေ့တွေကထက် သူ့အပေါ် စာနာသလို ကရုဏာသက်သလို အကြည့်တွေ ယှက်သိုင်းပါဝင်နေတာကို သူက ထူးခြားစွာ တွေ့မြင်နေရသည်။ ဘာလဲ... သူ့အတွက် စိတ်မကောင်းဖြစ်သွားတာလား။ အဲဒီလို တွေးမိတော့ သူ့နှုတ်ခမ်းတွေက ပြုံးချင်သွားသည်။

"ဪ... မင်းဆီက အကြံဉာဏ်ကို တောင်းကြည့်တာပါ"

"ကျွန်မလည်း ဘာပြောရမှန်း မသိဘူး။ ရှင်က တိုးတက်ခေတ်မီတဲ့ နေရာက လာတာဆိုတော့ ရှင့်အတွက် ဒီက နေရာတွေကလည်း ဘာမှထူးခြားမှာ မဟုတ်တော့ ကျွန်မလည်း ဘာပြောရမှန်း မသိဘူး ဖြစ်နေတယ်"

www.burmeseclassic.com



"အင်း… ဒါပေါ့"

"သူများတွေတော့ နိုင်ငံခြားက ခဏလာရင် ဒီမှာ သွားစရာတွေ၊ တွေ့စရာလူတွေ မိတ်ဆွေတွေနဲ့ အချိန်မလောက်ဘူး"

"အင်း… ဟုတ်ပါတယ်။ ကိုယ်က ဒီမှာ တွေ့စရာ မိတ်ဆွေ အပေါင်းအသင်းလည်း မရှိတော့ ဒီလိုဖြစ်နေတာပဲ။ မင်းတစ်ယောက်နဲ့တောင် အမှတ်မထင် တွေ့လို့သာလေ။ ကိုယ့်မှာ သွားတွေ့ရမယ့် မိတ်ဆွေအိမ် တစ်အိမ်တော့ ရှိပါတယ်၊ ဒါပေမဲ့ အချိန်မကျသေးလို့"

"အခု… ဒါဆိုရင်… ? ? "

သူမက မေးခွန်းထုတ်သလို ထပ်မေးလာလျှင် သူသည်လည်း ဆွေထွေထူးထူး ထပ်မစဉ်းစားတော့ဘဲ ခေါင်းညိတ်ကာ ပြောလိုက်သည်။

"ရာသီဥတုကလည်း မိုးအုံ့အုံ့နဲ့ မှိုင်းနေတာပဲ။ မိုးရွာမလား မသိဘူး။ အိမ်ပြန်နပ်တာပဲ ကောင်းမယ် ထင်တယ်။ အိုခေ… အိမ်ပဲ ပြန်တော့မယ်ကွာ၊ မင်းလည်း ပြန်နားလို့ ရပြီ။ ဒီနေ့အဖို့ ဘယ်မှမသွားချင်တော့ဘူး"



"ဟုတ်ကဲ့"

နောက်ကြည့်မှန်ထဲမှ စာနာသော မျက်ဝန်းတစ်စုံ ရောက်လာပြန်ပြီးလျှင် သူမက ကားကို စက်နှိုးကာ အသာအယာ မောင်းထွက်ပလေသည်။ သူကတော့ FM မှ လာနေသော သီချင်းတွေကို နားထောင်ရင်း ဘာစကားမှ မဆိုမိပဲ တိတ်ဆိတ်စွာ ငေးရင်း ထိုင်လိုက်လာခဲ့သည်။ ဒါသည်ပင်လျှင် သူမထံက မကြာခဏ မိုးကြည့်ခြင်း ခံရသော အကြောင်းများလားဟု တွေးမိရင်း စိတ်ထဲမှ ကျိတ်ပြုံးခဲ့ရသော မိုးရနံ့များနှင့် ဆွတ်ပျံ့သော နေ့ရွှဲတစ်ခု ဖြစ်ခဲ့သည်။

○

www.burmeseclassic.com

www.burmeseclassic.com



(၉)

"နှင့်အလုပ်ကလည်း ကောင်းလိုက်တာဟယ်။ မိမ်ကျလိုက်တာ။ ငါတောင် လုပ်ချင်သေး"

နေခြည်က ပုစွန်ခွက်ကြော်သုပ် ချဉ်ငန်စပ်ကို ရှူးရှူးရှဲရှဲနှင့် ကော်စားလိုက်၊ ရေနွေးကြမ်းကို ဖူးခနဲ မှုတ်သောက်လိုက်၊ စပ်နေသဖြင့် နှာခေါင်းတစ်ချက် ရှုံ့လိုက်နှင့် အလုပ်ရှုပ်နေရာမှ စကားက ပြောနိုင်အားသေးသည်။ "ငို့"ရဲ့ ပုစွန်ခွက်ကြော်သုပ်ကတော့ သူ့လောက်မစပ်။ နေခြည်ကတော့ ဘာစားစား အစပ်ကဲတတ်သူမို့ သူ့စေ့စုထဲကဆိုလျှင် တော်ရုံလူ နိုက်မစားနိုင်ချေ။





ဒီနေ့ အလုပ်အားလပ်သည့် ဆန်းဒေးဖြစ်လေရာ သူငယ်ချင်းဖြစ်သူ နေခြည်က အိမ်လာလည်သည်။ ဖေဖေက သူ့သူငယ်ချင်းတစ်ယောက်ရဲ့ နာရေးရှိသဖြင့် သွားကူနေရသောကြောင့် အိမ်မှာမရှိချေ။ ဒါကြောင့် သူငယ်ချင်းနှစ်ယောက် လွတ်လွတ်လပ်လပ်နှင့် အေးအေးဆေးဆေး စကားပြောနေကြသည်။

"လုပ်ချင်မနေနဲ့ မမ။ ငါတော့ လုပ်သာ လုပ်နေရတာ အကြောင်းကြောင်းနဲ့ပါဟယ် သူ့ဟာသူ့ဘောင် ဘယ်သွားလို့ ဘယ်လာရမှန်း မသိတဲ့ လူ့ရဲ့ကားကို မောင်းနေရတာ ဘာကြီးမှန်းကို မသိဘူး"

"နင်က မယ်တာဝန်ကျေ ဖြစ်ချင်နေလို့ပါဟယ်။ သူများသာဆို သဘောကျနေမှာ ဒါနဲ့ သူက ဘာလဲ၊ ခေါ်နေတာတော့ မဟုတ်ပါဘူးနော်"

"သူများကိုဟယ်… ပြောလိုက်မှဖြင့်"

နေခြည့်ကိုဟန့်ပြီး "ငို့"က မျက်လုံးထဲတွင် နွေသစ်ရဲ့ သန့်ပြန့်ရည်မွန်သော ရုပ်ရည်လေးကို ပြန်မြင်ယောင်ကာ အားနာသွားရသည်။ တွေ့စကတော့ ဘာမှန်း ညာမှန်း မသိဘဲ သတိထား ဆက်ဆံခဲ့သလို ဖြစ်ခဲ့ပေမယ့် တကယ်ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံကြည့်တော့ စိတ်သဘောထား ကောင်းမွန်ကာ အေးအေး ဆေးဆေးရှိသော လူငယ်တစ်ယောက် ဖြစ်တယ်ဆိုတာ သိလာခဲ့ ရသည်။

"ဟုတ်တယ်လေ… နင် ပြောပုံအရဆို ဘာမှန်းလဲမသိ။ နင်က သူ ရန်ကုန်ကို စရောက်တည်းက တွေ့ဖူးခဲ့တဲ့သူ မဟုတ်လား။ ခုလည်း သူ့ဝန်ထမ်း လုပ်နေတာ နင် ပြောပုံအရဆို ဒီမှာ အသိအကျွမ်းလည်း မရှိ၊ သူသိတဲ့တစ်ဦး တည်းသော မိန်းကလေးကိုလည်း တစ်နေ့ ပေါ်နေ့ ချောင်းကြည့်ရုံနဲ့ ပြီးနေတာ…

ဒီလိုခေတ်ထဲမှာ ဒါမျိုးကိစ္စတွေက ဂေါက်တောက် တောက်တွေပဲ လုပ်တာ မဟုတ်ဘူးလား"

"ဘစ်ခါတလေ တချို့လူတွေ သိပ်ပိုက်ဆံရှိရင်လည်း သူများ မလုပ်တာတွေ လုပ်တဲ့အတွက် ဂေါက်တယ်လို့ ထင်စရာ အကြောင်းရှိတယ်"

"ခုတ်ပုံလေး ဘာလေး ရှိဘူးလားဟယ်။ ဘယ်လိုပုံစံလဲ ဆိုတာကြည့်ပြီး အကဲဖြတ်လို့ ရတာပေါ့… ဟိ ဟိ"

"ရှိစရာလားဟဲ့… သူနဲ့ ငါက ခေါင်းချင်းဆိုင်ပြီး Selfie ရိုက်ထားရမှာလား"





"ရိုက်ထားပေါ့။ ကိုယ့်ရဲ့ ပထမဆုံး အလုပ်ရှင်ပဲဟာ… ဟား ဟား"

"ငို"က ဟင်းခနဲ မျက်စောင်းထိုးလိုက်ရင်း ဖုန်း ခွက်ကြော်သုပ်ကို တစ်ဇွန်းကော်စားရင်း နွေသစ်ကို သတိရသွား မိသည်။ အင်း… သူသာဆို ဒီပုစွန်ခွက်ကြော်သုပ်ကို ကြိုက်လေ မလား။ သူ့ကို ရန်ကုန်မြို့ရဲ့ စားကောင်းသောက်ဖွယ်များ ကြိုရင်ကြိုသလို လိုက်ကျွေးပါ၊ အကြံပေးပါလို့ ပြောထားဖူး တာပဲလေ။ တစ်နေ့က ဟိုကောင်မလေးတို့ စုံတွဲကို မြင်ပြီး ငြိမ် သက်တိတ်ဆိတ်သွားတဲ့ သူ့ပုံစံကိုမြင်ပြီး ငိုတောင် ဘယ်လိုဖြစ် သွားမှန်း မသိချေ။ သနားတာလား၊ စိတ်မကောင်း ဖြစ်တာလား ကိုယ့်ဟာကိုယ်တော့ ခွဲခြမရပါချေ။ သူ request လုပ်ထားသလို ရန်ကုန်မြို့မှာ သူ့ Guide လုပ်ဖို့ဆိုတာလည်း "ငို့"ဘက်က အထမမြောက်သေးချေ။

"ဟဲ့… ဘာတွေ တွေးနေတာလဲ။ အမယ်လေး… ပြော ရင်းနဲ့ ငုတ်တုတ်မေ့သွားပြီလား၊ မေးတာတောင် မကြား တော့ဘူး။ ဘယ်သူ့ကို သတိရနေတာလဲ၊ စလုံးကချစ်သူ ကိုလား"

"ဟဲ့… တိတ်စမ်း၊ ဘာတွေ လျှောက်ပြောနေတာလဲ"

www.burmeseclassic.com



"နိုင်းစမ်းရဲ့သီချင်း သတိရသွားလို့ပါအေ။ နို့... နင်က ရော ငါမေးတာ မကြားဘဲ ဘာတွေ အာရုံပျံ့လွင့်နေတာလဲ"

"ဘာမှ မဟုတ်ပါဘူး။ ကဲ... ပြန်ပြောပါဦး၊ နင်မေးတာ ဘာလဲလို့"

"ဩော်... နင့်ကို ကားကြီးတစ်စင်းလုံး ပေးထားတာ မိုက်တာပဲလို့၊ ခုလို ဘာအလုပ်မှ မရှိတုန်းလေး အဲဒီကား နဲ့ ငါတို့ ဂျန်းရှင်းစကွဲလေး ဘာလေး Shopping ထွက်ရ အောင်လေလို့"

"အမယ်လေး... တော်ပါဟယ် သူများပစ္စည်းကို။ ငါ့မှာ သူက ယူထားဆိုလို့သာ နှုတ်ပြောလို့ ယူထားရတာ ဘယ်အချိန် ဘာအမိုးခံရမလဲလို့ တထိတ်ထိတ် ဖြစ်နေရ တာလေ။ ဟိုက ကားပါကင် ဒီလောက်အဆင်ပြေနေတဲ့ သူ့ကွန်ဒိုဝင်းထဲမှာ မထားဘဲနဲ့ ငါ့ဆီပဲ ပေးလွှတ်နေတာ။ ငါ လာတာ ပြန်တာ အဆင်ပြေတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ရပ်ကွက်ထဲ ကားရပ်တာလဲ ပါကင်မရရင် သိပ် စိတ်ညစ်ရတာ...

ခုလည်း သူ့ကားထဲက ဆီတွေလျော့ကုန်မှ ပြော စရာ ဖြစ်လိမ့်မယ်။ No ... သွားလို့ မဖြစ်ဘူး"





"အမယ်လေးဟဲ့... ဂျန်းရှင်းစကွဲလေး သွားတာ ဘယ် လောက်များ ဆီကုန်မှာမို့လဲ၊ ဟိုက အဲဒီလောက် လိုက် ကြည့်နေမယ် မထင်ပါဘူးဟယ်။ နင်ကိုက ခင်သီတတ် လုပ်နေတာ"

"ဩော်... အခွင့်အရေးဆိုတာ ပေးတိုင်းယူလို့ ကောင်း တာ မဟုတ်ဘူးလေ"

"ပြောပါ... ပြောပါ... စာအုပ်ကြီးထဲက စကားတွေ၊ နင် ပြောပုံအရဆို သူ့အစား ငါ ပျင်းလိုက်တာဟယ်၊ ဒီမှာ ဆွေမျိုးသားချင်းလည်းမရှိ၊ အပေါင်းအသင်းမိတ်ဆွေ လည်း မရှိဘဲနဲ့ လာဒိပ်နေသလိုပါပဲလားဟယ်။ ဟိုသွား ဒီသွား လုပ်ဖို့လည်း စိတ်မဝင်စား၊ အင်းပေါ့လေ သူ့ အတွက်က အပြင်ထွက်လည်း စိတ်ပျက်စရာ ကောင်းနေ မှာ။ ကားက ကျပ်၊ သွားစရာက ဘယ်မှမရှိနဲ့"

"အမယ်လေး... နင် ပြောနေတဲ့ပုံစံက နင်ပဲ စင်ကာပူ မှာ နေခဲ့ဖူးသလိုလို"

"ဟဲ့... ငါမနေဖူးပေမယ့် ငါ့အစ်ကိုက နေ,နေတာလေ၊ သူ့ဆီက နိုင်းယှဉ်တာတွေ အမြဲကြားနေရတာပဲ"

"အေးပါ... စင်ကာပူလည်း တိုးတက်တာ ကောင်းတာ တွေ ရှိပေမယ့် အားနည်းချက်တွေလည်း ရှိဦးမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



အန်တီစု ပြောထားတာ မကြားဖူးဘူးလား။ စင်ကာပူက လည်း မြန်မာနိုင်ငံကနေ ပြန်သင်ယူစရာတွေ ရှိပါတယ် တဲ့"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... ထားပါတော့။ ပြောင်း လဲချိန်တန်ပြီပေါ့၊ အဲဒါပါ ဆက်ပြောလိုက်ဦး။ ဒါဆို သူ့ အလုပ်က တစ်နေ့ တစ်နေ့ အဲဒီ မုန့်ဖုတ်သင်တန်း တက်နေတဲ့ သူ့ရဲ့ယယ်ကျွမ်းဆွေကို သွားချောင်းနေတဲ့ အလုပ်ပဲ ရှိတာပေါ့... ဟုတ်လား"

"အင်း... ငါ မြင်တာကတော့ အဲဒါပဲလေ။ ကျန်တဲ့အချိန် တွေလည်း ဘယ်မှ မသွားလောက်ဘူး ထင်ပါတယ်၊ ကားလည်း ငါ့ကို ပေးလိုက်တာဆိုတော့"

"သူကလည်း ယောက်ျားလေးဖြစ်ပြီး ကားတောင်မမောင်း တတ်ဘူးလား မသိ"

"မောင်းတတ်မှာပါ၊ မောင်းချင်ပုံ မရတာ"

"အေးပေါ့လေ... သူဌေးတွေ ဆိုတော့လည်း သူများမောင်း တဲ့ကားပဲ အခန့်သား ထိုင်စီးချင်ကြမှာပေါ့။ သူ မမောင်း ချင်တော့လည်း နင် ပိုက်ဆံရတာပေါ့ဟယ်၊ ဘယ်လိုလဲ ဒီအလုပ် ပြီးသွားရင်တော့ နင် သင်တန်းတက်နိုင်တော့ မယ်မှုလား"





"အင်းပေါ့... အဲလိုတော့ တွေးထားတာပဲ"

"ဖြစ်လာမှာပေါ့ဟာ... နင့် အိပ်မက်က အကြီးကြီးဆို တာ ငါ သိပါတယ်၊ ဒါပေမဲ့ ကိုယ်နိုင်တာလေးကနေစ ပြီး တဖြည်းဖြည်း နာမည်ယူသွားပေါ့။ နင်က လက်ရှိ အောင်မြင်နေတဲ့ သူတွေရဲ့ အတိုင်းအတာထိ မှန်းထား တယ် ဆိုပေမယ့် အဲဒါက ချက်ချင်းလက်ငင်း အကောင် အထည် ပေါ်နိုင်ဦးမှာ မဟုတ်ဘူးလေ...

ငါ့ရုံးက ဝန်ထမ်းတွေနဲ့လည်း ငါ စပ်ပေးမှာပေါ့။ ပြီးတော့ ဒီခေတ်မှာ တစ်ခုအားသာတာက ဘာလဲ သိလား"

ဘာလဲ... မသိဘူး ဟူသော အပြောကို "ဠ"က မျက်လုံးတစ်ချက်လှန်ပြီး ပြန်ကြည့်လိုက်တာနှင့် နေခြည်က သဘောပေါက်သည်။

"Online လေ၊ Facebook လေ၊ နင့်လက်ရာတွေကို အဲဒီ ကနေ ကြော်ငြာလို့ ရတယ်လေ။ ကြော်ငြာခ မကုန်ဘဲ ပိုတောင်ထိရောက်တဲ့နည်း။ မော်ဒယ်ကတော့ စိတ်မပူပါနဲ့ ငါ တစ်ယောက်လုံးရှိတယ်... ဟား ဟား"

"အေး... ဟုတ်သားပဲ။ အား... တာဝန်ချိန်တွေ ပြီးချင် ပြီး ငါ တက်ချင်တဲ့ သင်တန်းလေး မြန်မြန်တက်ခွင့်ရ ချင်ပြီဟာ"

www.burmeseclassic.com



"ခိ ခိ… သူ့ဌေးကို မြန်မြန်ပြန်ရပါစေ ဆုတောင်းနေတာလား။ နင့်သူဌေးက နင့်အပေါ်တော့ စေတနာရှိပုံပါ။ နင်ကရော သူ့အပေါ် စေတနာရှိရဲ့လား… ဟဲ ဟဲ"

"အောင်မယ်…"

နေခြည်ရဲ့စကားကို "ငို"က မျက်စောင်းတစ်ချက် ဖဲကြည့်လိုက်သော်လည်း စိတ်ထဲမှာတော့ ကိုယ့်ကိုယ်ကိုယ်လည်း တကယ်ပြန်မေးမိသွားသည်။ "ငို"ရဲ့စိတ်မှာ စေတနာမျိုးထက် ကိုယ့်အလုပ်အပေါ် တာဝန်ကျေချင်စိတ်သာ ပိုကြီးစိုးနေသည် မဟုတ်ပါလား။ အလုပ်တစ်ခုမှာ တာဝန်ကျေဖို့ထက် စေတနာက ပိုရှေ့ရောက်ရမည်ဟု သတ်မှတ်ထားသော ထုံးစံတွေရှိလျှင် စေတနာကို ဘယ်အချိန်မှာ ပြခွင့်ကြုံမလဲ။ စေတနာကို ပြခွင့်ကြုံဖို့လည်း လိုသေးသည်ဟု တွေးမိရပြန်သည်။ တစ်ရက်တော့ တကယ်ပဲ ပြခွင့်ကြုံခဲ့ရလေသည်။

○





(၁၀)

"ကျွန်မ ရောက်နေပါပြီ"ဟူသော မတ်ဆေ့ကို ခါတိုင်းက ပို့လိုက်လျှင် ငါးမိနစ်အတွင်း ရောက်လာတတ်သော နွေသစ် ဆိုသော လူသားမှာ ခုတော့ ဆယ်မိနစ်နဲ့လည်း ရောက်မလာ၊ ဆယ့်ငါးမိနစ်လည်း ရောက်မလာ၊ ဘာမှ အကြောင်းပြန်တာလည်း မရှိသဖြင့် "ငို"က သူ့ရဲ့ဖုန်းကို ခေါ်လိုက်လေသည်။ ကိုယ် မတ်ဆေ့ပို့ထားတာများ သူ မသိလို့လားပေါ့။ ဖုန်းခေါ်လိုက်တာတောင်မှ Ring ကျခါနီးမှ ကိုင်တော့မှုလေသည်။

"ဟယ်လို"

နားထဲမှာ ကြားလိုက်တာနဲ့ကို အဲဒီ ဟယ်လိုမှာ သက်သောင့်သက်သာ မရှိဘဲ အက်အက်ကွဲကွဲ တုန်တုန်ခါခါဖြစ်ကာ နာခေါင်းသံလည်း ပါနေတယ်ဆိုတာ ချက်ချင်း သတိပြုမိသည်အထိ သူ့အသံက အခြေအနေ ဆိုးနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနွေသစ်… ကျွန်မ အောက်မှာ ရောက်နေပါပြီ"

"ဟင်… အင်း… ကိုယ် ဒီနေ့တော့ ဘယ်မှသွားနိုင်မယ် မထင်ဘူး"

"ဟုတ်လား… ဒါဆို ကျွန်မက…"

"အင်း… မင်း ပြန်နားရင်လည်း နားလို့ရပါတယ်။ ကိုယ်ကတော့ ဘယ်မှသွားနိုင်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

ရှင် နေမကောင်းဖြစ်နေတာလား၊ ကျွန်မ ဘာကူညီရမလဲဟူသော စကားကို ပြောသင့် မပြောသင့် စဉ်းစားတွေဝေကာ ဟုတ်ကဲ့ ဆိုသော စကားတစ်ခွန်းကို တစ်လုံးချင်းခွဲကာ ပြောနေမိသည်။ ဒီလူ နေမကောင်းဖြစ်နေတာ အခြေအနေဆိုးဟန်တူနေတာ အသိသာကြီးကို "ဠ"က သူက ခွင့်ပေးလိုက်တာနှင့် ပျော်ပျော်ကြီး နားရမှာ တရားရဲ့လား။ သူ့မှာ ဘာအကူအညီမှ မလိုအပ်ဘူးလား။ အိမ်မှာတောင် သောက်စရာ ဆေးဝါးရှိရဲ့လား။ သူ တစ်ယောက်တည်း ဖျားနာကိုက်ခဲနေပုံနှင့် ဘယ်လိုများစခန်းသွားမှာပါလိမ့်။

"ဒါပဲလေ"





သူက ဖုန်းချခါနီးဆဲဆဲမှာပဲ "ဠ"မှာ ကမန်းကတန်း ဆက်ပြောရသည်။

"ဟို… ရှင်… နေမကောင်း ဖြစ်နေတာလားဟင်"

"အင်း… ဟုတ်တယ်၊ ခေါင်းတောင် မထူနိုင်ဘူး"

"ဟုတ်လား… ဆေးရော သောက်ပြီးပြီလား"

"မသောက်ရသေးဘူး၊ ညတည်းက ခေါင်းကိုက်ပြီး အိပ်ပျော်သွားတာ။ အခု မင်း ဖုန်းဆက်မှ နိုးတာပဲ"

"ဆေးရော ရှိရဲ့လား။ ကျွန်မ ဘာကူညီရမလဲဟင်"

"အင်း… ဆေးက ရှိလား မရှိလားတောင် မသိဘူး။ ကိုယ့်အိတ်တွေထဲမှာ ရှာကြည့်ရဦးမယ် ထင်တယ်"

"အစားလည်း မစားရသေးဘူး ထင်တယ်။ ရှင့်အိမ်မှာ ဘာရှိလဲ၊ မဟုတ်ရင် အောက်ကနေ ကျွန်မ တစ်ခါတည်း ဝယ်ခဲ့မယ်လေ"

"ဘာမှ မရှိဘူး။ ကော်ဖီနဲ့ ခေါက်ဆွဲထုပ်တော့ ရှိမလား မသိဘူး"

"အိုခေ… ဒါဆို ရှင် အားရှိမယ့် တစ်ခုခု ကျွန်မ ဝယ်ခဲ့ပါ့မယ်။ ခဏပဲ စောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငို့"က ဖုန်းချပြီးတာနှင့် ကားစက်နိုးကာ ရန်ကင်းဈေးသို့ မောင်းလာခဲ့သည်။ နေမကောင်းဟုသူ ဆိုတော့ ဆိုင်ကဝယ်ကျွေးဖို့ မစဉ်းစားတော့ဘဲ သူ့အတွက် ကြက်သားမြူစွမ်လေး လုပ်ပေးဖို့ စိတ်ကူးရ၍ ဖြစ်သည်။ ရန်ကင်းဈေးထဲမှာ ကြက်ရင်အုပ်တစ်ပိုင်းနှင့် လိုအပ်မယ် ထင်တာလေးတွေ အနည်းငယ်ထပ်ဝယ်ကာ ဆေးဆိုင်မှာ ဖျားနာကိုက်ခဲပျောက်ဆေး ဝင်ဝယ်သည်။ သိပ်မကြာခင်ပဲ သူ့အိမ်ပေါ်သို့ ပြန်ရောက်သွားကာ ဘဲလ်တီးလိုက်တော့ သူ တံခါးလာဖွင့်ပါသည်။ မီးခိုးရောင်ခေါင်းစွပ်အနွေးထည်နှင့် နှာမွန်ကာ မျက်နှာတွေရဲပြီး တကယ်ကို နေမကောင်းဖြစ်နေဟန် တူနေသော သူ့ကိုတွေ့ရလေသည်။ သူက "ငို့"ကိုင်လာသော အထုပ်တွေကို တစ်ချက်ငေးဲကြည့်ရင်း တံခါးကို ပြန်ပိတ်ကာ...

"ဘာတွေများလဲ... အားနာစရာကွာ"

"အားနာစရာ မရှိပါဘူး။ ကျွန်မ ကူညီခွင့်ရတဲ့ အတိုင်းအတာမို့ပါ။ ရှင့်ကို soup လေး လုပ်ပေးမလို့ပါ။ မြူစွမ်လေးနဲ့ဆိုတော့ အားရှိအောင်လို့။ ရှင် ဗိုက်ဆာနေပြီလားခဏစောင့်နိုင်တယ်မှလား"

"မဆာပါဘူး... စောင့်နိုင်ပါတယ်"





"ဒါနဲ့ ရှင် ဘယ်လိုဖြစ်ပြီး နေမကောင်း ဖြစ်သွားတာလဲဟင်။ မနေ့ကတင် အကောင်းကြီးပါ"

"ညနေက မိုးမိတယ်လေ။ မနေ့က ညနေစာကို ရန်ကင်းစင်တာက Feel မှာ သွားစားတာ။ ပြန်အထွက်မှာ မိုးရွာလာပေမယ့် အိမ်ရောက်ချင်ဇောနဲ့ မိုးရွာထဲ Taxi ငှားလိုက်တာ မိုးမိသွားတယ်။ မိုးမိရင် ရေပြန်ချိုးတတ်တဲ့ အကျင့်ရှိတော့ ရေချိုး ခေါင်းလျှော်လိုက်သေးတယ်။ ဆေးသောက်ထားရမှာ မသောက်မိဘူး။ ဆေးကလည်း ဘယ်နားရောက်နေမှန်း မသိတာရယ် ရှာရမှာ ပျင်းတာရယ်နဲ့ ခေါင်းတစ်ခုလုံး မီးစနဲ့ထိုးသလို ကိုက်ခဲနေတော့တာ"

"ဪ... ခဏပဲ စောင့်ပါ။ soup က မြန်ပါတယ်။ ဒါဆို ကျွန်မ kitchen သုံးတော့မယ်နော်။ ချက်စရာအိုးတော့ ရှိတယ်မှလား"

"ရှိတယ်၊ လာပါ... ကိုယ် ပြပေးမယ်"

"ရပါတယ်... ရှင် နားနားနေနေ နေပါ"

"ကျေးဇူးပဲ... ဒီကဝင်သွားလိုက်။ မင်း အေးအေးဆေးဆေး လွတ်လွတ်လပ်လပ်နေနော်။ ကိုယ် ဧည့်ခန်းမှာပဲ ထိုင်နေမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ့မီးဖိုချောင်က သိပ်အသုံးပြုဟန် မတူသော်လည်း သန့်ရှင်းနေသည်။ သူ့တစ်အိမ်လုံးလည်း သန့်ရှင်းသပ်ရပ်နေတာကို သတိပြုမိသည်။ ယောကျ်ားလေးတစ်ယောက်တည်း နေတယ်ဆိုပေမယ့် ပွစာကျဲ ဖုန်တက်မနေဘဲ သန့်ရှင်းသပ်ရပ်နေတာကိုတော့ ချီးကျူးချင်လေသည်။ အင်း... နိုင်ငံခြားမှာ နေတာများတဲ့သူတွေက ဒီလိုပဲ ကိုယ့်ဘာသာလုပ်ရတာကြောလို့ အကျင့်ပါပြီး သန့်ရှင်းသပ်ရပ်မှုကို အလေးထားလေရောသလား။

"ငို"ရဲ့ ကြက်သားမြူစွမ်က သိပ်မကြာပါချေ။ မြန်မြန်လုပ်ကိုင်လိုက်တာကြောင့် ခဏကြာလျှင် ကြက်သွန်ဖြူနံ့ မွှေးပျံ့နေသော ကြက်သားမြူစွမ်ကို ကြွေပန်းကန်အပိုင်းလေးထဲ ထည့်ကာ ကြွေဇွန်းတပ်ပြီး ပန်းကန်ပြားတစ်ခုထဲ ခံထည့်ကာ ပြင်ဆင်လိုက်သည်။ မေ့တော့မလို ဖြစ်သော ငရုတ်ကောင်းမှုန့်လေးကို ပါလေကာ ဖြူးပေးလိုက်တော့ ပြီးပြည့်စုံသော soup တစ်ခွက် ရသွားပြီလေ။

သူ့ကို သွားခေါ်ဖို့ ပြင်တုန်းမှာပဲ သူက မီးဖိုခန်းတစ်ဖက်စွန်းရှိ ထမင်းစားခန်းအဝမှာ ပေါ်လာလေသည်။

"ဪ... ခုပဲ ရှင့်ကို လာခေါ်တော့မလို့ပါ။ စားလို့ရပြီ"





"ထင်တော့ ထင်သား။ အနံ့က တစ်အိမ်လုံး မွှေးလာတာဆိုတော့"

"ဆောရီး... ကျွန်မ အနံ့စုပ်စက် မဖွင့်မိဘူး။ အိမ်ထဲမှာ အနံ့တွေ စွဲကုန်တော့မှာပဲ"

"ကိစ္စမရှိပါဘူး။ ဒီအနံ့လောက်က မစွဲပါဘူး။ ဟော ဒါလား ကိုယ့်အတွက် မွှေးနေတာပဲ စားလိုက်တော့မယ်နော်"

"ဟုတ်... အဆင်ပြေရဲ့လား မြည်းကြည့်ပါဦး"

"ပြေမှာပါ။ အနံ့နဲ့တင် အရမ်းကောင်းမယ်ဆိုတာ ကြိုသိနေပြီ။ ဪ... မင်းရော မစားဘူးလား"

"ငို"က အပြုံးသုံ့သုံ့နှင့် ခေါင်းတစ်ချက်ယမ်းမိကာ...

"ကျွန်မ မစားချင်ပါဘူး။ လူမမာ စားဖို့အတွက်ပဲ လုပ်ထားတာပါ"

သူက အပြုံးတစ်ချက်နှင့် ပခုံးတွန့်ပြပြီး ခုံမှာဝင်ထိုင်ကာ soup ကို စတင်မြည်းစမ်းလေသည်။ ကိုယ့်လက်ရာကိုယ်ယုံသော်လည်း ဘာများပြောမလဲ ဟူသော သိချင်စိတ်ဖြင့်

www.burmeseclassic.com



"ဍို"က ခေါင်းလေးတောင်ငုံ့ပြီး စိတ်ဝင်တစား နားထောင်မိနေသည်။ သူက တစ်ဖွန်းမျိုချပြီးနောက်...

"အား... ကောင်းလိုက်တာ။ တော်တော်အရသာရှိတာပဲ"

"ဟုတ်လား... ဒါဆို များများစားပါ။ ကျွန်မ အရှေ့က စောင့်နေပါ့မယ်၊ ထပ်လိုချင်သေးရင် အိုးထဲမှာ ရှိပါသေးတယ်"

"အိုခေ... ဩော်... အဆင်ပြေမယ်ဆိုရင် ဒီမှာပဲ ထိုင်ပေးပါလား။ စကားလေး ဘာလေး ပြောရတာပေါ့"

"ဍို"က မငြင်းဆန်တော့ဘဲ သူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လာသည်။ သူက မြိန်ရေရှက်ရေစားနေရင်း လေးငါးဖွန်း ဝင်သွားပြီးတော့မှ တစ်သျှူးတစ်ရွက်ကို လှမ်းယူကာ "ဍို"ကို အပြုံးတစ်ချက်နှင့် ခေါင်းဆတ်ပြသည်။ ဒီလူ ပြုံးပြလိုက်လျှင် နှစ်လိုဖွယ် ခံစားရတာ ဘာကြောင့်မှန်း မသိပါ။

"သင့်ခ်ယူ... တော်တော်စားကောင်းတယ်။ ငရုတ်ကောင်းလေးနဲ့ဆိုတော့ ပွင့်တောင် ပွင့်သွားသလိုပဲ။ ဒါနဲ့ စကားမစပ် မင်းက အချက်အပြုတ်လည်း ဖြစ်တယ်ပေါ့... ဟုတ်လား"





"အဟင်း... အဲလောက်လည်း မဟုတ်ပါဘူး"

"ဟား ဟား... မင်းကို ကိုယ် ချက်မကျွေးနိုင်ပါဘူးကွ။ မင်းလက်ရာက ပထမတန်းစားဆိုတော့ မင်းဝါသနာက ချက်ရေးပြုတ်ရေးလားလို့ မေးကြည့်တာပါ"

"ကျွန်မ ဝါသနာက ချက်ရေးပြုတ်ရေး မဟုတ်ပါဘူး။ ကျွန်မတို့က သားအဖနှစ်ယောက်တည်းဆိုတော့ အဆင်ပြေသလိုစားက်ရင်း တတ်သွားကြတာပါ။ လက်ဦးဆရာကတော့ ဖေဖေပေါ့။ ဖေဖေက ကျွန်မထက်တောင် ဟင်းချက်ကောင်းပါသေးတယ်"

"အေးပေါ့... ဖြစ်နိုင်ပါတယ်။ ဟင်းချက် ထမင်းချက်ကို အများစုက မိန်းမတွေအလုပ်လို့ သတ်မှတ်ထားကြပေမယ့် တကယ့် စားဖိုမှူးကြီးဆိုတာ ယောကျ်ားတွေချည်းပဲ။ ကိုယ်တို့ စင်ကာပူကအိမ်မှာ ဦးဆန်နီ ဆိုတဲ့ လူကြီးကလည်း ဟင်းချက်သိပ်ကောင်းတာ။ ပင်နီဆူလာမှာ မြန်မာစားသောက်ဆိုင်တောင် ဖွင့်ထားတာလေ...

ပြောသာ ပြောရတယ် ကိုယ်က ဒီရောက်မှ မြန်မာစားအသောက် ဝေသလိုတောင် ဖြစ်နေတာ။ ဟိုမှာ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးရှိတော့ မြန်မာထမင်းဟင်းကို နေ့တိုင်းလိုလို ရှယ်စားရတယ်"

ထိုအချိန်ဝယ် သူ့ပန်းကန်ထဲတွင် မြူစွမ်ဖင်ကပ်သာ ကျန်တော့သဖြင့် "ငို"က ထပ်ထည့်ပေးရသေးလေသည်။ သူက တစ်ချက်ရပ်ကာ သင့်ခ်ယူးဟု ဆိုသေးသည်။ ကော်ဖီသောက်ရအောင်လေ ကော်ဖီသောက်ပါလားဟု ဆိုသဖြင့် မငြင်းတော့ဘဲ ကော်ဖီနှစ်ခွက် ထပ်ဖျော်ကာ သူသောက်ဖို့ ဆေးနှင့်ရေတစ်ခွက်ကို ဘေးမှာ အဆင်သင့် ချထားပေးမိသည်။ သူက ဒီတစ်ခါတော့ "ငို့"ကို သင့်ခ်ယူ ထပ်မပြောတော့ဘဲ ကျေးဇူးတင်သည့် မျက်လုံးများနှင့်သာ ခေါင်းဆတ်ပြသည်။ သူ့ပန်းကန်ကိုလည်း "ငို"ပဲ ဖွတ်ယူကာ ဆေးပေးလိုက်သည်။ အဲဒီနောက် သူဆေးသောက်ပြီးချိန်မှာတော့ ရှေ့ကစည့်ခန်းထဲတွင် ကော်ဖီတစ်ယောက်တစ်ခွက်နှင့် ထိုင်မိကြလေသည်။

"ခုန ပြောရင်းနဲ့ စကားစ ပြတ်သွားတယ်။ မင်းဝါသနာကဘာများပါလိမ့်၊ ဟင်းချက်တာ ဝါသနာပါလို့ မဟုတ်သေးဘူးဆိုရင် တခြားဝါသနာလို့ ပြောလို့ရမယ့်ဟာမျိုး ရှိသေးလား"





ကော်ဖီကို တစ်ငုံ ငုံရင်း ပြောသင့် မပြောသင့် "ငို" စဉ်းစားနေမိသည်။ နောက်တော့လည်း ပြောလည်း ဘာမှမထူးပါဘူးဟု တွေးမိကာ ခေါင်းတစ်ချက် ညိတ်လိုက်ရင်း…

"ရှိတယ်… ကျွန်မက ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်တာပါ"

"ဒီဇိုင်နာ ! ၊ ဘာဒီဇိုင်နာလဲ"

"အဝတ်အစားတွေ ဒီဇိုင်းဆွဲတဲ့ ဒီဇိုင်နာလေ"

"ဩော်… ဂျော်ဂျီဂိုအမာနီ တို့လို ဒီဇိုင်နာမျိုးလား"

"အင်း… တကယ်တမ်း တိတိကျကျ ပြောရရင်တော့ Europe က ဒီဇိုင်နာတွေ ဆိုတာ ဒီဇိုင်းတစ်ခုကို ထွင်ရုံပဲ ထွင်တာ။ ဒီဇိုင်းဆွဲရုံပဲပေါ့။ ဒီက ဒီဇိုင်နာတွေကျတော့ သူ့အရပ်နဲ့ သူ့ဓာတ်ပေါ့လေ။ များသောအားဖြင့် တေလာတွေက ဒီဇိုင်နာ ကူးပြောင်းသွားတာမျိုးတွေပါပဲ။ ဒီက ဒီဇိုင်နာတွေကတော့ ကိုယ်တိုင်ပါ တော်တော်များများ စက်ချုပ်တတ်ကြတယ်…

ပြောရရင်တော့ ကျွန်မလည်း အဲဒီပညာကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ professional လုပ်ချင်တာပါ။ ဒီဇိုင်း

www.burmeseclassic.com



လေးတွေ ဆွဲမယ်၊ နောက် ကိုယ်တိုင်ဖန်တီး ချုပ်လုပ်ချင်တယ်ပေါ့”

“ သြော်... သြော်... လက်ရှိမှာတော့ မင်းရဲ့ဆန္ဒကို အကောင်အထည် မဖော်သေးဘူးပေါ့”

“ဆန္ဒဆိုတာ ကိုယ် ဖော်ချင်တိုင်း ဖော်လို့ရတာမှ မဟုတ်တာ။ ကျွန်မ တက်ချင်တဲ့ သင်တန်းက ဈေးကြီးတယ်လေ။ အဲဒါကြောင့် အလုပ် လုပ်ရင်း ပိုက်ဆံစုနေတာပါ”

“သြော်”

သူက သြော် တစ်လုံးနှင့် ဆက်မပြောတော့ချေ။ “ငှို”က လက်ကျန်ကော်ဖီကို မော့ချလိုက်ရင်း...

“ဆေးလည်း သောက်ထားတယ်ဆိုတော့ ရှင် တစ်ရေးလောက် ထပ်မှေးပြီး နားလိုက်ပါဦး။ soup လည်း အိုးထဲမှာ ကျန်သေးတယ်။ နေ့လယ်ဆာရင် ထပ်သောက်လို့ရသေးတယ်။ ညစာ အတွက်ရော ဘာလုပ်ပေးခဲ့ရမလဲ”

“အင်း... ရပါတယ်။ ကိုယ် ညဘက်ကို ကော်ဖီနဲ့ ပေါင်မုန့်ပဲ စားတော့မှာ။ ကျေးဇူးပါပဲ မင်း ပြန်တော့မလို့လား”





“ဟို... ရှင် အိပ်မယ်ဆိုရင်တော့ ကျွန်မ ပြန်မလားလို့ပါ။ တခြား ဘာနိုင်းစရာရှိလဲ၊ စားချင်တာရှိရင်လည်း သွားဝယ်ပေးပါ့မယ်”

“သြော်... နေပါ... နေပါ။ မရှိပါဘူး။ မင်း ပြန်နားပါ”

“ဟုတ်... ဒါဆို တစ်ခုခု လိုချင်တာရှိရင် ဖုန်းဆက်ပါနော်”

သူက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ပြသည်။ ကားမောင်းပြီး အိမ်ပြန်လာသော “ငှို”စိတ်ထဲတွင် ထူးထူးခြားခြား တစ်စုံတစ်ရာကို ကျေနပ်ပီတိဖြစ်စိတ်တို့ လွှမ်းခြုံနေခဲ့သည်ဆိုလျှင် ဒါဟာ လူတစ်ယောက်ကို မေတ္တာသက်သက်ဖြင့် ကူညီခွင့်ရခဲ့ခြင်းကြောင့်သာ ဖြစ်ပါလိမ့်မည်။

○



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

စပြီးဖျားတဲ့နေ့က ကြက်သားမြှုစွမ်လေးသောက်၊ အကိုက်အခဲပျောက်ဆေးလေး သောက်ထားပေမယ့် ရန်ကုန်မိုးနဲ့ ရန်ကုန်တုပ်ကွေးက သူ့ကို အဲဒီလောက်နဲ့ အိုခေခွင့် မပေးခဲ့ပါ။ အဖျားက မကျသဖြင့် သူမကပဲ သူ့ကို ဆေးခန်းသွားဖို့ တိုက်တွန်းလျက် ကိုယ်တိုင်ကိုယ်ကျ လိုက်ပို့ရသည်။ ဆေးထိုးလိုက်တော့မှပဲ အဖျားက ကျလေတော့သည်။ အဖျားကျသွားပေမယ့် လူက အားမရှိ၊ အားပြတ်ကာ အစားအသောက်ပျက်ပြီး ကျန်ခဲ့လေသည်။ အဲဒီအတွက်လည်း မိုးငွေကာကပဲ သူ့ရဲ့အာဟာရပညာရှင်အဖြစ် တာဝန်ယူရသည်။ အားမရှိ အားပြတ်ကျန်ခဲ့သော သူ့ကို ကြက်ပေါင်းရည် လုပ်ပေးရတာ၊ ငှက်သိုက် လုပ်ပေးရတာမျိုး





တွေ ဂရုတစိုက် တာဝန်ကျေခဲ့သလို အားပြည့်လာသော်လည်း ပါးစပ်ပျက်ကာ ဘာမှ မစားချင် မသောက်ချင် ဖြစ်သည့်ဒဏ်ကို သူမက ကုစားပေးဦးမည်ဟု ပြုံးစစ ဆိုပြန်လေသည်။

"ဟုတ်လား... ဆိုစမ်းပါဦး။ မင်းက ဒီဇိုင်နာသာ ဝါသနာပါတယ် ပြောနေတာ၊ ဒီလို အစားအသောက် ဗဟုသုတတွေလည်း ရှိတာပဲ။ ပါးစပ်ပျက်တာကို ပျောက်တဲ့ဆေး ရှိလား"

"ရှိတာပေါ့"

သူမက ပခုံးတစ်ချက်တွန့်ကာ ပြုံးစစဆိုလျှင် သူက အဲဒီပုံစံကို ငေးကာ ပြုံးကြည့်မိသည်။ ခုဆိုလျှင် သူ ရန်ကုန်ကို ရောက်ခဲ့သည်မှာ သုံးပတ်မျှ ရှိခဲ့ပြီ။ ဒီ နောက်ဆုံးရက်သတ္တပတ်တွင် သူ မိုးမိပြီး တုပ်ကွေးအဖျားဝင်ခဲ့ခြင်းက သူနဲ့ မိုးငွေကာအား ရင်းနှီးခင်မင်မှု ပိုဖြစ်တွန်းစေခဲ့သည် ဆိုလျှင် တုပ်ကွေးကိုပဲ ကျေးဇူးတင်ရမည်လေလား။ အရင်က သူ့အပေါ်မှာ တာဝန်ကျေဖို့ တစ်ခုထက် စည်းတစ်ခုခြားကာ ခပ်မှန်မှန်ဆက်ဆံခဲ့သော "မိုးငွေကာ"သည် သူ တကယ်တမ်း ဖျားနာနေမှကောင်း ဖြစ်သောအခါ ထင်သလို ပစ်မထားခဲ့ပါချေ။ သူမ



www.burmeseclassic.com

www.burmeseclassic.com



စေတနာရှေ့ထား ကူညီခဲ့တာကို ရင်ထဲက ခံစားရ၍ရသဖြင့်လည်း ကြည်နူးရသည်။ တုပ်ကွေးကြောင့် သူတို့နှစ်ယောက် မိတ်ဆွေရင်းခြာတွေလို ဖြစ်သွားရသည်ဆိုလျှင် ကွေးရကျိုး နပ်ပြီဟု ပြောရမလား မသိချေ။

"ပြောပါဦး... ပါးစပ်ပျက်တာကို ပျောက်တဲ့ဆေးက ဘာဆေးလဲ။ မင်းတို့မိသားစုရဲ့ နန်းတွင်းသမားတော်ဆေးကြီးလား"

သူ အဲဒီလို မေးလိုက်လျှင် သူမထံမှ မမျှော်လင့်ထားသော တုံ့ပြန်မှုတစ်ခု ကြုံရလေသည်။ အဲဒါကတော့ ဟက်ဟက်ပက်ပက် ရယ်မောလိုက်တာပဲ ဖြစ်သည်။ သူမဆီမှ အဲဒီလို ပွင့်လင်းလွတ်လပ်သော ရယ်မောမှုမျိုး မတွေ့ဘူးသဖြင့် အထူးအဆန်းတောင် ဖြစ်သွားရသည်။

"ဟင်း ဟင်း... မဟုတ်ပါဘူး၊ နန်းတွင်းအစားအသောက်ပါ"

အဲဒီလိုပြောပြီးတော့ နောက်တစ်ရက် သူ နေ့လယ်စာ စားမယ့်အချိန်တွင် စတီးလ်ချိုင့်တစ်ချိုင့်ဖြင့် ရောက်ချလာလေသည်။ ကဲ... စားကြရအောင်ဟု ဆိုကာ သူမက ချိုင့်ထဲက





အရာတွေကို အိမ်ကအိုးထဲသို့ပြောင်း၍ လှယ်ထည့်ကာ မီးဖွင့်၍ နွေးလေသည်။ နွေးနေသော အပူရှိန်ကြောင့် အနံ့က ဝေ့ခနဲတက်လာလျှင် ဘာလဲဆိုတာ သူက ချက်ချင်းသိလိုက်သည်။

"ဟေး... အဲဒါ ကြာဆံချက်လား"

သူမက ကျောပေးနေရက်သားမှ ခေါင်းပဲလှည့်ကာ "ဟုတ်တယ်"ဟူသော သဘောဖြင့် လှစ်ခနဲ ပြုံးပြပုံကို သူ ငေးခနဲ ဖြစ်သွားရသည်။ အပြင်တွေမှ မထွက်တာ၊ မင်းလည်း on duty ပေါ့၊ အိမ်ပဲလာတာ ပေါ့ပေါ့ပါးပါး ဝတ်ပါဟု ပြောထားသဖြင့် သူမက ခါတိုင်းဝတ်နေကြ လူနီဖောင်းသဲသဘောမျိုးဆန်ဆန်တွေ ဝတ်မလာဘဲ ရှပ်နက်ပြာအကွက်ကျဲကျဲကို ဂျင်း(န်)နက်ပြာစိုစို ဘောင်းဘီနဲ့မို့ ခါတိုင်းထက် ပိုမိုလွတ်လပ်သည့်သဏ္ဌာန်ရှိနေသည်။

ရောက်ခါစထက်စာလျှင် သူ့အိမ်ထဲမှာ သွားလာလှုပ်ရှားခြင်း၌ သက်သောင့်သက်သာ ပိုရှိဟန် ပေါ်လာသော "မိုးငြိကာ"မှာ မီးဖိုထဲ၌ သွက်လက်ကျွမ်းဝင်စွာ လှုပ်ရှားနေပုံမှာ ဒီအိမ်ရဲ့ အိမ်သားတစ်ယောက်လိုလို၊ အိမ်ရှင်မလိုလို၊ မ... အဲဒီလို တွေးမိတော့ သူမကို တကယ်ပဲ အားနာသွားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ထွေလီကာလီ တွေးမိဟန်မပေါ်ဘဲ စားပွဲပေါ်မှာ စားစရာတွေ ပြင်ဆင်ပြီးလျှင် သူ့ကို လှမ်းခေါ်သည်။

"စားလို့ ရပါပြီ။ ရှင် အစပ်နည်းနည်း စားနိုင်တယ်မှလား"

"များများလည်း စားနိုင်တယ်"

သူက စားပွဲမှာ ဝင်ထိုင်ရင်း ဆုဝဲကြည့်လိုက်လျှင် အငွေ့တထောင်းထောင်း ထနေသော ကြာဆံချက်နှင့် စားချင့်စဖွယ် ပြင်ဆင်ကွယ် ဟူသော စကားနှင့်အညီ ပြင်ဆင်ထားသော ရှောက်သီးသုပ်ပန်းကန်။

"ကိုယ်က ယောက်ျားလေးသာ ဖြစ်တာ ရှူးရှူးရဲရဲ ချဉ်ချဉ်စပ်စပ်တွေ ကြိုက်တယ်လေ။ ထိုင်းစာဆို အရမ်းကြိုက်တာ။ မင်း ကြာဆံချက်နဲ့ ရှောက်သီးသုပ် ကြည့်ရတာ ရှယ်ပါပဲလား"

သူမက ဘာမှမပြောဘဲ ပြုံးကာသာနေသည်။ သူက ရှောက်သီးသုပ်လေးကို စမြည်းလိုက်သည်။ အနေတော်လေးစပ်ထားသော ရှောက်သီးသုပ်က လုံးဝမစားဘဲ အစပ်အဟပ်တည့်လွန်းသဖြင့် နောက်တစ်ဖွန်း ထပ်မနှိုက်ဘဲ မနေနိုင်ပါ။ ကြာဆံချက်ကတော့ ပူပူချိုချိုလေး။ သူမက သံပရာသီးနှင့် ငရုတ်သီးမှုန့်ပန်းကန်ကို တိုးပေးရင်း...





"လိုတာရှိရင် ပြင်စားနော်။ ကျွန်မက ဒီအတိုင်းပဲ ချပေးထားတာ"

"အိုခေပါ"

သူက သံပရာသီးနည်းနည်းညှစ်၊ ငရုတ်သီးမှုန့်နည်းနည်းဖြူးသည်။ ပုစွန်ခြောက် မညက်တညက်တွေ နန်းချင်းပါဝင်သော၊ ငါးမိဖုတ်နံ့လေးလည်း သင်းနေသော ရှောက်သီးသုပ်မှာစပ်တစပ်ထဲလည်း ဖွန်းက မရွေ့ချင်ပေ။

"မင်းရော မစားဘူးလား။ စားလေ"

"ကျွန်မ စားပြီးပါပြီ"

"ဟုတ်ရဲ့လား... အင်း... တော်တော် ကောင်းတာပဲ။ ဘာစားစား ထုံနေတဲ့လျှာတော့ တော်တော်သွက်လာပြီ။ အား... ပွင့်သွားတာပဲ"

သူမက သူ အားပါးတရ စားနေတာကို ပြုံး၍ကြည့်နေလေသည်။ ကြာဆံချက်နှစ်ပွဲနှင့် ရှောက်သီးသုပ် တစ်ပန်းကန်လုံး ပြောင်သွားသောအခါ သူလည်း ချွေးတွေရော နှာရည်တွေရော ထွက်လျက် ပိတ်နေတာတွေ အကုန်ပွင့်သွားလေသည်။ ချွေးတွေထွက်လွန်းသဖြင့် အင်္ကျီတောင် သွားလဲရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ထွက်လာသောအခါ သူမက မိုနားကာ ကော်ဖီနှစ်ခွက်ထောင် ဖျော်ပြီး ဖြစ်နေလေပြီ။ သူမ ဖျော်သော မိုနားကာကော်ဖီမှာ ခါးဆိမ့်မွှေးလေးဖြစ်ကာ အင်မတန် သောက်ကောင်းလေသည်။

"အစပ်ပြေလေး သောက်လိုက်ပါဦး၊ အမှန်ဆိုရင်တော့ ကော်ဖီနဲ့ ချိစ်ကိတ်လေးဖြစ်ဖြစ် အချိုတည်းရမှာနော်။ ဒါပေမဲ့ ကျွန်မက မုန့်ကတော့ မလုပ်တတ်ဘူး။ ရှင်ကလည်း မုန့်လုပ်တတ်တဲ့သူနဲ့ မတွေ့ရသေးဘူးဆိုတော့"

သူမ စကားကို နှစ်စက္ကန့်လောက် နားမလည်နိုင်ဖြစ်သွားပေမယ့် ဘာကိုဆိုလိုလဲဆိုတာ ခဏချင်းပဲ သဘောပေါက်သွားလေသည်။ သြော်... လက်စသတ်တော့ သူ စောင့်ကြည့်နေခဲ့သည့် "ခင်ဘုန်းပြည့်စုံ"ကို ရည်ရွယ်ပြီး ပြောတာကိုး။ အင်း... ဟုတ်ပေသားပဲ။ ခင်ဘုန်းပြည့်စုံကိုတောင် သူ ဒီအတောအတွင်း မေ့နေခဲ့သည်။ မိုးဇီကာ ကတော့ သူ့ကို ရင်းနှီးလာသောစိတ်ဖြင့် တမင်နှောက်လိုက်သည်ဆိုတာ သိသော်လည်း သူမစိတ်ထဲမှာ ခင်ဘုန်းပြည့်စုံနှင့် သူ့ကို ဘယ်လိုသဘောထားလဲဆိုတာ တွေးစရာ ဖြစ်လာလေသည်။

"အင်းနော်"



အတွေးနှင့်အတူ ဘာကို အင်းနော် မိမှန်းမသိဘဲ ယောင်ယမ်းပြီး အင်းနော် မိသည်။

"ကျွန်မစိတ်ထင် ရှင် တွေ့သင့်တယ်လို့ ထင်တယ်"

"........"

"ဆောရီး... ကျွန်မ သိပ်စွက်ဖက်ရာ ကျသွားလား မသိဘူး"

"မကျပါဘူး။ မင်းက ကိုယ့်ရဲ့သူငယ်ချင်း မိတ်ဆွေပဲလေ"

အဲဒီစကားကိုတော့ သူမက အသာအယာ ပြုံးနေပုံထောက် လက်ခံသွားဟန် တူပါသည်။

"တစ်ခါတလေ မျက်နှာချင်းဆိုင်တွေ့ပြီး စကားပြောကြည့်ရင်လည်း အခြေအနေက တစ်မျိုး ပြောင်းတတ်ပါသေးတယ်"

"ဟုတ်လား... မင်းက အဲဒီလို လူမှုရေးကိစ္စတွေ တော်တော်နားလည်လား"

"အို... ကျွန်မ အဲဒီလောက် နားလည်လို့ ပြောတာမဟုတ်ပါဘူး။ ဒါပေမဲ့ relationships ရှိတဲ့ လူနှစ်ယောက်ကြား

www.burmeseclassic.com

www.burmeseclassic.com



မှာ သံယောဇဉ်နဲ့ စဉ်းစားထောက်ထားရတာတွေ ရှိတတ်တယ်လေ"

သူမထံက relationships တွေ သံယောဇဉ်တွေ ထွက်လာသဖြင့် သူက စိတ်ဝင်စားသွားသည်။ ဒီလို ခေတ်မီတက်ကြွတဲ့ မိန်းကလေးတစ်ယောက်ထံမှာ ပတ်သက်မှုတဲ့ ပတ်သက်ခဲ့တဲ့ ယောကျ်ားလေးတစ်ယောက်ယောက်များ ရှိမနေနိုင်ဘူးလား။

"မင်းမှာ boyfriend ရှိလား"

"ရှင် ! "

"ဪ... မင်းက relationship အကြောင်း ပြောနေလို့ မေးကြည့်တာပါ။ ဆောရီး Personal အရ မပြောချင်ရင်လည်း ရပါတယ်"

"မပြောချင်ဘူးလို့ မရှိပါဘူး။ အဟင်း... ကျွန်မမှာ ကိုယ်ပိုင်အတွေ့အကြုံ မရှိပါဘူး။ စာတွေ ဖတ်ဖူးတာရယ် သူငယ်ချင်းတွေကို တွေ့မြင်တာတွေနဲ့ ပြောကြည့်တာပါ"

"ဪ... ဪ... မင်းကို ကိုယ်မြင်တာ တစ်ခုလောက် ပြောကြည့်လို့ ရမလား စိတ်မဆိုးဘူး ဆိုရင်ပေါ့"



"ပြောလေ... ကျွန်မအပေါ် တစ်ခြားတစ်ယောက်က မြင်တဲ့ အမြင်ဆိုတော့ စိတ်ဝင်စားစရာပဲ။ နားထောင်ချင်တယ်"

သူမက မျက်လုံးလေးများပင် တောက်ပလာလျှင် သူက သဘောတကျနှင့် ပြုံးမိရသည်။ ဪ... လူဆိုတာ ကိုယ့်အကြောင်းကို တခြားတစ်ယောက်က ဘယ်လိုမှတ်ချက်ပေးမလဲဆိုတာ စိတ်ဝင်တစား ရှိတတ်ကြတာပဲ။

"မင်းက အချစ်ဆိုတာထက် ဘဝကို ပိုစိတ်ဝင်စားတယ်။ အင်း... ဘယ်လိုပြောရမလဲ၊ ဘဝအတွက် ရည်မှန်းချက်များတယ်ပေါ့။ ကိုယ်နဲ့ ထိုက်တန်တဲ့ အောင်မြင်မှုတစ်ခုကို အရယူချင်တဲ့ သဘောရှိတယ်"

"ဟုတ်လား... ရှင် ဘယ်လိုလုပ် သိတာပဲ"

"ဟင်း... ဟင်း... မင်း မျက်နှာမှာ ပေါ်နေတယ်လေ"

"အင်း... ဟုတ်မယ် ထင်တယ်။ ကျွန်မ ခေါင်းထဲမှာ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ ဆန္ဒအရမ်းပြင်းပြနေပြီ။ အချိန်ရှိသရွေ့ ငါ့အိပ်မက်လေး ဘယ်တော့ မှပြည့်ဝပါ့မလဲလို့ တွေးနေမိတယ်။ အဲဒါကြောင့် မျက်နှာကို ရှင် အလွယ်တကူ ဖတ်လို့ရတယ် ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အဲဒီလောက် ပြင်းပြနေရတာလဲ"

"ကျွန်မ ဝါသနာပေါ့။" လုပ်တဲ့ အဝတ်အစားတွေကို ဖန်တီးချုပ်လုပ်ချင်နေတယ်၊ ကျွန်မ ကိုယ့် talent ကိုယ် ကောင်းကောင်းယုံကြည်တယ်။ ကျွန်မ အောင်မြင်လာရင် ကျွန်မလက်ရာကို customer တွေ ကြိုက်လာရင် ကျွန်မ income လည်း တက်လာမယ်။ ကျွန်မတို့ အဆင့်အတန်း ဒီ့ထက်မြင့်လာမယ်ပေါ့ ...

ကျွန်မအဖေကိုလည်း နားနားနေနေ နေစေချင်တယ်။ ဖေဖေကလည်း အခု ကျွန်မသင်တန်းကြေးအတွက် ကြိုးစားပမ်းစား၊ ငွေပိုရှာနေတော့ ပင်ပန်းတယ်လေ၊ အဲဒါကိုလည်း ကျွန်မ သနားမိတယ်၊ နားစေချင်ပြီပေါ့လေ၊ ကားဆွဲရတာလည်း ပင်ပန်းတယ် မဟုတ်လား။ ခုဆို ကားလမ်းတွေကပိတ် ကားတွေကကျပ်၊ ခေတ်ကာလကလည်း မကောင်းတော့ စိတ်ပူစိုးရိမ်ရတာတွေလည်း ရှိတယ်။ Taxi သမားတွေထဲမှာ ခရီးသည်ကို ဒုက္ခပေးတဲ့သူတွေ ရှိသလို ခရီးသည်ဟန်ဆောင်ပြီး Taxi သမားကို ဒုက္ခပေးတဲ့လူတွေလည်း ရှိတာပဲ...





ဒီခေတ်က ဘယ်သူ့ ဘယ်သူ့ကိုမှ မယုံရတဲ့ အနေအထားလေ။ အဲဒါတွေကြောင့် ကျွန်မဖေဖေကို အေးအေးဆေးဆေး နားစေချင်တာလည်း ပါတယ်"

သူမက မပြောစဖူး စကားတွေ အရှည်ကြီးကို စိတ်ပါလက်ပါ ပြောနေလေသည်။ သူက ဘာပြန်ပြောရမှန်း မသိဘဲ ငေးကြည့်နေမိတာမို့ စကားရပ်သွားသော သူမက သူ့ကို ပြန်ကြည့်ရင်း "ဆောရီး"ဟု ရေရွတ်သည်။

"ဆောရီး... ကျွန်မ စကားများသလို ဖြစ်သွားလား မသိဘူး"

"ဩော်... မဖြစ်ပါဘူး။ ကိုယ်က မင်းပြောတဲ့ စကားထဲမှာ မျောသွားတာ ဘာပဲဖြစ်ဖြစ် မင်းက အဖေတစ်ယောက်လုံး သက်ရှိထင်ရှား ရှိနေတာ ကံကောင်းတာပေါ့။ မိဘကို လုပ်ကျွေးခွင့်ရတဲ့ သားသမီးတွေက ကံကောင်းတာပေါ့။ ကိုယ်ဆို မိဘတွေက ကိုယ်ငယ်ငယ်တည်းက ဆုံးသွားတော့ မိဘကို လုပ်ကျွေးပြုစုဖို့ နေ့နေ့သာသာ ရေတစ်ခွက်တောင် မတိုက်ခဲ့ဖူးဘူး။ မိဘတွေကသာ သက်ရှိထင်ရှား မရှိတော့ပေမယ့် ကိုယ့်အတွက် ပြည့်စုံအောင် ထားပေးခဲ့ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့်လည်း မိဘတွေ ဆန္ဒရှိခဲ့တဲ့ ကိစ္စတစ်ခုကို ကိုယ်တိုင်က စိတ်မပါ လက်မပါ ရှိလှပေမယ့်လည်း ရောက်အောင် ပြန်လာခဲ့တယ် ဆိုတာကိုတော့ ဖြည့်စွက်၍ မပြောပြဖြစ်တော့ပါ။

"မိဘတွေ မရှိတော့ပေမယ့် မိဘတွေကို ရည်စူးပြီး ဘုရားမှာ ကုသိုလ်ကောင်းမှု ပြုပေးတာ၊ အလှူဒါနတွေ လုပ်ပေးတာ၊ မိဘတွေ ရှိစဉ်က ဆန္ဒတွေကို အကောင်အထည်ဖော်ပေးတာကလည်း မိဘကျေးဇူး ဆပ်တာပါပဲ။ ထိလည်း ထိရောက်ပါတယ်"

"ဟုတ်လား…။ အင်း… မင်းပြောမှပဲ သတိရတော့တယ်။ ကိုယ့်မိဘတွေကို ရည်စူးပြီး အလှူမလုပ်ပေးဖူးသေးဘူး။ တစ်ရက်မှာပဲ ဘုရားကိုလည်းသွားပြီး အလှူလုပ်ပေးရမယ်နော်။ ကျေးဇူးပဲ မိုးငှိုကာ။ မင်းဆီကနေ ခုလို အဖိုးတန်စကားတွေ ကြားရတာ ဝမ်းသာတယ်။ ကျေးဇူးလည်းတင်တယ်။ နောက်လည်း ကိုယ့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး လိုအပ်တာ အကြံပေးပါ"



"အဟင်း… ကျွန်မက အဲလောက် သိတဲ့သူ မဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ရှင့်အတွက် အကျိုးရှိတယ်ဆိုရင် ဝမ်းသာပါတယ်"

ကြည်ကြည်လင်လင်နှင့် ပြုံးပြုံးရွှင်ရွှင် ပြန်ပြောနေသော မိုးငှိုကာရဲ့ မျက်နှာကိုကြည့်ရင်း သူ့ရင်ထဲတွင် ခံစားချက်တစ်မျိုး ခွတ်ပျံ့လာသည်။ ဒါဟာ ရင်ခုန်တာလည်းမဟုတ် စိတ်လှုပ်ရှားတာလည်းမဟုတ်၊ အမျိုးအမည်မသိသော သိမ်မွေ့သည့် အရှုံးတစ်ခုပါပဲ။ သူလည်း မိန်းကလေးတချို့နှင့် date ဖူးတာပဲလေ။ ဒါပေမဲ့ ဒီမိန်းကလေးကို မြင်ရတဲ့အခိုက် ဖြစ်တဲ့စိတ်ကတော့ သိမ်မွေ့လှပါသည်။ သူမရဲ့ ရည်မွန်းချက်တွေကိုလည်း အမြန်ဆုံး ပြည့်စေချင်လှသည်။

"ကဲ… ကိုယ် နေကောင်းသွားပြီဆိုတော့ မနက်ဖြန်ကျရင် စိတ်ဝင်စားစရာကောင်းတဲ့ တစ်နေရာကို သွားကြမယ် မိုးငှိုကာရေ"

သူက အဲဒီလို ပြောလိုက်လျှင် သူမက တောက်ပသော မျက်ဝန်းများဖြင့် ပြန်ကြည့်နေခဲ့သည်။

○

www.burmeseclassic.com



(၁၂)

"ဒါ ကိုယ်ငယ်ငယ်က နေခဲ့တဲ့ အိမ်ပေါ့။ အခုသွားမှာ ကတော့ ဟိုဘက်ကခြံ"

သူ ညွှန်ပြလိုက်သော ကပ်ရပ်ခြံနှစ်ခြံကို သူမက ကားမောင်းရင်း အသာငဲ့ကြည့်သည်။ ရန်ကုန်မြို့ရဲ့ လူကုံထံရပ်ကွက် ဆိုပေမယ့် ခေတ်မီတိုက်တာများထက် လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က အသွေးအရောင် အတိုင်းပဲ ဖြစ်ကာ နှစ်ရှည်ပင်ကြီးတွေ အုံ့ဆိုင်းလျက် ရန်ကုန်မြို့ထဲပေမယ့် ရန်ကုန်မြို့နဲ့တောင် သိပ်မတူချေ။ သူ ငယ်ငယ်တုန်းက အဖြစ်အပျက်တွေကို ပြန်တောင် သတိရသွား၍ ရင်ထဲမှာတောင် လှမ်းဆွတ်သွားသလိုလို။ ဒီနေရာမှာ အသက်ခုနစ်နှစ်ထိပဲ နေဖူးတယ် ဆိုသော်လည်း သူ့ရင်ထဲတွင် မိဘတွေနဲ့ ပတ်သက်ပြီး အမှတ်တရများစွာ ကျန်ရှိနေသည်ဟု ထင်ပါသည်။





"ဟွန်းတီးလိုက်ရမလား"

"အင်း... တီးလိုက်လေ"

သူက ကြိုတင်ဖုန်းဆက်ပြီးသား ဖြစ်သဖြင့် သူလာမယ်ဆိုတာ ဒီအိမ်ကလူတွေ ကြိုသိပြီးသားဖြစ်သည်။ လေးလေးကလည်း ဖုန်းဆက်ထားသလို သူ ကိုယ်တိုင်လည်း စကားပြောကြည့်သောအခါ တစ်ဖက်က တုံ့ပြန်ချက်က နွေးထွေးဖော်ရွေသဖြင့် ဝမ်းတော့ ဝမ်းသာရသေးသည်။ ဘယ်တုန်းကရောက်နေတာလဲ ဘာညာ ဆိုတာကိုတော့ နှစ်ရက် သုံးရက်ပဲ ရှိသေးတယ်ဟု ရှိုးဖျန်းရသပေါ့လေ။

သူမက ကားဟွန်းတစ်ချက် တီးလိုက်သောအခါ အဆင်သင့် စောင့်နေသည့်အလား ခြံတံခါးကို လူတစ်ယောက်က ချက်ချင်းပဲ ဖွင့်ပေးလျှင် ခြံထဲ ကားကိုမောင်းဝင်လာခဲ့သည်။ ဒီခြံလည်း အထဲမှာ တကယ့်ကို အတိတ်လမ်းကို ပြန်လျှောက်သော ဒီဇိုင်းပါပဲ။ သစ်ပင် ပန်းမန်တွေ စိုက်ပျိုးထားပေမယ့် ပန်းအိုးဒီဇိုင်းတွေကအစ အရင်က အိုးတွေကို ထိုးသုတ်ထားပုံမှာ သူ ငယ်ငယ်ဘဝကိုတောင် သတိရစေသည်။ အင်း... ငယ်ဘဝကိုတောင် ပြန်ရောက်သွားသလိုပါပဲ။ အိမ်နဲ့ ခြံရဲ့ အပြင်အဆင်ဟာ ဒီဘက်ခေတ်ရဲ့ ခေတ်မီသွင်ပြင်ဒီဇိုင်း လုံးဝရှိမနေပို့လေ။

www.burmeseclassic.com



ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် အန်တီသူဇာက ဖြစ်မည်ဟု ခန့်မှန်းရသော အန်တီလှလှတစ်ယောက်နှင့် ခင်ဘုန်းပြည့်စုံကို ရပ်စောင့်ကြိုနေတာ တွေ့လိုက်ရသည်။ သူမလည်း ခင်ဘုန်းပြည့်စုံကို မြင်မှာပါပဲ။ သူက ဘာမှ ကြိုမပြောထား၍ စိတ်ထဲကတော့ အံ့ဩသွားမည် ထင်သည်။

"ကျွန်မ ကားပေါ်ကနေပဲ စောင့်မယ်နော်"

"ဪ... အင်း"

ကားက ရပ်သွားပြီမို့ သူက ဆင်းလိုက်သော်လည်း ကားပေါ်က မဆင်းသော မိုးငြိမ်းကာကို အပြင်က အမျိုးသမီးနှစ်ယောက်က စိတ်ဝင်တစား အကဲခတ်နေတာကလည်း သိသာလှသည်။ အင်းလေ... သူမကို ဘယ်သူက ရတ်တရက်ဒတော့ ဒရိုင်ဘာဟု ထွေးမိမှာတဲ့လဲ။ သူမက ဒီနေ့ ယူနီဖောင်းဆန်ဆန် ပြန်ဝတ်လာသော်လည်း ရှင်းသန့် စတိုင်လ်ကျသော သူမ ပုံစံက ဒရိုင်ဘာတစ်ယောက်နဲ့တော့ ဘယ်လိုမှ မတူဘူး။

"လာပါ... လာပါ... မျှော်နေတာ မောင်နှမသစ်ရေ။ ကြည့်ပါဦး သွားလေသူ မရီဝင်းကို သတိရစရာ ကောင်းလိုက်တာ။ မရီဝင်းနဲ့ ကြီးမှ ပိုတောင်တူလာသေးတယ်။





ငယ်ငယ်တည်းက အမေတူသားလေး ကြီးမွားဦးမယ်ဆိုပြီး အမြဲပြောနေတာ၊ လာ... လာ... ခုမှပဲ တွေ့ရတော့တယ်"

ခုမှ တွေ့ရပေမယ့် ဖော်ဖော်ရွေရွေ ဆီးကြိုသော၊ ဖော်ဖော်ရွေရွေထက်တောင် ပိုသေးသည် ထင်ရသော ဧည့်ခံကြိုဆိုမှုကြောင့် ကြောင်တောင်တောင်နိုင်မည့်ဘေးမှ ကင်းဝေးလေသည်။ ခင်ဘုန်းပြည့်စုံကလည်း စကားမပြောသေးပေမယ့် ဖော်ရွေပြုံးရွှင်သော မျက်နှာထားဖြင့် ဆီးကြိုနေသည်။

"ဟုတ်ကဲ့... ကျွန်တော်လည်း တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျ"

"လာ... လာ... အိမ်ထဲဝင်။ ဪ... ဒါနဲ့... ဟိုကလေးမလေးကရော"

ပေါ်တီကိုအောက်ကနေ၍ ကားကို ရွှေ့ဆက်တိုးပြီး ဟိုဘက်နေရာလွတ်မှာ ဘက်ခ်ပြန်ဆုတ်လျက် လာရာလမ်းသို့ ခေါင်းပြန်တည် ပါကင်ထိုးနေသော "မိုးငြိမ်းကာ"က အနားမှာ မရှိပါ။ သို့သော် အန်တီသူဇာကတော့ မိုးငြိမ်းကာကို အကြီးအကျယ် အကဲခတ်နေဟန်ရှိသည်။ သူက ဘယ်လိုဖြေရမလဲမသိ။ ဒရိုင်ဘာလို့ ပြောရမလား၊ ဝန်ထမ်းဟု ပြောရမလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဒင်း... သူက အထဲမဝင်ပါဘူး"

သူ့အဖြေစကားကို အန်တီသူဇာက သိပ်ကျေနပ်ပုံမပေါ်ပေမယ့် ခင်ဘုန်းပြည့်စုံက ဝင်ပြောလိုက်သဖြင့်ရော ဟုတ်နေသဖြင့်ရော လက်ခံလိုက်ရဟန်ရှိသည်။

"ကဲ... အန်တီသူဇာရယ်၊ ညှော်သည်ကို အိမ်ထဲရောက်ပါစေဦး"

"လာ... လာ...။ ဟဲ့... ပြည့်... မေခင့်ကို သွားခေါ်လိုက်ဦး။ ညှော်သည်ရောက်နေပြီလို့"

"ဟုတ်"

ခင်ဘုန်းပြည့်စုံက သူ့ကို ထိုင်ဦးနော် ဟူသော အပြုံးလေးဖြင့် ခေါင်းတစ်ချက် ဆတ်ပြကာ အိမ်အပေါ်ထပ်သို့ တက်သွားသည်။ အိမ်အထဲက အပြင်အဆင်ကလည်း အိမ်အပြင်ဘက် ခြံထဲကလိုပါပဲ။ ရှေးလူကြီးတွေ ဆိုတော့လည်း ရှေးဒီဇိုင်းကိုပဲ ကြိုက်တာလား၊ အပြောင်းအလဲကို သဘောမကျတာကြောင့်လားတော့ မပြောတတ်။ ဒီအိမ်ထဲ ရောက်သွားသောအခါ သူငယ်ငယ်က အချိန်တွေကို ပြန်ရောက်သွားသလိုပါပဲ။

"ကိုအောင်မြတ်ရော... နေကောင်းတယ်နော်"





"ဟုတ်ကဲ့... ကောင်းပါတယ်ခင်ဗျ"

"ခုဆို သူ့ရုံးမှာ တော်တော် ရာထူးကြီးနေရောပေါ့။ သူ ရောက်တာ ကြာနေပြီနော်"

"ဟုတ်ကဲ့... ဖေလေးလေးက သူ့ရုံးမှာ အကြီးဆုံးပါပဲ"

"မောင်နွေသစ်တို့ တက္ကဝိုလ်လည်း စင်ကာပူမှာ ပိုပျော်တယ်ထင်တယ်နော်။ ဒီကို ပြန်မလာသလောက်ပဲ"

"ဟုတ်... ပိုပျော်တယ်လည်း မဟုတ်ပါဘူး။ ဒီမှာကျတော့ ဘယ်သူမှ မရှိကြတော့လေ။ မေမေ့အမျိုးတွေဆိုလည်း အကုန်ပြည်ပ ရောက်နေကြတာဆိုတော့ ကျွန်တော်တို့က ဒီမှာ ဆွေမရှိ မျိုးမရှိလို ဖြစ်နေတာပေါ့"

"ဩော်... ဆွေမရှိ မျိုးမရှိဘူးလို့လည်း ဘယ်ဟုတ်ပါ့မလဲ။ ခင်ရာဆွေမျိုးပဲပေါ့ကွယ် ဟုတ်ဘူးလား"

အဲဒီစကားသံက လှေကားက ဆင်းလာသော ဘွားဒေါ်ခင်စိန်ရဲ့အသံပဲ ဖြစ်တော့သည်။ သူက အသံကြားတာနှင့် လူကြီးတစ်ယောက်ကို respect ပေးဖို့ရာအတွက် ထိုင်ရာမှ မတ်တတ်ထရပ်ပြီး ကြိုဆိုလိုက်သည်။ သူ့ရှေ့ရောက်လာကာ အဘွားက သူ့ကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်ကာ ပြုံးပြုံးရွှင်ရွှင်ပဲ ခေါင်းတဆတ်ဆတ်ညိတ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဟုတ်ပါ့၊ ကလေးက သွားလေသူ သူ့အမေနဲ့ တစ်ရုပ်တည်းကိုး၊ ချွတ်ပြီး စွပ်ထားတဲ့ အတိုင်းပါပဲလား။ မရီဝင်းကို သတိရလိုက်တာကွယ်၊ ကဲ… ကဲ… လူလေး ထိုင်… ထိုင်…။ နေကောင်းတယ်မှလား မောင်အောင် မြတ်ရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့… ကောင်းပါတယ် ဘွား"

"အေး… ရင်းရင်းနှီးနှီး မေခင်လို့ပဲ ခေါ်ကွယ့်။ အခုဘယ် မှာနေလဲ"

"ရန်ကင်းမှာပါ"

"ဩော်… သူငယ်ချင်းအိမ်မှာလား"

"အဲ… မဟုတ်ဘူးဗျ။ လေးလေး မိတ်ဆွေ အိမ်မှာပါ"

"ဟုတ်လား… နေရတာ အဆင်ပြေရဲ့လား။ လေးလေး မိတ်ဆွေ ဆိုတော့ရော ဘယ်လောက် ရင်းမှာမို့လဲကွယ်၊ မေခင်တို့နဲ့ လူလေးအဖေ အောင်တင့်၊ လူလေး အဘိုး အဘွားတွေဆိုတာ ဟိုးနှစ်ပေါင်းများစွာထဲက ဆွေမျိုးလို မိသားစုလို နေလာခဲ့ကြတာကွယ့်။ မေခင်တို့အိမ်မှာ လာ နေရောပေါ့။ ဟိုမှာ သူများမိသားစုနဲ့ မလွတ်မလပ် ရှိပါ ဦးမယ်"





"ဟုတ်သားပဲ မောင်နွေသစ်ရယ်။ ဒီကို ပြောင်းလာခဲ့ပါ လား"

"ဟို… လွတ်လပ်ပါတယ်ခင်ဗျ။ ဟိုမှာ ကျွန်တော် တစ် ယောက်တည်း နေတာပါ"

"ဟော… တစ်ယောက်တည်းနေတယ်။ ဒါဆို စားရေး သောက်ရေးကရော ဘယ်လိုစီစဉ်လဲ၊ ဖြစ်ရော ဖြစ်ရဲ့လား ဟယ်"

"ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်က ဒီကဆိုင်တွေလည်း စားချင်တော့ ဟိုဟိုဒီဒီ လျှောက်စားချင်တာလည်း ပါပါ တယ်"

"ဩော်… အပြင်စာတွေလည်း သိပ်မစားပါနဲ့ကွယ်။ ဆီ ကမသန့်၊ အချိုမှုန့်တွေကများနဲ့၊ အိမ်မှာ လာစားပေါ့၊ နီးနေတာပဲဟာ"

"ခုရော ဒီမှာ တခြားဘာကိစ္စတွေ ရှိသေးလဲ"

အဲဒါက အန်တီသူဇာက မေးတာဖြစ်သည်။ အဘွား ကမေးလိုက်၊ ဒေါ်ခင်သူဇာက မေးလိုက်ဖြင့် သူ့ခေါင်းက ဟိုဘက်ဒီဘက် လည်နေရသည်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူ့

www.burmeseclassic.com



အဘိုးအဘွား လက်ထက်မှစ၍ အဖေအမေအထိ တစ်မိသားစုနဲ့ တစ်မိသားစု ချစ်ခင်ရင်းနှီးလာကြသော အခုလည်း သူ့ကို နွေးနွေးထွေးထွေး ကြိုဆိုဆက်ဆံနေသောကြောင့် ဒါမျိုး မြန်မာဆန်ဆန်မလေ့ ဝေးနေရလို့လားမသိ၊ စိတ်ထဲတော့ နှစ်လိုကြည်နူးရသည်ပင်။

"ဒီလကုန်ရင် ကျွန်တော်တို့ခြံက စာချုပ် တစ်နှစ်ပြည့်ပြီလေ။ အဲဒါ စာချုပ်ပြန်ချုပ်ဖို့ရယ် နောက် အဲဒီကုမ္ပဏီနဲ့လည်း ညှိစရာလေးတွေ ရှိတယ်ပေါ့။ သူတို့က သူတို့လုပ်ချင်တာတွေ ပြောလာတာရှိလို့ အဲဒါ ကျွန်တော် ညှိပေးရပါမယ်"

"အြော်... ဒါများကွယ်။ အန်တီသူဇာတို့အိမ်မှာ တည်းလည်း ရပါတယ်ကွယ်။ ဟိုမှာတစ်ယောက်တည်း အနည်းနဲ့အများ အဆင်မပြေတာတွေတော့ ရှိမှာပေါ့။ ဒီမှာကျဟိုဘက်ခြံနဲ့လည်း ကပ်နေတော့ အသေးစိတ် ကြည့်နိုင်တယ်လေ"

သူက ဖွတ်ပြောနေလျှင် ဘာပြန်ပြောရမှန်းမသိဖြစ်တတ်သည့် ထုံးစံအတိုင်း ပြုံးရုံသာ ပြုံးပြမိသည်။ တစ်လက်စ





တည်း ခင်ဘုန်းပြည့်စုံထံပါ အကြည့်ရောက်သွားလျှင် ဒီတော့မှသူနဲ့ အဲဒီကောင်မလေး စကားမပြောရသေးတာကို သတိရပုံရကြကာ အန်တီသူဇာကပဲ ပျာပျာသလဲလဲဖြင့်...

"အေး... တို့ကလည်း ခုမှတွေ့ရတဲ့ အမျိုးကို စပ်နေတာနဲ့ ပြည့်နဲ့တောင် ကောင်းကောင်း မိတ်ဆက်မပေးရသေးဘူး။ မိတ်ဆက်ပေးစရာတော့ မလိုပါဘူးလေ။ ငယ်ငယ်က အတူဆော့ခဲ့ကြဖူးတာပဲ ပြည့် မှတ်မိလား"

"ဟင်း ဟင်း... ပြည့်ကတော့ ရေးတေးတေးပဲ"

"အင်း... အဲဒီတုန်းက ပြည့်က နည်းနည်းငယ်သေးတာကိုး။ ပြီးတော့ ခဏလောက်ပဲ ဆုံဖြစ်တာ။ ပြည့် ဒီအိမ်ကို ရောက်ပြီး သိပ်မကြာခင်ပဲ နွေသစ်က သူ့ဦးလေးနဲ့ စင်ကာပူ ပါသွားတာလေ"

"ကျွန်တော်ကတော့ ခင်ဘုန်းပြည့်စုံကို မှတ်မိပါတယ်။ ကစားခဲ့တာတွေကိုပေါ့"

"ပြည့်လိုပဲ ရင်းရင်းနှီးနှီး ခေါ်ပါ"

အဲသလိုလေး ရင်းရင်းနှီးနှီး လှမ်းပြောလိုက်တော့လည်း ပြည့်ပုံစံလေးက ချစ်စရာလေးလိုပင်။ အင်း... ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း လေးလေးဟာ သူ့ကို ခတ်သိ မြန်မာမိန်းကလေးတစ်ယောက်နဲ့ပဲ အိမ်ထောင်ပြုစေချင်ခဲ့ရှာသလား။

"ကဲ… စကားကောင်းနေတာနဲ့ ဧည့်သည်လည်း ဗိုက်ဆာရှာပေါ့အေ။ စားရင်း သောက်ရင်း ဆက်ပြောကြတာပေါ့။ ကဲ… ငါ့မြေး ဘာမှအားမနာနဲ့။ လွတ်လတ်လပ်လပ်သာစား၊ သူဇာနဲ့ ပြည့်ကတော့ ဟင်းချက်အင်မတန်ကောင်းတာ။ လာ… လာ… သွားစားကြစို့"

"ဟယ်… ဒါနဲ့ ကားပေါ်မှာ ကားမောင်းလာတဲ့ ကောင်မလေးတစ်ယောက် ရှိသေးတယ် မဟုတ်လား။ သူ့ကိုရော ဘယ်လိုလုပ်မှာလဲ"

အန်တီသူဇာက ခုထိ ဘယ်သူဘယ်ဝါဆိုတာ ရှင်းရှင်းလင်းလင်း မရသိရသေးသော "မိုးဒီကာ"ကို အထူးတလည် စိတ်ဝင်စားနေဟန် ရှိသည်။ သူကလည်း ဘာကြောင့်မှန်းမသိ သူမကို သူ့ဒရိုင်ဘာဟု တစ်ခွန်းတည်း ပြောမထွက်ချေ။ ဒါနဲ့ပဲ သိချင်သူနှင့် ပြောမထွက်သူ ကြားထဲမှာ လိုရင်းမရောက်နိုင် ဖြစ်နေရတာဖြစ်သည်။

"ဧည့်သည်ပါရင် ခေါ်လိုက်ပါလား။ ပြည့်တို့အိမ်မှာ အားနာစရာ မရှိပါဘူး"

"ရပါတယ်၊ သူက စားမှာမဟုတ်ဘူး။ မခေါ်တော့ပါဘူး"





"ထမင်းစားချိန်ပဲ ရောက်နေပြီပဲ ဗိုက်ဆာနေမှာပေါ့။ ကဲ… ကဲ… အန်တီပဲ သွားခေါ်လိုက်မယ်၊ ထမင်းစားခန်းထဲ သွားနှင့်ကြ။ ဟင်းရည်နွှေးဖို့ ပြောလိုက်ဦး ပြည့်ရေ"

ဒေါ်ခင်သူဇာမှာ စိတ်မြန်လက်မြန်နှင့်ပင် ထွက်သွားသဖြင့် သူ့မှာ တားချိန်တောင် မရချေ။ မသိမသာ ခေါင်းယမ်းရင်း ထမင်းစားခန်းထဲသို့ လိုက်ပါလာရသည်။ ပြည့်ကတော့ ဘာမှ သိပ်ရိပ်မိဟန် မတူချေ။ ဘွားမေခင်ရဲ့ ဘေးကခုံမှာ သူ့ကို နေရာထိုင်ခင်းပေးရင်း ပါးစပ်ကလည်း ချက်ထားသောဟင်းတွေအကြောင်း ဝေဝေဆာဆာ ရှင်းပြနေသည်။

"ဘာတွေကြိုက်တတ်မှန်း မသိတော့ အဆင်ပြေမယ်ထင်တာတွေ စီစဉ်ထားတယ်။ အန်တီသူဇာက မေးတော့ အကုန်စားတယ်ဆိုလို့ ကြိုက်မယ်ထင်တာတွေ မှန်းချက်ထားတာ ဒါက ဝက်ပုန်းရည်၊ အမဲအဆီအရွှတ်လေးတွေကို မရန်းသီးခြောက်နဲ့ ချက်ထားတာရယ်၊ ငါးခေါင်းနဲ့ ခန့်သလွန်ချဉ်ရည်ဟင်း၊ ဒါက ပုစွန်ကိုမီးဖုတ်ပြီး သုပ်ထားတာ၊ ဟိုဘက်က ငါးပိချက်နဲ့ တို့စရာပါ ငါးပိရည်လည်း ဖျော်ထားတာ။ ကြိုက်တာစားနော်"

ဟင်းပွဲတွေ တည်ခင်းထားပုံက မိုက်သလို၊ ဟင်းလက်ရာကလည်း အရောင်အဆင်း ပုံသဏ္ဍာန်ကို ကြည့်လိုက်တာ

www.burmeseclassic.com



နှင့် ပျံလန်နေတာပါပဲ။ စားကောင်းမည်ဆိုတာ သံသယဖြစ်စရာမလို။ ပုံမှန်အားဖြင့် မြန်မာအစားအစာ ကောင်းကောင်းကိုမြင်လျှင် ဣန္ဒြေမဆည်နိုင်သောသူက ခုတော့ ရှေ့ကဟင်းပွဲတွေထက် မိုးငို့ကာထံ ရောက်သွားမည့် ဒေါ်ခင်သူဇာ အရေးကိုပဲ ပိုစိတ်ဝင်စားနေမိလေသည်။ မိုးငို့ကာပဲ ပါလာတော့မှာလား၊ သူမက ဘယ်လိုပြန်ဖြေမလဲ၊ ဒါကိုပဲ စောင့်စားသိချင်သလို ဖြစ်နေမိသည်။ ပြည့်က ဘွားမေခင်ထံ ဦးချပြီးနောက် သူ့ထံသို့ ထည့်မယ်နော်ဟု ဆိုကာ ဝက်ပုန်းရည် သုံးထပ်သားတစ်တုံး ခပ်ထည့်ပေးသည်။ ပုစွန်မီးဖုတ်သုပ်ကို ထပ်ထည့်ပေးသည်။ မထိမတို့သေးသော သူ့ကို မေခင်က…

"စားကွယ်… ဟင်းတွေက သိပ်အများကြီး တမင်လုပ်မထားတာ။ အရမ်းများတော့ ဟုန်ပြီး ဘာမှ အရသာမခံနိုင်မှာစိုးလို့။ နောက်ရက်တွေမှ ဖြည်းဖြည်းချင်း တခြားအရသာရှိတာတွေ ချက်ကျွေးမယ်။ ဒါလေးကိုပဲ အရသာခံပြီး သေချာစား…

မင်းတို့ အန်တီသူဇာ့လက်ရာက အလှူပွဲဆို နာမည်ကြီးပဲလေ။ အဲဒီလက်ရာကို အမွေဆက်ခံနေတာကတော့ ပြည့်ပေါ့"

"ဟုတ်ကဲ့"





ဘာပြောရမှန်း မသိသဖြင့် ဟုတ်ကဲ့ တစ်လုံးဆိုကာ ဝက်သားကို ခက်ရင်းနဲ့ဖဲ့လျက် ထမင်းတစ်လုတ်ကို ဝါးစပ်ထဲ စထည့်လိုက်သည်။ အင်း… ညွှန်းဆိုသလောက် ကောင်းပါပေသည်။ ဒါပေမဲ့ စိတ်ကမဖြောင့်။ ဒေါ်ခင်သူဇာကို မျှော်နေမိတာပဲ ထူးတော့ ထူးဆန်းမနေဘူးလား။

ပုစွန်မီးဖုတ်သုပ်ကို ဝါးကြည့်ကာ ကောင်းလှချည်လားဟု တွေးနေတုန်းမှာပဲ ဒေါ်ခင်သူဇာက ပြန်ရောက်လာလေသည်။ အရပ်မြင့်မြင့် အသားဖြူဖြူမှာ ပါတိတ်ဝမ်းဆက်ကို ချပ်ရပ်ကြော့မော့စွာ သပ်သပ်ရပ်ရပ် ဝတ်ထားလျက် သွားပုံလာပုံ ပေါ့ပါးသွက်လက်သော ဒီအမျိုးသမီးကြီးဟာ ငယ်စဉ် တော်တော်ချောခဲ့မှာပဲ။ ခုတောင် စိုးမြတ်သူဇာ ဂိုက်ဆိုက်မျိုးလေ။ ဒါတို လေးလေးနှင့် အကြောင်းမပါခဲ့ဘဲ လေးလေးကလည်း လူပျိုကြီး၊ ဒီမှာလည်း အပျိုကြီးဖြစ်နေတာ တစ်ခုခုတော့ ထူးဆန်းစွာ တိုက်ဆိုင်မနေဘူးလားဟု ထင်မိလေသည်။ သူတို့အကြောင်း တွေးနေတုန်းမှာပဲ ဒေါ်ခင်သူဇာက ပြန်ရောက်လာသည်။ သူက ရှေ့မှာချပေးထားသော ငါးရံ့ခေါင်း ဒန့်သလွန်ချဉ်ရည်ဟင်းကို တစ်ဇွန်းခပ်သောက်ရင်း မသိမသာ နားစွင့်ထားမိသည်။

ဘွားမေခင်ကတော့ ဒေါ်ခင်သူဇာကို စောင့်ပြီးပြောလေသည်။

www.burmeseclassic.com



"ခင်သူဇာရယ်… ညည်းမလဲ စားခါနီး သောက်ခါနီး ဘယ်ရောက်သွားရတာလဲ"

"သြော်… အပြင်မှာ ဧည့်သည်များ ကျန်နေမလားလို့ပါ မေမေရယ်။ ခုနက နွေသစ်ကို လိုက်ပို့တဲ့ ကားမောင်းတဲ့ ကောင်မလေးကို တွေ့လိုက်ရလို့လေ။ အဲဒါ သူ့ကိုပါ ထမင်းစားဖို့ သွားခေါ်တာ။ ထမင်းစားချိန် ရောက်နေပြီ မဟုတ်လား"

"အဲဒါ အခု ဘာတဲ့လဲ"

"မစားတော့ဘူးတဲ့လေ။ ဒါနဲ့ နွေသစ်ရေ၊ အဲဒီကောင်မလေးက ဒရိုင်ဘာဆို ဟုတ်လား"

ဒီတစ်ခါတော့ ဘွားမေခင်ရော ပြည့်ရဲ့မျက်လုံးတွေရောကပါ သူ့ထံသို့ စုပြုံရောက်လာကြပေသည်။ သူ့မှာ ထမင်းတောင် နင်သွားမလို ဖြစ်ပြီးမှ…

"ဗျာ… ဟုတ်ကဲ့"

"သြော်… သူ ပြောတော့ အန်တီက နောက်တယ် ထင်နေတာ။ ပြီးမှ တကယ်ပါလားဆိုပြီး ယုံတော့တာ။ သူ့ရုပ်လေးက သန့်တော့လေ နွေသစ် သူငယ်ချင်းပဲ ထင်တာ၊ ဘာဖြစ်လို့ မိန်းကလေးဒရိုင်ဘာ ခန့်ထားတာလဲကွယ်"





တော်တော်စပ်စုသော ဒီအမျိုးကြီးရဲ့ မေးခွန်းတွေအောက်မှာ သူ အသက်ရှူကျပ်ချင်လာသည်။ မိုးငိုကာကို အဲဒီလောက် စိတ်ဝင်စားစရာ အကြောင်းရင်း ရှိလို့လား။

"ဒီလိုပါပဲ အန်တီ။ ယောက်ျားဒရိုင်ဘာတွေကို သိပ်စိတ်တိုင်းမကျလို့ပါ"

"သြော်… သြော်"

"ကဲ… မိသူဇာရယ်။ ခများမှာ ထမင်းကောင်းကောင်း စားပါစေအေ။ အရေးမကြီးတာတွေ မေးမနေပါနဲ့။ ကဲ… ကဲ… စား လူလေး။ ပြည့်ရေ ဟင်းတွေ ထပ်ထည့်ပေးလိုက်ဦး။ အမဲသားလေး မထည့်ရသေးဘူး… ထည့်ပေး။ လူလေး… ခံတွင်းတွေ့တာတွေ ကိုယ့်ဘာသာ ခပ်ထည့်စားကွယ့်။ လွတ်လွတ်လပ်လပ်သာစား၊ ဘာမှ အားနာစရာ မရှိဘူး… ဟုတ်လား။ အရင်တည်းက ဟိုဘက်အိမ်နဲ့ ဒီဘက်အိမ်က စားအိမ်သောက်အိမ်တွေပဲ"

"ဟုတ်ကဲ့ ဘွား၊ ကောင်းကောင်းစားပါ့မယ်ဗျ"

ဘွားမေခင် ဝင်ရောက်ကယ်တင်တော့မှပင် သူလည်း ထမင်းဖြောင့်ဖြောင့် စားရတော့လေသည်။ ဒေါ်ခင်သူဇာသည်လည်း ဒေါ်ခင်ခင်စိန် မျက်ရိပ်ပြလိုက်သဖြင့် ထိုအကြောင်းကို ထပ်မပြောတော့ချေ။ ညည်း ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း

www.burmeseclassic.com

www.burmeseclassic.com



နဲ့ဟု ဟန့်တားလိုက်လေလားတော့မသိ။ ထမင်းကောင်းကောင်း စား၍ ရသွားသည်။ ထမင်းစားအပြီး အိမ်မှာပဲ စိမ်သည်ဟူသော မြန်မာမုန့်မျိုးစုံကို ချကျွေးညှော်ခဲ့သော်လည်း သူက အေးအေးဆေး ဆေး ထိုင်စားဖို့ စိတ်မဖြောင့်တော့ပါ။ ဘာကြောင့်မှန်းမသိဘဲ ကားပေါ်မှာ စောင့်နေမည့် မိုးငွေကာကို အားနာနေသည်ဆိုလျှင် မထူးဆန်းဘူးလား။

ပြန်ဖို့ စကားစ၍ မရအောင်ပင် ဘွားမေခင်နဲ့ အန်တီသူဇာရဲ့ လေလုံးတွေကြားမှာ မနည်းရုန်းထွက်ရသည်။ တစ်ထိုင်တည်းပဲ သူ့ကို နှစ်ရှည်လများက ဝင်ထွက်လာခဲ့သူလို မကြောင်ရအောင် ချုပ်သည့်ပညာမှာတော့ တစ်ဖက်ကမ်းပါပေ။ ဒါကြောင့် ပြန်ဖို့ ကားပေါ်ရောက်သောအခါ မိုးငွေကာကိုတောင် ကောင်းကောင်း စကားမပြောနိုင်တော့တဲ့အထိ အာခြောက် ပါး ညောင်းနေခဲ့သည်။ တိတ်ဆိတ် စကားနည်းလာသော သူ့ကို သူမကတော့ ဘယ်လိုထင်မည်မသိ။ ထိုနေ့က သူနဲ့ မိုးငွေကာ အကြားတွင် ထူးထူးခြားခြား တိတ်ဆိတ်နေခဲ့သည်။

○





(၁၃)

"ပြည့်"တို့ အိမ်တွင် အခြေအနေက ပြောင်းလဲသွားသည်မှာ ယခင်က တေဇာအောင်... တေဇာအောင် ဖြစ်ခဲ့သမျှ အခုတော့ နွေသစ်... နွေသစ် ဖြစ်သွားလေသည်။ တစ်ပတ်အတွင်းမှာ နွေသစ်ဟာ Hot issue ဖြစ်လို့ နေလေသည်။ မေခင်နှင့် အန်တီသူဇာတို့ဟာ နွေသစ်ကို ဘာ့ကြောင့် အဲဒီလောက် သဘောကျသွားလဲတော့ မသိချေ။ နွေသစ်ရဲ့ပုံစံဟာ နှစ်လိုဖွယ် ကောင်းတာတော့ အမှန်ပါပဲ။ ယောကျ်ားတစ်ယောက်အနေနဲ့ ချောတယ် မိုက်တယ် ဆိုတာထက် သူ့ပုံစံက ရည်မွန်ယဉ်ကျေးကာ အဆင့်အတန်း မြင့်လှသည်။ ဒီကလူတွေနဲ့ ဘယ်နားက ကွာနေမှန်း မသိဘဲ သူ့ကိုယ်က အရောင်အဝါ ထွက်နေသလိုလို လင်းဖြာနေပေသည်။

www.burmeseclassic.com



"ကဲ… မယ်ပြည့်ရေ၊ နွေသစ်ဆီ ဖုန်းဆက်စမ်းဟေ့၊ မနက်ဖြန် အိမ်မှာ မြီးရှည်လာစားဖို့ပြော။ ကောင်လေးက မြီးရှည်အရမ်းကြိုက်တာတဲ့"

"အန်တီသူဇာရယ်… ပြီးခဲ့တဲ့ နှစ်ရက်ကမှ သူ့အိမ်ကို မုန့်ဟင်းခါး ပို့ထားတဲ့ဟာကို"

"ဟဲ့… မုန့်ဟင်းခါး ပို့ထားတာနဲ့ပဲ မြီးရှည်ထပ်မကျွေးရဘူးလို့ နင့်ကို ဘယ်ဘုရားက ဟောထားလဲ။ ငါပြောထားတာ မေ့နေပြီလား။ ယောက်ျားတို့ရဲ့နှလုံးသားဆီကို အချစ်ဟာ အစာအိမ်ကတစ်ဆင့် သွားတယ်ဆိုတာ"

"အင်… အဲဒါက တေဇာအောင်နဲ့တုန်းကလည်း ပြောခဲ့တာပဲ"

"ငါတို့ခေတ်က ဖက်ရှင်မင်းသမီး တင့်တင့်ထွန်း ဆိုခဲ့တဲ့ သီချင်းလိုပေါ့အေ။ အခြေအနေတွေဟာ xxx အမြဲတမ်း ပြောင်းလဲနေတယ် အချစ်ရယ်… တဲ့။ ခုလည်း ပြောင်းလဲသွားပြီလို့သာ မှတ်လိုက်တော့။ တကယ်တမ်း ပြောရရင် ငါက တေဇာအောင့်ကိုတော့ သဘောကျပါရဲ့၊ ဒေါ်တင်တင်အောင်ကြီးကိုတော့ အဲဒီလောက် စိတ်တိုင်းကျတာ မဟုတ်ဘူး။ အဘွားကြီးက အစီးအပိုး အညွှန့်ကြီး…





ကြည့်ပါလား… ဒီဘက်ကိုသာ ဘာလေးစားချင်လိုက်တာ၊ သူဇာ့လက်ရာ ငါးကျည်းခြောက်ကြော်လေး သွေးတောင်းနေတာ။ ပြည့် လက်ရာ ဆူရှီလေးနဲ့ ကမ်ချီလေး စားချင်လိုက်တာ၊ ဟိုဟာလေး စားချင်ရတာနဲ့ ဒီဟာလေး စားချင်ရတာနဲ့ သူ့သွေးကလည်း တောင်းပဲ တောင်းနိုင်လွန်းတယ်။ ဒီဘက်ကျတော့ ဘာပြန်ကျသတုံး။ သူ ဗန်ကောက်သွားလို့ အိတ်လေးမှာလိုက်ပါတယ် လက်ဆောင်လေး ဘာလေးများ ပေးတဲ့အနေနဲ့ ပိုက်ဆံမယူဘူးလားမှတ်တယ်၊ ဟင်း… အမြတ်တောင် တင်ထားလိုက်သေး။ လုပ်သင့်လားအေ"

မကျေမချမ်း ပြောနေသော အန်တီသူဇာ့ကို ကြည့်ကာ ပြည့်က ခပ်သောသော ရယ်မောမိသည်။ အင်းလေ… ခုတော့လည်း ယှဉ်စရာရှိလာတဲ့အခါ ဒေါ်တင်တင်အောင်ကြီးက ပြောစရာအကွက်တွေ ရှိလာခဲ့ပြီပေါ့။ နွေသစ်က ဒီအိမ်ရောက်လာတည်းက မေခင့်အတွက် အိတ်နှင့် ပါတိတ်မျိုးစုံ၊ အန်တီသူဇာ့အတွက်လည်း Branded အိတ်နှင့် ပါတိတ်၊ ဇာအစမျိုးစုံ၊ ရေမွှေး စသဖြင့် ပြည့် အတွက်လည်း အိတ်၊ ရေမွှေး စသဖြင့် ကောင်းပေ့ညွှန့်ပေ့ ဆိုတာတွေ ပုံပေးခဲ့သောအခါ အန်တီသူဇာတို့ နွေသစ်မှ နွေသစ် ဖြစ်သွားရပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒေါ်တင်တင်အောင်ကလည်း တွက်မှာပေါ့၊ သူတို့ဆီက စားရတဲ့ အစားအသောက်က ဘာမှဟုတ်တာမှ မဟုတ်တာ။ သူက ငါ့ကိုမှာနေတဲ့ ယိုးဒယားသစ်ခွတို့၊ ဗန်ကောက်က - cosmetics တို့က ဈေးပိုကြီးတယ်လို့ သတ်မှတ်ထားလို့ နေမှာပေါ့"

"အမယ်လေးအေ... ငါတို့ဆီက အစားအသောက်တွေက ရော လမ်းဘေးက ဝယ်ကျွေးနေတာမို့လား၊ အိမ်မှာ သန့်သန့်ရှင်းရှင်းနဲ့ ရှယ်ချက်ပြုတ်ထားတဲ့ ဟာတွေချည်းပဲ။ သူတောင် တစ်ပြားက နှစ်ပြားခွာ အပြင်ကလည်း ဝယ်မစားချင်၊ သူ့အိမ်က အိမ်ဖော်တွေ ချက်တာလည်း စိတ်တိုင်းမကျလို့ လမ်းကြုံတိုင်း ထမင်းဝင်စားနေတဲ့ မိန်းမကြီး။ သူစားထား သောက်ထားတာတွေကတင် LV အိတ်တစ်လုံးဖိုးလောက် ရှိနေပြီ"

"ခိ ခိ... ဟိုကကြားရင် တက်သေတော့မှာပဲ"

"သေလည်း အေးတာပဲ။ ဒီယောက်ျမ သေမှပဲ ညည်းလည်း အတွင်းပစ္စည်းတွေ ရမှာပဲ၊ မဟုတ်လို့ကတော့ ရစရာလမ်းမမြင်၊ ဒါတောင် သေရင် သူ့ဟာတွေ စိတ်စွဲနေရင်ဒုက္ခ၊ ည...ည... အိပ်မက်ထဲ သူ့ဟာတွေ လာတောင်းနေဦးမယ်"





"အမယ်လေး... ကြားတာနဲ့တင် ကြောက်တယ်၊ တော်ဝါပြီ အန်တီသူဇာရယ်။ သူ့ဟာတွေလည်း မမက်ပါဘူး"

"အေး... သူ့ဟာတွေ ငါလည်း မမက်တော့ဘူး။ သူ့ထက် မက်စရာကောင်းတဲ့ မက်လောက်စရာ ပေါ်လာပြီ... ဟင်း ဟင်း"

ငါးရှူပြူးလိုလို ငါးသလောက်ပြူးလိုလို ဘာအပြုံးမှန်း သရုပ်ခွဲ၍ မရသော အန်တီသူဇာက ကယ်လ်ဆမ်ကွေကာ သောက်ကာ ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကူးနဲ့ ဖဲရိုက်နေဟန်ရှိသည်။

"ဘယ်သူလဲ"

"ဘယ်သူ ရှိရမလဲ၊ ဇာတ်လိုက်မင်းသားတို့ မည်သည် နောက်ဆုံးမှ ပေါ်လာတတ်တဲ့ ထုံးစံလို နွေသစ် ဆိုတဲ့ ကောင်လေးပေါ့"

"ဟင်... အန်တီသူဇာကလည်း"

"အန်တီသူဇာကလည်း လုပ်မနေနဲ့တော်။ အခု ဟိုဘက်ခြံက ဘယ်သူ့နာမည်နဲ့ထင်လဲ။ အဲဒီကောင်လေးနာမည်နဲ့ပဲ။ အဲဒါကကို ဘယ်လောက်တန်နေပြီလဲ၊ သူ့အမေရဲ့ အတွင်းပစ္စည်းတွေ ရွှေတွေကလည်း စိန်တွေဆိုတာ ဟို



www.burmeseclassic.com

www.burmeseclassic.com



တန်းတည်းက နည်းတာမဟုတ်ဘူး၊ ဒါတွေ အောင်မြတ်ကလည်း ယူမှာမဟုတ်ဘူး…

အဲဒီ အောင်မြတ် ဆိုတာလည်း စင်ကာပူမှာ တော်တော်ချမ်းသာနေတာတဲ့။ နေတာတောင် Orchard က ကွန်ဒိုမှာတဲ့လေ။ အောင်မြတ်က ဟိုမှာ ကွန်ဒိုတွေ တိုက်ခန်းတွေ ငှားစားထားတာတင် ဝင်ငွေက မသေးဘူးတဲ့။ သူကလည်း ဒီတစ်သက် မိန်းမယူမယ့်ပုံ မပေါ်ဘူး။ ဒါကြောင့် သူ့တူကိုပဲ မိန်းမမြန်မြန်ယူဖို့ နားချနေဟန်ပဲ"

"ဟင်… ဒါတွေ အန်တီသူဇာက ဘယ်လိုလုပ် သိလဲ"

"အမယ်လေးအေ… မိသူဇာတို့က ချက်ဆို နားခွက်ကမီးတောက်ပြီးသား။ အရိပ်ပြရင် နှစ်ကောင်စာလောက်တောင် မြင်တယ်။ စင်ကာပူမှာလည်း ငါ့မိတ်ဆွေတွေ ပေါလွန်းလို့။ တစ်ချက်ထောက်လိုက်တာနဲ့ ဘာဆိုတာ အကုန်သိတယ်။ အောင်မြတ်က သူ့တူကို မိန်းမယူစေချင်နေတာ။ ယူရင်လည်း ခုတ်သိထဲက အေးအေးဆေးဆေး အဖိုးတန် အမျိုးမှန် အပျိုစင်စစ်နဲ့ပဲ ရစေချင်တာ"

"အမယ်လေး… အန်တီသူဇာရယ်။ အဘိုးကြီးကတော့ အပျိုစစ်စစ်နဲ့မှ ပေးစားမယ်ဆော့လို့ စင်ကာပူမှာ ဟစ်ကြွေးကြော်ငြာနေမယ် မထင်ပါဘူး"





"ဟဲ့… ဘာလို့ မကြော်ငြာရမှာလဲ၊ သူတို့အသိုင်းဝန်းကလူတွေ အကုန်သိတယ်၊ သူတို့မှာ ပိုက်ဆံတွေသာ ချမ်းသာပြီး စည်းစိမ်ဥစ္စာတွေသာ အပုံလိုက် ပိုင်ဆိုင်တယ် မစံစားလိုက်တော့ ကိုအောင်တင့်တို့ လင်မယားတောင် ဥပေက္ခာဒုက်နဲ့ သေရတာ ကြည့်ပါလား။ ခုလည်း ဒီပစ္စည်းတွေသာ ရှိနေတာ ဆွေရယ် မျိုးရယ်လို့ တောင့်တောင့်တင်းတင်းလည်းမရှိ၊ ဒါကြောင့် မြေးသစ်ကို မိန်းမမြန်မြန်ယူပြီး ကလေးများများ မွေးနိုင်စေချင်တာ…

တို့ဆီ ပြန်ဝင်ထွက်တာလည်း ညည်းကို လာအကဲခတ်တဲ့ သဘောပဲ။ ကဲ… စိတ်ကူးမလွဲနဲ့တော့ ငါ့တူမ။ ယောက္ခမနှစ်ယောက်စလုံးမရှိတဲ့ ရွှေပေါ်မြတင် သတို့သားလောင်းကို ဒီခေတ်ထဲမှာ ဘယ်လိုမှ ရှာတွေ့တော့မှာ မဟုတ်ဘူး။ ညည်းအတွက် အစစ်မှန်ဆုံး ဖူးစာဖက်က မြေးသစ်ပဲ"

"ဟူး… ဖြစ်ရပြန်ပြီ အန်တီသူဇာရယ်။ အခုကတော့ တေဇာအောင်လေးက တောက်မယ့်မီးခဲ တရဲရဲလေးဆို။ အမေတစ်ခု သားတစ်ခုလေးမို့ ဖယားလည်း ရှင်းသတဲ့ဆို"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်က အန်တီသူဇာ ပြောခဲ့ဖူးသည့် ပုံစံအတိုင်း ခါးကိုထောက်ကာ မျက်စပင့်ချီလျက် ပြန်သရုပ်ပြလိုက်လျှင် အဒေါ်ဖြစ်သူထံမှ မျက်စောင်းအကြီးကြီးတစ်ခုက ဝဲပျံလာသည်။

"ဒေါ်... တေဇာအောင်က တောက်မယ့်မီးခဲ တရဲရဲဆိုဒါကြီးက တဟုန်းဟုန်း တောက်နေတဲ့ မီးတောက်ကြီးဟဲ့။ ဟင်း... လောကမှာ ယောက္ခမ မရှိတဲ့ သတို့သားလောင်းဆိုတာ ဘယ်လောက်တင့်တယ်တယ် မှတ်လဲ"

"အမယ်လေး အန်တီသူဇာရယ်၊ ပြောလိုက်မှဖြင့်။ မိစုံဖစုံ မရှိတဲ့ မိဘမရှိတဲ့ မိဘမတက်နိုင်တဲ့ မင်္ဂလာပွဲက ဘယ်လိုလုပ် ပြည့်စုံတော့မှာလဲ"

"ဟဲ့... အဲဒါတွေက အပေါ်ယံ အမြင့်တွေလေ။ တကယ်တမ်းကျတော့ ဒါမျိုးဆိုတာ သမီးရှင်တွေ သည်းခြေကြိုက်ပဲ။ စည်းစိမ်တစ်ပုံတပင်နဲ့ တစ်ကောင်ကြွက် သတို့သားလောင်းအေ။ သူ့ဘဝလည်း ကိုယ်နဲ့ရပြီးရင် ကိုယ့်ကို ပုံအပ်ဖို့သာ ရှိတော့တာပဲ။ ကိုယ့်အပြင် သူ့ဘဝမှာ ဘယ်သူရှိသေးလို့တုန်း။ ဂရုစိုက်စရာလူ မရှိဘူး၊ ချစ်စရာလူလည်း မရှိဘူး။ အဲဒီလိုလူမျိုးက မိသားစုကိုလည်း ဗိုခင်တွယ်တယ်"





သူ့သီအိုရီနှင့်သူ အခိုင်အမာ ပြောနေသော အန်တီသူဇာ့ကို ပြည့်မှာ ဘာမှမချေပနိုင်ပဲ ပြန်ပဲ ငေးနေမိတော့သည်။ တစ်ခါတလေတော့လည်း လူကြီးတွေဖြစ်သည့် ဒီအဘွားနှင့် ဒီအဒေါ်ကို လူငယ်ဖြစ်သည့် တူမဖြစ်သူက ပြန်နားလည်ပေးနေရသည့် အဖြစ်တွေ အများသားပါလားဟု စဉ်းစားမိလေသည်။ သူတို့စီမံနေတာတွေဟာ ကိုယ်ကောင်းစားဖို့၊ ကိုယ်ချမ်းချမ်းသာသာ နေရဖို့ ဆိုသော်လည်း လောကကြီးတွင် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် လက်ထပ်ပေါင်းသင်း အတူတကွ နေထိုင်သွားကြဖို့ ဆိုသည်မှာ ချစ်ခြင်းမေတ္တာကို အဓိကထောက်တိုင် ထားကြသည်ဆိုတာ ဘာ့ကြောင့် လျစ်လျူရှုထားလဲ မပြောတတ်တော့ချေ။

သက်ပြင်းတစ်ချက်ကိုသာ ကျိတ်ချမိရင်း ပြည့်ရဲ့မျက်လုံးထဲတွင် တစ်စုံတစ်ယောက်ကို မြင်ယောင်လာမိရင်း ခေါင်းကိုသာ ခါယမ်းမိတော့သည်။

○



www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ဘဲလ်သံတီးပြီးနောက် တံခါးလာဖွင့်သူရဲ့ ပုံစံကို မြင်လိုက်ရလျှင် "ဠိ"က မျက်လုံးနည်းနည်း ဝိုင်းသွားရသည်။ ခေါင်းမှာ စကဖ်စည်းထားပြီး တစ်ပတ်နွမ်းတီရှပ် ဒူးဖုံးဘောင်းဘီ တိုပွပွဖြင့် ကြမ်းတိုက်တုတ်တံကိုကိုင်ရင်း တံခါးလာဖွင့်ပေးသော နွေးသစ်ပုံစံကို မြင်တော့ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ဒါပေမဲ့ သူက ဝင်… ဝင်… ဆိုတာနဲ့ ယောင်နန ဝင်လာလိုက်လျှင် သူက တံခါးကို ပြန်ပိတ်သည်။

အိမ်ထဲသို့ ခြေချလိုက်သော ဠိရဲ့မျက်လုံးတွေက ဧည့်ခန်းတစ်ဝိုက် ဝေ့ဝဲကြည့်လိုက်လျှင် ခါတိုင်းချထားသော ခန်းဆီးလိုက်ကာများ ဖွင့်ထားပြီး ပြတင်းပေါက်များလည်း ဖွင့်ထားလေသည်။





"ရောက်တည်းက မိုးတွင်းဆိုတော့ တံခါးတွေလည်း မဖွင့်ဖြစ်၊ Air Con သာ ဖွင့်နေတာလေ။ အိမ်လည်း သန့်ရှင်းရေး မလုပ်တာ လချီနေပြီဆိုတော့ စိတ်က မသိုးမသန့်ဖြစ်လာတယ်… ဟဲ… ဟဲ…။ ဒါနဲ့ ဒီနေ့တော့ အိမ်သန့်ရှင်းရေး လုပ်မလားလို့"

လုပ်မလားလို့ ဆိုသူက လုပ်တောင် လုပ်နေပြီဆိုတော့ ဘာပြန်ပြောရမှန်း မသိချေ။ ဠိက ဖရိုဖရဲဖြစ်နေသော အိမ်ထဲကို ဝေ့ဝဲကြည့်လိုက်ရင်းမှ…

"ဒါဆို ဒီနေ့ အပြင်သွားစရာ မရှိဘူးလား"

"အင်း… သွားစရာတော့ မရှိဘူး။ ဒီလို လုပ်ပါလား၊ မင်းနားမယ်ဆိုလည်း နားလို့ရတာပဲ"

"ရပါတယ်၊ အဲဒီလို နားရမှာလည်း ကျွန်မ မလုပ်ချင်ပါဘူး။ ကျွန်မပါ ကူပါ့မယ် ရှင်တစ်ယောက်ပဲ ဒီတစ်အိမ်လုံး လုပ်ရရင် ဘယ်သက်သာမလဲ"

"ဟင်… ဘာလဲ၊ မင်းက ဝင်ကူမပေးလို့လား"

သူက မယုံသလိုဖြင့် ရယ်ဟဟဆိုလျှင် "ဠိ" စိတ်ထဲ တင်းသလိုလိုပင်။ ဘာလဲဟ… စေတနာကို မယုံသလို လုပ်တာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ… အဲဒါ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး။ မင်း ဒီအဝတ်အစားတွေနဲ့ အလုပ်လုပ်ဖို့ အဆင်ပြေမှာ မဟုတ်ဘူး ထင်တယ်။ ဘယ်အဆင်ပြေမလဲ"

သူက ငို့ ဝတ်လာသော ရှပ်အဖြူနှင့် နက်ပြာရောင် လောင်းပန်အရှည်ကို တစ်ချက်မေးဆတ်ပြရင်း ပြောသည်။

"ရပါတယ်၊ အင်္ကျီလက်ခေါက်ပြီးလုပ်ရင် အဆင်ပြေမှာ ပါ"

"အင်း… အားနာစရာ။ ဒီလိုလုပ်ပါလား၊ ကိုယ့်ကို ကူညီ ရင် တစ်ခုလောက်တော့ လက်ခံ"

ဘာလဲ ဟူသော မေးခွန်းပါသည့် အကြည့်ဖြင့် ငို့က သူ့ကိုကြည့်လိုက်မိသည်။ သူက ဘာစတိုင်လ်လဲမသိ ပြုံးရင်း ခေါင်းတစ်ချက် ဆတ်ပြသည်။ အဲဒါ သူ့ရဲ့မူပိုင်စတိုင်လ် ဖြစ်သည်။ တစ်ခုခုတော့ ပြောတော့မည်ဆိုလျှင် မပြောသေးဘဲ လူကိုပြုံးကြည့်တတ်ကာ ခေါင်းတစ်ချက် ဆတ်တတ်တာလေ။

"မင်း ဒီအင်္ကျီနဲ့တော့ အဆင်ပြေမှာ မဟုတ်ဘူးလေ။ ကိုယ့်မှာ တီရှပ်အသစ် တစ်ထည်ရှိတယ်။ အဲဒါ ဝတ်ပြီး လုပ်ပါလားလို့"





ငြင်းမယ်ပြင်လိုက်သော စိတ်ထက်စောစွာ နှုတ်က တော့ သူ့အပေးအယူကို ချက်ချင်း လက်ခံလိုက်မိလေသည်။

"အိုခေလေ… ပိုကောင်းတာပေါ့"

"ဟုတ်ပြီ… ခဏစောင့်"

သူက လှည့်ထွက်သွားပြီး ခဏကြာလျှင် စက္ကူအိတ် တစ်ခုဖြင့် ပြန်ရောက်လာသည်။ ငို့ကို ကမ်းပေးရင်း သွားလဲလိုက် ပါဆိုလျှင် ငို့က အခန်းလွတ်တစ်ခုထဲ ဝင်လာခဲ့ကာ အင်္ကျီကို အရင်ထုတ်ကြည့်မိသည်။ Bossini အမှတ်တံဆိပ် ပန်းသွေး ရောင်တီရှပ်မို့ ငို့က ပြုံးမိသည်။ ဒီအရောင်က မိန်းမဆန်တာမို့ သူ မဝတ်တာပဲလား၊ ဘာပဲဖြစ်ဖြစ် ငို့နဲ့တော့ သူ့တီရှပ်က အဆင်ပြေလှသည်။ Bossini တီရှပ်ဝတ်ပြီး အိမ်သန့်ရှင်းရေးလုပ် ရမှာ စိတ်မကောင်းစရာ ဖြစ်ပေမယ့် မတတ်နိုင်ဘူးလေဟုတွေး မိကာ ငို့က တစ်ယောက်တည်းပြုံးရင်း ပခုံးတွန့်မိသည်။ ငို့ရဲ့ ရှပ်အင်္ကျီလေးကိုတော့ သေချာပြန်ခေါက်ပြီး စက္ကူအိတ်ထဲ ပြန် ထည့်ထားပြီး အပြင်သို့ ပြန်ထွက်လာခဲ့သည်။ သူက သန့်ရှင်းရေး လုပ်နေရာမှ ငို့ကို ခပ်ပြုံးပြုံး မော့ကြည့်ရင်း မင်းနဲ့ပိုလိုက်တယ် ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဒီကာလာကို မိန်းမဆန်လို့ မဝတ်တာ ထင်တယ်"

"ဟင်... ဟင်း... အမှန်အတိုင်း ပြောရရင် ကိုယ်လည်း ဒီအင်္ကျီကို လက်ဆောင်ရခဲ့တာပဲ"

"ကျွန်မ ဘာလုပ်ပေးရမလဲ၊ ကြမ်းတိုက်တုတ်က တစ်ချောင်းတည်း ရှိတယ်ထင်တယ်"

"ရှိသေးတယ်... နောက်တစ်ချောင်း"

သူက ပြုံးစိစိ ပြောကာ သူ့လက်ထဲက တုတ်ကို ငှို့ထံသို့ ကမ်းပေးလျက် သူကမူ နောက်ထဲက တစ်ချောင်းထပ်ယူလာလေသည်။ အဲဒီနောက် သီချင်းသံသဲ့သဲ့ လွင့်ပျံ့နေသော အခန်းထဲတွင် သူနဲ့ ငှိုမှာ ထွေရာလေးပါး ပြောဆိုကာ ဧည့်ခန်းတစ်ခုလုံး ပြီးသွား၍ ဆိုဖာတွေပြန်ရွှေ့ဖို့ ပြင်နေစဉ်မှာပဲ ဘဲလ်သံကြားလိုက်ရ၍ တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိသွားကြသည်။ သူ့အခန်းသို့ ဘဲလ်လာတီးသည်မှာ သိပ်ထူးဆန်းသည့်ကိစ္စ မဟုတ်သော်လည်း ဘယ်သူပါလိမ့်ဟူသော အတွေးက နှစ်ယောက်လုံးမှာ ဖြစ်သွားကြဟန်တူသည်။

ဘဲလ်က နောက်တစ်ချက် ထပ်လာသောအခါ သူက ကြမ်းတိုက်တုတ်ကြီး ကိုင်လျက်သားနဲ့ပဲ တံခါးသွားဖွင့်လေ



သည်။ ဘယ်သူပါလိမ့်ဟူသော စူးစမ်းစိတ်ဖြင့် လိုက်ကြည့်နေသော ငှိုပါ မျက်စိုးပင့်သွားရသည်။ တခါးဝမှာ ပေါ်လာသူ နှစ်ဦးက တစ်နေ့က သူ့ကိုလိုက်ပို့သော အိမ်က အန်တီကြီးနှင့် ဟိုကောင်မလေး ဖြစ်လေသည်။

"ဟင်... အန်တီသူဇာတို့ပါလား"

"အေးကွယ်... ဟင် ဒါနဲ့ သားက ဘယ်လိုဖြစ်တာလဲ"

"ဗျာ... ဪ... အိမ်သန့်ရှင်းရေး လုပ်နေလို့ပါ။ ဝင်လေ အန်တီသူဇာ၊ ချော်လဲဦးမယ်နော်... ဂရုစိုက်"

အန်တီကြီးနှင့် မိန်းကလေးမှာ အိမ်ထဲသို့ ဝင်လာပြီ ဖြစ်သောကြောင့် "ငှို့"ကို မြင်သွားကြလေပြီ။ ဘောင်းဘီကို ဒူးနားထိခေါက်ကာ ကြမ်းတိုက်တုတ်တံကို ကိုင်ထားသော ငှို့ကို တစ္ဆေသရဲတစ်ကောင်အလား အန်တီကြီးက ပြူးပြဲကြည့်သည်။ ထိုအန်တီကြီးရဲ့ ပုံစံက တစ်နေ့က တွေ့တည်းက ငှိုက မနှစ်သက်ခဲ့ချေ။ အင်မတန်စပ်စုပုံရသော မျက်လုံးများသည် ငှို့တစ်ကိုယ်လုံးကို လေဆိပ်မှာ Rays ဖြတ်ပြီး ကြည့်သလို ထွင်းဖောက်ကြည့်ခဲ့တာ ဖြစ်သည်။ မိန်းကလေးတို့၏ အာရုံခံသိစိတ်အရ ဒီအန်တီကြီးဟာ မွေးသစ်အပေါ် အတော်စာတ်ကျနေဟန်ရှိ

www.burmeseclassic.com



ပြီး နွေသစ် အနားက မိန်းကလေးတွေဆိုလည်း သူ့တူမနဲ့ကလွဲ၍ ကျန်တဲ့သူကို ဘာလဲ ဘယ်လဲ စူးစမ်းနေဟန် အပြည့်ဖြစ်သည်။

"ဟို... အန်တီတို့ ဒီကိုပဲ သက်သက်လာကြတာလား"

သူက အိမ်ထဲဝင်လာကြသော ထိုနှစ်ယောက်ကို အားတုံ့အားနာဟန်ဖြင့် ဦးတည်မေးလိုက်သော်လည်း အန်တီကြီးရဲ့မျက်လုံးတွေကတော့ ငို့ထံကိုပဲ လာရောက်တွယ်ကပ်နေသလို ခံစားရသည်။ ဂျွတ်... စိတ်ပျက်စရာ ကောင်းလေစွ။

"အင်း... ဒီကိုပဲ လာတယ် ပြောရမှာပေါ့။ အိမ်မှာ မုန့်ဟင်းခါးချက်လို့လေ၊ ပြည့်လက်ရာပေါ့။ နွေသစ်က ပြည့်လက်ရာ မုန့်ဟင်းခါး မစားဖူးသေးဘူးမလား။ အဲဒါ သတိရတာနဲ့ လာပို့တာ။ နွေသစ် တစ်ယောက်တည်း နေရထိုင်ရတာရော အဆင်ပြေရဲ့လားဆိုပြီး ကြည့်ချင်တာလည်း ပါတာပေါ့...

ပြည့်ရေ နောက်ထဲမှာ အိုးရှိရင် ဟင်းရည်လှယ်ထားလိုက်လေ"

"ဟုတ်"

"အန်တီသူဇာ ထိုင်လေ။ အားနာလိုက်တာ ခုံတွေကလည်း ရွှေ့ထားရတာဆိုတော့ ဖရိုဖရဲနဲ့"





"ရတယ်... ရတယ်... ဘာမှမဖြစ်ဘူး။ ညှို့သည်မှ မဟုတ်တာ နွေသစ်ရယ်၊ ဒါနဲ့ ဘာစိတ်ကူးတွေများပေါက်ပြီး အိမ်သန့်ရှင်းရေးတွေ လုပ်နေတာပဲ။ လုပ်မယ်ဆိုလည်း အန်တီ့ဆီမှာ ဖုန်းလှမ်းဆက်ရောပေါ့။ အိမ်က အလုပ်သမားတွေ လွှတ်ပေးမှာပေါ့"

"ရပါတယ် အန်တီ။ ဟိုမှာလည်း ကျွန်တော်တို့ဘာသာ လုပ်နေကြပါ။ အကျင့်ဖြစ်နေပါပြီ။ ဩော်... အန်တီတို့ ဘာသောက်မလဲ၊ အပူ အအေး တစ်ခုခု"

"အမယ်လေး... ဘာအပူအအေးမှ မသောက်ပါဘူးဟယ်။ ညှို့သည်မှ မဟုတ်တာပဲကို ညှို့သည်လိုညှို့ခံဖို့ စဉ်းစားမနေစမ်းပါနဲ့ နွေသစ်ရယ်"

ဧည့်သည် မဟုတ်ဘူး ဆိုသည့်စကားကို ငါးမိနစ်အတွင်း နှစ်ခါပြောပြီးသွားသော အန်တီကြီးကို ငို့က ကျောပေးထားရင်းမှ နှာခေါင်းတစ်ချက် ရှုံ့မိသည်။ ထိုအန်တီကြီးရဲ့အသံက လိုတာထက် ပိုကျယ်နေပြီး တစ်ယောက်ယောက်ကို စောင်းပြောနေသလိုပါပဲ။ အဲဒီတစ်ယောက်ယောက်ကရော "ငို့"ပဲ မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ကလေးမ နာမည်က ဘယ်လိုခေါ်လဲ"

ကျောနောက်ဘက်က ကပ်ထွက်လာသော အသံကြောင့် ရုတ်တရက် ကြောင်သွားပေမယ့် ဒါ ကိုယ့်ကို ပြောတာပဲ ဆိုတာ ငြိမ်က ချက်ချင်းသိလိုက်သည်။ ဒါပေမဲ့ လှည့်ဖြေစရာလား လေ။ လူကို ကလေးမဟု တမင်နှိမ့်ချခေါ်သော ဒီဘွားတော်ရဲ့ အချိုးအချိတ်ကို မသိစရာလား။ ဒါကြောင့် တမင်ပင် မဖြေဘဲ ကြမ်းကိုသာ ဆက်တိုက်နေမိသည်။

"ဟဲ့… ကလေးမ၊ ညည်းကို ခေါ်နေတာ မကြားဘူးလား"

ထောင်းခနဲ ဖြစ်သွားသောစိတ်နှင့်အတူ တစ်ခုခုပြန်ပြောဖို့ စဉ်းစားနေတုန်းမှာပဲ နွေသစ်က ကြားသွားဟန်ရှိကာ အခြေအနေဟန်ပုံ မပေါ်၍ ဝင်ဖြေသည်။

"သူ့နာမည်က မိုးငြိမ်ကတဲ့ အန်တီသူဇာ၊ မိုးငြိမ်က… အဲလောက်ဆို ရပြီလေ ထားလိုက်တော့ ကျန်တာ ကိုယ် ဆက်လုပ်လိုက်မယ်၊ နားတော့လေ"

"နေပါဦးကွယ် သူက နားမကြားဘူးလား။ နားလေးနေတာလား၊ ဒါမှမဟုတ် ဘယ်လိုမိန်းကလေးမျိုးလဲ။ သူ့အမေအရွယ် လူကြီးတစ်ယောက်က နှစ်ခါလောက် မေး





ခွန်းမေးနေတာကို သိသိကြီးနဲ့ မကြားချင်ယောင်ဆောင်ပြီး ပြန်မဖြေဘဲနေတာ ဘယ်လို ရိုင်းစိုင်းမှုမျိုးလဲကွယ်"

ဒီတစ်ခါတော့ ငြိမ်က ကြမ်းတိုက်တုတ်ကို ကိုင်လျက်သားနှင့်ပင် ထိုမိန်းမကြီးဘက်သို့လှည့်ကာ တည့်တည့်ကြည့်ပြီး ပြောလိုက်သည်။

"ကျွန်မက ကိုယ့်အမေအရွယ် အန်တီကြီးတစ်ယောက်အပေါ် ရိုင်းစိုင်းသွားတယ်ဆိုရင် အန်တီကလည်း ကိုယ့်သမီးအရွယ် မိန်းကလေးတစ်ယောက်အပေါ် မယဉ်ကျေးခဲ့တာတော့ အမှန်ပါပဲ။ ကျွန်မကို အန်တီ့အိမ်က အလုပ်သမားလို ဆက်ဆံတဲ့လေသံ ကလေးမဆိုတဲ့ အသုံးအနှုန်းမျိုးနဲ့ မခေါ်သင့်ဘူးလေ"

ငြိမ် ဒီလို ချက်ကျလက်ကျ ပြန်ပြောလိမ့်မည်ဟု ထင်ထားပုံမရသဖြင့် အန်တီကြီးက မျက်လုံးပြူးသွားကာ ပါးစပ်ပြသွားသည်။ ခဏတော့ ကြောင်သွားသလို ဘာပြောရမှန်းမသိဖြစ်သွားဟန်ရှိပြီးမှ ချက်ချင်းပဲ ရှူးရှူးရှဲရှဲဖြစ်ကာ ခုန်အုပ်တော့မတတ်။

"အမယ်လေး… အမယ်လေး… ညည်းက ငါ့ကို ဆရာပြန်လုပ်နေရအောင် ညည်းက ဘာမို့လို့တုန်း

www.burmeseclassic.com



"ကျွန်မ ကိုနွေသစ်ရဲ့ ကားကို မောင်းတဲ့သူ သူ့ဝန်ထမ်းပါ။ ဒါပေမဲ့ ကျွန်မရဲ့အလုပ်ရှင်တောင် ကျွန်မကို အထက်စီးဆန်တဲ့ လေသံနဲ့ မဆက်ဆံပါဘူး။ ဒါကြောင့် ကျွန်မစိတ်ထဲမှာ ကျွန်မခံစားချက်နဲ့ မကိုက်ညီဘူးဆိုရင် ကျွန်မတိတ်ဆိတ်နေခွင့် ရှိပါတယ်"

"အမယ်လေး… ကြီးကြီးကျယ်ကျယ်တွေ လာပြောမနေစမ်းပါနဲ့အေ။ ညည်းပုံစံကို မြင်တာနဲ့ အပွေးမြင် အပင်သိပြီးသားပါ"

ဘာကို အပွေးမြင်ပြီး အပင်သိသလဲတော့ မပြောတတ်။ သေချာတာကတော့ အခြားနှစ်ယောက်ရှေ့မှာ သူပြောသမျှ ခံမနေဘဲ ချက်ကျ လက်ကျ ပြန်ပြောနေသော ငို့ကို အဘွားကြီးက မဲလာပြီဆိုတာ ငို သဘောပေါက်လာရသည်။ ဒါကြောင့် စိတ်ပျက်လက်ပျက်ပုံဖြင့် နှာခေါင်းထဲမှ လေထွက်ရုံ ရှိခနဲ ရယ်မိသည်။ ငို့ပုံစံကြောင့် ဟိုမိန်းကလေးလည်း အခြေအနေကို ဝင်ထိန်းမှ ဖြစ်တော့မည် ဟူသော သဘောပေါက်ဟန်ဖြင့်…

"အန်တီသူဇာ တော်ပါတော့ အန်တီသူဇာရယ်။ ကိုနွေသစ်အိမ်မှာ အားနာစရာကြီး၊ ဟို… မုန့်တွေလည်း လှယ်ပြီး





ပြီပဲ။ အန်တီနှင်းတို့ဆီလည်း သွားရဦးမယ် လာပါ သွားကြရအောင်။ ကိုနွေသစ် ပြည့်တို့ ပြန်လိုက်ဦးမယ် နောက်မှပဲ တွေ့မယ်နော်"

"ကောင်းပါပြီ။ တကူးတက လာပို့ပေးတာ ကျေးဇူးပါ အန်တီသူဇာ၊ ကျွန်တော် နောက်မှ အေးအေးဆေးဆေး လာခဲ့ပါ့မယ်"

"ဟင်း… အေး… မင်းမျက်နှာထောက်လို့ပေါ့ နွေသစ်ရယ်။ မနက်ဖြန်ပဲ အိမ်ကိုလာခဲ့စမ်းပါဦး။ မင်းက ရေမြေခြားမှာ ကြီးလာခဲ့ရတော့ ဒီကသဘောသဘာဝတွေ ဘယ်သိဦးမလဲ နွေသစ်ရယ်။ မင်းကို သတိပေးစရာတွေ အများကြီး ရှိပါသေးရဲ့။ မင်းအတွက် ရင်လေးပါ၊ ရင်လေးပါ… သွားမယ်… အဟွတ် ဟွတ်"

တမင်လုပ်ဆိုးသွားသော ချောင်းဆိုးသံ အမောဖောက်သံကြီးနှင့် စိတ်ပျက်စရာ ကောင်းလွန်းသော မိန်းမကြီးကိုကြည့်ကာ ငိုက လှောင်ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်လေ။ သူတို့ တူဝရီး ထွက်သွားပြီး တံခါးပြန်ပိတ်ကာ နွေသစ်တစ်ယောက် ဒီဘက်ပြန်လျှောက်လာတာကို ကျောခိုင်းမိထားသော



www.burmeseclassic.com

www.burmeseclassic.com



ငို့ထံမှာလည်း နှုတ်ခမ်းကိုက်ကာ တိတ်ဆိတ်ငြိမ်သက်နေမိသည်။ ပြောင်လက်နေပြီဖြစ်သော ကြမ်းပြင်ကို ထပ်၍ ထပ်၍ ဖိတိုက်နေမိသည်မှာ ထွက်ပေါက်တစ်ခုခု ရှာနေမိသည့်အလား။

"နားတော့လေ မိုးငိုက၊ ကြမ်းတွေက မှန်ကြည့်လို့တောင် ရနေပါပြီ"

ငိုက သက်ပြင်းတစ်ချက်ချရင်း သူ့ကို လှည့်ကြည့်လိုက်သည်။ ငို့ကို လှမ်းကြည့်နေသော သူ့မျက်လုံးတွေထဲမှာတော့ ဘယ်လိုအရိပ်အယောင်မျိုးမှ ရှိမနေပါ။ ဒါကြောင့် ပြောသင့်သည်ထင်သော စကားတစ်ခွန်းကိုတော့ ပြောလိုက်သည်။

"ဆောရီး"

"ဘာအတွက် ဆောရီးတာလဲ"

"ရှင့်ဧည့်သည်နဲ့ အဆင်မပြေ ဖြစ်သွားလို့လေ။ ကျွန်မကလည်း ကိုယ့်စိတ်ခံစားချက်အတိုင်း ဦးစားပေးတတ်တဲ့ သူမျိုးဆိုတော့ ရှင့်မျက်နှာ မထောက်သလို ဖြစ်သွားရင် ဆောရီးပါ"

"ကိစ္စမရှိပါဘူး။ ကိုယ်မှန်တယ်ထင်ရင် ပွင့်ပွင့်လင်းလင်း ပြန်ပြောတတ်တဲ့ မင်းစိတ်ဓာတ်ကို သဘောကျပါတယ်"





ရွဲ့ပြောတာလား နောက်နေတာလား အတည်ပြောတာလား မကွဲပြားသောစိတ်ဖြင့် ငိုက စူးစမ်းသလို ပြန်ကြည့်လိုက်လျှင် သူက အတည်ပြောတာ ဟူသောပုံစံဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

"ကျေးဇူးပါပဲ"

"ဘာဖြစ်လို့ ကျေးဇူးတင်တာလဲ"

"ကျွန်မကို နားလည်ပေးတဲ့ အတွက်လေ"

သူက ဘာကို သဘောကျမှန်း မသိသလို တစ်ချက်ရယ်သွမ်းသွေးကာ "ငို့"ကို ပြုံးစစဖြင့် ကြည့်လာလျက်...

"ကဲ... အလုပ်တွေ လုပ်ရလို့ မောသွားရောပေါ့။ ဗိုက်မဆာဘူးလား၊ မုန့်ဟင်းခါး စားကြရအောင်လေ"

"အာ... ဟင့်အင်း... တော်ပါပြီ။ ကျွန်မ မစားဘူး၊ ရှင်ပဲ စားပါ"

"ဘာဖြစ်လို့လဲ... စားပါကွ၊ ဗိုက်ဆာနေမှာပေါ့၊ မုန့်ဟင်းခါးက ခင်ဘုန်းပြည့်စုံ ချက်တာပါ၊ စားလို့ ရပါတယ်"

"ရှင် ဗိုက်ဆာရင် စားပါ။ ကျွန်မကတော့ မဆာလည်း မဆာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မုန့်ဟင်းခါးတစ်ပွဲဆိုတာ ဗိုက်မဆာဘူး ဆိုရင်တောင် ရှောခနဲ ဝင်တတ်တဲ့ အမျိုးပါကွာ။ စားလို့ ရပါတယ်"

"Sorry ပါ၊ အမှန်အတိုင်း ပြောရရင်တော့ ကျွန်မ တကယ်ကို စားချင်စိတ် မရှိလို့ပဲ"

"ဟူး… မင်းက တော်တော်ခေါင်းမာတာပဲ။ ကဲ… ရှိစေ တော့ မစားချင်တာကို ဖွတ်ကျွေးလို့ မကောင်းပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ကူညီခဲ့တဲ့မင်းကို တစ်ခုခုတော့ ကျွေးချင်သေးတယ်"

"ဘာပဲဖြစ်ဖြစ် ကျွန်မလည်း ရှင့်ဆီမှာ အလုပ်ဆက်လုပ် ခွင့်တော့ ရှိဦးမှာပေါ့နော်"

"ဘာဖြစ်လို့ အဲဒီမေးခွန်း မေးရတာလဲ"

"ရှင့်အတွက် ခင်ဘုန်းပြည့်စုံ ဆိုတာ အရေးပါတဲ့သူတစ် ယောက်လို့ ထင်တယ်လေ။ သူ့အခေါ်ဆိုတာလည်း အရေး ပါတဲ့မိတ်ဆွေ ဖြစ်မှာပေါ့။ အဲဒါကြောင့် ကျွန်မကို သူတို့ သဘောမကျခဲ့ရင် အလုပ်ဆက်လုပ်ခွင့် အနှောင့်အယှက် ဖြစ်မယ် ထင်လို့ပါ"





သူက တစ်ခုခု ပြန်ပြောဖို့ ပြင်ပြီးမှ မပြောတော့ ပါဘူး ဟူသော ပုံစံဖြင့် ခေါင်းပဲ တဆတ်ဆတ်ညိတ်ကာ…

"ကိုယ့်ကြောင့် မင်း အလုပ်ကိုတော့ မထိခိုက်စေရပါဘူး။ အတတ်နိုင်ဆုံးတော့ ပြဿနာမဖြစ်အောင်နေဖို့ request လုပ်ချင်ပါတယ်။ ဟုတ်ပြီလား။

သူ့ကို ခေါင်းညိတ်ပြမိလား ခေါင်းခါပြမိလား မသေချာသော မသဲကွဲမှုမျိုးဖြင့် ငို ပြန်ကြည့်နေခဲ့မိသည်။ ဘယ် လိုပဲဖြစ်ဖြစ် ငို့ကို အပြစ်တင်စကား တစ်ခွန်းမဆိုခဲ့သော သူ့ စိတ်ရင်းကို အနည်းငယ်မျှ ချဉ်းကပ်နားလည် သဘောပေါက်ခဲ့ ရသည်ဆိုလျှင် နောက်တစ်ခါ ဟိုမိန်းမကြီးနှင့် ပြဿနာတစ်စုံ တစ်ရာ ထပ်မဖြစ်အောင် ဥပေက္ခာပြုနိုင်ဖို့ "ငို"ကြိုးစားရပေ ဦးတော့မည်။

○



www.burmeseclassic.com

www.burmeseclassic.com



(၁၅)

“ဘာထူးလဲ”ဟု စင်ကာပူမှ လေးလေးက ဖုန်းဆက်တိုင်း အမြဲမေးတတ်သည်။ သူကလည်း “မထူးပါဘူး”ဟုသာ ဖြေခဲ့သမျှ အခုတော့ သူ့ဘက်က မထူးလည်း လေးလေးဘက်က ထူးပြီဟု ပြောလာခဲ့သောအခါ မျက်လုံးတောင် နည်းနည်းကျယ်သွားရလေသည်။

“ဘာလဲ လေးလေး… ကျွန်တော် ဝမ်းသာရတော့မှာလား။ Congratulations လုပ်ရတော့မှာလား၊ လေးလေး ငါးဆယ်နားနီးမှ ကံပေါ်တော့မယ်ပေါ့… ဟုတ်လား”

“မင်းဘိုးအေ ကံပေါ်ရမှာလား၊ ဖင်ပဲ ပေါ်ချင် ပေါ်မှာ”

“အာ… လေးလေးက ညစ်ပတ်တယ်။ လေးလေးပဲ ထူးပြီဆိုလို့ မေးတဲ့ဟာကို”





“တော်စမ်းပါကွာ အစတည်းက ငါ မိန်းမယူချင်မှဖြင့် ငယ်ငယ်တည်းက ယူခဲ့မှာပေါ့၊ အသက်ကြီးမှတော့ မိန်းမတစ်ယောက်ရဲ့ဒုက္ခကို ခံမနေတော့ဘူး။ ကဲ… ကြာတယ်ကွာ ငါပြောတာပဲ နားထောင်တော့။ ငါ့ကို ခင်သူစာက တစ်နေ့က ပေါ်တင်ပဲ ပြောလာတာကွ။ မင်းကို အိမ်ထောင်ချပေးဖို့ စိတ်ကူးမရှိဘူးလားပေါ့။ မင်းလည်း အရွယ်ရောက်နေပြီ တင့်တင့်တယ်တယ် ဖြစ်သင့်နေပြီပေါ့။ ဒီထက် စိတ်ပူတာတစ်ခုက မင်းဘေးက မိန်းကလေးကို သူ စိတ်ပူတယ်ပေါ့။ မင်းတစ်ယောက်တည်းနေတဲ့ အိမ်ပေါ်ထိ သူကရောက်ပြီး ရှင်းရှင်းပြောရရင် မင်းကို အမိဖမ်းမှာ စိုးတယ်ပေါ့ကွာ…

မင်းက ရိုးသားတဲ့သူဆိုတော့ မိန်းမလည်တွေရဲ့ လှည့်ကွက်မှာ ပါသွားနိုင်တယ်ပေါ့။ အဲဒီကောင်မလေးက လူကြီးကို လူကြီးမှန်းလည်း မသိတတ်ဘူးပေါ့ကွာ စသဖြင့် ပြောတာကတော့ အစုံပါပဲ။ ကဲ… မောင်… ဘယ်နှယ့်ရှိစ”

လေးလေးရဲ့ စကားအဆုံးတွင် သူ စိတ်လေသွားသည်။ ဘာပြောရမှန်းလဲ မသိဘဲ အရင်ဆုံး ပြေးမြင်မိတာကတော့ မိုးငြိမ်ကာရဲ့မျက်နှာပဲ ဖြစ်လေသည်။ သေချာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



မိုးငွိကာဟာ သူ့အပေါ် အဲဒီလိုလုပ်မယ့် မိန်းကလေးမျိုး မဟုတ်ဘဲ ဘဝကို ရိုးသားစွာ လျှောက်လှမ်းနေသူတစ်ဦး ဆိုတာ သူကိုယ်တိုင် အသိဆုံးမို့ အားနာရသည်။

"လေးလေးကရော"

"ဘာကို လေးလေးကရောလဲ"

"လေးလေးကရော အန်တီသူဇာ ပြောတာတွေ ယုံလားလို့ မေးတာပါ"

"ငါသာ ယုံနေရင် မင်းကို pressure တစ်ခုခု ပေးနေပြီပေါ့ကွ။ အခုဟာက မင်းကို အကျိုးအကြောင်း မေးနေတဲ့သဘောပဲ။ ငါ မမြင်ရဘဲ သူများက တစ်ဖက်သတ် ပြောလာတဲ့ အကြောင်းအရာတစ်ခုကို ချက်ချင်း ပစ်ယုံ့စရာလားကွ"

သူက သက်ပြင်း တစ်ချက် ရှိုက်လိုက်မိသည်။ မိုးငွိကာနဲ့ ပတ်သက်ပြီး လေးလေးကို ဘယ်လိုပြောပြရပါ့။

"အန်တီသူဇာက ကျွန်တော် ဒီကိုရောက်လာတဲ့အကြောင်းကို ရိပ်မိနေလား မသိဘူး"

"သိပ်ရိပ်မိနေနိုင်တာပေါ့ကွ။ မင်းက ရန်ကုန်ကို ဘာအလုပ်မယ်မယ်ရရှိလို့ ရောက်လာတာ ဖြစ်မလဲ၊ အိမ်ငှားကိစ္စ





ကြောင့်လို့ ပြောလို့တော့ ရပေမယ့် ဒါဟာလည်း အဲလောက်အရေးတကြီးကိစ္စ မဟုတ်လောက်ဘူးဆိုတာ ခင်သူဇာက မရိပ်မိဘဲ နေမလားကွ။ ခင်သူဇာက သိပ်လည်တဲ့မိန်းမပဲဟာ။ ခုတောင် မင်းကို သူက ရည်ရွယ်သူတစ်ယောက်အနေနဲ့ မင်းအနားက မိန်းကလေးကို ဒီလောက်ပဲ ပြောသေးတာ။ မင်းနဲ့ ခင်ဘုန်းပြည့်စုံကိစ္စ ဒီထက်နည်းနည်းလေးများ ရေရေရာရာ ရှိရင်တောင် ဟိုကောင်မလေးကို လွှင့်သွားအောင် လုပ်လိုက်ပြီ…

ကဲ… ပြောပါဦး အဲဒီကိစ္စကရော ဘယ်လိုလဲ"

အစတည်းက ရန်ကုန်မှာ သူ သွားဖို့ လာဖို့ ကားတစ်စီးလိုကြောင်း၊ ရန်ကုန်မှာ လမ်းတွေလည်း သိပ်မသိ၊ ကားလည်းမမောင်းချင်သဖြင့် ဒရိုင်ဘာငှားဖို့ စိတ်ကူးထားကြောင်း၊ နောက်ပိုင်း မိန်းကလေးဒရိုင်ဘာငှားပြီးကြောင်း လေးလေးကို အကြောင်းစုံ ပြောပြထားပြီးသား ဖြစ်သည်။ ဒါကြောင့် ဒေါ်ခင်သူဇာ ပြောလည်း လေးလေးက သိပ်မှုမည် မဟုတ်ပါ။

"သူပြောသလို မိုးငွိကာက အဲဒီလို မိန်းကလေးမျိုးမဟုတ်ပါဘူး။ ဘဝကို ရိုးရိုးသားသား ရပ်တည်နေတဲ့ မိန်းကလေးမျိုးပါ။ အမြဲတမ်း ဒရိုင်ဘာလုပ်သွားမယ့် မိန်းကလေးမျိုး

www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ဘူး။ ဒီက ဝင်ငွေကိုစုပြီး သူ တက်ချင်တဲ့ ဒီဇိုင်းကျောင်းတက်ဖို့ပဲ...

အဲဒီနေ့ကလည်း အပြင်သွားမယ် ထင်ပြီး သူက ရောက်လာပေမယ့် ကျွန်တော်က အိမ်သန့်ရှင်းရေး လုပ်တဲ့ အချိန် ဖြစ်နေတယ်။ သူက ဝင်ကူပေးတာ၊ အန်တီသူဇာ တို့တူဝရီး ရောက်လာပြီး အန်တီသူဇာက သူ့ကို ကလေးမ ဆိုပြီး သူ့အိမ်က အလုပ်သမားကို ဆက်ဆံသလို ခပ်နှိမ်နှိမ် ခေါ်လိုက်တာကို မိုးဇီကာကလည်း သူ့ကိုမခံဘဲ တုံ့ပြန်လိုက်တာပါ...

အဲဒါကြောင့် လေးလေးကို အဲဒီလိုတွေ လာပြောတာ ဖြစ်မယ်"

"အင်း... ဖြစ်ရမယ် ခင်သူဇာတို့ကတော့၊ ကြည့်ရတာ နွေသစ်ကို လက်လွှတ်မခံနိုင်တော့ဘူး ထင်ပါတယ်။ မင်းအနား နီးနီးကပ်ကပ် ရှိနေတဲ့ မိန်းကလေးကို မျက်စိ စပါးမွေးစူးနေတဲ့ သဘောပဲ"

"ဒါဆို ပြည့် အနားရှိတဲ့ ဟိုတစ်ယောက်ကို ကျတော့ ဘယ်လိုသဘောထားလဲ မသိဘူး"

"အင်း... ဒါကတော့ လူ့ထုံးစံပေါ့ကွာ။ မင်းကို မတွေ့ ခင်ကတော့ အဲဒီတစ်ယောက်က အကောင်းဆုံး ဖြစ်ခဲ့မှာ



ပေါ့။ ဒါကြောင့်လည်း သူတို့ကိုယ်တိုင် အဲဒီတစ်ယောက် ကို အိမ်ဝင်ထွက်ခွင့်တောင် ပြုထားတာပဲ မဟုတ်လား။ ခုတော့ အဲဒီထက် အပြတ်အသတ်သာတဲ့ ပို့ုတိုင်းကြိုက် တဲ့ သတို့သားကို တွေ့ထားပြီ ဆိုတော့ ခင်သူဇာနဲ့ သူ့ အမေကြီး မင်းကို အမိအရ ကုပ်ထားချင်ပြီနဲ့ တူပါရဲ့ ကွာ... ဟား ဟား"

"လေးလေးကလည်းဗျာ၊ ကျွန်တော်က ဘာတွေများ ကြီး ကျယ်ကောင်းမွန်နေလို့ ပို့ုတိုင်းကြိုက်တဲ့ သတို့သား ဖြစ်ရမှာလဲ"

"မင်းမှာ မိဘမောင်နှမ ဘာမှမရှိလို့ပေါ့ကွ... ဟား ဟား"

"ဟင်း... လေးလေးရာ၊ ပေါက်ကရ ပြောပြီ"

"ဟောကောင်... ပေါက်ကရ ပြောနေတာ မဟုတ်ဘူး၊ တကယ်ပြောနေတာ၊ မင်း စဉ်းစားကြည့် ယောက်ျားတစ် ယောက်နဲ့ မိန်းမတစ်ယောက် အိမ်ထောင်ပြုတော့မယ် အတည်တကျ ယူတော့မယ်ဆို သူ့မျိုးရိုး ကိုယ့်မျိုးရိုး အမိက,ကတော့ ယောက္ခမတွေ ယောက်မတွေ ယောက်ဖ တွေကို ကြည့်ကြတာ။ အဆင်ပြေပါ့မလား၊ ကီးကိုက်ပါ့ လား၊ အမိက,ကတော့ ယောက္ခမပေါ့ကွာ။ ဘာတွေလဲ

www.burmeseclassic.com



ယောက္ခမက ကျွေးထားရမယ့် ယောက္ခမလား ကြည့်ရမယ့် ယောက္ခမလား။ ကိုယ်ကရမယ့် ယောက္ခမဆိုရင်တောင် အပေါက်ဆိုးတဲ့ ပစိပစပ်များတဲ့ ယောက္ခမလား စသဖြင့်ပေါ့…

ယောက္ခမဆိုတာ သက်ရှိထင်ရှား ရှိနေရင်သာ တော်စပ်ရမှာမို့ ပြုံးပြုံးကြည့်ကြတာ၊ ငါယူမယ့်ယောကျ်ားမှာ မိဘမရှိလို့ ငါ ယူမယ့်မိန်းမမှာ အဖေမရှိလို့ အမေမရှိလို့ မယူဘူး ဆိုတဲ့သူ ဘယ်မှာရှိလဲကွ။ မရှိလို့ ဘယ်သူမှ ဝမ်းမနည်းဘူး"

လေးလေး စကားတွေက ပြင်းထန်သော်လည်း ဟုတ်တော့လည်း ဟုတ်နေသလားလို့ပင်။

"ငါထင်ရင် လွဲခဲ့ပါတယ်ကွာ၊ ငါက အိမ်ထောင်သားမွေးအလုပ်၊ မိန်းမတွေနဲ့ ပတ်သက်ရတဲ့ အလုပ်တွေနဲ့ ဝေးဝေးနေပေမယ့် လူ့လောက လူ့ပတ်ဝန်းကျင်နဲ့တော့ မဝေးဘူးလေကွာ၊ ဒီထဲမှာပဲ နီးနီးနားနား လှေလာနေတာ။ မင်းကိုတင် သဘောကျတာ မဟုတ်ဘူး မင်းနောက်က ငါ့ကိုပါ သဘောကျနေလောက်တာ၊ မင်းရဲ့တစ်ဦးတည်းသောဆွေမျိုး ငါကလည်း မိသားစုမရှိတော့ အချိန်တန်ရင် ငါ့အမွေက



လည်း မင်းပဲရမှာဆိုတာ ခင်သူဇာတ သိပြီးသား လေကွာ။ ဒီတော့ မင်းကို ဘယ်လက်လွှတ် ခံချင်တော့မလဲ"

"ကြားရတာတွေက ရင်ခုန်ချင်စရာကို မရှိပါလား။ လေးလေးရော အဲဒီ ဒေါ်ခင်သူဇာကို တစ်ခါမှ ရင်မခုန်ခဲ့ဘူးလား။ ငယ်ငယ်က တော်တော်လှခဲ့မယ့်ပုံပါ… ဟင်း… ဟင်း"

"တော်ပါမောင်။ သူနဲ့ ငါနဲ့က မြမ္မာပြည်က အတူတူခင်းလာကြတယ်နဲ့ တူပါတယ်ကွာ။ သူကလည်း ယောကျ်ားတွေကို စိတ်မဝင်စားဘူး၊ ငါကလည်း မိန်းမတွေကို စိတ်မဝင်စားဘူး၊ အဲဒါတော့ အမှန်အကန်ပဲ"

"ကိုယ်တိုင် စိတ်မဝင်စားကြပေမယ့် တူတွေ တူမတွေရဲ့ အိမ်ထောင်ရေးကျတော့လည်း အသည်းအသန် စိတ်ဝင်စားပြန်ရော မဟုတ်လား"

"ဒါကတော့ မင်းတို့က မယူဘဲ နေမယ့်သူတွေ မဟုတ်ဘူးလေ။ လုံးဝမယူတော့ဘူးဆိုပြီး ငါ့လို စိတ်ပြတ်ရင်လည်း ဇာတ်လမ်းက ပြီးနေပြီပေါ့ကွာ။ အိမ်ထောင်သားမွေးလုပ်မယ့်သူတွေ ဆိုတော့လည်း ဝန်းရံရတာပေါ့ကွာ… ဟာ ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား… လေးလေးတောင် ခေတ်ကာလစကားတွေ တတ်နေပါရောလား"

"တတ်ရတာပေါ့ကွ၊ ဗေဒင်တောင် တတ်သေးတယ်၊ မင်း ကြည့်နေ ခင်သူဇာရဲ့ အကွက်တွေက ဒီ့ထက်ရှေ့တိုး လာလိမ့်ဦးမယ်။ ငါတို့က စနည်းနာဖို့ အတွက်တင် ဝင်တာ၊ သူက မြင်တာနဲ့ ဒါ ငါ့တို့ရှာဖွေနေတဲ့ သတို့ သားလောင်းဆိုပြီး ဖြစ်သွားတာ၊ ဒါနဲ့ နေပါဦး၊ အခု မင်း ခင်ဘုန်းပြည့်စုံနဲ့ တွေ့သင့်သလောက် တွေ့ပြီးပြီပဲ၊ ဘယ်လိုနေလဲ"

အဲဒီလို မေးလိုက်တော့ "ပြည့်"ဟု သူ့ကိုယ်သူ နာမ်စားသုံးတတ်သော ကောင်မလေးရဲ့ မျက်နှာကို ဖျတ်ခနဲ ပြေးမြင်မိသည်။ အေးအေးဆေးဆေး နေတတ်ပုံရသော်လည်း ဖော်ဖော်ရွေရွေတော့ ရှိတတ်သည့် ကောင်မလေးဟာ သူ့အတွက် နှစ်လိုဖွယ်ရှိသော မိန်းကလေးတစ်ယောက်ပါဟု မှတ်ချက်ပေး နိုင်သော်လည်း ရင်ခုန်တယ်ဆိုသော ဆုံရပ်ဝန်းမှာ သူတို့နှစ် ယောက်လုံး မရှိတာကတော့ သေချာလေသည်။

"သူက နှစ်သက်စရာကောင်းတဲ့ မိန်းကလေးမျိုးပါ"

"အောင်မယ်လေးဟဲ့… ကြိုက်ရင် ကြိုက်တယ်ပေါ့ကွာ။ စာသံပေသံတွေနဲ့ လာလုပ်နေပြန်ပြီ"





"ကြိုက်တယ်လို့ ပြောတာလည်း မဟုတ်ဘူး။ လေးလေး က အနှစ်သက် မခံစားတတ်ပါဘူး"

"ထားပါတော့ ဒီဇာတ်လမ်းက မင်းပဲ ရိုက်ရမှာဆိုတော့ မင်း စိတ်သဘောကျအတိုင်း ဇာတ်ညွှန်းရေးပေါ့ကွာ… ဒါပဲ"

လေးလေးဆီမှ ဖုန်းချသွားပြီး နဖူးပေါ်လက်တင် စဉ်းစားခန်းဝင်မလား ကြံတုန်းမှာပဲ ဒေါ်ခင်သူဇာထံမှ ဖုန်းဝင် လာလေသည်။ မနက်ဖြန် သူတို့ခြံကို ဆက်ဂှားမည့် ကုမ္ပဏီနှင့် အလုပ်ကိစ္စ စကားပြောလျှင် အိမ်ဘက်မှာ လာပြောဖို့ ညှိခံပေး မည့် အကြောင်းနှင့် နေ့လယ်စာထမင်းပါ အိမ်မှာ[illegible] စသဖြင့် ကြိုတင်မှာကြားတာ ဖြစ်သည်။ သူ့တွင် "ဟုတ်ကဲ့"မှတစ်ပါး ပြောစရာစကား မရှိချေ။ အန်တီသူဇာက ရွှန်းရွှန်းဝေနေသော် လည်း သူကတော့ မိုးငွေ့ကာကို ပြေးမြင်ကာ အဆင်ပြေပါ့မလားဟု တွေးပူမိသည်။ သို့သော် အသက်အရွယ်ထက်စာလျှင် ပို၍ရင့် ကျက်တည်ငြိမ်သော "မိုးငွေ့ကာ"ဟာ ကြုံလာသည့် အခြေအနေ ပေါ်မှာ အကောင်းဆုံး ရပ်တည်သွားလိမ့်မည်ဟု ယုံကြည်နေမိ ပြန်လေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

"အိုခေလား"

ကားနောက်ခန်းထဲမှ အစမရှိ အဆုံးမရှိ အဆက်အစပ်မရှိ ထွက်လာသော စကားသံကြောင့် "ငို့"က ကိုယ့်ကိုမေးတယ် မထင်ဘဲ ကားကိုသာ ဂရုစိုက်မောင်းနေရာမှ "ဟိတ်"ဆိုသော အသံထပ်ကြားမှ နောက်ကြည့်မှန်ကတစ်ဆင့် သူ့ကိုပြန်ကြည့်ရင်း "ကျွန်မကို မေးနေတာလား"ဟု ပြန်မေးမိသည်။

"ဟောဗျာ... ကားပေါ်မှာ မင်းနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းရှိတဲ့ဟာ မင်းကို မပြောလို့ ဘယ်သူ့ကို ပြောရမှာလဲ"

"မသိဘူးလေ... ဖုန်းပြောနေတယ်မှတ်လို့။ ဒါဆို အိုခေလားဆိုတာ ကျွန်မကို မေးတာပေါ့"





"အင်း"

"ဘာကို အိုခေလားလို့ မေးတာလဲ။ ကားမောင်းရတာ အိုခေလားလို့ မေးတာလား"

သူက ငို့ကို နောက်ကြည့်မှန်ထဲမှတစ်ဆင့် စိုက်ကြည့်ရင်း တစ်ချက်ပြုံးသည်။ သူ့အပြုံးထဲမှာ အဓိပ္ပာယ်တွေ ပါနေသလိုပဲ။

မသိလို့ မေးတာလား၊ သိရက်နဲ့ မေးတာလားဟူသော မေးခွန်းတွေ ထည့်ပေါင်းစပ်ထားသည့် အပြုံးသက်သက် မဟုတ်သော အပြုံးမျိုးဖြစ်သည်။ သူ့ကို ကြောင်တောင်တောင် ပြန်ကြည့်နေသော ငို့ကို သူက ငြိမ်းအေးသော အပြုံးတစ်ခုဖြင့်...

"အခု သွားနေတာ အန်တီသူဇာတို့အိမ်လေ။ အဲဒါကြောင့် စိတ်ထဲမှာ ကျဉ်းကျပ်နေလား၊ အဆင်မပြေဖြစ်လား၊ *အဆင်ပြေရဲ့လားလို့ မေးတာပါ*"

"အဆင်ပြေပါတယ်။ ပုံမှန်ဆို ကျွန်မက ကားထဲမှာပဲ နေရတဲ့သူလေ၊ သူတို့နဲ့လည်း ပတ်သက်စရာ မလိုဘူးထင်ပါတယ်၊ ဟုတ်တယ်မှလား"

"အင်း... ဟုတ်တော့လည်း ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့လည်း ဟုတ်ပါတယ် ဆိုတော့ မဟုတ်သေးတာ ဘာလဲဟု ပြန်မမေးနေတော့ပါ။ ကားကိုသာ ဂရုစိုက်မောင်းလာခဲ့သည်။ သူ မနက်ခင်း Breakfast စားပြီး ထွက်လာတာတောင် ကားတွေက တော်တော်ကျပ်ပိတ်နေချေပြီ။ ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံး နေရာသုံးခုမှာ နှံ့ကျော်တဲ့တားသုံးခုကို တစ်ပြိုင်နက် ဆောက်နေသည်ဆိုတော့လည်း နိစ္စဓူဝ အပြင်ထွက်နေရသည့် လမ်းပေါ်က နလုံးသားများမှာ ရူးချင်စိတ်ရှိသည့် နလုံးသွားများနဲ့ပေါ့။ ဒါကြောင့်လည်း အပြင်မထွက်ရဘဲ ဒီဇိုင်းဆွဲခြင်း၊ စက်ချုပ်ခြင်း ဝါသနာမှာ အေးအေးချမ်းချမ်း မွေ့လျော်ချင်လှပြီ ဖြစ်သည်။

"ဟိုဘက်က ကိုယ်တို့ခြံမှာ အိမ်ငှားထပ်ငှားဖို့ကိစ္စတွေ အလုပ်စကားပြောစရာတွေ ရှိတာရော၊ နောက်... အန်တီသူဇာတို့က နေ့လယ်စာထမင်းကို အဲဒီမှာပဲစားဖို့ ပြောထားတော့ မနက်တစ်ပိုင်းတော့ အဲဒီမှာပဲ ကုန်လိမ့်မယ်။ အကယ်၍ ဒီကြားထဲမှာ မင်း တစ်နေရာရာ သွားချင်တာမျိုး သွားစရာရှိတာမျိုးဆိုလည်း သွားလို့ရတယ်နော်၊ ကိုယ် ပြန်ခါနီးကျရင် ဖုန်းပြန်ဆက်လိုက်မယ်"





"သွားစရာ မရှိပါဘူး။ ကျွန်မ ကားပေါ်ကပဲ စောင့်နေမှာပါ"

"အိုခေလေ... As you like"

အင်မတန် စိတ်ရှည်စွာ စောင့်ဆိုင်းရသော မီးပွိုင့်များကို ကျော်ဖြတ်အပြီးမှာတော့ ဦးတည်ရာ နေရာကို ရောက်လာသည်။ "နို"က အရင်တစ်ခါ ရပ်ဖူးသော ခြံထောင့်က သရက်ပင်ရိပ်လေးမှာပဲ ကားကို စနစ်တကျ ထိုးရပ်လိုက်လေသည်။ သူက ဘာစကားမှ ထပ်မဆိုတော့ဘဲ ကားပေါ်မှ ဆင်းသွားသည်။ ဒီအိမ်ကို လာရမယ်ဆိုတာ ကြိုသိထား၍ ရိက္ခာအပြည့်အစုံ ပါလာသော နို့အတွက်လည်း ပူစရာမရှိပါ။ နှို ကြိုက်သော စာရေးဆရာမတစ်ယောက်၏ လုံးချင်းဝတ္ထုအသစ်တစ်အုပ်ရယ်၊ ကော်ဖီဘူးရယ်၊ ထမင်းချိုင့်ရောပါမှတော့ ဘာလိုဦးမည်နည်း။ သရက်ပင်ရိပ်အောက်ကလည်း အေးမြလှသောကြောင့် ထိုင်ခုံကို နောက်သို့လှန်ကာ အေးအေးဆေးဆေး စာဖတ်နေရုံပဲ မဟုတ်လား။

အိမ်ထဲက အိမ်ကြီးရှင်တွေကို သဘောမကျလှပေမယ့် ခြံကြီးကိုတော့ တကယ်သဘောကျလှသည်မှာ အစ်ရိပ်ဝါး

www.burmeseclassic.com



ရိပ်တွေနှင့် အေးချမ်းလွန်းလို့သာပါပဲ။ နှစ်ရှည်ပင်ကြီးများဖြင့် အရိပ်အာဝါသ ကောင်းလွန်းလှသော ဒီခြံကြီးမှာ ဒီခေတ်ထဲ ဒီလိုအပင်ကြီးတွေ ရှားသွားပြီကောလေ။ ငှိုက ချယ်ရီ FM ရေဒီယိုကို တိုးတိုးဖွင့်ထားရင်း ဝတ္ထုစာအုပ်ကို စ,လှန်လိုက်သည်။ စာအုပ်ထဲ ဘယ်လောက်တောင် စီးမျောသွားလဲတော့ မသိချေ။ ဘေးမှာ'လာရပ်ပြီး ခေါ်နေသံကြားမှပဲ မော့ကြည့်မိလျှင် ဒီအိမ်က အိမ်အကူဟု ယူဆရသော မိန်းမတစ်ယောက်ကို တွေ့လိုက်ရသည်။ ဘာလဲ ဟူသော သဘောဖြင့် ငှိုက မေးဆတ်ပြလိုက်လျှင် ထိုမိန်းမက...

"ကိုနွေသစ်က ခေါ်ခိုင်းလိုက်လို့"

ကျွတ်ခနဲ တစ်ချက် မြည်တမ်းတော့မလို ဖြစ်ပြီးမှ သူ့ အကြောင်းမဲ့ခေါ်တာ မဟုတ်လောက်ပါဘူးဟု စိတ်ကိုပြန်လျှော့ပြီး လိုက်ခဲ့မယ်ဟု ပြန်ပြောလိုက်သည်။ ထိုမိန်းမ ထွက်သွားတော့မှပဲ ငှိုက ကားတံခါးကို လော့ချ သော့ကို လက်ကကိုင်လျက် အိမ်ထဲဝင်လာခဲ့သည်။ ဧည့်ခန်းထဲတွင် နွေသစ်နှင့်အတူ ဒီအိမ်က အိမ်သားအမျိုးသမီးသုံးယောက် ထိုင်နေကြပေမယ့် ငှိုက နွေသစ်ကိုပဲ ဦးတည်ကြည့်လိုက်ကာ...





"ကျွန်မကို ခေါ်တယ်ဆို",

"သြော်... အင်း... ဟုတ်တယ်။ ဒီမှာ အဘွားကပါ ခေါ်ပေးပါဆိုလို့"

"ငှို"က မျက်ခုံးမြင့်တက်သွားကာ ထိပ်ဆုံးခုံမှာ ထိုင်နေသော အဘွားဖြစ်သူထံ လှမ်းကြည့်မိသည်။ အသားဖြူဖြူ ခပ်ပြည့်ပြည့်နှင့် ဥပဓိရုပ်ကောင်းကောင်း အမျိုးသမီးကြီးတစ်ယောက်က ငှို့ကို နွေးထွေးသော မျက်လုံးများဖြင့် ကြည့်နေသည်။ ဒေါ်ခင်သူဇာ၏ မိခင်ဖြစ်ဟန်တူသော ထိုအဘွားမှာ ဒေါ်ခင်သူဇာထက်စာလျှင်တောင် နူးညံ့အေးဆေး သဘောကောင်းပုံရမည့် အမျိုးသမီးကြီးဟု ခန့်မှန်းရလောက်သည်။ "ငှို"က အဘွားထံ မေးခွန်းပါသော မျက်လုံးများဖြင့် လှမ်းကြည့်လိုက်လျှင်...

"အေး... ဒီနေ့ အိမ်မှာ ထောပတ်ထမင်း ချက်တာကွယ့်၊ အဲဒါ စားရအောင် လှမ်းခေါ်ခိုင်းလိုက်တာ"

"ရှင် ! သြော်... ကျေးဇူးပါ အဘွား။ ဒါပေမဲ့ ကျွန်မ မစားတော့ပါဘူး"

"မစားဘူးလို့ ငြင်းမယ်ဆိုတာ သိပါတယ်ကွယ်။ မငြင်းပါနဲ့ ဒီနေ့ အဘွားမွေးနေ့မို့ ဒါနလေး မြောက်သွားအောင်

www.burmeseclassic.com

www.burmeseclassic.com



စားစေချင်တာ။ ဘုန်းကြီးကျောင်းလည်း ဆွမ်းချိုင့်ပို့တယ်လေ၊ နွေသစ်တို့ဌားထားတဲ့ ကုမ္ပဏီက လူတွေကိုတောင် ဖော့ဘူးတွေနဲ့ ပို့လိုက်သေးတယ်။ စားပါဦးကွယ် အဘွား ဒါနလေး မြောက်သွားအောင်"

ငှို ဘာပြန်ပြောရမှန်း မသိခင်မှာပဲ နွေသစ်ထံသို့ အကြည့်ရောက်သွားလျှင် သူကပါ တိုက်တိုက်တွန်းတွန်းနှင့် ဝင်ပြောတာကို ကြုံရသည်။

"ဟုတ်ပါတယ် မိုးငှိုကာ၊ ဝင်စားလိုက်ပါ"

"ကဲ... ကဲ... လာ... စားကြတာပေါ့"

အဘွားက ဦးဆောင်ပြီး ထလိုက်လျှင် ကျန်တဲ့သူတွေကပါ ထိုင်ရာမှ ထလိုက်ကြသည်မို့ ငှိုပါ ထမင်းစားခန်းထဲ လိုက်ရတော့မလို ဖြစ်သွားသည်။ အဲဒီအချိန်မှာပဲ ငှိုနှင့်ရွယ်တူ ထင်ရသော ကောင်မလေးက ငှို့ကို ဖော်ရွေသော မျက်နှာထားနှင့်...

"လာ... လာ... အတူဝင်စားလိုက်ပါ၊ အားမနာပါနဲ့"

ဒီလိုနဲ့ပဲ စိတ်ကျဉ်းကျပ်စွာနဲ့ သူတို့အိမ်က ထမင်းစားခန်းထဲ ရောက်သွားလေသည်။ ဖြစ်နိုင်လျှင် ဒေါ်ခင်သူဇာနှင့်





ပတ်သက်သော ထမင်းတစ်လုတ်ကို မစားချင်ပေမယ့် ဒီအိမ်ရဲ့ အသက်အကြီးဆုံး အဘွားကိုယ်တိုင် ဖိတ်ခေါ်နေတာရော၊ ကိုယ့်အလုပ်ရှင် ကိုယ်တိုင်က တိုက်တွန်းတာရော၊ ပြည့်ဆိုတဲ့ မိန်းကလေးရဲ့ ဖော်ရွေသော မျက်နှာထားကြောင့်ရော ငြင်းဆန်ဖို့ ခက်ခဲလှသည်။

ဝတ္တရားကြေ မြန်မြန်စားကာ မြန်မြန်ထသွားမည်ဟု စိတ်ကူးသော်လည်း စားပွဲမှာ စထိုင်ပြီး ခွန်းကိုင်လိုက်တာနှင့် အဘွားထံမှ စကားသံ ထွက်လာသည်။

"သမီးကို မြင်ရတာ ဟိုးအရင်က မိတ်ဟောင်း ဆွေဟောင်း တစ်ယောက်ကို ပြန်မြင်ရသလိုပဲ။ စိတ်ထဲမှာ ရင်းနှီးနေတယ်။ ဒီမျက်နှာကို ရင်းရင်းနှီးနှီး မြင်ဖူးသလိုမျိုးပဲ။ ဘယ်မှာ နေကြတာလဲကွယ့်"

"စမ်းချောင်းဘက်မှာပါ။ မိဘတွေက သာမန်လက်လုပ်လက်စားတွေပါ။ အဘွား စိတ်ထဲမှာ ထင်လို့ ဖြစ်ပါလိမ့်မယ်"

"ြော်... သမီးက ဒီယာဉ်မောင်းအလုပ်ကို လုပ်တာကြာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမေးခွန်းတွေကို သိပ်မဖြေချင်သော ငိုက နွေသစ်ကို စိတ်အိုက်သလိုနှင့် တစ်ချက်လှမ်းကြည့်မိသွားသည်။ ဒါကို ဘယ်အချိန်တည်းက မျက်စိဒေါက်ထောက် ကြည့်နေမှန်း မသိသော ဒေါ်ခင်သူဇာက စကားတစ်ခွန်း လှမ်းထွက်လာသည်။

"မင်းက နွေသစ် ပြန်သွားရင် အလုပ်မရှိတော့ဘူးမှလား။ အဲဒါကြောင့် မေမေက မင်းကို သူ့ဒရိုင်ဘာ ခန့်ရင် ကောင်းမလားလို့ စိတ်ကူးနေလို့ မေးနေတာ"

"ကျွန်မ ကိုနွေသစ် ပြန်သွားလည်း ဒရိုင်ဘာအလုပ်ကို ဆက်မလုပ်တော့ပါဘူး"

"ဘာဖြစ်လို့လဲကွယ်၊ တို့အိမ်မှာ မလုပ်ချင်တာလား"

ဒေါ်ခင်သူဇာ့ စကားတွေကို စိတ်ပျက်လွန်းသဖြင့် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်တာကို အဘွားက မြင်သွားဟန် တူသည်။

"ခင်သူဇာရယ်... ညည်းကလည်း အပျက်ဘက်ဟာပဲ ပြောနေတာပဲ။ သူ့မှာလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့၊ ဒီအလုပ်တစ်ခုတည်း ရှိတာမှတ်လို့။ အေး... အဘွားက တော့ နွေသစ်ဆီကနေ သမီးအကြောင်းတွေ ကြားထားလို့





သဘောကျနေတာ။ အိမ်က ဒရိုင်ဘာက အသက်ကြီးလို့ နားချင်ပြီတဲ့လေ။ စိတ်ကြိုက်လူသစ် မရမချင်း စောင့်ပေးပါဦး ပြောထားလို့သာ...

ဒါမှမဟုတ်လည်း တို့ မိပြည့်ကိုသာ ကားမောင်း သင်ခိုင်းရတော့မလိုပဲ။ မိပြည့်များ အဲလောက် ကျွမ်းကျွမ်း ကျင်ကျင် မောင်းတတ်ရင် ဘယ်လောက် အဆင်ပြေလိုက်မလဲ"

"အို... မေမေကလည်း၊ ပြည့်ကိုတော့ သူ့ ဘာလို့ သင်ခိုင်းနေမလဲ။ နွေသစ်ကိုပဲ သင်ခိုင်းမှာပေါ့"

ငိုက ကိုယ့်ကို ပြောနေသည်ဟု သဘောမထားဘဲ ကြက်ပေါင်ကိုသာ အာရုံစူးစိုက်ပြီး ဇွန်း ခက်ရင်းနှင့် ဖဲ့နေလိုက်သည်။ နွေသစ်ဆီကပဲ ရယ်သံစွက်စွက်နှင့် အသံထွက်လာသည်။

"အန်တီသူဇာရယ်... ကျွန်တော်တောင် သူမောင်းတဲ့ကား စီးနေတဲ့ဟာ၊ ကျွန်တော်က ဘယ်လိုလုပ် သင်ပေးတတ်မှာလဲ"

"ဟင်... မင်း ကားမောင်းတတ်နေတာပဲ မဟုတ်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်းတော့ မောင်းတတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က စင်ကာပူမှာပဲ မောင်းတတ်တာ။ စင်ကာပူမှာ မောင်းရတာ ပိုလွယ်တယ် အန်တီသူဇာရဲ့။ ကျွန်တော် လေ့လာကြည့်ရသလောက်ကတော့ ဒီမှာ ကားမောင်းရတာ တော်တော်မလွယ်ဘူး။ စည်းကမ်းမရှိသူတွေ တော်တော်များများ မောင်းနေတဲ့ လမ်းပေါ်မှာ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်မဖြစ်အောင် မောင်းရတာ ဒီကလူတွေက ပိုတော်တယ်ထင်တာပဲ…

မြို့ထဲမှာဆိုလည်း ပါကင်ဆို ကျပ်ညပ်သပ်နေတဲ့ နေရာလေးထဲ ဖွတ်ထိုးထည့်ရတာလေ။ ဘေးကကြည့်နေတဲ့ ကျွန်တော်တောင် အသက်ရှူကျပ်တယ်"

"ဟေး… ဟုတ်လောက်တယ်ကွယ့် အဲဒါကြောင့် ဦးစိန်ဝင်းက ကားမမောင်းချင်တော့တာလည်း ပါတယ်။ သူ ဒရိုင်ဘာလုပ်လာတာ နှစ်သုံးဆယ်လောက်ရှိပြီ၊ ဒီနေ့ခေတ်အခါလောက် ဘယ်အချိန်ကမှ မဆိုးခဲ့ဖူးဘူးတဲ့လေ။ ကဲ… ကဲ… စကားတွေ များနေတာနဲ့ အစားအသောက်ပျက်နေဦးမယ်၊ စားကြ… စားကြ… နွေသစ်ရော စားရတာ အဆင်ပြေရဲ့လား"





"ဟုတ်ကဲ့… ပြေပါတယ်၊ အရမ်းကောင်းပါတယ်"

"အဲဒါ ပြည့် လက်ရာလေ။ ပြည့်ကတော့ အစားအသောက်ရော အိမ်မှုကိစ္စရော ပြန်လှည့်ကြည့်စရာကို မလိုတာ။ မင်းရော ထမင်းဟင်း ကောင်းကောင်းချက်တတ်လား"

တွေ့လား… ငို့ဘက်ကို မြားဦးက လှည့်လာပြန်သည်။ ခေါ်ကျွေးတာနှင့် မကာမိအောင် စိတ်ရှုပ်သည့်ဒုက္ခကို ခံစားနေရလေသည်။

"သာမန်လောက်ပဲ တတ်ပါတယ်၊ ဒီလောက်ကြီးတော့ မတတ်ပါဘူး"

ငို့က ထမင်းကို မြန်မြန်လက်စသတ်လိုက်ပြီးနောက် ထိုင်ရာမှထကာ အဘွားကို ဦးတည်ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ဆတ် ညွှန်ရင်းမှ…

"Happy Birthday ပါ အဘွား။ ထမင်းကျွေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်မကို ခွင့်ပြုပါဦး"

"ဟြော်… အေး အေး… သွားတော့မလို့လား၊ အချိုပွဲတွေ စားပါဦး။ ငှက်ပျောဆနွင်းမကင်းလေး ကောင်းမှကောင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မစားတော့ပါဘူး အဘွား၊ ခွင့်ပြုပါဦးနော်၊ ကိုနွေသစ်... ကျွန်မ ကားပေါ်ကပဲ စောင့်ပါ့မယ်"

ငြိုက ပြည့် ဆိုသေး မိန်းကလေးကိုတော့ နှုတ်ဆက်ပြုံးလေးတစ်ခုနှင့် ခေါင်းညိတ်ပြလိုက်ပြီး ထိုထမင်းဝိုင်းထဲမှ မြန်မြန်ပြန်ထွက်လာခဲ့သည်။ တကယ်ကို အိမ်အပြင်ဘက်ရောက်မှပဲ အသက်ရှူဝတော့လေသည်။ နောက် နာရီဝက်လောက်ကြာသောအခါ သူက ကားနောက်ခန်းတံခါးကို ဆွဲဖွင့်ဝင်ထိုင်လျက် သွားစို့ဟု ပြောသည်။ ငြိုက သွက်သွက်လက်လက်ပဲ ကားကို မောင်းထွက်လာခဲ့သည်။ အပြင်ရောက်တော့မှပဲ...

"ဘယ်ကို မောင်းရမလဲ"

"အင်း... မင်းကို နည်းနည်းတော့ 'စား'ဦးမှပဲ"

"ဟင်... ဘာပြောတာလဲ"

ငြို မျက်လုံးပြူးကာ ကြောင်တက်တက် ဖြစ်သွားပုံကို သူက သဘောကျသလို ဟက်ခနဲ ရယ်မောကာ...

"ဟက်ဟက်... ပဟေဠိဖွက်မယ်လို့ ပြောတာပါ၊ သွားမယ့်နေရာကို"

ငြိုက သူ့ကို မှန်ထဲကနေ၍ တစ်ချက်ကြည့်လိုက်လျှင် ပြုံးစစနှင့် စိုက်ကြည့်နေသော သူ့မျက်လုံးများနှင့် ဆုံလိုက်





ရသည်မို့ ကမန်းကတန်း မျက်နှာလွှဲလိုက်သည်။ အဲဒီအကြည့်တွေကို ငြို မကြိုက်ပါ။ မရိုးသားသောအကြည့်ဟု ခေါင်းစဉ်တပ်မရသော်လည်း သူ့အကြည့်တွေထဲမှာ သမုဒယဆန်သော အရိပ်အယောင်တွေ ပါဝင်နေသည်ဆိုလျှင် ငြိုဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းသော မိန်းကလေးတစ်ယောက်များ ဖြစ်နေမလား။ ဘာလဲ... ငြို... နင်က အဲဒီအကြည့်တွေကို ငြီးငွေ့သွားမှာ ကြောက်နေတာလား။

ငြိုလည်း ယောက်ျားလေးတွေနဲ့ လုံးဝအတွေ့အကြုံ မရှိသော၊ အစိမ်းသက်သက် မဟုတ်သော မိန်းကလေး မဟုတ်ပါ။ ကိုယ့်ကို စိတ်ဝင်စားသော၊ ချစ်ခင်ပါသည်ဆိုသော ယောက်ျားလေးတွေရဲ့ ချဉ်းကပ်မှု ချစ်ရေးဆိုမှုကို ခံခဲ့ရဖူးတာပဲ။ ဒါပေမဲ့ ဘာငြီးငွေ့စရာမှ အကြောင်းမရှိခဲ့။ ငြီးငွေ့လေမလားဟု စိုးရိမ်စရာလည်း မရှိခဲ့။ ခုလည်း ဒီလို ဖြစ်နေရမည်လေ။ အကြည့်တစ်ချက်ကို ဘာဖြစ်ဖြစ်စရာ အကြောင်းရှိလို့လဲ ငြို။

"ဟင်... ကိုယ် မေးနေတာ မကြားဘူးပေါ့"

"ဆောရီး... တကယ် မကြားလိုက်လို့ပါ"

"ကိုယ် ပဟေဠိဖွက်မယ်လို့။ မင်း ဖြေနိုင်ရင် စားချင်တာ ဝယ်ကျွေးမယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း... ကောင်းပြီလေ၊ ပြောပါ"

"အခု သွားမယ့်နေရာက ကိုယ် ရန်ကုန်ကို စရောက်ရောက်ချင်း မင်းကို လိုက်ပို့နိုင်းတဲ့ နေရာပဲ"

"လွယ်လိုက်တာ ပဟေဠိကလည်း။ ရှင် သွားချင်တာ money changer လေ"

"အင်း... ဟုတ်ပါ့"

အဲဒီလေသံကြောင့် ဋီက ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နိုင်ခင်မှာပဲ နောက်ကြည့်မှန်မှတစ်ဆင့် သူ့ကို ဖျတ်ခနဲကြည့်မိသွားပြန်သည်။ အဖြေမှန်သားပဲ ဟူသော သဘောနှင့် မိန့်မိန့်ကြီးပြုံးကာ ကျေနပ်နေသော ပုံစံကြောင့် ဋီက နှုတ်ခမ်းလေး တွန့်ရုံ ပြုံးမိသည်။ အဲလိုပြုံးပြီးကာမှ ကိုယ့်အပြုံးကို သူ မြင်သွားသေးလား ဟူသော ပုံစံဖြင့် နောက်ကြည့်မှန်ထဲမှတစ်ဆင့် ပြန်ကြည့်လိုက်လျှင် တကယ်ပဲ သူက ပြုံးတုံ့တုံ့ဖြင့် စိုက်ကြည့်နေလေသည်။ ကျွတ်... ခက်လိုက်တာပဲ။

"Money Changer သွားမယ်။ ပြီးရင်တော့ အခွေတွေ ဝယ်မယ်၊ အခွေဆိုင်ကောင်းကောင်း ပို့ပေးပါ။ အင်း... အဲဒါပြီးရင်တော့ ဗိုက်ချောင်လောက်ပါပြီ။ မင်းက နိုင်ထား





တာဆိုတော့ မင်း စားချင်တာ ကျွေးရမှာပေါ့။ အေးအေးဆေးဆေး စကားပြောလို့ရပြီး စားလို့ သောက်လို့ ကောင်းမယ့်နေရာပေါ့"

"အေးအေးဆေးဆေးစကားပြောချင်တယ်၊ အစားအသောက်လည်း ကောင်းရမယ်... ဟုတ်လား"

"အင်း... ဟုတ်ပါ့။ လောဘကြီးတယ် နှစ်ခုလုံးပဲ"

"အိုခေပါ... ကျွန်မ money changer သွားရင်း လမ်းကြောင်းသင့်တဲ့ နေရာတွေ စဉ်းစားလိုက်ပါ့မယ်"

ရန်ကုန်မြို့ရဲ့ ကားပိတ် ကားကျပ်သည့် အခြေအနေကြောင့် money changer ၊ အခွေဆိုင်ရှိသောလမ်းထဲ ပါကင် မရသဖြင့် သုံးပတ်လောက် ပတ်လိုက်ရခြင်းတို့၌ အချိန်တော်တော်ကုန်သွားလေရာ Signature Resturant သို့ ရောက်သောအခါ တော်တော်မောသွားပြီ ဖြစ်သည်။ သို့သော် ကန်တော်ကြီးရှုခင်းကို ဖြတ်ပြေးတိုက်ခိုက်လာသော လေညှင်းရယ်၊ သာယာအေးချမ်းသော ဝတ်ဝန်းကျင်ရယ်ကြောင့် စိတ်တော့ လန်းဆန်းသွားရသလိုပင်။ သူလည်း စိမ်းစိုသော သစ်ပင်ပန်းမာန်များနှင့် သာသာယာယာ တိုက်ခတ်နေသော လေပြေကြောင့် စိတ်ကြည် နေနေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်က ဘယ်ဆိုးလို့လဲ။ ကိုယ့်ကို ဘာလို့ ခုမှ ခေါ်လာတာလဲ"

"ဟင်... သိဘူးလေ"

ငို့ရဲ့ကြောင်တောင်တောင် အဖြေစကားကို သူက ဟက်ခနဲရယ်ရင်း ဝိတ်တာဆွဲထုတ်ပေးသောခုံမှာ ဝင်ထိုင်ကာ မီနူးကတ်ကို ငို့ဘက်သို့ ကမ်းပေးသည်။ ငိုက မီနူးကို ကြည့်တောင် မကြည့်တော့ဘဲ ပြုံးပြီး ခေါင်းခါပြလိုက်ကာ ဝိတ်တာကိုပဲ မော့ကြည့်ရင်း ပြောလိုက်သည်။

"ရှောက်ချိုသီးဖျော်ရည် Fresh juice ရတယ်မှုလား။ အင်း... အဲဒါတစ်ခွက်နဲ့ ဆင်းဒဝရှစ်တစ်ပွဲ၊ ဪ... တူနာဆင်းဒဝရှစ်ပါ"

"ဟင်... မင်းက ဒါပဲလား။ စားဦးလေ"

"တော်ပြီ... ကျွန်မ ဆင်းဒဝရှစ်နဲ့ ဂျူ့စ်နဲ့ဆို တော်တော်ဗိုက်ပြည့်နေမှာ"

"အိုခေ... ကိုယ်က ပုစွန်တန်ပူရာ တစ်ပွဲ၊ အော်ဖွန်းသုပ်တစ်ပွဲနဲ့ သူ့အတိုင်းပဲ ရှောက်ချိုသီး fresh juice အဲဒါပဲ"

ဝိတ်တာ ပြန်ထွက်ခွာသွားချိန်တွင် သူက ငို့ကို ပြုံးစစနှင့် စိုက်ကြည့်လာရင်း...



"ကားမောင်းရတာ တော်တော်ပင်ပန်းသွားလား"

"အဟင်း... အမှန်အတိုင်း ပြောရရင်တော့ ရန်ကုန်မြို့ကြီးက ကားမောင်းရတာ အရမ်းစိတ်ပျက်စရာ ကောင်းလာတာလေ။ ရှင် ဂျာနယ်တွေ ဖတ်တယ်မှုလား။ ရန်ကုန်နေလူထုက ဒီကားပိတ်တဲ့ဒဏ်၊ ကားပေါ်မှာပဲ အချိန်ကုန်ရတဲ့ဘဝတွေကို အကြီးအကျယ် စိတ်ကုန် စိတ်ပျက်နေကြပြီ။ ရှင်တို့ စင်ကာပူလိုဖြစ်ရင် ဘယ်လောက်ကောင်းမလဲ"

"ဘာရယ်... ရှင်တို့ စင်ကာပူ ဟုတ်လား"

"အင်းလေ... ရှင့်အတွက် ရန်ကုန်က အလည်လာတဲ့နေရာ၊ အိမ်ရှိတာက စင်ကာပူမှာ မဟုတ်လား၊ ဒီနေရာက စိတ်ကျဉ်းကျပ်တဲ့ ပုံစံတွေ ရှောက်ခါစက ကျွန်မ တွေ့ရတယ်"

"အင်း... ခုတော့ မတွေ့တော့ဘူးမှုလား"

"ဒါက ပြန်ခါနီးလို့ ဖြစ်မှာပေါ့"

"ဟင်... ဘယ်သူပြောလဲ... ပြန်တော့မယ်လို့"

"မသိဘူးလေ... ဒီနေ့ အလုပ်ကိစ္စလည်း ပြီးပြီဆိုတော့ ပြန်ခါနီးပြီလို့ ထင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ပြန်တော့ ပြန်ရဦးမှာပေါ့လေ"

သူ့စကားက တစ်ခုခုကို ဆက်ပြောချင်သေးသည့်ပုံ။ ငှိုက ဘာမှ ဆက်မမေးမိဘဲ လှမ်းမြင်နေရသော ကန်ရေပြင်ကိုသာ ငေးနေမိသည်။

"မင်းရော ကိုယ် ပြန်သွားရင် ဘာလုပ်မှာလဲ"

"ကျွန်မ သင်တန်းတက်စရာ ရှိတယ်လေ"

"အန်တီသူဇာတို့အိမ်က ကမ်းလှမ်းချက်ကို လက်ခံဖို့ မစဉ်းစားတော့ဘူးလား"

"ရှင် ကျွန်မကို လာနှောက်နေတာလား"

"မနှောက်ပါဘူး၊ သင်တန်း မတက်ဖြစ်သေးရင် စဉ်းစားသင့်တယ်လို့ အကြံပေးမလို့"

ငှိုက သူ့ကို မျက်လုံးပြူးနှင့်သာ ကြည့်မိပြီး ဘာမှ ပြန်မပြောတော့ချေ။ လာချပေးပြီဖြစ်သော ဂျူ့စ်ကိုသာ ပိုက်တံနှင့်မွှေပြီး အသာစုပ်သောက်နေမိသည်။ အရသာရှိလေစွ။

"ကိုယ့်ကို ဘယ်လိုမြင်လဲ မိုးငှိုကာ"

ဆင်း၁၀ရှစ်ကို ကောက်ကိုင်မည့်လက်တောင် တွန့်သွားရသည်အထိ သူ့မေးခွန်းကြီးက မြင့်သလွှားလို့ပင်။





"စာမေးပွဲခန်းထဲမှာသာ ဆိုရင်တော့ ကျွန်မ စာမေးပွဲကျမှာပဲ"

"ဘာဖြစ်လို့လဲ"

"မေးခွန်းနားမလည်လို့လေ"

"အဲလိုလား၊ နားမလည်သလို ဖြေလို့ရပါတယ်"

"ကိုနွေသစ်က ကျွန်မရဲ့ အလုပ်ရှင်လေ။ ဒီကို ခဏရောက်နေတဲ့သူ၊ တစ်ချိန်ကျရင် ပြန်မှာပဲလေ။ ကျွန်မနဲ့ မတော်တဆ ကြုံကြိုက်ပြီး ကျွန်မက ကိုနွေသစ်ဆီမှာ အလုပ်လုပ်ဖြစ်တယ်။ ဒါပဲလေ"

"အင်း... မင်းပြောတာတွေလည်း ဟုတ်ပါတယ်။ ဒီထက်ပိုပြီး မမြင်တတ်တော့ဘူးလား၊ ဥပမာ... ကိုယ် အရင်က ခင်ဘုန်းပြည့်စုံကို သွားစောင့်ကြည့်တာတို့ ဘာတို့"

"ကြည့်တာက ကြည့်ချင်လို့ ကြည့်တာပဲ မဟုတ်ဘူးလား"

"ဟား ဟား... ကောင်းလိုက်တဲ့ အဖြေကွာ"

ငှိုက ပခုံးတစ်ချက်တွန့်ပြီး ဆင်း၁၀ရှစ် ယူစားနေပုံကို သူက ပြုံးကြည့်နေသည်။ သူ ပြုံးကြည့်လိုက်ပုံကြီးကလေ Pretty Woman ရုပ်ရှင်ကားထဲက Julia Roberts ကို Richard



www.burmeseclassic.com

www.burmeseclassic.com



Gere က ပြုံးကြည့်နေပုံမျိုးကြီးနဲ့ ဆင်လေသည်ဟု မုန့်ဝါးရင်းမှ ငှို တွေးမိနေသည်။ အဲဒီဇာတ်လမ်းထဲက ဗီဗီယန် (ဂျူလီယာရော ဘတ်)ကတော့ ထိုအပြုံးတွေကို ကြွေသွားသလားတော့ မပြော တတ်။ ငှိုကတော့ ဒီလူနဲ့ ကိုယ်ဟာ ဘဝတစ်ကွေ့မှာ ခဏတွေ့ ကြသူတွေပဲဟု သဘောထားနိုင်မှ အဆင်ပြေမည်ဆိုတာ ကြိုသိ နေလေသည်။

"ဒေါ်ခင်သူဇာရဲ့ ပုံစံအရ တစ်ခုခုကို မသိဘူးဆိုရင် ကျွန်မ ညံ့ရာကျမလား၊ လိမ်ရာကျမလား မသိ"

လူကို လာစားနေသော သူ့ကို ငှိုကလည်း နည်း နည်းလေး ပြန်စားမှ တရားမျှတမည်ဟု ထင်လေသည်။ ငှို့မေး ခွန်းကြောင့် သူ ဘာပြန်ပြောရမှန်း မသိဘဲ ကြောင်တောင်တောင် ဖြစ်သွားပုံကို စိတ်ထဲက ကျိတ်ရယ်ရလေသည်။ သူ မှာထား သော အစားအသောက်များ လာချပေးတာကို ဟိုဟိုဒီဒီ လိုက် ငြည်းနေရင်း မျက်မှောင်မသိမသာ ကြုတ်နေပုံထောက် သူ စဉ်းစားနေပုံ ရပါသည်။ အင်း... ဟုတ်သားပဲ၊ ဒီလူဟာ မြန်မာ စကားကို နည်းနည်းရှုပ်အောင် ပြောလိုက်လျှင် သူ့ခေါင်းထဲ ရှုပ်ထွေးသွားနိုင်လေသည်။





"လူညံ့ဖြစ်ရတာနဲ့ လူလိမ်ဖြစ်ရတာနဲ့ ဘယ်ဟာက ကောင်း လဲ မသိနော်"

သူ ဇဝေဇဝါ ပြန်ပြောသော စကားကြောင့် ငှိုပင် လျှင် စဉ်းစားရမလို ဖြစ်သွားသည်။ ခုတလော ဒုဿနတွေ မစဉ်းစားဖြစ်သော ဦးနှောက်အတွေးအခေါ်ထဲ၌ သံချေးတက်နေ ပြီလားဟုတောင် ထင်ရလေသည်။ လောကမှာ ညံ့တဲ့လူ ဖြစ်ရ တာနဲ့ လိမ်တဲ့လူ ဖြစ်ရတာ ဘယ်ဟာကောင်းလဲ ဆိုသော မေး ခွန်းကို ဆင်းဒဝရှစ်ဝါးရင်း ကိုယ့်ဘာသာ စဉ်းစားနေမိသည်။

"ဟား... ဘာလဲ ? ကိုယ့်ဘာသာပြောပြီး ကိုယ့်ဘာသာ အဖြေပြန်စဉ်းစားနေမိတာလား"

ဟုတ်နေသောကြောင့် ငှိုက နှုတ်ခမ်းစေ့ကာ အသာ ပြုံးမိသည်။ သူက အော်စွန်းသုပ်ပန်းကန်ကို ရှေ့သို့ထိုးပေးရင်း ငှို့ကို စားပါဟု ပြောသည်။ စားချင်စရာ အော်စွန်းသုပ်ကို နဂို တည်းကလည်း အရမ်းကြိုက်သော်လည်း သူစားဖို့ မှာထားတဲ့ဟာ ဟု သိနေသော အသိကြောင့် ယူစားဖို့ရာ လက်မရဲဘဲ ဖြစ်နေ သည်။ သူက တူတစ်စုံ ကမ်းပေးသော်လည်း မဖောက်သေးဘဲ အော်စွန်းသုပ်ကို စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ… အဲဒီလောက် စဉ်းစားမနေပါနဲ့။ အစားအသောက် များနေဦးမယ်၊ စားပါဦး"

ငြိမ်က အော်စွန်းသုပ်ကို တူနှင့်ညှပ်ယူစားရင်းမှ…

"ကျွန်မစိတ်ထင် ဒေါ်ခင်သူဇာက ရှင့်ကို တူသမက်တော်ချင်နေတာ ထင်တာပဲ၊ အဲဒါကြောင့် ရှင့်အေးမှာ ရှိတဲ့ မိန်းကလေးဆို သူ့တူမနဲ့ ပြိုင်ဘက်လို့ သတ်မှတ်ပြီး cross ဖြစ်နေတာ နေမှာပေါ့"

"အင်း… ဒါဆို မင်းနဲ့ ကိုယ်နဲ့အမြင်တူနေတာပေါ့"

"အမြင်တူရုံပဲလား မှန်နေတာရော မဖြစ်နိုင်ဘူးလား"

"အင်း… ဖြစ်နိုင်ပါတယ်။ အဲဒါသာ တကယ်ဆိုရင်တော့ မင်းကို ကိုယ် အားနာရမယ်"

ဘာကိုအားနာရမယ်ဟု ဆိုလိုချင်သလဲတော့ မပြောတတ်။ ငြိမ်ကတော့ သူ့ကို ငေးကြည့်နေမိသည်။ သူကလည်း ဂျူ့စ်သောက်ရင်းမှ ငြိမ့်ကို ကြည့်လာသည့်အခါ တစ်ယောက်နှင့်တစ်ယောက် မရည်ရွယ်ပါပဲ ပြိုင်တူယှဉ်ကြည့်နေမိသလို ဖြစ်သွားသည်။ အကြည့်လွှဲရင် ကောင်းမလား စဉ်းစားနေတုန်းမှာပဲ သူကဲ့ စကားပြောလာသည်။





"ကိုယ် ဒီကို နောက်တစ်ခေါက် ပြန်လာတဲ့အခါ မင်း ဖြစ်ချင်တဲ့ ဆန္ဒတွေ ပြည့်နေလောက်ပြီလား"

"ခဏလေးနဲ့ ပြန်လာရင်တော့ ဘယ်ပြည့်မလဲ"

ငြိမ်က ရယ်ကျဲကျဲနှင့် ဆိုလိုက်လျှင် သူက ဟုတ်သားပဲဟု သူ့ဘာသာပြောကာ တိုးတိုးရယ်သည်။ ပြီးတော့ ငြိမ့်ကို အဓိပ္ပာယ်ပါသော မျက်လုံးများဖြင့် ကြည့်ကာ…

"ကိုယ် ပြန်သွားရင်တော့ မင်းနဲ့ အဆက်အသွယ် ပြတ်မသွားချင်ပါဘူး"

ဘယ်လိုတွေလဲ ရှင်ရယ်။ တစ်ခုခုကို ပြောချင်နေသော်လည်း သူ့ကိုယ်သူ ကိုယ်ဘာပြောချင်မှန်းမသိ ဖြစ်နေသည့် လူကို ငြိမ်က ခပ်ငေးငေးလေးသာ ကြည့်လိုက်ပြီး ဘာမှ ပြန်ပြောဖို့ မကြိုးစားတော့ချေ။ ရွှေရွှေချင်းထပ်သည့် ဘဝတွေမှာ သူနှင့်ခင်ဘုန်းပြည့်စုံ လက်ထပ်ဖြစ်သွားပြီး ငြိမ်က သတို့သမီးဝတ်စုံချုပ်ပေးရမည့် ဒီဇိုင်နာများဖြစ်နေခဲ့လျှင် ဘယ်လိုလုပ်မလဲဟု ရှုံးနှမ်းစွာ တွေးမိသွားသည့် ကိုယ့်ကိုယ်ကိုယ်ပဲ ရယ်သွမ်းသွေးရတော့မည် ထင်ပါရဲ့နော်။

○



www.burmeseclassic.com

www.burmeseclassic.com



## (၁၅)

"ညည်းကိုက တုံးတာ"

"ဘယ်လို ဖြစ်ရပြန်တာလဲ အန်တီသူဇာရယ်"

တကယ်တော့ ဘယ်လိုဖြစ်ရတယ်ဆိုတာ ပြည့်က သိပြီးသားဖြစ်သည်။ ဒါပေမဲ့လည်း စိတ်ပုပ်သည်ဆိုဆို သူ နည်းနည်းလေး မောရင်လည်း မောသွားပါစေဟူသော စိတ်စေတနာနဲ့ပါဆိုလျှင် ပြည့်ရဲ့ညာဘက်နားရွက် ဖြတ်မတတ် လိမ်ဆွဲခံရလေမလား။ ဟုတ်တယ်လေ... သီတင်းကျွတ်မှာ ဒရိုင်ဘာဦးစိန်ဝင်းက ခွင့်ယူထားသဖြင့် Ocean မှာ ဈေးသွားဝယ်ဖို့ကို အန်တီသူဇာက နွေသစ်ထံ ဖုန်းဆက်ခိုင်းသည်။ ဖုန်းဆက်လည်း နွေသစ်က ကိုယ်တိုင်မောင်းပြီး လာမှာမှ မဟုတ်တာ။ သူတောင်





ဒီမှာ ကျွမ်းကျွမ်းကျင်ကျင် မမောင်းတတ်လို့ ဒရိုင်ဘာငှားထားရပါတယ်ဆိုနေမှ။ ဒါကြောင့် ကိုယ့်ဘာသာ Taxi နဲ့ သွားဖို့ပဲ ကြိုးစည်နှောင်ရှက်သော ငြိုကို ကားပေါ်ရောက်တဲ့အထိ အန်တီသူဇာက ပွစိ ပွစိလေ။

"ဟုတ်တယ်လေ... ဒီလောက် လူကြီးတွေက ဖြစ်စေချင်နေကြတာ၊ ကိုယ်ကလည်း နည်းနည်းပါးပါး လျှော့ပါဦးတော့လား။ ဘာမှကို မတုန်မလှုပ်နဲ့။ အဲဒီလိုနဲ့ ဟိုဒရိုင်ဘာမလက်ထဲ ပါသွားတော့မယ်..."

သူ့ ကားမမောင်းတတ်တော့ရော ဘာဖြစ်လဲ။ ညည်းနဲ့ သူနဲ့ နောက်ကထိုင်ပြီး ငါနဲ့ ဒရိုင်ဘာမနဲ့ ရှေ့ကထိုင်မှာပဲလေ။ ဒါကို လက်မခံချင်ဘူး"

"လက်ခံစရာလား အန်တီသူဇာကလည်း။ နွေသစ်အမြင်မှာ သမီးတို့ကို ပိုအထင်သေးသွားမှာပေါ့။ နောက်ပြီး အန်တီသူဇာနဲ့ သူ့ဒရိုင်ဘာကလည်း တခေါင်းစေးနဲ့ မျက်ချေး၊ သွားရင်းလာရင်း အခန့်မသင့်လို့ တစ်ခုခုဖြစ်ကြရင် ပိုမျက်နှာပျက်စရာ ဖြစ်မယ်"

"အောင်မယ်... ညည်းကများ ငါ့ကို ဆုံးမပြန်လုပ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလုပ်တာ မဟုတ်ဘူးလေ။ ပြီးတော့ အဲလိုကြီးလည်း တတန်းတန်းနဲ့ မသွားချင်ပါဘူး"

"အေးပါ... အဲလို မသွားချင်ရင်လည်း နှစ်ယောက်တည်း သွားကြရအောင် ကြိုးစားကြလေ"

ပြည့်က အန်တီသူဇာကို တရားကျစွာ၊ တစ်နည်းအားဖြင့် တရားကျစွာ ဆိုတာထက် စိတ်ပျက်စွာ လှည့်ကြည့်မိသည်။ အရင်ကတော့ တေဇာအောင်မှ တေဇာအောင် ဆိုပြီး လော်ခဲ့ ကြော်ခဲ့တာဟာ သူ မဟုတ်တော့သလို။ အဲဒီတုန်းကလည်း ပြည့်တစ်ယောက် စိတ်မပါခဲ့ပေမယ့် ကျောက်တုံးကျောက်ဆောင်တွေတောင် နှပါများရင်၊ တိုက်စားခံရဖန်များလာလျှင် ပဲ့လာသလိုပဲ ကိုယ်လည်း စိတ်ပါခဲ့ရသည်။ ပြီးတော့ တေဇာအောင်ကိုယ်တိုင်ကလည်း ပြည့်အပေါ်မှာ စိတ်ဝင်စားမှု ရှိခဲ့သည်။ ခုဆိုလျှင် သူကိုယ်တိုင်က ပြည့်ကို ချစ်တဲ့အကြောင်း၊ လက်ထပ်ချင်သည့်အကြောင်း ဖွင့်ဟပြောခဲ့ပြီး ဖြစ်သလို အန်တီသူဇာရဲ့ အရောင်ပြောင်းတတ်သော စိတ်ထားတွေကြောင့် ရိုးတိုးရိပ်တိပ် ပြောထားပြီးသား ဖြစ်သည်။ ပြည့်ကို အားနာ၍သာ၊ ပြည့်မျက်နှာကြောင့်သာ ပစ်ပစ်ခါခါ မပြောသော်လည်း အန်တီသူဇာ တစ်





ယောက် နောက်မှတွေ့သည့် နွေသစ်ကို ပိုသဘောကျနေပြီဆိုတာ ထမင်းစား၍ ကြီးလာသော တေဇာကလည်း သဘောပေါက်မည် ပင်။

"သူနဲ့လည်း နှစ်ယောက်တည်း မသွားချင်ပါဘူး"

"ဘာ... ဘာပြောတယ်"

ပြည့်ရဲ့ မကြားတကြား ပြောလိုက်သော အသံကို အန်တီသူဇာက ကြားဖြစ်အောင် ကြားလိုက်သေးသည်။ မဖြစ်သေးပါဘူးလေ စကားကို လျှောချဦးမှပါ။ အန်တီသူဇာက အရိပ်သုံးပါး နားလည်တာ မဟုတ်ချေ။ ခုချိန်မှာ တေဇာဘက်က လိုက်ပြောလျှင် ဒီကားပေါ်၌ နှောင်ဂျိန်ပလေးကြကာ Ocean ရောက်မည် မထင်။ ဒါကြောင့် စကားကို လွှဲပြောလိုက်ရသည်။

"ဟုတ်တယ်လေ... သူနဲ့ ပြည့်က သိပ်ရင်းနှီးတာမှ မဟုတ်တာ"

"ဟဲ့... အဲဒါကြောင့် ညည်းကို ရင်းနှီးအောင်လုပ်လို့ ပြောတာပေါ့ဟဲ့။ နွေသစ်က အေးတာလည်း ပါတာပဲ။ ညည်းကလည်း မတုန်မလှုပ် လုပ်နေ။ ဟိုကောင်မလေးက နွေသစ်တို့ ဘယ်လိုမက်လောက်စရာ ဖြစ်နေတယ်ဆို

www.burmeseclassic.com



တာ မသိသေးလို့နေမှာ။ သိရင် ယောက်ျားပျိုတစ်ယောက် တည်းနေတဲ့အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နေရတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ နွေသစ်ကို အချိန်မရွေး ကုတ်ခွင့်ရှိတယ်အေ့”

“ဟာ… အဲဒီလို လက်သည်းနဲ့ကုတ်တော့ ဘာအကျိုးရှိမှာမို့လဲ”

“ဟယ်… အဲဒါကြောင့် နင့်ကို တုံးလို့ ငါပြောတာ။ လက်သည်းနဲ့ ကုတ်တာကို ပြောတာမဟုတ်ဘူးဟဲ့။ အမိအရကုတ်တာကို ပြောတာ။ တကယ်ပဲ”

“သိဘူးလေ… ဘာကုတ်မှန်းမသိ”

အမှန်တော့ သိသားပဲ။ တမင် ပြောတာ။ ဟင်း… ဒီအဒေါ်တစ်ယောက်ဟာဖြင့် သူ့ဘဝကြီးမှာ ပြည့်ကိုပဲ စိတ်ဝင်စားစရာ ရှိသလား ထင်ရအောင် သူ့အတွေး သူ့အာရုံတွေ ပြည့်ဆီမှာပဲထားကာ ကိုယ့် ကောင်းစားရေးကို လမ်းညွှန်နေတယ်၊ သူ တွေးသမျှ ကြံသမျှဟာလည်း ကိုယ့်အတွက်ပဲဆိုတာ မသိမဟုတ်၊ သိပေမယ့်လည်း တစ်ခါတစ်ရံမှာတော့ သူများဘက်က ပြည့်တွေးပေးရသည့် အလုပ်ဆိုတာ ကာယကံရှင်အတွက် စိတ်





ပင်ပန်းလွန်းရလေသည်။ ပြီးတော့ ပြည့်သည်လည်း အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ယောက် အနေနဲ့ ထစ်ဖက်လူက ကိုယ့်အပေါ် ဘယ်လိုသဘောထားလဲဆိုတာ အလိုလို ခံစားသိနိုင်တာပဲလေ။

နွေသစ်ရဲ့ အာရုံဟာလည်း ပြည့်ထံတွင် မရှိပါ။ အဲဒီယူဇရက် မုန်ကန်ကြောင်း သိပ်မကြာခင်ပဲ ပြည့်မှာ မျက်ဝါးထင်ထင် တွေ့ရပြီတည်း။ Ocean သို့ ရောက်ပြီး ဈေးဝယ်နေကြတုန်း၊ ဟိုပစ္စည်း ဒီပစ္စည်း ကောက်ထည့်နေကြတုန်းမှာပဲ ငါးဖယ် အစာသွပ်၊ ပဲပြားအစာသွပ် စတာတွေ ရောင်းသောနေရာမှာ နှစ်ယောက်အား သဘောတကျနှင့် လက်ညှိုးထိုးလိုက် ပြောလိုက် ဆိုလိုက်ဖြင့် ရယ်မောသဘောကျနေသော ပုံစံကို တွေ့လိုက်ရသည်။ နွေသစ်က မိုးငြိမ်းကို ကြည့်သောအကြည့်နှင့် မျက်နှာပေးတွေဟာ သူ့ရဲ့ဝန်ထမ်း ဒရိုင်ဘာမိန်းကလေး တစ်ယောက်အပေါ်မှာ ထားရှိသော သာမန်မဟုတ်သော သာမန်ထက်ပိုသည့် အနေအထားဖြစ်သည်။ တစ်ဖက်က ပြောဆိုနေတာကို သဘောကျသောစိတ်၊ ညှတ်နူးသောစိတ်နှင့် ပြုံး၍ကြည့်နေပုံ ဒီအကြည့်များကို ကာယကံရှင်တွေက သတိထားမိမည် မဟုတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘေးလူဖြစ်သည့် ပြည့်ကတော့ ကောင်းကောင်းကြီး သတိထားမိလေသည်။

ကိုယ်က ပေးကောင်းကောင်းနှင့် ပေးနေပြီးမှ အန်တီသူဇာ မြင်သွားလျှင် ဒုက္ခ! ဟူသော အတွေးဖြင့် အကြည့်ကို မြန်မြန်ရုပ်သိမ်းကာ မျက်နှာလွှဲဖို့ ကြိုးစားသော်လည်း ကိုယ့်ထက်ပါးသည့် ဆီစိမ်စက္ကူ အန်တီသူဇာက ပြည့်ရဲ့မျက်လုံးရောက်နေသည့်နေရာသို့ မှန်းဆရောက်ရှိလာခဲ့ကာ မြင်သွားပြီလေ။

"ဟဲ့... ငါ ပြောနေတာ မကြားဘူးလား။ မျက်လုံးက ဘယ်ရောက်... ဟင်..."

"ဘယ်မှ မရောက်ပါဘူး။ ဟိုဟာလေ မြကေခိုင် ပင်မှည့် အနှစ်ဘူးတွေ ရောက်ပြီလား မသိဘူး အန်တီသူဇာ၊ ဟိုတစ်ခါလာတုန်းက ပစ္စည်းပြတ်နေတယ် ဆိုပြီး၊ အခုရောက်ရင် သုံးဘူးလောက် ဆွဲသွားမှဖြစ်မယ်။ မေခင်ကလည်း အရမ်းကြိုက်တာ။ အဲဒါသောက်ရင် ဝမ်းမှန်တယ် ဆိုပြီး"

"ဟဲ့... စကားရော ဖောရောတွေ လုပ်မနေနဲ့။ ဟိုမှာ နွေသစ်နဲ့ သူ၏ဒရိုင်ဘာ မဟုတ်လား"





"မဟုတ်ပါဘူး။ အချစ်နှင့် သူ၏ကိုကိုပါ၊ အဲလေ... ဘယ်က နွေသစ်ရမှာလဲ၊ အန်တီသူဇာလည်း မြင်မြင်ရာ နွေသစ် ထင်နေပြီ"

"အောင်မာ... ဘာကိစ္စ ထင်ရမှာလဲ။ ညည်းတောင် မြင်သေးတယ် မဟုတ်ဘူးလား။ ညည်းဘာသာ နေချင်နေခဲ့၊ ငါကတော့ သွားခေါ်မှာပဲ"

ပြည့်တောင် လှမ်းဆွဲချိန် မရလောက်ဘဲ အန်တီသူဇာ စိတ်မြန် ကိုယ်မြန်နှင့်ပင် ထိုနားသို့ ရောက်သွားလေသည်။ ခါတိုင်း ယူနီဖောင်းဆန်ဆန် ဝတ်စုံကို ဝတ်ထားတတ်သော မိုးငြိမ်ကာမှာ ဒီနေ့တော့ တီရှပ်အနက်အကျပ်၊ ချည်သားဘောင်းဘီ ရှည်ပွပွဖြင့် ဘာမှ ထူးထူးခြားခြား ပြင်ဆင်ထားခြင်း မရှိသော်လည်း အဲဒီလိုနေသည့်ကြားက သူမပုံစံလေးက ဖြူထင်းထင်းလေး ဖြစ်နေတာလည်း ထူးခြားမှု တစ်ခုပင်။ လူတစ်ရာမှာ ရှစ်ဆယ်လောက်ကတော့ နွေသစ်တို့နှစ်ယောက်ကို စုံတွဲဟု ထင်ကြမှာ မလွဲပါ။

"နွေသစ်တို့ shopping ထွက်လာကြသလားကွယ့်"

ပီပီပြင်ပြင် မေးလိုက်သံကြီးကြောင့် ငါးဖယ်အစာသွပ်ကို စိတ်ဝင်စားနေသော နှစ်ယောက်မှာ ဒီဘက်သို့ ပြိုင်တူ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ကြလေသည်။ အန်ကီသူဇာက မြင်လိုက်သော တစ်ခဏ အံ့သြသွားသလို ရှိကြပြီးမှ နွေသစ်ကပဲ တလေးတစားပုံစံနှင့် ခေါင်းညွှတ်နှုတ်ဆက်သည်။

"ဟုတ်ကဲ့... အန်တီလေးတို့ရောလား"

"အေးပေါ့... တစ်ကိုယ်ရည်သမားက ဘာတွေများ တကူးတက အဝယ်ထွက်တုန်း"

"ဩော်... သီတင်းကျွတ်တော့မယ်ဆိုတော့ လူကြီးတွေကို ကန်တော့ဖို့ လိုက်ဝယ်နေတာပါ။ နောက်ရက်တွေ လူ အရမ်းများမှာစိုးလို့ စောစောကြိုထွက်ဝယ်ထားတာ"

"ဟုတ်လား... ဒါဆို တို့အိမ်လည်း နွေသစ် ကန်တော့မယ့်အထဲ ပါမှာပေါ့"

"အဟင်း... ပါတာပေါ့။ ကျွန်တော် ရန်ကုန်မှာ ကန်တော့ရမယ့်အိမ် များများစားစားမှ မရှိတာ။ ဟိုမှာ အနေကြာတော့ သီတင်းကျွတ် ကန်တော့တဲ့ အမိပ္ပာယ်တောင် မှမဲ့တော့တော့ ဖြစ်နေတာလေ။ မိုးငွေကာက သတိပေးမှပဲ ဂါရဝပြုရမှာပါလားလို့ သတိရသွားတော့တယ်"

"ဩော်... ဖြစ်ရတယ် နွေသစ်ရယ်"





မိုးငွေကာရဲ့နာမည် ကြားတာနဲ့ အန်တီသူဇာက ထုံးစံအတိုင်း ရှုံ့မဲ့သွားလေရာ ပြည့်က မနေနိုင်တော့ဘဲ နွေသစ်ကို ဝင်နှုတ်ဆက်ရတော့သည်။

တစ်လက်စတည်းမှာပဲ မိုးငွေကာ ကိုပါ အပြုံးလေးနှင့် မေးဆတ်ပြရင်း...

"ရောက်နေကြတာ ကြာပြီလား"

"အဟင်း... ခုနကမှပဲ၊ ဘာမှတောင် မဝယ်ရသေးဘူး၊ ငါးဖယ်အစာသွပ်ကို ငမ်းနေတာ"

"ဘာလဲ ...ငါးဖယ်အစာသွပ် ပဲပြားအစာသွပ် တစ်ခါမှ မစားဖူးဘူးလား"

"မြင်တောင်မမြင်ဖူးဘူး၊ သိတောင်မသိဘူးလေ၊ အခုမှ ဒါ ဘာလဲဆိုပြီး သူ့ကို မေးနေတာ"

"ငါးဖယ်အစာသွပ်ကို သုပ်တာနဲ့ ရောက်သီးသုပ် ချဉ်နံ့စပ်၊ ကြာဆံချက်ကတော့ မယ်ပြည့်တို့ အပျင်းပြေလုပ်စားနေကြ ခုတောင် အိမ်မှာ လုပ်ကျွေးလို့ရတယ် နွေးသစ်ရဲ့ အိမ်မှာ ငါးဖယ်တွေ ရှိတယ်မလား ပြည့်၊ ဩော် ...ဒါနဲ့ နွေသစ်က ဒါပြီးရင် ဘယ်သွားဖို့ ရှိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း အန်တီသူဇာက ဝင်ဖောပြန်ပြီ။ ပြည့်က နှုတ်ခမ်းတစ်ဖက် မသိမသာ တွန့်ကောက်သွားတာကို စောင့်ကြည့်နေတဲ့သူဆိုရင်တော့ မြင်ရလိမ့်မည်။

"ဘယ်မှ မရှိပါဘူး၊ အိမ်ပြန်ရုံပါပဲ၊ ဘာလို့လဲ အန်တီ"

"ဪ ...အန်တီတို့က ကားပါမလာဘူးကွယ့်၊ ဒရိုင်ဘာက ခွင့်ယူထားလို့လေ၊ တက္ကစီနဲ့ လာကြတာ၊ နောက်ရက်တွေ မင်းပြောသလို လူအရမ်းရှုပ်မှာစိုးလို့သာ၊ စောစောစီးစီး ဈေးထွက်ဝယ်ရတာ၊ ဒီကအပြန် ပစ္စည်းတစ်ပုံတပင်နဲ့ ဘယ်လို Taxi ငှားရပါ့ဆိုပြီး တွေးနေကြတာ"

"ဪ ...ကျွန်တော်တို့ ပြန်လိုက်ပို့ပေးလို့ ရပါတယ်၊ ဒါဆို ဝယ်လေ အန်တီသူဇာ၊ ကျွန်တော်လည်း ဝယ်လိုက်ဦးမယ်"

"အေး ...အေး၊ ငါးဖယ်အစာသွပ်နဲ့ ရှောက်သီးသုပ်စားမယ်မလား၊ ကြာဆံချက်လေးပါ ချက်ခိုင်းထားလိုက်မယ်"

"ဟာ ...ရပါတယ်၊ တကူးတက မလုပ်ခိုင်းပါနဲ့"





"အမယ်လေး ...တို့အိမ်က ဒံပေါက်တောင် စိတ်ကူးပေါက်ရင် ညသန်းခေါင်ကြီး ထချက်ချင် ချက်နေတာ၊ ကြာဆံချက်လောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်၊ မမြင့်ကြည်ကို ဖုန်းလှမ်းဆက်ထားလိုက်ရင် ဒီလို ကားပိတ်ပုံမျိုးနဲ့ ပြန်ရောက်ရင် ကြာဆံချက်က ကျက်နေလောက်ပြီ"

"ဪ ...ဟုတ်ကဲ့၊ ကောင်းပါပြီ၊ ဒါဆိုလည်း အန်တီတို့ ဝယ်ကြလေ၊ ကျွန်တော်လည်း ကြည့်လိုက်ဦးမယ်၊ ပြီးရင် ဖုန်းဆက်လိုက်လေ"

"အေး ...အေး"

သူတို့နှစ်ယောက်က အရင်ထွက်သွားလျှင် ဘာမဆိုင်ညာမဆိုင်ဖြင့် အန်တီသူဇာက ပြည့်ရဲ့ လက်မောင်းကို ဖတ်ခနဲလာရိုက်သည်။

"အ! ...ဘာလဲ အန်တီသူဇာကလည်း"

"ဟိုမှာ တွေ့လား"

"တွေ့တယ်လေ လိုက်သားပဲနော်"

နှစ်ယောက်သား အရပ်မြင့်မြင့်နှင့် တကယ်လည်း လိုက်ဖက်ညီနေသော သူတို့နှစ်ယောက်မှာ တစ်ယောက်က တွန်းလှည်းတွန်းနေသဖြင့် မသိလျှင် ညားကာစ လင်မယားနှင့်တောင်

www.burmeseclassic.com



တူနေသည် မဟုတ်ပါလား။ ဒါပေမဲ့ ပြည့်ရဲ့ အဖြေစကားကြောင့် နားထင်တစ်ခုလုံး ပေါက်ထွက်မတတ် အန်တီသူဇာရဲ့ လက်ညှိုးကြီးနဲ့ တွန်းလွှတ်တာကို ခံလိုက်ရလေသည်။

"အား ...ဘာလုပ်တာလဲ အန်တီသူဇာရဲ့"

"ဘာဖြစ်ရမှာလဲ ... အဲဒါ နင်အသုံးမကျလို့လေ၊ အရင်နေ့တည်းက နင့်ကို ဖုန်းဆက်ပါ ဆက်ပါနဲ့ ခဏ ခဏ ပြောနေတာ၊ မနေ့ကတောင် ဆက်ပါ ဆက်ပါ ပြောနေတဲ့ဟာ၊ အဲလိုသာဆက်ရင် အခု အိမ်ကို လာခေါ်နိုင်းပြီး နင်တို့ နှစ်ယောက် Shopping အတူတူ ထွက်လို့ရတာပေါ့ ...

ခုတော့ကြည့်စမ်း ...ဟိုမိန်းမက အနားမှာ ဘာလိုလို ညာလိုလို"

"အန်တီသူဇာကလည်း အဲဒီလို အလိုလို ခံစားမိတယ်မှလား"

"ဘာကို ငါက အလိုလို ခံစားမိရမှာလဲ"

"ဩော် ...သူတို့နှစ်ယောက်ကို အတွဲညီတယ်လို့"

"တိတ်စမ်း! ...ငါက ဘာကိစ္စ အဲလို ထင်ရမှာလဲ၊ မဖြစ်ပါဘူး၊ ညည်း ဒီလိုလုပ်နေပုံမျိုးနဲ့ အပျက် အပျက်နဲ့





နှာခေါင်းသွေး ထွက်လိမ့်မယ်၊ ဒီဇာတ်လမ်းကို ငါကိုယ်တိုင် ဇာတ်ညွှန်းရေးမှ ရတော့မှာ၊ ဟိုက ကိုယ့်အတွက်နဲ့တောင် စင်ကာပူကနေ တကူးတက ဆွေပြမျိုးပြ ရောက်လာတာ၊ ကျော်တော့လေ့သူကြီးပဲ ဖြစ်နေမယ်၊ ကျော်တော့ သူ့ဌေးသမီး ညားတော့ ဒရိုင်ဘာ ဖြစ်နေရင် သူ့ဦးလေးလည်း သဘောကျမှာ မဟုတ်ဘူး"

"အန်တီသူဇာ ထင်တာတွေလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ အန်တီရယ်၊ တစ်ယူသန်ကြီး ထင်မနေပါနဲ့၊ မဟုတ်ရင် ရှက်စရာကြီး"

"အို ...ဘာလို့ မဟုတ်ရမှာလဲ၊ သူ့ဦးလေးကို မေးပြီးသား၊ သင့်တော်တာလေး ရှိရင်လည်း ရှာဖွေပေးလိုက်ဗျာလို့ ပြောထားတဲ့ဟာ၊ နွေသစ် ဒီကိုရောက်လာတာ သေချာပေါက် အိမ်ထောင်ဖက် လာရှာတာပဲ ...

ကဲ ...ကဲ ပြောနေတာ ကြာတယ်၊ မြင့်ကြည်ဆီ ဖုန်းဆက်စမ်း၊ ရေခဲသေတ္တာထဲက ကြက်တစ်ခြမ်းထုတ်ပြီး ပြုတ်ထား၊ ကြာဆံ အစိတ်သားလောက် ရေစိမ်ထားလို့၊ မှို ကြွက်နားရွက်ခြောက်တွေပါ စိမ်ခိုင်း၊ ငါးဖယ်လုပ်ခိုင်းထား၊ ပေး ...ပေး ဖုန်းခေါ်ပြီး ငါပြောမှ ဖြစ်မှာပါ၊ ဖုန်းခေါ် ...ဖုန်းခေါ်"



www.burmeseclassic.com

www.burmeseclassic.com



ခုချိန်တော့ သွေးတိုးရောဂါ မရှိသေးသော၊ ရှိခဲ့လျှင်လည်း ဒီလို စိတ်မြန်လက်မြန် ရှိပုံမျိုးနဲ့ အင်မတန် စိုးရိမ်စရာကောင်းသော အနေအထား ဖြစ်မည်သာပင်။ အန်တီသူဇာဟာ လုပ်ချင်လျှင် ဘာမဆို ချက်ချင်း၊ ခုဆိုခုမှ၊ သူထင်ရာ စွဲမိစွဲရာကို တစ်ဖွတ်ထိုး တစ်ယူသန်ကြီး ဖြစ်နေတာလည်း ဆိုးလွန်းလှလေသည်။ အန်တီသူဇာ ဒီလို တက်ကြွလှုပ်ရှားနေလေ ပြည့်ရဲ့ စိတ်တို့က နွေသစ်အပေါ်မှာလည်း ဘာမှ မရှိဘူးဆိုတာ ပိုသေချာလာရလေလေဆိုတာ ကိုယ့်ကိုယ်ကိုယ် ပိုသိ ပိုနားလည် ဖြစ်ရပြီလေ။ ဒါကြောင့် မိုးငြိမ်က ဆိုသော မိန်းကလေးအပေါ်မှာလည်း ပြိုင်ဘက်တစ်ယောက်လို သဘောထားဖို့ဝေးစွ။ အန်တီသူဇာ လုပ်ပေါက်တွေကြောင့် မျက်နှာပူအားနာ၍ ရှယ်တူမိန်းကလေးချင်း၊ ရိုးရိုးသားသား ရှင်သန်ရပ်တည်နေသော မိန်းကလေးတစ်ယောက်အပေါ် စာနာစိတ်တို့သာ ဖြစ်မိလေသည်။

ခုလည်းပဲ ဘယ်လို မထော်မနန်းတွေ ဆက်ကြုံရမလဲမသိချေ။ စိတ်ပျက်လက်ပျက်နှင့်သာ သက်ပြင်းကို ခိုးရှိုက်မိတော့သည်။

○





(၁၈)

"ဟား ...နာခေါင်းထဲ မဆလာနံ့မွှေးပါတယ်လို့ ထင်ပြီးနိုးလာတာ၊ ဘယ်အိမ်ကအနံ့လဲပေါ့၊ လက်စသတ်တော့ ငါ့သမီးချက်နေတဲ့ ဟင်းအနံ့ပါလား၊ ဒီနေ့ ဂျူတီ မရှိဘူးလား သမီးရဲ့"

ဖေဖေက အိပ်ယာနိုးလာပြီး မီးဖိုခန်းထဲ ဝင်လာရင်းမေးလိုက်လျှင် ပဲဟင်းအိုးကို ဝေမကျအောင် အဖုံးပြန်ဖွင့်နေသောငြိမ်က နောက်ဘက်လှည့်ကာ တစ်ချက်ပြုံးပြလိုက်သည်။

"မရှိဘူး ဖေဖေ၊ ဒီနေ့ သူဌေးက နားရက်ပေးတယ်လေ၊ ဒါနဲ့ မနက်က ဈေးသွားပြီး စိတ်ကူးပေါက်လို့ ဟင်းချက်နေတာ၊ ဖေဖေနဲ့ ထမင်းလက်ဆုံ ဖွယ်ဖွယ်ရာရာ စားမယ်စိတ်ကူးနဲ့ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဖေဖေ့အတွက် လက်ဖက်ရည်နဲ့ အီကြာကွေး ရှိတယ်"

"အေး ...စားတာပေါ့၊ ဒါနဲ့ ငါ့သမီးက ဘာဟင်းကောင်းတွေ ချက်နေတာလဲကွ"

"ကြက်အာလူးဆီပြန်က ကျက်ပြီ၊ ဝက်အသည်းနဲ့ ပဲသီးလေးနဲ့ ကြော်မယ်၊ မုန်လာဥပိုးတီလေးသုပ်ပြီ ပဲကြာဆံဟင်းချိုလေ"

"အားပါး ...ဟင်းတွေက ရှယ်ပါပဲလားကွ၊ အတွဲအစပ်ရှယ်မိုက်ပဲ၊ ဘယ်တုန်းက ဒီလို တွဲစပ်တတ်သွားတာပါလိမ့်"

ဖေဖေ့စကားကြောင့် ပြုံးနေသော ငို့မျက်နှာမှာ တွေခနဲဖြစ်သွားတာ စက္ကန့်ပိုင်းမို့ ဖေဖေကတော့ ရိပ်မိမည်မဟုတ်ပါ။ တန်ဖိုးကြီး ဟင်းလျာများ မဟုတ်သော်လည်း ဒီလိုအတွဲအစပ်ညီညီနှင့် ကိုယ်တိုင် အားထုတ် ချက်ပြုတ်ထားသောဟင်းလျာများကို တစ်စုံတစ်ယောက်အား ဖိတ်ခေါ်ကျွေးချင်စိတ်လေး ဖြစ်သွားသည်ဆိုလျှင် ဒါဟာ အစားကောင်း ကြိုက်တတ်သူကို ရိုးသားစွာ သတိရခြင်းလား၊ သမုဒယပါသေးလားဆိုတာကိုယ့်ဘာသာကိုယ်လည်း ခွဲခြားသိမမြင်နိုင်ပါ။



"ဒီလိုပဲ စိတ်ကူးတည့်ရာပါ ဒက်ဖားဖေရယ်"

ထိုအချိန်မှာပဲ ဖေဖေ့ဖုန်းက မြည်လာသဖြင့် ဖေဖေက ဖုန်းပြောနေသည်။ ပြောစကားအရ အောက်မှာ ကားလာရွှေ့ပေးဖို့ လှမ်းခေါ်သောဖုန်းမှန်း သိလိုက်သည်။ ညက ညပိုင်းကားဆွဲပြီးမှ ပြန်ရောက်ကာ ညဉ့်နက်သည်မို့ စမ်းချောင်းလို ရပ်ကွက်ထဲမှာ ပါကင်ရဖို့ဆိုတာ မလွယ်ကူပါ။ အဆင်ပြေသလို ရပ်ထားခဲ့ရပြီး၊ ဖုန်းနံပါတ် ရေးပေးထားရကာ ခုလို ဖုန်းဆက်တော့ သွားရွှေ့ပေးရချေပြီ။

"ကားရွှေ့ပေးရမှာလား ဖေ့"

"အေးပေါ့ကွာ၊ ကဲ ...ဒါဆို ဆင်းရွှေ့လိုက်ဦးမယ်၊ အောက်ကို ဘာမှာဦးမလဲ"

"မှာစရာ မရှိပါဘူး"

"အိုခေ ...ဒါဆို ပြေးလိုက်ဦးမယ် သမီးရာ၊ သော့ပိတ်ထားဦး"

ဖေဖေက တံခါးဖွင့်ကာ အရင်ထွက်သွားပြီး ဆင်းသွားလျှင် ငို့က နောက်က လိုက်လာကာ တံခါးသော့ကို ခတ်သည်။ ပြီးတော့ နောက်ထဲ မီးဖိုခန်းထဲ ပြန်ဝင်လာကာ လုပ်လက်

www.burmeseclassic.com

www.burmeseclassic.com



စအေလုပ်တွေကို ဆက်လုပ်နေတုန်း ဘယ်လောက်မှတောင် သိပ်မကြာသေးခင် ဘဲလ်သံပြန်ကြားသည်မို့ ဖေဖေ ပြန်လာတာမြန်လှချည်လား ထင်မိသည်။ ခါတိုင်း ကားရွှေ့တာ ဒီလောက်မမြန်တတ်။ အင်း ...ဒီတစ်ခါတော့ နီးနီးနားနားရသည် ထင်ပါရဲ့လေ။ ငှီက မီးဖိုမီးခလုတ်ကို ပိတ်ပြီး အိမ်ရှေ့သို့ ပြန်ထွက်လာရပြန်သည်။

ဘဲလ်သံက စိတ်မရှည်သလို နောက်တစ်ကြိမ်မြည်လာသဖြင့် ငှီက ပြေးရင်းမှ လာပါပြီ ဒက်ဖားဖေရေ ဟု အော်ရသည်။ သစ်သားတံခါးကို ဆွဲဖွင့်လိုက်တော့ ငှီ လုံးဝ မမျှော်လင့်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။ 'ဟင်'ဟု အာမေဍိတ်သံ ထွက်သွားလောက်အောင် မဖြစ်ပေမယ့် အံ့ဩသွားသော မျက်နှာကိုတော့ ရုတ်တရက်မို့ ဖုံးဖိမထားနိုင်ခဲ့ပါ။ အံ့လည်းအံ့ဩစရာပဲလေ။ သူနဲ့ ငှီတို့အိမ်က အာများ ပတ်သက်တာမို့လဲ။

"အံ့ဩနေတဲ့ပုံပဲ၊ တံခါးတော့ ဖွင့်ပေးမယ် မဟုတ်လား"

ပြုံးတေ့တေ့နှင့် သူမ၏ နဂိုပုံစံကို ပြန်လည်ဖမ်းမိတော့မှပဲ ငှီကာ အံ့ဩမင်သက်နေရာမှ နဂိုပုံမှန်အသိတို့ ပြန်ဝင်လာကာ သံပန်းတံခါးကို ထပ်ဖွင့်ပေးလိုက်သည်။





ဒေါ်ခင်သူဇာက အိမ်ထဲသို့ အေးဆေးဆေးဆေးပဲ လှမ်းဝင်လာလေသည်။ ဘာအမျိုးအစားမှန်း မသိသော်လည်း တန်ဖိုးကြီးမည်ဟု ခန့်မှန်းရသော အကောင်းစား ရေမွှေးနံ့က ငှီတို့တစ်အိမ်လုံး ပျံ့သင်းကြိုင်သွားသည်ဟု ထင်ရသည်။ သူ ပြန်သွားတာတောင်မှ ဒီရေမွှေးနံ့က တော်တော်နှင့် ပျောက်မည် မထင်။ ဒေါ်ခင်သူဇာသည် ထိုင်ပါဟု မပြောရဘဲ ဆက်တီမှာ သူ့ဘာသူပင် ဝင်ထိုင်လေသည်။ ငှီကတော့ ဝင်မထိုင်တော့ဘဲ ရိုင်းသည်ဟုပဲ သတ်မှတ်ချင် သတ်မှတ် မတ်တတ်ရပ်လျက်သားပဲ မေးလိုက်သည်။

"ဘာကိစ္စရှိလို့လဲ အန်တီ"

"အင်း ...ထိုင်ပါဦးကွယ့်၊ ကိစ္စလေး တစ်ခုရှိလို့ ရောက်လာခဲ့တာပါ"

ပထမတော့ လိုရင်းပြောပါဟု ပြောတော့မည့် နှုတ်ခမ်းတို့ကို စိတ်ပျော့လျက် ငှီက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ ငှီတို့ အိမ်လေးကို ဒေါ်ခင်သူဇာက အကဲခတ်နေတာကိုလည်း ငှီ သိပေမယ့်၊ ခပ်တည်တည်ပဲ စိုက်ကြည့်နေလိုက်သည်။ 23 x 60 ကျယ်ဝန်းသော ငှီတို့အခန်းလေးမှာ သား



www.burmeseclassic.com

www.burmeseclassic.com



အဖနှစ်ယောက်လုံးက ရှင်းရှင်းလင်းလင်း သပ်သပ်ရပ်ရပ်ဖြစ်မှုကို အင်မတန်ကြိုက်သဖြင့် အားတဲ့သူက အိမ်ကို သန့်ရှင်းကြလေရာ ဘယ်အချိန်ဖြစ်ဖြစ် သပ်ရပ်သန့်ရှင်းနေတာကြောင့် ဘယ်အချိန်ပဲ ညှော်သည်လာလာ ဒါကတော့ ပူစရာမလိုချေ။

"အိမ်လေးက သပ်ရပ်သန့်ရှင်းနေတာပဲနော်၊ အိမ်ရှင်မက တော်တော်အသန့်ကြိုက်တယ်နဲ့ တူတယ်၊ အိမ်သားတွေရော မရှိကြဘူးလား"

"ကျွန်မတို့က သားအဖနှစ်ယောက်တည်း ရှိတာပါ"

"ဪ ... အမေ မရှိတော့တာလား"

"ဟုတ်ပါတယ်၊ ဒါနဲ့အခု အန်တီလာတာ ဘာကိစ္စလဲ မသိဘူး"

"အင်း ...မင်းကလည်း တို့ရောက်လာတာ တော်တော်အံ့သြပြီး လာရင်းကိစ္စကို တော်တော်စိတ်ဝင်စားနေတဲ့ပုံပဲ"

လိုရင်းကို မပြောဘဲ ဟိုဇာ ဒီဇာ လုပ်နေသော အန်တီကြီးကို ငှိုက စိတ်ပျက်လက်ပျက်ပုံစံနှင့် ကြည့်ပေးနေလိုက်သည်။ ဒါလည်း အန်တီကြီးက အပြုံးမပျက်ချေ။ ဒီအမျိုးသမီးကြီးဟာ စတွေ့တည်းက ကိုယ့်အပေါ် နှစ်လိုမှု မရှိဘူးဆိုတာ





မိန်းကလေးတို့၏ ဆဋ္ဌမအာရုံအရ ငှိုသိခဲ့ပြီး ဖြစ်ပေမယ့် ခုတော့ ဘာစိတ်ကူးတွေပေါက်ပြီး လာပတ်သက်နေလဲဆိုတာ တွေးမရ။ အင်း ...တွေးကြည့်ရင်တော့ သိမှာပါ။ ငှို့ကို ဟောက်စားလုပ်၍ မရဘူးဆိုတာပဲ သိသွားလို့ ချဉ်းကပ်ပုံတစ်မျိုး ပြောင်းလိုက်တာလားဆိုတာ သံသယရှိနေမိသည်။

"ဒီလိုပါ... အန်တီ မင်းကို အိမ်မှာ ဒရိုင်ဘာ လာလုပ်ဖို့ ပြောဖူးတယ် မှလား၊ ဒါပေမဲ့ မင်း လက်မခံခဲ့ဘူးလေ၊ အဲဒီတုန်းက လမ်းကြုံ ပြောသလိုလို အမှတ်တမဲ့ ပြောသလိုလိုဖြစ်သွားလို့ မင်း လက်မခံတာလားလို့ တွေးမိတယ်၊ ဒါကြောင့် အိမ်တိုင်ရာရောက် မင်းကို လာကမ်းလှမ်းတာပါ၊ တို့အိမ်က ဒရိုင်ဘာကြီးက ခုဆို လုံးဝ အလုပ်ထွက်သွားပြီလေ၊ အိမ်မှာလည်း မင်းသိတဲ့အတိုင်း တို့အိမ်က မိန်းမသားတွေချည်းပါပဲ၊ မင်း ကားမောင်းတာလည်း တော်တော်အဆင်ပြေတယ်လို့ နွေသစ်ဆီက ပြန်ကြားရတယ်၊ အဲဒါကြောင့် မင်းကို အိမ်တိုင်ရာရောက် လာကမ်းလှမ်းတာပါ"

အိုက်တင်ပဲ ကောင်းတာလား၊ စိတ်ရင်းပဲလား (စိတ်ရင်းနဲ့တော့ မဖြစ်နိုင်ဘူး ထင်သည်) သူ့ လိုချင်တာတစ်ခု

www.burmeseclassic.com



အတွက် ပရိယာယ်တစ်ခုပဲ ဖြစ်လိမ့်မည်။ အခုကျတော့လည်း သူ လိုချင်တာအတွက် ငို့အိမ်ပေါ်ထိ တက်လာပြီး အရင်က အကန်တွေလုပ်ခဲ့တာ သူမဟုတ်သလို အေးအေးဆေးဆေး ပြောနေနိုင်တာပဲ မဟုတ်လား။

"အဲဒါ !... ဘယ်လို သဘောရလဲ"

ငို့ဘာသာ အတွေးနဲ့ မျောနေတာကို သူ့အတွက်ပဲ စဉ်းစားပေးနေသလား ထင်နေပုံရသည့် အမျိုးသမီးကြီးကို ငိုက ရှားရှားပါးပါး ပြုံးပြမိသည်။

"ဆောရီးပါ အန်တီ၊ ကျွန်မ ဒရိုင်ဘာအလုပ်ကို ဆက်လုပ်ဖို့ စိတ်ကူးကို မရှိတာပါ၊ အန်တီ့ဆီမှ မဟုတ်ဘူး၊ ဘယ်သူ့ဆီမှ မလုပ်ပါဘူး"

"ဘာဖြစ်လို့လဲကွယ်၊ ခုလည်း လုပ်နေတာပဲ မဟုတ်လား၊ ဘာလဲ ...နွေသစ်ကိုပဲ သီးသန့်လုပ်ပေးဖြစ်တဲ့ သဘောလား"

လူကြီးတစ်ယောက်အနေနဲ့ မပြောသင့်သောစကားဟု ငိုက သတ်မှတ်နားလည်သလို သူကိုယ်တိုင်ကလည်း သိသိရက်နဲ့ ပြောတာလား၊ မသိလို့ ပြောတာလား (မသိဘူး ဆိုတာတော့



မဖြစ်နိုင်) ဘာမှန်းမသိ စိတ်ကုန်စရာကောင်းသော စကားတို့အတွက် ငိုက ပြုံးမဲ့မဲ့နှင့် ပခုံးတစ်ချက် တွန့်လိုက်မိသည်။ ဒါကိုပဲ ဒေါ်ခင်သူဇာက မနှစ်မြို့သလို ကြည့်လျက် ...

"နွေသစ်က သိပ်မကြာခင် ပြန်တော့မှာလေ၊ တို့တူဝရီးတောင် စင်ကာပူ လိုက်လည်ဖြစ်မလား မသိပါဘူး၊ ဘာပဲဖြစ်ဖြစ်လေ မင်းက သူ့ဝန်ထမ်းဖြစ်ခဲ့ဖူးတော့ တို့အိမ်မှာ အလုပ်ဆက်လုပ်ရင် နွေသစ် နောက်တစ်ခေါက် ပြန်လာတဲ့အခါလည်း အဆင်ပြေတာပေါ့၊ တို့တူမ ပြည့်နဲ့ နွေသစ်ကို လူကြီးတွေက ရည်ရွယ်ထားတာ သိတယ်မှလား"

"မသိပါဘူး အန်တီ၊ ကျွန်မတို့က အလုပ်ကိစ္စကလွဲရင် ပါဆင်နယ်လ်တွေ ပြောလေ့ပြောထ မရှိပါဘူး"

"သြော် ...အင်းပေါ့၊ နွေသစ်က အဲလိုတွေ ဘယ်ပြောမလဲ၊ အင်းပေါ့လေ ...ဒါပေမဲ့ ကိုယ့်အလုပ်ရှင်အကြောင်းတော့ သိထားတာ ကောင်းပါတယ်"

ငိုက နှုတ်ခမ်းကို တင်းတင်းစေ့ထားကာ ဘာမှ မဖြစ်သလို မျက်နှာပေးနှင့်နေသည်။ ဒေါ်ခင်သူဇာကို 'ပြောချင်တာ ဒါပဲမလား' ဟူသည့် စကားကို ထုတ်ပြောဖို့ မနည်းချုပ်တည်း

www.burmeseclassic.com

www.burmeseclassic.com



ထားရသည်။ ထပြန်ဖို့ စိတ်ကူးမရှိသေးဘူးလား ဒေါ်ခင်သူဇာ ရယ်။

"တင်း တောင်"

ထိုအချိန်မှာပဲ ဘဲလ်သံက ထွက်ပေါ်လာလျှင် ငှို့ မျက်နှာမှာ ဟောခနဲ ဖြစ်သွားသည်။ ဒီတစ်ခါတော့ ဖေဖေပဲ ဖြစ်ရမည်လေ။ ငှိုက ထိုင်ရာမှ ထရပ်လိုက်လျှင် ဒေါ်ခင်သူဇာ ကပါ လိုက်ရပ်သည်။

"ဒါဆိုလည်း တို့ ပြန်မယ်လေ"

"ကောင်းပါပြီ"

"သြော် ...အကယ်၍ ကြားထဲမှာ တစ်ခုခု မလုပ်ဖြစ်ဘူးဆို လည်း စိတ်ကူးပြောင်းရင် ဆက်သွယ်လိုက်ပါ၊ ဟုတ်ပြီ လား"

ငှိုက ဘာမှ မပြောတော့ဘဲ သစ်သားတံခါးကို ဆွဲလှည့်ကာ ဖွင့်လိုက်သည်။ အဲဒီနောက် သံပန်းတံခါးကို ဖွင့် ပေးစဉ်မှာပဲ ဖေဖေက အိမ်ထဲသို့ မဝင်သေးဘဲ ဧည့်သည်ရောက် နေတာလားဟု လှမ်းမေးတာကို ငှိုက "အခု ပြန်တော့မှာ"ဟု ပြန်ဖြေကာ ဒေါ်ခင်သူဇာ တစ်ကိုယ်စာ ထွက်လို့ရအောင် ဘေး





သို့ ကပ်ပေးလိုက်သလို ဖေဖေကလည်း ဧည့်သည် ပြန်မည်ဆို တော့ အပြင်ဘက်ကနေ၍ ဘေးသို့ ကပ်ပေးသည်။ အပြင်ထွက် တော့မည့် ဒေါ်ခင်သူဇာက ငှို့အဖေကိုပါ အကဲခတ်သည့်သဘော ဖြင့် စူးစူးစိုက်စိုက် ကြည့်သလို၊ ဖေဖေကလည်း အိမ်လာသောဧည့် သည်ကို ဘယ်သူပါလိမ့်ဟု အကြည့် ...။ နှစ်ဦးသား ပြိုင်တူ လိုလို ကြည့်မိကြပြီးနောက် ...

"ဟင် ...နင် ...နင် ...လတ် ...လတ်ဇော် မှလား"

ဒေါ်ခင်သူဇာထံမှ လက်ညှိုးကြီး တထိုးထိုးဖြင့် ဖေဖေ့နာမည်ကို ခေါ်လိုက်လျှင် ငှို ဘယ်လိုမှ နားမလည်နိုင် ဖြစ်သွားရသည်။ ဖေဖေ့ကို ကြည့်လိုက်တော့လည်း ဒေါ်ခင်သူဇာ ကို အံ့သြသော မျက်နှာထားဖြင့် ပြန်ငေးကြည့်နေသည်။ အတုန် တုန် အလှုပ်လှုပ် ဖြစ်သွားသော ဒေါ်ခင်သူဇာက တစ်စုံတစ်ခုကို အသည်းအသန် ရှာဖွေသောပုံစံဖြင့် ...

"ရ ...ရှုပါ ...ရှုပါ ရော"

အဲဒီမေးသံကြောင့် ဖေဖေ့မျက်လုံးတွေ မှိုင်းညို့သွား သည်။ ချက်ချင်းပဲ ငိုချတော့မလို ပြိုမှိုင်းသွားသော မျက်နှာထား ကို ဒေါ်ခင်သူဇာမှ ရိပ်မိသွားဟန်ဖြင့် မျက်လုံးတွေက ပိုကျယ်

www.burmeseclassic.com



လာကာ ဖေဖေ့ လက်မောင်းတွေကိုတောင် လှုပ်ယမ်း ခါယမ်း ငိုသံပါကြီးနှင့် အော်မေးလေသည်။

"ဟဲ့ ...လတ်ဇော်၊ ရှုပါရောလို့ ငါ မေးနေတယ်လေ"

ရှုပါ ...၊ ရှုပါ ဆိုတာ ဘယ်သူ ဖြစ်နိုင်လဲ ...။

ငို့မေမေ နာမည်က ဒေါ်ခင်ရှုပါ ဖြစ်သည်။ ငိုသည် တစ်စုံတစ်ရာကို ဆက်စပ်တွေးတောမိပြီး ဘာမှ မပြောနိုင်ဘဲ ပါးစပ်အဟောင်းသား ပွင့်သွားသည်။ ထိုအခိုက်မှာ ငို့ဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လာသော ဒေါ်ခင်သူဇာရဲ့ မျက်လုံးအိမ်ထဲမှ မျက်ရည်တစ်ပေါက် ခုန်ထွက်လိမ့်ဆင်းလာတာကို အကြောင်သား ငေးကြည့်နေမိခဲ့လေသည်။

○





(၁၉)

"လတ်ဇော်တို့များ သားသမီးကို အမွေကောင်း ပေးတတ်ချက်တော်၊ ကိုယ့်တုန်းကလည်း ဒရိုင်ဘာ၊ ကိုယ့်သမီး အလှည့်ကျတော့လည်း ဒရိုင်ဘာ အံ့သြပါရဲ့"

"ဟာ ...အန်တီသူဇာကလည်း ဘာတွေ ပြောနေတာလဲ၊ အားနာစရာ"

"အို ...ဘာကို အားနာရမှာလဲ၊ ကိုယ့်အမျိုးအရင်းခေါက်ခေါက်ကို ဘာအားနာစရာရှိလဲ"

ပြည့်ရဲ့ တကယ် အားနာ ကရုဏာသက်နေသော စကားကို ဒေါ်ခင်သူဇာက အဲဒီလိုပဲ တုံ့ပြန်လိုက်တာ ဖြစ်သည်။ ငိုကတော့ ထူးပြီး မနာတော့ဘဲ ယဲ့ယဲ့လေးပဲ ပြုံးနေမိရျက် တွေးနေမိသည်မှာ သူစိမ်းလို့ ထင်တုန်းကလည်း သူစိမ်းမို့



www.burmeseclassic.com

www.burmeseclassic.com



အားမနာတမ်း ပြောခဲ့သလို ခုကျတော့လည်း အမျိုးရင်းခေါက်ခေါက်မို့ အားနာစရာမရှိဘူးတဲ့လား။

"အင်း ...မိရှုပါ ...မိရှုပါ၊ ထင်ရာစိုင်းပြီး လုပ်သွားခဲ့တာ ခြေရာဖျောက်သွားခဲ့တာ တစ်သက်လုံးတောင် ပြန်တွေ့ဖို့ မဖြစ်နိုင်တဲ့လမ်းကို မအေ့အရင် လျှောက်သွားခဲ့တဲ့သူပါလား၊ ငါ့သားသမီးတွေ ဘယ်ဘဝ ဝဋ်ကြွေးတွေကြောင့် ဒီအမေအိုကြီး ရင်ခွင်ကို ခြေစုံကန်ပြီး ထွက်ထွက်သွားကြပါလိမ့်နော် ..."

မိရှုပါတို့များ မိသားစုအပေါ်ကို စိတ်ပြတ်လိုက်တာမှ သမီးလေးမွေးတာတောင် တို့အမျိုးဘက်ကို တစ်စက်မှမတူဘဲ လတ်ဇော်ရုပ်နဲ့ ချွတ်စွပ်တူအောင် မွေးထားတော့ ကိုယ့်မြေးအရင်းကို မြင်နေတာတောင် မသိခဲ့ဘူး"

ဘွားမေခင်ရဲ့စကားကြောင့် ဖေဖေနဲ့ ငှီက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြကာ မျက်လုံးချင်း စကားပြောမိကြသည်။ အံ့ဩစရာတွေများလွန်း၍ ငှီသည် လက်ရှိအဖြစ်အပျက်တွေကို လိုက်မမီချင်သလို ဖြစ်နေသည်။ လောကကြီးဟာ မထင်မှတ်တာတွေ ဖြစ်တတ်တယ်ဆိုသော စကားကို အရင်က အလွယ်တကူ ပြောခဲ့သော်လည်း ခုတော့ မထင်တာတွေ ဖြစ်တတ်





လွန်းလို့ပဲ လူတွေ မကြာခဏ သုံးနေကြတာလားဟု တွေးနေမိသည်။

ဘယ်လိုမှ ပတ်သက်လာလိမ့်မည်ဟု မထင်ထားခဲ့သော ဒေါ်ခင်သူဇာက ဘွားမေခင်ရဲ့ သမီးအလတ်တဲ့လေ။ ခင်ဘုန်းပြည့်စုံရဲ့ အဖေကတော့ ဘွားမေခင်ရဲ့ သားအငယ်ဆုံးဖြစ်ကာ ခင်ဘုန်းပြည့်စုံက ငှီနဲ့ ညီမတစ်ဝမ်းကွဲတဲ့လေ။ ဒါပေမဲ့ ကံချင်းက မတူခဲ့လေတော့ သူက ငယ်ငယ်လေးတည်းက သူ့အဖေက ဘွားမေခင်ရဲ့လက်ထဲကို လာထည့်ပေးခဲ့၍ ငှီထက်တော့ သာယာပြည့်စုံစွာ နေခဲ့ရတာပဲ မဟုတ်လား။ သို့သော် ဖေဖေနဲ့ နေခဲ့ရတဲ့ ဘဝအတွက်လည်း ငှီ နောင်တမရခဲ့ပါ။ အရွယ်ရှိရုပ်လည်းဖြောင့်လှသော ဖေဖေဟာ မိန်းမဆို၍ မေမေကလွဲပြီး နောက်ထပ် ဘဝအဖော် ထပ်မရှာခဲ့ဘဲ ငှီနဲ့သာ ဘဝကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့တာလေ။

ငှီ့ဖေဖေနဲ့ မေမေရဲ့ အချစ်ဇာတ်လမ်းလေးကတော့ ရိုးရိုးလေးပါပဲ။ ဖေဖေဟာ မေမေ့သူငယ်ချင်းရဲ့အဖေ အရာရှိကြီးတစ်ယောက်ရဲ့ တပည့်လေးဖြစ်သည်။ မေမေတို့ တက္ကသိုလ်တက်ကြတော့ မေမေ့သူငယ်ချင်းက မေမေ့ကို ကျောင်းသူဆောင်ဖို့ အိမ်ကို အမြဲဝင်ခေါ်သည်။ အိမ်ချင်လည်း နီးနီးလေးကိုး။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း မောင်းနေကျ ဒရိုင်ဘာ အစ်ကိုကြီး ဆုံးသွားသဖြင့် ဒရိုင်ဘာအသစ် မရခင်စပ်ကြား ဖေဖေက ထိုကားကို မောင်းပေးဖို့ ဖြစ်လာရင်း မေမေနဲ့ ဆုံစည်းဖို့ ဖြစ်လာခဲ့သည်။ ငွေမရှိတာကလွဲ၍ ရိုးသားကြိုးစားသူဟု မေမေ့သူငယ်ချင်း မိသားစုကပါ အသိအမှတ်ပြုထားသော ဖေဖေ့ကို မေမေကလည်း အဆင့်အတန်းခွဲခြားတာတွေ မလုပ်ခဲ့ဘဲ နှလုံးသားအစစ်နှင့် ချစ်ခဲ့သည်။ နောက်ဆုံးတော့လည်း ထုံးစံအတိုင်းပါပဲ။ ဘွားမေခင်တို့ အန်တီသူဇာတို့ သိသွားချိန်မှာ မရမက ခွဲကြချိန်မှာ ဖေဖေနဲ့ မေမေက ဘယ်သူမှ မလိုက်နိုင်တဲ့ နေရာအထိ ထွက်ပြေးတိမ်းရှောင်ကာ ဓာတ်မြှုပ်ခဲ့ကြတာဖြစ်သည်။

ငှီ ငါးနှစ်သမီးမှာပဲ နှလုံးရောဂါဖြင့် မေမေ ဆုံးသည်။ နဂိုတည်းက ရောဂါအခံရှိသော မေမေဟာ ငှီ့စိတ်နဲ့ ငါးနှစ်တောင် တောင့်ခံသွားနိုင်ခဲ့သေးသည်ကို တစ်ဝက်တစ်ပျက်သာ မှတ်မိသော မှတ်ဉာဏ်လေးနှင့် မေမေ့မေတ္တာကို ဝမ်းနည်းနာကျင်စွာ ခံစားခဲ့ရသည်။ မေမေ ဆုံးသွားတော့ ငှီ့ပညာရေးအတွက် ဖေဖေလည်း ရန်ကုန်သို့ ပြန်ပြောင်းလာခဲ့ပါသည်။ နယ်မှာ အလုပ်အကိုင် ကောင်းခဲ့ပေမယ့်၊ နယ်မှာရှာလာသော ဝင်ငွေက စမ်းချောင်းထဲက ဒုတိယထပ် အခန်းလေးရယ်၊



တက္ကစီဆွဲဖို့ ကားတစ်စီးကလွဲ၍ အရမ်းကြီး ကြီးကြီးမားမား မပိုလျှံခဲ့။ ဒါပေမဲ့ ငှီတစ်ယောက် အေးဆေးစွာ ပညာသင်ခွင့်ရခဲ့တာ ကွန်ပြူတာတက္ကသိုလ် ပြီးတဲ့အထိပဲ ဖြစ်သည်။

သူဌေးသမီးကို ငွေမက်၍ ကြံစည်သည်။ သိုက်သမားဟူသော အကြောင်းပြချက်နှင့် မေမေနှင့် သဘောမတူခဲ့သော ဘွားမေခင်တို့ အန်တီသူဇာတို့ကိုလည်း ဖေဖေက မဆက်သွယ်ခဲ့ပါ။ ဘာမှ မဆိုင်သောသူတွေလို သဘောထားကာ တစ်သက်လုံး ဒီအတိုင်း နေခဲ့တာသာ ကြည့်တော့လေ။ ဖေဖေ ကိုယ်တိုင်ကလည်း ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်မို့ ငှီတို့ သားအဖဟာ ပြေးကြည့်မှ ဒီနှစ်ယောက်တည်းဘဝကို အထူးတလည် ဝမ်းနည်းခံစားတာ မရှိပေမယ့် ငှီတို့နဲ့ ပြန်တွေ့ရတာကို ဘွားမေခင်နှင့် ဂြည့်ကတော့ အတော်လေး ဝမ်းသာနေဟန်ရှိကြသဖြင့် ရင်ထဲ တစ်မျိုးတစ်မည် လှိုက်ဖြာရသေးသည်။ ကိုယ့်ဘာသာ ဘဝကို ဘယ်လောက်ပဲ အားမာန်တင်းကာ လျှောက်လှမ်းနေတယ်ဆိုဆို ထိုလိုမှာ အဘွား အဒေါ်နှင့် ညီမဝမ်းကွဲတွေ ရှိတယ်၊ အမျိုးအဆွေတွေရှိတယ် ဟူသော ခံစားချက်က လူကို နွေးထွေးစေတာတော့ အမှန်ပင်။ သူတို့ဘက်က လှိုက်လှိုက်လှဲလှဲ ရှိကြတာကို တွေ့ရတော့ ပိုကြည်နူးရသည်။

www.burmeseclassic.com



"ကဲ ...ပြီးခဲ့တာတွေလည်း ပြီးပြီပေါ့လေ၊ ရှုပါတောင် လောကကြီးထဲက ထွက်သွားတာ ကြာပြီဆိုတော့ ငါတို့လည်း တရားသဘောကို အတော်အသင့် နားလည်နေပါပြီ၊ ဒီအတောအတွင်း မင်းလည်း နောက်အိမ်ထောင်မထူဘဲ ဒီသမီးလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကြည့်ရှုလာတာ တော်သေးရဲ့ ...

ဒီအတောအတွင်း အဆင်ရော ပြေကြရဲ့လား"

"ဟုတ်ကဲ့ ပြေပါတယ် အန်တီ"

"နို့ ဒါဖြင့်ရင် ငါ့မြေးက ဘာလို့ နွေသစ်ဆီမှာ ဒရိုင်ဘာလုပ်နေရတာလဲ"

ဖေဖေက ရုတ်တရက် ဖြေရခက်သွားတာကြောင့် ငှိကပဲ အဖြစ်မှန်အတိုင်း ဝင်ပြောလိုက်သည်။

"ဒီလိုပါ ဘွား၊ ငှိက အရင်က ဒရိုင်ဘာ မလုပ်ပါဘူး၊ ဒါပေမဲ့ တစ်ခါတလေ အပိုဝင်ငွေရှာတဲ့အနေနဲ့ ဖေဖေ ကားနားတဲ့ အချိန်တွေဆို ငှိ ကားထွက်ထွက်ဆွဲတယ်...

များသောအားဖြင့်တော့ သူငယ်ချင်းတွေ မိတ်ဆွေတွေကတစ်ဆင့် ချိတ်ပေးတဲ့ အမျိုးသမီးတွေအတွက် တစ်နေ့လုံး လိုက်ရတဲ့ အော်ဒါတွေသာ လိုက်မောင်းပေး





ဖြစ်တာပါ၊ တချို့ကျတော့လည်း သူတို့ကားကို နာရီနဲ့ အပြတ် ခေါ်မောင်းခိုင်းတာလည်းရှိတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်ပိုင်းအလုပ်မို့ လက်ခံဖြစ်တာပါ...

ဒီအလုပ်ကလည်း အမြဲတမ်းလုပ်ဖို့ ရည်ရွယ်ထားတဲ့ အလုပ် မဟုတ်ဘူး၊ ငှိကိုယ်တိုင်လည်း ကားကို ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်နေတာလည်းတစ်ကြောင်း၊ ငှိ တက်ချင်တဲ့ သင်တန်းအတွက်လည်း ဝင်ငွေရအောင် လုပ်ဖြစ်တဲ့သဘောပါ"

"ငါ့မြေးက ဘာသင်တန်း တက်ချင်တာလဲကွယ့်"

"ငှိက ဒီဇိုင်နာသင်တန်း တက်ချင်တာပါ၊ အဲဒါကို အရမ်းဝါသနာပါတယ်၊ အခြေခံစက်ချုပ်သင်တန်းတော့ ဆယ်တန်းအောင်တုန်းက တက်ထားဖူးပါတယ်၊ ငှိက အောင်မြင်တဲ့ ဖက်ရှင်ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်တာပါ ဘွား၊ ကိုယ်ပိုင်ဆိုင်လေး ဖွင့်မယ်၊ အိုးမကွာ အိမ်မကွာလေးနဲ့ပေါ့၊ အဲလို စိတ်ကူးပါ"

"ဟော ...ဒါဆို မြေးက ခင်သူဇာ့သွေး ပါတာပေါ့၊ ခင်သူဇာကလည်း စက်ချုပ်တာ အင်မတန် ဝါသနာပါတာ၊ ဒါပေမဲ့ ခင်ကြီးကျယ်က စက်ချုပ်စားဖို့ကျတော့လည်း ဝုဏ်ငယ်တယ် ထင်သေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ငိုက အန်တီသူဇာ့ထံ အကြည့်ရောက်သွားတော့ တယ်ဟုတ်ပါလားဟူသော ပုံစံနှင့် ပြုံးမဲ့မဲ့ဖြစ်နေတာ တွေ့ရသည်။ ပြည့်ထံကတော့ အားတက်သရော စကားသံထွက်လာခဲ့သည်။

"ဟယ် ... ကောင်းတာပေါ့၊ ခုခေတ်မှာ ဒီဇိုင်နာတွေက အရမ်းထေတာ၊ ဒီဇိုင်နာမပြောနဲ့ ရိုးရိုးစက်ချုပ်တတ်တဲ့ သူတောင် တော်တန်ရုံ ပုံကျရင် တောင်းပေတော့ ဝတ်စုံ တစ်စုံ နှစ်သောင်း သုံးသောင်းပဲ၊ နာမည်ကြီး ဒီဇိုင်နာတွေ ဆို တစ်စုံကို ချုပ်ခက ခုနစ်သောင်း ရှစ်သောင်းလေ ...

ပြည့်ကိုတောင် အန်တီသူဇာက အင်္ကျီချုပ်တာ သင်ပေးပေမယ့် ပြည့်မှာ အဲဒီ talent ပါမလာဘူး ပြောရမှာပေါ့၊ တယ်လိုသင်သင် မတတ်ဘူး၊ ငိုက ဝါသနာပါတယ်ဆိုတော့ ကောင်းတာပေါ့၊ သင်တန်း မတက်သေးဘူးလား"

"တက်မှာပါ၊ အဲဒီအတွက် ငို ပိုက်ဆံစုနေတာ"

"အမယ်လေး ... ခုတော့ စုစရာ မလိုတော့ပါဘူးကွယ်၊ ငါ့မြေးအတွက် ဘဝတစ်သက်စာ ပညာအမွေကို ဘွားပေးမှာပါ၊ ခုချိန်ကစပြီး သင်တန်းတက်ဖို့ စုံစမ်းတော့ ဟုတ်ပြီးလား၊ ပြီးတော့ ဒီမှာ ဘွားတို့နဲ့ လာနေပါလား မြေးရဲ့၊ ပြည့်လည်း ရှိနေတာပဲ"





"ဟို ... နေတော့ နေချင်ပါတယ် ဘွား၊ ဒါပေမဲ့ ဖေဖေ တစ်ယောက်တည်း ဆိုတော့ ..."

"ညည်းအဖေပါ ခေါ်ထားမှာပါအေ"

ထိုအခါ ဖေဖေက ပျာပျာသလဲ ဝင်ပြောသည်။

"ကျွန်တော်တော့ မနေပါရစေနဲ့ အန်တီ၊ သမီးကတော့ သူ့သဘော သူ့ဆုံးဖြတ်ချက်ပါပဲ၊ သူလည်း တစ်သက်လုံး တစ်ယောက်တည်း နေလာရတာဆိုတော့ သူ့ကို အဘွား၊ အဒေါ်၊ ညီမတွေနဲ့ အတူနေချင်တဲ့စိတ်ရှိရင် နေစေလိုပါတယ်၊ သူ့အတွက်လည်း ကောင်းပါတယ်၊ ကျွန်တော့် အတွက်တော့ ထည့်မစဉ်းစားပါနဲ့"

"ဖြစ်နိုင်ရင်တော့ မင်းကိုပါ လာနေစေချင်တာ ငါ့ရဲ့ တကယ့်ဆန္ဒပဲ လတ်ဖော်၊ အခု မင်းမြင်တဲ့ အတိုင်းပဲ၊ အိမ်မှာ ယောကျ်ားသားရယ်လို့လည်း မရှိဘူး၊ ပြေးကြည့်မှ ဒီအဘွားအိုကြီးနဲ့ မိန်းမသားတွေချည်းပဲရှိတာ၊ ခုဆို ဒရိုင်ဘာလှူယုံပါ မရှိတော့ ကားမောင်းဖို့တောင် အခက် အခဲရှိနေတာ၊ မင်း သိတဲ့အတိုင်းပဲ၊ ဒီခေတ်ကြီးထဲလည်း မကောင်းတဲ့လူက အများသား၊ တွေ့ကရာ ဒရိုင်ဘာလည်း မငှားရဲတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကိုလည်း ရှုပါ့သံယောဇဉ်၊ ငါ့မြေးလေးရဲ့အမေ တစ်ယောက်အနေနဲ့ ကိုယ့်သွေးသားလို သဘောထားဝင်ပြီး သားပါ၊ မင်း မနေချင်ဘူးဆိုတာ သိပေမယ့် တို့အတွက် ကို ပြန်စဉ်းစားပေးစေချင်တာ၊ အိမ်ပေါ်မှာ နေရကျပ်တယ် ဆို ခြံထောင့်က တိုက်လေးမှာ နေချင်လည်းနေ၊ ဒါမှ မဟုတ် ကားဂိုဒေါင်အပေါ်ထပ်လည်း ပြန်ပြင်ဆင်လိုက် ရင် မင်းတစ်ယောက်ကတော့ အေးအေးဆေးဆေး ကျယ် ကျယ်လွင့်လွင့် နေလို့ရပါတယ် ...

မင်းတို့တိုက်ခန်းကို လူငှားတင်ထားပေါ့၊ ဝင်ငွေ လည်းရတယ်၊ ခုတလော ကားဆွဲတာတွေလည်း သိပ် မကိုက်တော့ဘူးမလား၊ မင်းအတွက် တခြားအလုပ်တစ်ခု စဉ်းစားပေးတာပေါ့"

ဘွားက ဘယ်အချိန်တည်းက စီစဉ်ထားမှန်းမသိ သော အစီအစဉ်တွေကို တစ်ထိုင်တည်း ချပြလိုက်လျှင် ဖေဖေ နှင့် ငို့မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လျက် ဘာ ပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။ ငြိမ်သက်နေသော အခြေအနေ ကို အန့်တီသူဇာ့ အသံကပဲ ထွင်းဖောက်လာသည်။





"ကဲ ...ကဲ အသက်ကြီးနေတဲ့ အမေ့ကို ဝိုင်းစောင့်ရှောက် ရမယ်ဆိုတဲ့ စိတ်မျိုးမွေးထားလိုက်ပါ၊ ခုချက်ချင်း အဖြေ မပေးချင်တောင် သေချာစဉ်းစားကြည့်စေချင်တယ်၊ ဟုတ် ပြီလား"

"ဒါနဲ့ ငါ့မြေးကရော နွေသစ်ဆီမှာ ဘယ်အချိန်ထိ အလုပ်လုပ်မှာလဲကွယ့်"

အဲဒီမေးခွန်းကို ရုတ်တရက် ငို့ ဘယ်လိုပြန်ဖြေရမှန်း မသိ။ သေချာတာကတော့ သူက အချိန်တန်ရင် အိမ်ပြန်မည့်သူ လေ။

"သူ မပြန်ခင်ထိပါ ဘွား"

သူဆိုမှပဲ ဒီကိစ္စတွေ ကြုံရတည်းက သူနဲ့ မတွေ့ ဖြစ်သေးတာ သတိရမိသည်။ သူ့ထံက ဘာမှတ်ချက် တစ်စုံတစ် ရာမှ မသိရသေး။ သူ့ကိုလည်း ငို့ ဘာမှမပြောဖြစ်သေးပေမယ့် သူ သိနေမည်ထင်သည်။ သူ ဘာတွေများ မှတ်ချက်ပေးမှာပါ လိမ့်။ တကယ်ဆို ဒီကံကြမ္မာရဟတ် တစ်ပတ်ပြန်လည်လာအောင် လွှဲပေးခဲ့သူမှာ သူပဲ မဟုတ်လားနော်။ ရှင် ...ဘာပြောဦးမလဲ နွေသစ်ရယ်။

○



www.burmeseclassic.com

www.burmeseclassic.com



(၂၀)

"ကိုယ်က မင်းကို မလာတော့ဘူး ထင်နေတာ"

ဋီကို စတွေ့တွေ့ချင်း ပြောလိုက်သောစကားမှာ အဲဒီလိုဖြစ်မယ်လို့ ထင်သဖြင့် အဲဒီလိုပြောလာလျှင် ပြန်ပြောဖို့ အဆင်သင့်ရှိနေခဲ့သည်။

"ဘာဖြစ်လို့ အဲဒီလို ထင်ရတာလဲ၊ ကျွန်မက ပြောင်းလဲသွားမယ် ထင်တာလား"

ဋီရဲ့ ခပ်တည်တည်အမေးကို သူက ခပ်ရွှန်းရွှန်း စားစား တုံ့ပြန်ကြည့်သဖြင့် လူတောင် အိုးတိုးအန်းတန်း ဖြစ်ရသည်။ ကားသော်ဒီကိုမီကာ ခြေထောက်တစ်ဖက် ထောက်ရပ်နေသဖြင့် ထောက်ထားသော ခြေထောက်တောင် ချော်ပြီး ပြုတ်ကျတော့မတတ်။





"မင်းကို ပြောင်းလဲမယ် မထင်ပါဘူး၊ ဒါပေမဲ့ ဘွားက သူ့မြေးကို ကိုယ့်ဆီမှာ ကားဆက်မောင်းစေချင်ပါ့မလား လို့ တွေးမိလို့ပါ"

"ဘွားက မေးတော့ မေးပါတယ်"

"ဟုတ်လား ...ဘယ်လိုမေးတာလဲ"

"ကားက ဘယ်အချိန်ထိ ဆက်မောင်းဦးမှာလဲတဲ့"

အဲဒီတော့ ...? ? ဟူသည့် မေးခွန်းဆန်သည့် မျက်လုံးများဖြင့် သူက ဋီကို မေးဆတ်ပြကာ မေးသည်။

"ရှင် မပြန်ခင်အထိတော့ လုပ်ပေးဖြစ်မယ်လို့"

သူက ဟုတ်ပါပြီ ဟူသော ပုံစံမျိုးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်နေရာမှ တစ်စုံတစ်ခုကို ပြောဖို့ အားယူနေဟန်ရှိသည်။ ပြီးတော့မှ ဋီကို ငေးကြည့်လာလျက် ...

"ကိုယ် လာမယ့် မန်းဒေးကို ပြန်တော့မယ်"

ဋီက သူ့ကို မျက်လုံးဝိုင်းကာ ကြည့်မိသည်။ လာမယ့် မန်းဒေးဆိုတော့ ကြားထဲမှာ စနေ တနင်္ဂနွေ နှစ်ရက်သာ ရှိတော့တာပေါ့။ ရုတ်တရက် ကြားလိုက်ရသော ဒီစကားအတွက် ဋီ့စိတ်ထဲ မှုန်မှိုင်းလေးလံလို့သွားသည်။ ဒါကိုလည်း ကိုယ့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ချက်ချင်းပဲ သတိပြုမိကာ အဲဒီလို ဖြစ်စရာအကြောင်းမရှိ ဟု တွေးမိလိုက်သည်။ ဖျတ်ခနဲ ပေါ်လာသော သတိရစိတ်ဖြင့် နှုတ်က လွှတ်ခနဲ ထွက်သွားမိသည်မှာ ...

"အန်တီသူဇာနဲ့ ပြည့်ပါ ပါမှာပေါ့"

"မပါပါဘူး၊ ဘယ်သူက ပြောလို့လဲ"

"မသိဘူးလေ၊ အန်တီသူဇာက ပြောတာပဲ"

သူက သဘောကျသွားသလို ဟက်ခနဲ ရယ်ကာ ခေါင်းတဆတ်ဆတ် ညိတ်နေသေးသည်။ အင်း ...အဲဒါလည်း သူ့စတိုင်လ်ပါပဲနော်။ သူ့ဟာသူ ဘာကို သဘောကျမှန်းမသိ ရယ်နေ ပြုံးနေပြီးမှ သူ့ဟာသူပဲ တစ်ယောက်တည်းပြောသလို လိုနှင့် ...

"လောကကြီးက တကယ် ဆန်းကြယ်တယ်နော်၊ တစ်ခါတလေ ကိုယ် စဉ်းစားကြည့်မိတယ်၊ မင်းနဲ့ ကိုယ်နဲ့ အမှတ်တမဲ့ ဆုံတွေ့တာတွေဟာ မင်းရဲ့အသွား အခေါ် မိသားစုနဲ့ ပြန်ဆုံတွေ့ဖို့များ ဖြစ်နေမလားလို့၊ ဒီလိုမှ မဟုတ်ခဲ့ရင် ဘွားမေခင်တို့နဲ့ မတွေ့နိုင်တော့ဘူးလား၊ ကံကြမ္မာရေစက်ဆိုတာ ပါလာရင် ဒီလိုနည်းနဲ့မဟုတ်ဘဲ





တခြားနည်းနဲ့ရော ပြန်ဆုံနိုင်မလား စသဖြင့် ထူးခြားဆန်းကြယ်တဲ့ တွေ့ဆုံပုံတွေအကြောင်း စဉ်းစားနေမိခဲ့တာ"

"ဆုံကိုဆုံစည်းရမယ်၊ ကံကြမ္မာပါလာရင်တော့ ဒီလိုနည်းနဲ့ မဟုတ်ဘဲလည်း တခြားနည်းတစ်ခုခုနဲ့လည်း ဆုံစည်းဖြစ်မှာပါ"

"ဒါဆို မင်းနဲ့ ကိုယ်ရော လေဆိပ်မှာ မတွေ့ခဲ့ရင် တခြားတစ်နေရာမှာ တွေ့ပြီး ဆုံစည်းနိုင်လား"

ငှိုက သူ့ကို မျက်လုံးပင့်ကာ ကြည့်မိသည်။ ငှို့ကိုပဲ တည့်တည့်ကြည့်နေသော အကြည့်များကြောင့် အကြည့်ကိုပဲ လွှဲဖယ်ရမလို၊ အကြည့်နှစ်ခုပဲ ချိတ်ဆက်သွယ်တန်းထားရတော့မလို ဝေဝေဝါးဝါး ဖြစ်နေသည်။ ရှင် ဒီနေ့ Questions တွေပဲ out နေပါလား နွေသစ်ရယ်။

"ကျွန်မလည်း သိပ်နက်နက်နဲနဲတွေတော့ လိုက်မမီ မဖြေတတ်တော့ဘူး၊ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပီပီ သေချာခိုင်လုံ သိတာတော့ ကံပါလာရင် ရှောင်လွှဲလို့မရနိုင်ဘူးပေါ့၊ ဆုံကိုဆုံစည်းရမယ့်ကံတို့ ကွဲကို ကွဲကွာရမယ့်ကံတို့ အဲဒါတွေ တိတိကျကျ ပါလာရင်တော့ အဲဒီအတိုင်း ဖြစ်ကိုဖြစ်မှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့နော်၊ ကံတရားတွေက ဆန်းကြယ်ပါတယ်၊ တကယ်တော့ ကိုယ် ဒီကို ရောက်လာရာ ပြည့်ကို လာကြည့်တာပါ၊ ဒါပေမဲ့ မင်းကို တွေ့သွားတယ်"

အ ...အဲဒါ...ဘာအဓိပ္ပာယ်လဲ၊ ပြည့်ကို လာကြည့်တာ ငှို့ကို တွေ့သွားတဲ့ ဆန်းကြယ်ပုံက ဘယ်လို ဆန်းကြယ်ပုံမျိုးလဲ။ သူ့ကို ပြူးကြောင်ကာ ငေးကြည့်နေသော ငှို့ပုံစံကို သူက နင့်နင့်နဲနဲ ငေးနေမိရင်း လှိုက်လှဲသောအသံဖြင့် ဆက်ပြောသည်။

"ဘဝမှာ လုပ်ကိုလုပ်ရမယ့် အလုပ်တစ်ခုလို လက်တွေ့ကျတဲ့အလုပ်တစ်ခုကို လုပ်သလို မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် သင့်တော်မလားလို့ လာကြည့်ခဲ့ပေမယ့် အဲဒီမိန်းကလေးနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ ရှိမနေခဲ့ဘူးလေ၊ အခုလည်း ဘာပဲဖြစ်ဖြစ် ကိုယ် ပြန်ရတော့မယ်၊ ကိုယ်လုပ်မယ့် အလုပ်က ကိုယ့်ကို လှမ်းခေါ်နေပြီလေ ..."

ပြန်ရတော့မယ်ဆိုတဲ့ အချိန်မှာ နှလုံးသားထဲ မျိုးစုံဝင်ရောက်လာတဲ့ ခံစားချက်တွေက ဘဝမှာ တစ်ခါမှ မဖြစ်ဖူးတဲ့ ခံစားချက်တွေပဲ၊ ဒါတွေကို သယ်ဆောင်သွား





ရမလား၊ မင်းဆီကိုပဲ ပေးခဲ့ရမလားဆိုတာ စဉ်းစားနေမိတာ"

ဘယ်လိုကြီးလဲ ရှင်ရယ်။ စင်ကာပူကို ငယ်ငယ်တည်းက ရောက်သွားတဲ့သူမို့သာ တော်တော့တယ်နော်။ စကားတွေ ပြောနေလိုက်တာ သူ ဘာကို ဆိုလိုချင်လဲဆိုတာ ငှိုပင်လျှင် မသိတော့တဲ့အထိပင်။

သူနဲ့ ငှို့ကြားတွင် အတန်ကြာ ငြိမ်သက်သွားကြပြီးမှ သူ့ဆီမှ စကားသံထွက်လာသည်။

"တစ်ခုခု ပြန်ပြောစရာစကား မရှိတော့ဘူးလား"

"သိဘူးလေ၊ ရှင် ပြောနေတာ၊ ရှင့်ဘာသာ ပြောနေတာလား၊ ကျွန်မကို ပြောနေတာလားဆိုတာ ကျွန်မလည်း စဉ်းစားနေတာ"

သူက ငှို့အပြောကို ဟက်ခနဲ တစ်ချက်ရယ်ရင်း ရွှန်းမြစွာ စိုက်ကြည့်လာသည်။ မှတ်မှတ်ရရ အဲဒီလို အကြည့်မျိုးတွေကို ယခင်က လုံးဝ မကြည့်ခဲ့ဖူးတာ သတိရမိသည်။ ငှို့တွေးသလို သူလည်း တွေးမိသည် ထင်သည်။ ဖွင့်ပြောပြလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဆီမှာ ဝန်ထမ်းလုပ်နေတဲ့ မိန်းကလေးတစ်ယောက်မို့ အရင်က ငေးကြည့်ချင်ရင်တောင် မသင့်တော်ဘူးလို့ ထိန်းချုပ်ခဲ့ဖူးတယ် ...

အင်း ...မင်းရဲ့ အဲဒီလို အပြောလေးတွေ ကိုယ်လွမ်းနေရမယ်လို့ ကိုယ့်ဘာသာ သိနေပြီဆိုရင် ဒါဟာလည်း ခံစားချက်တစ်မျိုးပဲပေါ့နော် မိုးငှီကာ၊ အဲဒါကို ဘာလို့ခေါ်လဲ မင်း သိလား"

"မသိဘူး"

"မသိဘူးချည်းပဲ ပြောနေတော့မှာလား"

ငှီက ပင့်သက်တစ်ချက် ရှိုက်လိုက်မိကာ ...

"ရှင် ပြောနေတဲ့ စကားတွေကို ကျွန်မ နားမလည်ပါဘူး၊ ကျွန်မသိတာက တစ်ခုတည်းပါပဲ၊ ရှင်က ပြည်အတွက် ဒီကို ရောက်လာတဲ့သူ၊ အဲန်တီသူဇာတို့ကလည်း ရှင်နဲ့ ပြည့်ကို ရည်ရွယ်တယ်၊ အဲဒါဟာ မင်္ဂလာရှိတဲ့ကိစ္စတစ်ခုပါ၊ အဲဒါလေး အဆင်ပြေသွားရင် အားလုံး ကျေနပ်သဘောကျမယ် မဟုတ်လား"

သူက ငှီ့ကို အံ့ဩသလို ငေးကြည့်လာကာ ...





"အဲဒီလို မင်း တစ်ထစ်ချ တွက်ထားရင်တော့ မှားမှာပေါ့ မိုးငှီကာ၊ မင်းအနေနဲ့ မင်းအပေါ် ကိုယ်ထားတဲ့ ခံစားချက်ကို သံသယရှိချင်လည်း ရှိမယ်၊ နောက်တစ်ခုက ပြည့်အတွက် မြန်မာပြည်ကို ကိုယ် ရောက်လာခဲ့တယ်လို့ သိထားပြီး၊ အဲဒီ အဖြစ်အပျက်ကို လက်မခံချင်တာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် အဲဒါ မင်း အခွင့်အရေးပါလေ၊ ကိုယ် ဘာမှ ပြောပိုင်ခွင့်မရှိပါဘူး သေချာတာကတော့ မင်းနဲ့ပတ်သက်ပြီး ကိုယ့်ဆီက ခံစားချက်က လေးနက်စစ်မှန်ပါတယ်"

ငှီက သူ့မျက်ဝန်းတွေထဲက တကယ့် လေးနက်စစ်မှန်သော အမှန်တရားကို ရှာဖွေနေမိသည်။ သူ့ကလည်း ဒါကို ရိပ်မိသလိုဖြင့် အနည်းငယ်မဲ့သလို ပြုံးကာ ...

"ကိုယ် အချစ်အကြောင်း အများကြီး နားမလည်ပါဘူး မိုးငှီကာ၊ ဒါပေမဲ့ ကြားဖူးတာတစ်ခုတော့ရှိတယ်၊ ရင်ထဲမှာ တကယ့်အချစ်စိတ်ကို ခံစားနေမိပြီဆိုရင် ဒါဟာ စစ်မှန်လား မစစ်မှန်ဘူးလားဆိုတာကို သံသယ မရှိတော့ဘူးတဲ့ ...

ဒီတော့ မင်းကို ကိုယ် အတင်းအကျပ် ဘာမှ ထပ်မပြောတော့ဘူး၊ ကိုယ်က မန်းဒေးနေ့လယ် ဆယ့်နှစ်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ဖလိုက်နဲ့ ပြန်မှာပါ၊ ကိုယ့်ရင်ထဲက ခံစားချက်နဲ့ ပတ်သက်ပြီး မင်း ယုံကြည်တယ်လို့ ခံစားရရင် လေဆိပ်မှာ ကိုယ့်ကို လာနှုတ်ဆက်ပေးပါ၊ နောက်တစ်ခေါက် မင်းဆီကို ပြန်လာနိုင်ဖို့ ခွန်အားတွေ လာပေးပါ၊ ဒီလိုမှ မဟုတ်ဘဲ နီးစပ်မှုတစ်ခုကြောင့် ဖြစ်လာတဲ့ ခံစားချက်ကို မင်း သံသယဝင်ရင်တော့ မလာခဲ့နဲ့ပေါ့ မိုးငြိကာ”

သူ့စကားအဆုံးတွင် ငြိ့နှုတ်ခမ်းတစ်ခုလုံး တင်းတင်းစေ့သွားရသည်။ ဘယ်လိုယောကျ်ားပါလိမ့်။ ငြိ ကိုယ်တိုင်လည်း စကားလုံးလှလှပပတွေ သုံးစွဲကာ ချော့မြှူတတ်သော ယောကျ်ားတွေကို သဘောမကျတတ်ပေမယ့် သူ့စကားကိုလည်း ဘဝင်မကျချေ။ ရည်းစားစကားလည်းမဟုတ်၊ ရင်ဖွင့်စကားလည်း မဟုတ်သော ဘယ်လိုနားလည်ရမှန်း မသိသည့် စကားတွေအတွက် သူ့ကို မာနရောင်လက်နေသည့် မျက်လုံးတွေနဲ့သာ ပြန်ကြည့်ဖြစ်မည် ထင်သည်။

ဒီလူကို တွေ့စတုန်းက ဒီလောက် ဦးနှောက်စားစရာကောင်းမှန်း မရိပ်မိခဲ့ပါ။ ရင်ထဲမှာ မွန်းကျပ်ရှုပ်ထွေးလို့သာ နေလေသည်။

○



# ယာဉ်ကြောရှုပ်ထွေးသော တနင်္လာ...
# (သို့မဟုတ်)
# စတင်ဖို့အတွက် အဆုံးသတ်သည့် တနင်္လာ...





www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့ကြီး၌ တနင်္ဂနွေနေ့တွင် အားလုံး အေးအေးဆေးဆေး ရှိသလောက်၊ ယာဉ်ကြောရှင်းလင်းသလောက်၊ တနင်္လာနေ့တွင်တော့ အားလုံး ပြောင်းပြန်ဖြစ်သည်။ ယာဉ်ကြောကျပ်သော တနင်္လာနေ့၊ ဘတ်စ်တွေမှာ စောင့်ဆိုင်းကြာမြင့်ရသော တနင်္လာနေ့၊ ရုံးမတက်ချင်သောသူတွေ ရုံးတက်ရသော တနင်္လာစသဖြင့် လူသားများအားလုံးအတွက် တနင်္လာသည် အလုပ်ရှုပ်လျက်ရှိလေသည်။ လူသားများစွာထဲက လူသားတစ်ယောက်တစ်နည်းအားဖြင့် မိန်းကလေးတစ်ယောက် သို့မဟုတ် မိုးငှိုကာအတွက်လည်း တနင်္လာနေ့သည် ဘဝမှာ အခါများစွာက ကြုံခဲ့ဖူးသော တနင်္လာနေ့များစွာထက် ထူးခြားရှုပ်ထွေးလို့နေလေသည်။

ဒီနေ့ နွေသစ် စင်ကာပူသို့ ပြန်မည်။ သူ့ကိုလေဆိပ်မှာ လိုက်နှုတ်ဆက်မလား မဆက်ဘူးလား ကိစ္စအတွက်





ဦးနှောက်ခြောက် ခေါင်းခြောက်ရသော အဖြစ်မှာ သူနဲ့ နောက်ဆုံးတွေ့ခဲ့ပြီးတည်းက ဖြစ်လေသည်။ ငှိုရဲ့ ရင်တွင်းအရှုပ်တော်ပုံကို ဘယ်သူမှ သိမည်မဟုတ်သလို ဘယ်သူမှလဲ ဖြေရှင်းပေးနိုင်မည် မထင်ပါ။ တနင်္ဂနွေညတစ်ညလုံး ငှို အိပ်မပျော်နိုင်ခဲ့ဘဲ တနင်္လာနေ့မနက် မိုးစင်စင်လင်းခဲ့ရသည်။ အဲဒီအထိလည်း ငှို ဘာလုပ်ရမည်ဆိုတာ မသဲကွဲသေးပါ။

သူ ပြောခဲ့သော စကားတစ်ခွန်းက နားထဲမှာ မထွက်ချေ။ ဘာတဲ့… ? အချစ်စိတ်ကို ခံစားနေရပြီ ဆိုရင် ဒါဟာ စစ်မှန်လား မစစ်မှန်ဘူးလားဆိုတာကို သံသယမရှိတော့ဘူး။ ဒါဆို ငှို အခု ဖြစ်နေတာဟာ သံသယရှိနေတာလား၊ သူ့အပေါ်မှာ သံသယဝင်နေတာလား၊ အဲလိုလည်း မဟုတ်သေးချေ။ ငှို့ကိုယ်ငှိုရော သံသယဝင်နေသလား။ မသေမချာ ဖြစ်နေတာလား။ အဲဒါကိုက အလုပ်မဟုတ်တာဖြစ်သည်။ တကယ်ကို သူ့အပေါ်မှာ ဘာစိတ်မှ မရှိဘူးဆိုလျှင် ကိုယ့်အလုပ်ရှင် ဖြစ်ခဲ့ဖူးတဲ့လူတစ်ယောက်ကို ရိုးရိုးသားသားလည်း သွားနှုတ်ဆက်နိုင်ရမယ်၊ လိုက်ပို့နိုင်ရမယ်လေ။ သူဘာပဲပြောပြော၊ ဘယ်လိုဖြစ်မှ လာပါဟု ပြောထားလဲပဲ ကိုယ့်စိတ်ထဲက ရှင်းနေရင် သွားနိုင်ရမည် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ကိုယ့်ရင်ထဲမှာ မရှင်းဘူး ဖြစ်နေတည်းက ငြိသည်လည်း သူနဲ့ပတ်သက်ပြီး မှျော်လင့်ချက် တစ်စုံတစ်ရာ ဖြစ်နေလို့ပေါ့။

အဲဒီလိုတွေနဲ့ ဝေဝေဝါးဝါးဖြစ်ကာ အချိန်တွေ တရွေ့ရွေ့ ကုန်လာခဲ့သည်။ ကုတင်ပေါ်မှ ဒူးနှစ်လုံးထောင်၍ ပိုက်ရင်း မေးစေ့လေးထောက်၍ ငြိမ်သက်နေသော ငြိ့နံဘေးက ဖုန်းမြည်သံလေး ထွက်လာလျှင် လူက ဆတ်ခနဲတောင် တုန်သွားလေသည်။ သူများလားဟူသော အတွေးနှင့် ကောက်ကြည့်လိုက်တော့ မဟုတ်ဘဲ ငြိမသိသော နံပါတ်အစမ်းတစ်ခု ဖြစ်နေသည်။ သို့သော် တစ်ခုခုပဲ ဟူသော အတွေးဖြင့် ဖုန်းဖွင့်လိုက်သည်။

"ဟယ်လို"

"ငြိလား… ပြည့်ပါ"

ပြည့်နှင့် ဒီကြားထဲ တွေ့ဖြစ်သည်မှာ အကြိမ်ရေ သိပ်မများလှသော်လည်း သွေးက စကားပြောသည်ထင့်။ ပြည့်သည် ငြိ့ကို နှစ်ပေါင်းများစွာက တွေ့လာခဲ့သူလို တရင်းတနှီး နွေးနွေးထွေးထွေး ရှိလှသည်။

"သြော်… ပြည့်… ပြောလေ"

"ဒီနေ့ နွေသစ် ပြန်မှာနော်"





"အင်း… ဟုတ်တယ်လေ"

"ငြိနဲ့ နွေသစ် ကြားမှာ မမြင်ရတဲ့ တစ်စုံတစ်ရာ ရှိကြတယ်လို့ ပြည့် ထင်တယ်။ အဲဒီ မမြင်နိုင်တဲ့ တစ်စုံတစ်ရာက မြင်သာထင်သာ ရှိလာဖို့ ဝေဝေဝါးဝါး ဖြစ်နေတာတွေ ပြည့် နည်းနည်းဖယ်ပေးမလားလို့ပါ"

"ပြည့် ပြောတာ ငြိ နားမလည်ဘူး"

"ဒီလိုပါ… နွေသစ် ရန်ကုန်ကို ရောက်လာခဲ့ကာ သူ့ဦးလေး ဆန္ဒအရကြောင့်လေ။ ဒါဟာလည်း သူ့ကို အပြစ်တင်စရာ အကြောင်းမရှိပါဘူး။ သူကလည်း ပြည့်မှာ ချစ်သူရှိမရှိတောင် သိချင်လို့ ချောင်းကြည့်ခဲ့ဖူးတာပဲလေ။ ဒါတွေ ငြိလည်း သိမှာပါ။ ဒီလိုပဲ အန်တီသူဇာက ပြည့်နဲ့ နွေသစ်ကို နီးစပ်စေချင်ပေမယ့်လည်း မဖြစ်နိုင်ပါဘူး ငြိ။ ပြည့် ချစ်တာ တေဇာပါ။ တေဇာ့ကိုလည်း ပြည့် အဖြေပြန်ပေးပြီလို့ ချစ်သူတွေတောင် ဖြစ်နေကြပါပြီ…

ဒီတော့ ရှုပ်ရှုပ်ထွေးထွေးတွေ ဘာမှမတွေးနဲ့ မစဉ်းစားပါနဲ့ ငြိ။ နွေသစ်ရဲ့ တကယ့်ဖူးစာဖက်ဟာ ငြိပါပဲ။ အဲဒါကို ယုံမှားသံသယ မရှိပါနဲ့ ငြိ၊ နွေသစ်ကို လေဆိပ် လိုက်ပို့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လုပ်သင့်လို့လား ပြည့်ရယ်"

ပြည့်က အသံလွင်လွင်လေးနှင့် အသာရယ်မောကာ...

"ငှိရယ် တို့က ညီအစ်မချင်းတွေပဲ၊ ပြီးတော့ နွေသစ်က ငှို့ကို တကယ်မြတ်နိုးချစ်နဲ့ ချစ်တာပါ"

အဲဒီစကားက သူပြောတာ မဟုတ်ဘဲနဲ့တောင် ငှို့ပါးပြင်းတစ်ခုလုံး နွေးထွေး ရှိန်းမြသွားသည်။ ရှင်က ပြည့်ကို ရင်တွေသွားဖွင့်ခဲ့တာလား၊ ကိုယ်တော် နွေသစ်ရဲ့။

"ပြည့်ကို အဲဒီလို လာပြောလို့လား"

အရယ်ဝါသနာပါပုံရသော ပြည့်က ချိုလွင်သော အသံနှင့် တဟားဟား ထပ်ရယ်သည်။ အင်း ...ပြည့်ရယ်သံကို နွေသစ် ဒသိမ်မကြားဖူးလို့နေမှာ။ ကြားဖူးရင် ပြည့်ကိုတောင် စိတ်ဝင်စားလောက်တဲ့အထိ ပြည့်ရယ်သံလေးက အလွန်တရာပဲ ဆွဲဆောင်မှုရှိလှပါသည်။

"ပြည့်ကို မပြောပါဘူး၊ ပြည့်နဲ့ ပတ်သက်ပြီး သူ့သဘောထားကိုပဲ ပြောပြတာပါ၊ ပြည့်လည်း တေဇာနဲ့ ချစ်နေတယ်ဆိုတာ သူ့ကို ပြောပြလိုက်တယ်လေ၊ ငှို လိုက်ပို့မှာမလားလို့ အမှတ်တမဲ့မေးမိတော့ သူက မသေချာဘူးတဲ့၊





သူကတော့ လိုက်ပို့စေချင်တာပေါ့တဲ့လေ၊ သူ မျှော်လင့်နေမှာပါတဲ့ ...

အခုတောင် အချိန်က သိပ်မရှိတော့ဘူး ငှို၊ ငှို သွားမယ်ဆို ကားကျပ်မှာနဲ့ ဘာနဲ့ နောက်တောင်ကျနေဦးမယ်"

"ငှို တွေဝေနေတာ"

"ဘာတွေဝေနေစရာရှိလဲ ငှိရယ်၊ ကိုယ့်အပေါ်မှာ မျှော်လင့်နေတယ်ဆိုကတည်းက သူက ကိုယ့်အတွက် ဖြစ်တည်မှုပဲ မဟုတ်လား၊ သူ့မှာ ငှို့အတွက် လေးနက်ခြင်းတွေမရှိရင် သူ ဘာမျှော်လင့်စရာလိုလဲ၊ အဝေးတစ်နေရာကို ပြန်တော့မယ့်လူအတွက် နှုတ်ဆက်စကားပြောပြီး နောက်တစ်ခါ ပြန်ဆုံဖို့ ဆန္ဒရှိတဲ့အကြောင်းလောက်တော့ ပြောပြလိုက်သင့်ပါတယ်"

ပြည့်ရဲ့ နောက်ဆုံး စကားလေးက ငှို့ရဲ့ နှလုံးသားကို ရှင်းလင်းသွားစေသည်။ ရင်ထဲမှာ ချက်ချင်းပဲ အလင်းပေါက်တစ်ပွင့် ဖျတ်ခနဲ လင်းပွင့်သွားသလိုလို။

"ကျေးဇူးပဲ ပြည့်၊ ငှို ပြေးလိုက်တော့မယ်"

ပြည့် ပြန်ပြောမယ့် စကားတောင် စောင့်မနေတော့ဘဲ ဖုန်းချပြီးတာနှင့် ငှိက ဝတ်ထားသော တီရှပ်အတွေပ် အနက်



www.burmeseclassic.com

www.burmeseclassic.com



လေးအပေါ်မှာ ဂျာကင်အတိုအဖြူလေး ထပ်ဝတ်ပြီး မှန်ထဲတစ်ချက်ကြည့်ကာ နှုတ်ခမ်းနီပဲ ကောက်ဆိုးပြီး ထွက်လာခဲ့သည်။

"ဖေဖေ ငှို အပြင်ခဏ သွားလိုက်ဦးမယ်နော်"

"အေး ...အေး သမီး၊ ဖုန်းပါတယ်မှလား"

"ဟုတ် ဖေဖေ"

"အေး ...အေး ဂရုစိုက်သွား"

သော့ကို ဖေဖေက လိုက်ပိတ်ပေးရင်း ငှို့ကို နားလည်သလို ပြုံးပြသည်။ ငှိုသည် လှေကားမှ သွက်သွက်ပြေးဆင်းလာရင်း မလှမ်းမကမ်းမှာ ရပ်ထားသော ကားထဲ အပြေးတစ်ပိုင်း လျှောက်လာခဲ့သည်။ နာရီကို ကြည့်လိုက်တော့ အချိန်က တစ်နာရီခွဲခန့်ပဲရသည်။ ကားဝိတ်ပုံမျိုးနှင့် မီပါ့မလားဟု စိတ်ထင်ကာ မီးပွိုင့်အစိမ်းများနှင့်သာ တွေ့ပါစေဟု ကျိတ်ဆုတောင်းမိလေသည်။

သို့သော် မီးပွိုင့် စိမ်းစိမ်း၊ နီနီ ကားတွေက ရွေ့တာရယ် ရပ်တာရယ်နဲ့ပဲ ကြုံရသလို၊ ရှစ်မိုင်မှာ ကုန်းကျော်တံတား ဆောက်နေသောကြောင့် ယာဉ်ကြောက အင်မတန်ကျပ်လှသည်။ နာရီကို တကြည့်ကြည့်နှင့် ငှို့ရင်တွေ ပူလာသည်။ တကယ်ဆို





အစောကြီးတည်းက ငှို ဆုံးဖြတ်ချက်ချသင့်တာ မဟုတ်လားနော်။ ဘယ်သူက ငှို့ကို အဖြေပေးခိုင်းနေလို့လဲ။ ရိုးရိုးသားသား နှုတ်ဆက်ပို့ဆောင်ခွင့် ရှိတာပဲမဟုတ်လား။ ကံကောင်းထောက်မစွာနဲ့ သူ Check in အစောကြီး ဝင်မသွားပါနဲ့ဦး။

ရင်တမောမောဖြင့် နောက်ဆုံးတော့ လေဆိပ်သို့ ရောက်လာခဲ့သည်။ အောက်က ကားပါကင်မှာ ကားရပ်ပစ်ခဲ့ပြီး နေပူထဲ လေဆိပ်ပေါ်သို့ အပြေးတစ်ပိုင်း တက်လာခဲ့လေသည်။ ပြည်ပထွက်ခွာဌာနတွင် လူတွေ ရှုပ်ထွေးနေလျက် ငှိုက နွေသစ်ကို အသည်းအသန် ရှာဖွေနေမိသည်။ မှန်ချပ်ကြီးမှတစ်ဆင့် အထဲကို လှမ်းကြည့်ရကာ အထဲမှာ Check in ဝင်ဖို့ တန်းစီနေသူတွေထဲ သူ့ကျောပြင်ကို မြင်ရမလားဟု တထိတ်ထိတ်နှင့် ရှာဖွေနေမိသည်။ ဟင် ...ဟိုမှာ မီးခိုးရောင်ရှပ်အကျႌနဲ့ ကျောပြင်မှာ သူပါလား။ အဲဒီကျောပြင်ကို ငေးကြည့်ရင်း ငှို့နှုတ်ခမ်းတွေ တလှုပ်ရှုရှု ဖြစ်လာသည်။ အော်ခေါ်ချင်စိတ်တွေက သူ မကြားဘူးဆိုတာ သိနေသောကြောင့် ငှို ဘာလုပ်ရမှန်းမသိအောင် ရှုပ်ထွေးမှုန်းကျပ်လာလေသည်။

"ငှို"

www.burmeseclassic.com

www.burmeseclassic.com



နောက်ပါးဆီက ကြားဖူးနေကြ အသံတစ်သံ ထွက်လာသောကြောင့် ငှို ဆတ်ခနဲဖြစ်သွားရသည်။ လှည့်ကြည့်လိုက်တော့ အဖြူရောင် ဆွယ်တာအပါ.တစ်ထည်နှင့် ... နွေသစ်။ ဟင် ...ဒါဆို ဟိုတစ်ယောက်က သူ မဟုတ်ဘူးပေါ့။

"နွေ ...သစ်"

"ရောက်လာခဲ့တယ်ပေါ့၊ ကိုယ် မင်းကို တကယ် စောင့်နေခဲ့တာ"

"ကျွန် ...ကျွန်မ"

သူက ငှို့ကို အရမ်းနားလည် နွေးထွေးသော မျက်နှာထားနှင့် ကြည့်ရင်း နှုတ်ခမ်းများက ကျေနပ်ဝမ်းသာစိတ်ကြောင်း အစွမ်းကုန် ပြုံးနေသည်။ သူ့ပုံစံကို ကြည့်တာနှင့် ငှို ရောက်လာခဲ့တာကို သူ ဘယ်လောက်ပျော်ရွှင်သွားမှန်း ခန့်မှန်းနိုင်လေသည်။

အဲဒီအတွက် နောင်တရစရာအကြောင်း မရှိတော့လောက်အောင် ကြည်နူးရင်ခုန်စိတ်က ဆွတ်ပျံ့ဝင်ရောက်လာသည်မှာ ရင်ထဲ အနက်ရှိုင်းဆုံး တစ်နေရာသို့ ....။

"ငှို ..."





သူက တိုးဖွဖွ ခေါ်သည်။ သူ့မျက်ဝန်းတွေထဲမှာ ငှို တစ်ခါမှ မတွေ့ဖူးသော အရိပ်အယောင်တွေ ပြည့်နှက်နေပါလား။ သူက ဆတ်ခနဲပဲ ငှို့ရဲ့ နားရွက်နားလေးသို့ ကပ်ကာ တိုးတိုးလေး ကပ်ပြောလိုက်လေသည်။

"ချစ်တယ်"

အို ...သူ ဘာပြောလိုက်တာပါလိမ့်။ ငှို ငေးကြောင်ကြည့်နေတုန်းမှာပဲ သူက ငှို့ရဲ့ ငုတ်တုတ်မေ့နေသော ပုံစံကို သဘောကျသလို တစ်ချက်ရယ်ကာ ...

"ဝင်တော့မယ် ငှို၊ ကိုယ် နောက်ကျနေပြီ...။ ကိုယ်ပြောတဲ့ စကားလေးကို အလေးအနက်ထား ယုံကြည်ပေးပါ၊ ကိုယ် နောက်တစ်ခေါက် ပြန်လာချိန်ကျရင် လေဆိပ်မှာ ငှို့မျက်နှာကို အရင်ဆုံး မြင်ပါရစေနော်"

ငှို ခေါင်းညိတ်ပြမိလား မပြမိဘူးလား ကိုယ့်ဘာသာပင် မသဲကွဲတော့။ သူကတော့ အိတ်လေးတစ်လုံးကို ပေါ့ပေါ့ပါးပါးဆွဲကာ အထဲသို့ ဝင်သွားခဲ့ပြီ။ တစ်ခုခုပြောဖို့ အားယူနေသော ငှို့ရဲ့ နှုတ်ခမ်းတို့က တဆတ်ဆတ်သာ တုန်ယင်လျက် မုန်းစရာကောင်းစွာ ဘာစကားမှ ထွက်မလာခဲ့ပါ။ သူ့ကျောပြင်

www.burmeseclassic.com

www.burmeseclassic.com



ကို ကြည်နေသော ဋ္ဌိ.မျက်ဝန်းတွေသာ တဖြည်းဖြည်း ဝါးလာခဲ့သည်။

ကြည့်စမ်း ဋ္ဌိ မျက်ရည်တွေ ဝဲနေခဲ့တာပါလား။ သို့သော် ဋ္ဌိ.နှုတ်ခမ်းတွေကတော့ အချိုမြိန်ဆုံး ပြုံးနေခဲ့သည်။

စကားတွေ အများကြီး မပြောခဲ့ရပေမယ့်၊ ကျန်းမာရေး ဂရုစိုက်ဖို့ မမှာလိုက်ရပေမယ့်၊ Have a nice flight လို့ ဆုမတောင်းပေးလိုက်ရပေမယ့်၊ တွေ့ဆုံချိန်လေး ငါးမိနစ်လောက်တောင် မရှိခဲ့ပေမယ့် ထိုအခိုက်အတန့်လေးဟာ ရာသက်ပန်နိုင်မြဲမယ့် အချစ်တစ်ခုရဲ့အစ မဖြစ်ဖူးလို့ ဘယ်သူပြောမလဲနော်။ သေချာတာကတော့ နောက်တစ်ခါ ပြန်တွေ့ကြရင် ရင်ခုန်ခြင်းဆုံရပ်မှာ ဋ္ဌိတို့ မျက်နှာချင်း ဆိုင်မိကြလိမ့်မည်။

**ချစ်ခင်လေးစားစွာဖြင့်**

**ဆုမြတ်မွန်မွန်**
4:20 (PM)
13. 11. 2015

www.burmeseclassic.com